# ဇောတိကုံ ကာမဒေဝလောက

၃၁၅၀

သဗ္ဗညုတဉာဏမဂ္ဂ လက်သုံးစာအုပ်—၅

# ဇောတိသုံ

# ကာယဒေဝလောက

ရေးသူ

စီ၊ဒဗလျူ၊လက်ဗိတား

ဘာသာပြန်သူ
ဦးမိုးသန့်

သဗ္ဗညုတဉာဏအသင်း (မြန်မာနိုင်ငံတော်)
၁၀၂၊ ၄၉—လမ်း၊ ရန်ကုန်မြို့။

ပညာနန္ဒပုံနှိပ်တိုက်၊ ၈၅ ကာ၊ အင်းယားမြိုင်လမ်း၊
တက္ကသိုလ်ရိပ်သာ၊
ရန်ကုန်မြို့။

# အမှာ

သဗ္ဗညုတ ဉာဏဓမ္မ ဆိုသည်မှာ ကပ္ပါစဉ်ဆက်တည်၍၊ သဗ္ဗညုတဉာဏ်ကို ရတော်မူကြကုန်သော ဘုရားစဉ်ဆက်တို့ ဟောကြားတော်မူခဲ့သောပရမတ္ထသစ္စာတရားကိုယ်,ပင်မကြီး ပင်ဖြစ်ပေသည်။ ခေတ်အမျိုးမျိုး,ဒေသအမျိုးမျိုးတို့တွင် ပေါ် ထွန်းခဲ့,ပေါ်ထွန်းဆဲ, ပေါ်ထွန်းလတံ့သော လူအမျိုးမျိုးတို့ ဖြည့်ဆည်းပူးရမည့် ပါရမီအမျိုးမျိုးတို့နှင့် သင့်လျော်သော အယူဝါဒအမျိုးမျိုး အကိုင်းအခက်တို့သည် ထိုပင်မကြီးမှပင် ဖြာထွက်လာကြလေသည်။

သဗ္ဗညုတ ဉာဏ ဓမ္မ, ပရမတ္ထသစ္စာတရားများကို ယခု မျက်မှောက်ခေတ်တွင် အင်္ဂလိပ်ဘာသာဖြင့်သာအများအား ဖြင့် ဟောပြော ရေးသားလာခဲ့ရာ လွန်စွာ ကျယ်ဝန်း နက် ရှိုင်းသော ဂန္ထလောကကြီး တခု ဖြစ်ဘည်လိုက် ရှိပေပြီ။ ထိုဂန္ထလောကကြီးမှ မြန်မာဘာသာသို့ ပြန်ဆိုပြီးဖြစ်သော ကျမ်းများမှာ မပြောပလောက်အောင်သာ ရှိချေသေးသည်။ ထို့ကြောင့် သဗ္ဗညုတ ဉာဏဓမ္မ လက်သုံးစာအုပ်ငယ်တို့တွင် တခု အပါအဝင်ဖြစ်သည့် ဂုဏ္ဍဝိဇ္ဇာပါရဂူကြီး စီ၊ ဒဗလျူ၊ လက်ဗီတား၏ "ဇောတိဘုံ (ကာမဒေဝလောက)" ဟုခေါ် သော စာအုပ်ကို မြန်မာဘာသာသို့ ပြန်ဆိုဖြန့်ဖြူးလိုက်ရာဝယ် ရည်ရွယ်ချက်မှာ၊ သဗ္ဗညုတဉာဏ, ပရမဍ္ဍသစ္စာ တရားများ ကို မြန်မာဘာသာဖြင့် ဖတ်ရှုလေ့လာနိုင်၍၊ လောကီ,လော ကုတ္တရာအကျိုးများကို ခံစားနိုင်ခွင့်ရရန်ဖြစ်ပါသည်။ ဘာသာ ပြန်ဆိုရာ၌ အခက်အခဲနှစ်ခု ရှိပါသည်။ တခုမှာမူရင်းသဘော

# အမှာ

သကန်များကို ဗုဒ္ဓဓမ္မ သဘောသကန်များနှင့် တတ်နိုင် သလောက် ညှိနှိုင်းတိုက်ဆိုင် ဖော်ပြရာ၌ဖြစ်၍၊ အခြားအခက်အခဲတခုမှာ ဤသို့ဖော်ပြရန် သင့်လျော်သော ပါဠိ မြန်မာဝေါဟာရများကို ရွေးချယ်,တီထွင်, သုံးစွဲရာ၌ဖြစ်ပါသည်။ ဤအခက်အခဲများကို ကျော်နင်းရန် အားထုတ်ရာ၌ မည်မျှအောင်မြင်ခဲ့သည်ကို သဗ္ဗညုတဉာဏဓမ္မနှင့် ဗုဒ္ဓဓမ္မ နှစ်ရပ်စလုံးဝယ် သိစပ်မြင်နှံ့သူတို့ သုန်းဖြတ်နိုင်ရာသည်။ ချွတ်ယွင်းချို့တဲ့ချက်များရှိကောင်း ရှိပေဦးမည်။ တွေ့ရှိပါက နောင်ပြင်ဆင်ဖြည့်စွက်နိုင်ရေးအတွက် စာဖြင့်အကြောင်းကြားရန် တောင်းပန်ပါသည်။ သုံးစွဲထားသော ဝေါဟာရများကို ပိုမိုသဘောပေါက်နိုင်စေရန် စာအုပ်၏ နောက်ပိုင်းတွင် ဝေါဟာရအချို့တို့၏ အဓိပ္ပါယ် အဖွင့်များကို အက္ခရာစဉ်အတိုင်း ထည့်သွင်းဖော်ပြလိုက်ပါသေးသည်။

ဤဘာသာပြန်ဆိုထားသော သဗ္ဗညုဘဉာဏဓမ္မလက်သုံးစာအုပ်ငယ်ကို ဖတ်ရှုလေ့လာသူတို့သည် မိမိတို့၏အယူဝါဒစွဲတည်းဟူသော တိမ်သလာတို့ဖြင့် မပိတ်မဖုံးပဲ၊ မိမိတို့ပိုင်ပကတိသော ဉာဏ်မျက်စိဖြင့်၊ သိမ်မွေ့နက်နဲ ခက်ခဲလှသော ပရမတ္ထသစ္စာတရားအချက်အလက်များကို၊ကောင်းစွာ ထွင်းဖေါက်သိမြင်ကာ၊ တဖက်ကမ်းခိုင်, မဂ်လမ်းတိုင် ပေါက်မြောက်အောင် လိုက်နာ ကျင့်ဆောင် နိုင်ကြပါစေဘု ဆုတောင်းလိုက်ပါသတည်း။

ဘာသာပြန်သူ

# အခါး

ဤစာအုပ်ငယ်ကို ပြင်ပလောကသို့ ဖြန့်ချိလိုက်ရာဝယ်
အနည်းငယ်မျှသာ ပြောရန်ရှိပါသည်။ သဗ္ဗညုတဉာဏမဂ္ဂကို
လွယ်လွယ်နှင့် ဖေါ်ပြရန် ပရိသတ်၏ တောင်းဆိုချက်ကို ဖြည့်
ဆည်းခြင်းငှါ ရည်ရွယ်ထားသော လက်သုံး စာအုပ်များ
အစဉ်တွင် ဤစာအုပ်ငယ်မှာ ပဌမ ဖြစ်ပါသည်။ သဗ္ဗညုတ
ဉာဏမဂ္ဂ စာပေဘိုသည် သာမန် စာဖတ်သူတို့အဖို့ လွန်စွာ
ခက်ခဲနက်နဲလွန်းသည် စကား အသုံးအနှုန်း ထူးခြားလွန်း
သည် တန်ဘိုး များလွန်းသည်ဟု ညည်းတွားကြသဖြင့်၊ ဤ
အစဉ်လိုက် ဖြန့်ချိလိုက်သော စာအုပ်များသည်၊ အကယ်
လိုအပ်ချက်ကို အောင်မြင်စွာ ဖြည့်စွက်နိုင်လိမ့်မည်ဟု မြော်
လင့်ပါသည်။ သဗ္ဗညုတ ဉာဏ မဂ္ဂသည် လူပညာရှိတို့ အဖို့
သာမဟုတ်၊ လူသာမန်တို့ အဖို့လည်း ဖြစ်ပါသည်။ ဤစာအုပ်
ငယ်တို့တွင် သဗ္ဗညုတ ဉာဏမဂ္ဂ ဒေသနာတို့ကို ရှေးဦးစွာ
တွေ့မြင် ရသူတို့အနက် အချို့တို့အား ထိုမဂ္ဂ၏ အဘိဓမ္မာ,
လောကဓာတ်,လောကုတ္တရာ တရားတို့ကို နက်နဲစွာ နှိုက်ချွတ်
၍၊ ခက်ခဲသိမ်မွေ့သော ပြဿနာတို့ကိုတပည့်သစ်၏စိတ်ထက်
သန်မှု၊ စာသင်သားသစ်၏ ကြိုးပမ်းမှုတို့ဖြင့် ရင်ဆိုင်ကြရန်၊ ထို
စာအုပ်ငယ်တို့က ကျေးဇူးပြုကောင်း ပြုပေလိမ့်မည်။ သို့ရာ
တွင် စိတ်ထက်သန်သော လေ့လာသူတို့အဖို့ ဤလက်သုံး စာ
အုပ်ငယ်များကို ပြုစုသည်မဟုတ်။ ထိုစိတ်ထက်သန်သူတို့အား
မည်သည့် ကနဦးအခက်အခဲမျှ ဆုတ်နစ်အောင် မပြုနိုင်ရာ။
ဆင်းရဲပင်ပန်းသည့် လုပ်သားလောကတွင် အလုပ်ရှုပ်၍ နေ

# အချီး

သော ယောကျ်ားနှင့် မိန်းမတို့အဖို့သာလျှင် ဤစာအုပ်ငယ်များကို ပြုစုအပ်ပါသည်။ ယင်းစာအုပ်ငယ်များတွင် သေရေးနှင့် ရင်ဆိုင်၍ ရှင်ရေးကိုသည်း ခံနိုင်စေသည့် သစ္စာတရားကိုယ်ကြီးများကိုလည်း ရှင်းလင်း ဖော်ပြရန် ရည်ရွယ်ပါသည်။ မနုဿ လူသားတို့၏ နောင်တော်ကြီးများ ဖြစ်ကြကုန်သော အသေးကွ ရဟန္တာအသျှင်မြတ်တို့၏ တပည့်များက ရေးသား ပြုစုပါသဖြင့် ဤစာအုပ်ငယ်များမှာ လူသားအချင်းချင်း ကူညီထောက်ပံ့ရန်မှ တပါး အခြား ရည်ရွယ်ချက်များ မရှိပါကြောင်း။

# နိဒါန်း

ကျယ်ပြန့်သော သဗ္ဗညုတဉာဏမှ စာပေတို့တွင် ဤစာအုပ်ငယ်သည် ထူးခြားသော အမှတ်လက္ခဏာတို့ဖြင့် ထင်ရှားတည်လျက်ရှိသည်။ ရုက္ခဗေဒဆရာတဦးသည်၊ ဤကမ္ဘာလုံးပေါ်တွင်မည်သည့်ရှေးရုက္ခဗေဒဆရာမှ စူးစမ်းရှာဖွေခြင်းမပြုရသေးသော နယ်သစ်တခုအကြောင်းကို ဖေါ်ပြမည့်ကဲ့သို့၊ မမြင်ရသောလောကအကြောင်း ဖေါ်ပြရန်ကြိုးစားချက်ကို ဤစာအုပ်ငယ်တွင် မှတ်တမ်းတင်ထားသည်။

များစွာသော ယောဂဝိဇ္ဇာ,ဂုတ္တဝိဇ္ဇာကျမ်းတို့တွင်၊ လောကဓာတ်ပညာဌာနတိုင်းတွင် လိုအပ်သော၊ လောကဓာတ်နည်းစံနစ်တကျဖေါ်ပြခြင်းမရှိသည်မှာ၊ ယင်းတို့၏လက္ခဏာပင်ဖြစ်လေသည်။ ထိုကျမ်းတို့တွင် အရာဝတ္ထုတို့သည် ပကတိအားဖြင့် မည်သို့ရှိသည်ကို ဖေါ်မပြပဲ၊ ယင်းတို့၏ အဓိပ္ပါယ်နှင့်အရေးကြီးပုံလောက်ကိုသာ များစွာဖေါ်ပြလေ့ရှိသည်။ ဤစာအုပ်ငယ်တွင်စာရေးသူသည် မမြင်ရသောလောကကိုဓာတ်လောကဓာတ်ပညာ၏ ရှုချက်မှ ချဉ်းကပ်ဖေါ်ပြထားသည်။

ကျွန်ုပ်သည် ရိုက်နှိပ်သူအဖို့ စာရွက်များကို ရေးကူးပေးရသော စာချီအနေဖြင့် ဤစာအုပ်ငယ်နှင့် အဆက်အသွယ်ရှိခဲ့သဖြင့်၊ ယင်းကို အဘယ်ကြောင့်ရေးရသည်ကို ဖေါ်ပြနိုင်ပါသည်။ ထိုစာအုပ်ကို ရေးသည့် ၁၈၉၄ ခုနှစ်ကာလအတော အတွင်း၌ စီ၊ ဒဗလျူ၊ လက်ဗီတားသည် သဗ္ဗညုဘဉာဏ အသင်းကြီး၏ လန်ဒန်အသင်းခွဲတွင် အတွင်းရေးမှူးဖြစ်၍၊ ထိုအသင်းခွဲတွင် မစ္စတာ၊ အေ၊ ပီ၊ ဆင်းနက်က ဥက္ကဋ္ဌဖြစ်သည်။

အသင်းသည် လူအများ သိရအောင် ဝါဒလည်းမဖြန့်၊ လူအများတက်ရောက်နိုင်သည့် အစည်းအဝေးလည်းမကျင်းပ။ သို့ရာတွင် တနှစ်လျှင်သုံးလေးကြိမ်မျှမစ္စတာဆင်းနက်၏ အိမ်၌အစည်းအဝေးကျင်းပ၍၊ထိုအစည်း အဝေးသို့ဘက်ရောက်ရန်အသင်းသားများနှင့်၊သမ္မညုတဉာဏမြှင့် စိတ်ဝင်စားလိမ့်မည်ဟုမစ္စတာဆင်းနက်ထင်သော "အထက်တန်းစား"ပုဂ္ဂိုလ်အနည်းငယ်တို့သို့သာဖိတ်စာကပ်များကိုပေးပို့သည်။(ထိုစဉ်အခါက) ပစ္စတာလက်ပိတာအား မစ္စတာဆင်းနက်က အသင်းသားတို့အားတရားဟောစေလိုသည်။

"ဇောတိဘုံ"ကိုတရားဟောမည့် အကြောင်းအရာအနေဖြင့် ဤစာအုပ်ကို ရေးသူကရွေးချယ်လိုက်သည်။ ဇောတိဘုံအဖြစ်အပျက်များကို သူ့အား လောကဓာတ်နည်း အားဖြင့်စူးစမ်း ထောက်လှမ်းနိုင်စေသည့် ဒိဗ္ဗစက္ခုအာရုံ၌ သူ၏လှေ့လာမှုကိုသူကိုယ်တိုင် ဖေါ်ပြခဲ့သည့်အတိုင်း ကျွန်ုပ်ကတဆင့်ဖေါ်ပြနိုင်ပါသည်။ "သမ္မညုတ ဉာဏမြှ ကျွန်ုပ်ထံမည်သို့ရောက်သည်"ဟူသော သူ၏စာအုပ်တွင် သူ၏လှေ့လာမှုကို သူဖေါ်ပြထားသည်မှာ—

## မမြော်လင့်ပဲ ဖွံ့ဖြိုးလာမှု

"ထိုကာလတွင် ကျွန်ုပ်၌ ဒိဗ္ဗစက္ခုအာရုံလည်းမရှိ၊ ကျွန်ုပ်ကို ကျွန်ုပ်ကလည်းသိမ်မွေ့သောအာရုံရှိသူဟု မည်သည့်အခါမျှမထင်မှတ်ခဲ့ကြောင်း သိမှတ်ထားစေလိုပါသည်။ ဇောတိစက္ခုအာရုံဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ခြင်းမပြုနိုင်မီ၊ မည်သူမဆို ဇောတိဗွင်းရည်သတ္တိများအပြင် အာရုံတို့၌ သိမ်မွေ့

သည့်ခန္ဓာနှင့် မွေးလာရမည် ဟူသော စွဲလန်း ယုံကြည်ချက် ကျွန်ုပ်၌ရှိခဲ့သည်ကို ကျွန်ုပ်မှတ်မိပေသေးသည်။ ထို့ကြောင့်၍ ဘဝတွင် ကျွန်ုပ်အဖို့ ထိုကဲ့သို့သောတိုးတက်မှုဖြစ်နိုင်လိမ့်မည် ဟုကျွန်ုပ်မထင်ခဲ့ချေ။ သို့ရာတွင်၍ဘဝတွင် မည်သို့ဆောင်ရွက် ရမည်ကို ကျွန်ုပ် သိထားသည် အတိုင်း ဆောင်ရွက် ခဲ့လျှင်၊ နောက်ဘဝတွင် ထိုတိုးတက်မှုအတွက် သင့်လျော်သော ခန္ဓာ ဝါဟနတို့ကို ရကောင်းရလိမ့်မည်ဟု ကျွန်ုပ်၌ မြော်လင့်ချက်ရှိ ခဲ့သည်။

"တနေ့တွင်အသျှင်ကုတ်ဟူမိသည် ကျွန်ုပ်ထံလာရောက်လည် ပတ်ခြင်းဖြင့်ကျွန်ုပ်အားဂုဏ်ပြုလျက်ရှိစဉ် ကုဏ္ဍလိနီခေါ်လျှို့ ဝှက်သောသဘ္ဘာကို ဖွံ့ဖြိုးစေခြင်းနှင့်ပတ်သက်သည့် ဗျာန်တရား တမျိုးကို ကျွန်ုပ်အားထုတ်ဖူးပါသလောဟု မေးမြန်းတော်မူ သည်။ ထိုသတ္တိအကြောင်းကို ကျွန်ုပ်ကြားဖူးသော်လည်း အ နည်းငယ်မျှသာသိသည်။မည်သို့မဆိုထိုသတ္တိကိုအနောက်တိုင်း သားများ လက်လှမ်းမမှီနိုင်ဟု ယူဆခဲ့သည်။သို့ရာတွင်ထိုအ ကြောင်းကို သူ၏တိုက်ရိုက် ခွင့်ပြုချက်မရပဲ၊ မည်သူ့အား မျှမပေါက်ကြားစေရန် ကျွန်ုပ်အားဂတိပြုစေပြီးနောက်၊ အ ချို့သော နည်းတို့ဖြင့် အနည်းငယ်အားထုတ်ခြင်း ပြုရန်ကျွန်ုပ် အား ညွှန်ကြားတော်မူပြီးလျှင်၊ မည်သည့်အန္တရာယ်မျှ ကျ ရောက်ခြင်းမရှိရန်ကျွန်ုပ်၏ကျိုးစားချက်များကို စောင့်ရှောက် ကြည့်ရှုမည်ဟူ၍လည်း မိန့်တော်မူသည်။

"ဓမ္မတာအတိုင်းအရိပ်အမြွက် ပြသည်ကို နာယူရာ၊ထိုသီး သန့်ဗျာန်တရား၌နေ့စဉ်မှန်-မှန်ပြင်းပြင်းထန်ထန်ဟုပင် ကျွန်ုပ် ဆိုသင့်သည် ထင်ပါ၏-ကျွန်ုပ်အားထုတ်ဆောင်ရွက် သွား

လေသည်။ ထိုလုပ်ငန်းမှာ လွန်စွာခဲယဉ်း၍၊ တခါတရံ နာ ကျင်မှုလည်းရှိကြောင်း ကျွန်ုပ်ဝန်ခံရပေမည်။ သို့ရာတွင်ကျွန်ုပ် စွဲမြဲအားထုတ်သွားသဖြင့်၊ အချိန်ကျသောအခါ၊ ကျွန်ုပ်အား မြှော်လင့်ရန် ညွှန်ကြားထားသည့် အကျိုးတရားများကိုကျွန်ုပ် ရစပြုလာသည်။ အချို့သောမြောင်းများကိုဖေါက်ပေး၍၊ အ ချို့သောထရံများကို ဖြိုဖျက်ချရသည်။ ကြိုးစားမှုသည် အကယ် ထက်သန်စွဲမြဲခဲ့လျှင်၊ လိုအပ်သည့်ခန့်မှန်းထားသော ပျမ်း မျှ အချိန်မှာ ရက်လေးဆယ်ဖြစ်သည်ဟု ကျွန်ုပ်အား ပြောကြား ထားသည်။ထိုလုပ်ငန်းကိုကျွန်ုပ်လေးဆဲ့နှစ်ရက် ဆောင်ရွက် ပြီးနောက်၊ အပြီးသတ်အောင်မြင်မှုကိုရတော့မည်ကဲ့သို့ရှိလာ သောအခါ၊ ဆရာအသျှင်သည့် ဝင်လာပြီးလျှင် အဆုံးသတ် ဖြတ်သန်းပေါက်ရောက်မှုကို ဆောင်ရွက်ပေးသည်။ ထိုအမှု သည်လုပ်ငန်းကို ပြီးစီးပြည့်ပုံစေပြီးလျှင်၊ ကျွန်ုပ်အားထိုအချိန် မှစ၍'ရူပကန္တာတွင် သတိပြည့်စုံစွာရှိလျက်ပင် ဇောတိစက္ခု၊ အာရုံကိုအသုံးပြုနိုင်စေလေသည်–ဤသို့ဆိုခြင်းသည်၊ရူပကန္တာ နိုးကြားနေသော်ငြင်း, အိပ်ပျော်နေသော်ငြင်း၊ ဇောတိသတိ အာရုံနှင့် မှတ်ဥာဏ်တို့သည် အလျဉ်မပြတ်ဖြစ်ပေါ်လျက်ခနေ သည်ဟု ဆိုခြင်းနှင့်အတူတူပင်ဖြစ်သည်။ ကျွန်ုပ်ကိုယ်တိုင်အား ထုတ်မှုသည် ကျွန်ုပ်အားနောက်ထပ် နှစ်ဆဲ့လေးနာရီ ကြာ သောအခါ ပေါက်ရောက်သွားစေမည် ဖြစ်သော်လည်း၊ လုပ် ငန်းတခုတွင်ကျွန်ုပ်အား အသုံး ပြုလိုသောကြောင့်၊ ဆရာ အသျှင်ဝင်ရောက်လာသည်ဟု ကျွန်ုပ်သိရသည်။

**ဇောတိအာရုံ၌ လေ့လာမှု။**

"ဇောတိဝိဇ္ဇာလေ့လာမှုတွင်၊ ဤဉာဏ်ဒိဗ္ဗကိုရမှုသည် အဆုံးသတ်

ရည်ရွယ်ချက်ဖြစ်သည်ဟု မည်သည့်အခါမျှမထင်မှတ်ရာ။ ဤသို့မဖြစ်သည်သာမက၊ ထိုဇာတ္တိကိုရမှုသည်။ ကျွန်ုပ်ကြုံခဲ့ရသ၍တွင်၊ တနှစ်တိုင်တိုင်အပြင်းထန်ဆုံး အားထုတ်ဆောင်ရွက်ရခြင်း၏အစသာလျှင် ဖြစ်သေးကြောင်းတွေ့ရသည်။ ထိုအခါမြစ်ကမ်းပါးအနီး ရှစ်မြှောင့်ခန်းအတွင်း၌၊ ကျွန်ုပ်ဖေါ်ပြခဲ့ဖူးသည့်အတိုင်း ထမင်းစားချိန်တို့၌မှလွဲ၍၊ အနှောင့်အရှက်အပေါင်းတို့မှလုံးဝလောက်ပင် ကင်းရှင်းကာ၊ တကိုယ်တည်းနေထိုင်လျက်ရှိသည်။ ထိုကာလအတွင်း များစွာသော ဆရာအသျှင်တို့သည် ကျွန်ုပ်အပေါ်၌ ကရုဏာသက်ကာ၊ ကျွန်ုပ်ထံကြွရောက်လာပြီးလျှင်၊အမျိုးမျိုးသော အကြံဉာဏ်များကိုပေးတော်မူကြသည်။အသျှင်ဂျဝါလ်-ကုလ် မှာ လိုအပ်သော ညွှန်ကြားချက်များကို အများဆုံးပေးတော်မူသူဖြစ်လေသည်။ အသျှင်ဂျဝါလ်-ကုလ်သည် ကျွန်ုပ်အား၍သနားကြင်နာသောအကူအညီကိုပေးသည်မှာ၊ သူနှင့်ကျွန်ုပ်သည်ကျွန်ုပ်၏နောက်ဆုံးလွန်ခဲ့သောဘဝတွင် ရင်းနှီးစွာဆက်ဆံခဲ့သောကြောင့် ဖြစ်သည်။ ထိုဘဝတွင်အေသင်မြို့၌ သူဟည်ထောင်ထားသော ပိုက်သာဂေါရိအန် ကျောင်းဝယ် သူ၏လက်အောက်၌ ကျွန်ုပ်သင်ကြားလေ့လာခဲ့ရုံသာမက၊ သူကွယ်လွန်သွားသောအခါ ထိုကျောင်းကိုကျွန်ုပ်ကအုပ်ချုပ်ရသည့်ဂုဏ်ကိုပင်ရခဲ့ပေသည်။ ကျွန်ုပ်၏ ဇောတိအာရုံ လေ့လာမှုများတွင် သူ၏အကြီးအကျယ်ဂရုစိုက်ကြီးပမ်းမှုများအတွက် သူ့အားမည်သို့ကျေးဇူးတင်ရမည်ကို ကျွန်ုပ်မသိပါ။ သည်းညည်းခံလျက်ထပ်ကာထပ်ကာ ပြတ်သားသော မနရူပကိုပြုလုပ်ပြီးလျှင် 'သင်မည်သည့်အရာကိုမြင်သနည်း' ဟု ကျွန်ုပ်အားသူမေးတော်မူသည်။ အ

စွမ်းကုန်ကြိုးစား၍ ထိုအရာကိုကျွန်ုပ်ဖေါ်ပြသောအခါ၊ 'မ ဟုတ်သေးဘူး၊ အမှန်အတိုင်း မမြင်သေးဘူး၊ အားလုံးကိုမ မြင်သေးဘူး။ သင်၏အဇ္ဈတ္တအတွင်းသို့ ထို့ထက်နက်အောင် ထွင်းဖေါက်ပါဦး၊ သင်၏ဇောတိစက္ခုအာရုံအပြင် မနစက္ခု အာရုံကိုပါ အသုံးပြုပါဦး။ ရှေ့သို့အနည်းငယ်တိုးပါဦး၊ အ ထက်သို့အနည်းငယ်တက်ပါဦး'ဟူသော မှတ်ချက်တို့မှာ တခု ပြီးတခုထွက်ပေါ်လာချေသည်။

"ကျွန်ုပ်၏နည်းပေးလမ်းညွှန်ဆရာ မခကျနပ်မချင်း၊ ဤအ မှုကို အခါပေါင်းများစွာအထပ်ထပ် ပြုလုပ်ရသည်။ တပည့် သာဝကအားနည်းအမျိုးမျိုးဖြင့် စိတ်ကူးနိုင်သရွေ့သော အခြေ အနေအမျိုးမျိုးတို့အောက်၌ စမ်းသပ်ကြည့်သည်။ စင်စစ်ပင် သင်ကြားမှု ပြီးဆုံးခါနီးလောက်တွင်၊ ရှုံးတူးတတ်သော သဘာဝဘူတတို့အား အထူးခေါ်ယူပြီးလျှင်၊ ဖြစ်နိုင်သရွေ့သော နည်းတို့ဖြင့် ရှုကြည့်သူအားရှုပ်ထွေးမှားယွင်းအောင်ကြိုးစား ဆောင်ရွက်စေသည်။ ဤဇောတိစက္ခုအာရုံကို လေ့ကျင့်ပေးမှု မှာ၊ လွန်စွာခက်ခဲသော အမှုဖြစ်ကြောင်း ယုံမှားဖွယ်မရှိချေ။ ဤသို့လေ့ကျင့်ရသဖြင့် ပင်ပန်းခြင်းမှာလည်း၊ လူပုဂ္ဂိုလ်တဦး၏ အခံနိုင်ဆုံးအခြေသို့ ရောက်အောင်ပင် ကြီးလေးပါပေသည်ဟု ဆိုရာ၏။ ရရှိသောအကျိုးမှာလည်းပင်ပန်းကျိုးနပ်သည်ထက် အကယ်ပင် အလွန်အကျူး ပိုကဲပါပေသည်။ အဘယ်ကြောင့် ဆိုသော်၊ ထိုအကျိုးဖလသည် အောက်(လောကီ) ဝိဉာဏ်နှင့် အထက်(လောကုတ္တရာ) ဝိဉာဏ်တို့ဆက်စပ်သွားခြင်းသို့တိုက် ရိုက်ရောက်စေပြီးလျှင်၊ မည်သည့်အနာဂတ် အဖြစ်အပျက်က မျှ မချောက်ချား စေနိုင်သော ကိုယ်တွေ့တရားပေါ်၌ တည်

သည့်လုံးဝ မှန်ကန်သေချာသော အသိဥာဏ်ကို ဖြစ်ပေါ်စေလေသည်။''*

လန်ဒန်အသင်းအတွက်ဟောပြောချက်ကိုပြင်ဆင်နေသောအခါ၊ကျွန်ုပ်သည်မစ္စတာလက်ဗီတာ နှင့်အတူနေ၍၊စာမေးပွဲများအတွက်ကျောင်းတက်လျက်ရှိပါသည်။ ဗိရှော့လက်ဗီတာ (၁၉၁၆ ခုနှစ်တွင် လစ်ဗရဲကက်သလစ်ဂိုဏ်းဝင် ဗိရှော့အနေဖြင့် သူ့အားသွတ်သွင်းချီးမြှင့်ပြီးနောက် ခေါ်ဆိုသောအမည်)၏အလေ့တခုမှာ သူရရှိသောစာများ၏စာအိတ်များကို မည်သည့်အခါမျှမစွန့်ပစ်ခြင်းဖြစ်သည်။ ထိုစာအိတ်များကိုနံဖေးမှ ဖြတ်တောက်ဖွင့်လှစ်ပြီးလျှင် ယင်းတို့၏ အတွင်းဖက်များကို မှတ်တမ်းများရေးရန်အတွက် သူအသုံးပြုသည်၊ သူ့ဘဝတွင် နောက်ဆုံးနှစ်တိုင်အောင် ဤအလေ့သည်သူနှင့်တည်ရှိခဲ့သည်။ (သူသေမည့်နှစ်တိုင်အောင် ဤအလေ့၌ သူစွဲမြဲလျက်ရှိသည်)။ ၁၀၉၄ ခု၊ နိုဝင်ဘာလ ၂၁ ရက်နေ့တွင်သူဟောပြောပြီးနောက်၊ သူ၏နောက်ထပ်လုပ်ငန်းမှာ ထိုဟောပြောချက်ကို ရေးသားပြီးလျှင်၊ လန်ဒန်အသင်း၏ဆောင်ရွက်ချက်အမှတ် ၂၄ အနေဖြင့် ပုံနှိပ်ဖြန့်ဝေရန်ဖြစ်သည်။ ဖွင့်လှစ်ထားသော စာအိတ်များဖြစ်သည့် စက္ကူစများပေါ်တွင် တကြိမ်လျှင် အနည်းငယ်မျှစီ သူစတင်ရေးသားခြင်းပြုသည်။ ထိုစက္ကူစများမှ ဖူးလ်စကက် အရွယ်ဒိုင်ယာရီ စာအုပ်ဟောင်း

---

* ဤလေ့လာမှုတွင် အပြီးသတ်စမ်းသပ်ချက်အကြောင်းကို အီဂျစ်ပြည်၏ မွှေးရနံ့(The Perfume of Egypt)ခေါ်သူ၏ပုံပြင်များစာအုပ်''သတ္တိကိုစမ်းခြင်း''တွင် စာရေးသူဖော်ပြထားသည်။ စီ၊ ဂျေ။

တခု၏ မရေးရသေးသော စာရှက်မျက်နှာများအပေါ်သို့ရေး ကူးရန်မှာ ထိုအခါက ကျွန်ုပ်၏လုပ်ငန်းဖြစ်လေသည်။ ထို့ ကြောင့် ရေးကူးထားသောစာမှာ ကျွန်ုပ်၏ လက်ရေးဖြင့်ဖြစ် လေသည်။ သူ၏ဝမ်းစာအတွက် အမျိုးမျိုး လုပ်ကိုင် ဆောင် ရွက်နေရပြီးလျှင် အချိန်ရသော အခါမှသာသူ စာရေးနိုင်သ ဖြင့်၊ သူ၏ရေးသားချက်မှာ ရက်သတ္တ သုံးလေးပတ်မျှ ကြာ လေသည်။

လန်ဒန်အသင်းဆောင်ရွက်ချက်၏ပုံနှိပ်မှုများသည်၊ဗိရှော့ လက်ဗိတာထံ ရောက်ရှိလာသောအခါ၊ (ကျွန်ုပ်၏လက်ရေး ဖြင့်ရှိသော) လက်ရေးမူကိုလည်း ပြန်လည်ပေးပို့လိုက်သည်၊ လက်ရေးစာမူကို ပုံနှိပ်သူက ပြန်လည်ပေးပို့သောအခါ ဖြစ် တတ်သည်အတိုင်း၊ ဤလက်ရေးစာမူတွင် စာစီသွားနှင့် စာ ပြင်ဆရာတို့၏ လက်မရာများထင်လျက်ရှိပြီးလျှင်၊ သန့်ရှင်းဖြူ စင်သော စာမျက်နှာများသည် ကိုင်တွယ်ကြသဖြင့် ပျောက် ကွယ်သွားခဲ့လေသည်။ ဤဖြစ်ရပ်မှာထောင်းတာစရာမရှိသင့် ချေ။ အဘယ်ကြောင့်ဆိုသော် လက်ရေးမူကို ပုံနှိပ်ပြီးသော အခါ စက္ကူလေ တောင်းထဲသို့သာ ပစ်လိုက်လေ့ရှိသည်။

သို့ရာတွင်ယခုသော်ဗိရှော့လက်ဗိတာကိုမှန်သွားစေသော၊ ဖြစ်မြဲမဟုတ်, မမြော်လင့်သော,ဖြစ်ရပ်တခုဖြစ်ပေါ်လာသည်။ တနံနက်သော်၊အသျှင် ကေ၊ အိပ်ချ် က ပရမတ္တသံဃာ၏မှတ် တမ်းများ ပြတိုက်တွင်သိမ်းဆည်းထားလိုသဖြင့်၊ လက်ရေးမူ ကို တောင်းသည်ဟု၊ ဗိရှော့လက်ဗိတာက ကျွန်ုပ်အားပြော သည်။ "ဇောတိဘုံ" ဟူသော စာစောင်မှာထူးခြားသောရေး သားချက်ဖြစ်၍၊ လူတို့၏အသိဉာဏ် သမိုင်းစဉ်တွင် အထိခဲး

အမှတ်တခုဖြစ်သည်ဟု ဆရာအလျှင်က ရှင်းလင်းဖော်ပြတော်မူသည်။ ဆရာအသျှင်က၊ ရှင်းလင်းမိန့်ဆိုသည်မှာ။ ထိုအချိန်တိုင်အောင်၊ လွန်စွာကြီးကျယ်ခဲ့သော အတ္တလန္တိတ်ယဉ်ကျေးမှုခေတ်၌ပင်၊ ဂုတ္တဝိဇ္ဇာဂိဏ်းဝင် ပညာရှင်ကြီးတို့သည်၊ သဘာဝဓမ္မများကို ခေတ်လောကဓာတ်ပညာ ရှုချက်မှမဟုတ်ပဲ၊ အခြားရှုထောင့်တို့မှသာ လေ့လာခဲ့ကြသည်။ အတိတ်ဂုတ္တဝိဇ္ဇာ ဆရာကြီးများသည်၊ သဘာဝ၏"ဇီဝဖက်"ဟုခေါ်ဝေါ်အပ်သော၊ အချက်အလက်တို့၏ အတွင်းသဘောသကန်တို့ကို သာလွန်ရှာဖွေခဲ့ကြသည်။ မျက်မှောက်ကာလ လောကဓာတ်ပညာနည်း၏ လက္ခဏာဖြစ်သော သဘာဝ၏ "ရုပ်ဖက်"ကိုရှာဖွေရာ၌ လျော့နည်းခဲ့ကြသည်။အတိတ်ယဉ်ကျေးမှုခေတ်တို့တွင် အသေက္ခအသျှင်မြတ်တို့သည်၊ သဘာဝ၏လျှို့ဝှက်ချက်များနှင့်စပ်လျဉ်း၍၊ အသိပညာ အမြောက်အမြားကို စုဆောင်းပြီးဖြစ်သော်လည်း၊ ထိုပညာကိုယခုတိုင် လောကဓာတ်နည်းခွဲခြမ်း စိတ်ဖြာခြင်းမပြုသေးပဲ၊"ဇီဝဖက်"သို့အသိအာရုံတုံ့ပြန်မှုကိုမှသာလျှင်၊ ထိုပညာကို ပေါင်းစည်းထားလေသည်။ ထိုသို့မဟုတ်မူ၍၊ "ဇောတိဘုံ"၌သော်၊ ရုက္ခဗေဒဆရာသည် အမေဇွန်တောကြီးထဲတွင် သစ်ပင်ကြီး, သစ်ပင်ငယ်,ချုံနွယ်တို့ကို အမျိုးအစားအလိုက် ခွဲခြားကာ၊ တော၏ရုက္ခဗေဒသမိုင်းကို ရေးရန်ဆောင်ရွက်မည့် နည်းအတိုင်း၊ ဂုတ္တဝိဇ္ဇာရှင်တို့တွင် ရှေးဦးစွာ အနေဖြင့် ဇောတိဘုံတခုလုံးကိုသိမ်းကြုံး၍၊ အသေးစိတ်စူးစမ်းခြင်းပြုထားလေသည်။

ထိုအကြောင်းကြောင့် "ဇောတိဘုံ" စာအုပ်ငယ်မှာ အထိမ်းအမှတ်တခု အသေအချာဖြစ်လေသည်။ ထိုကြောင့်ဆ

ရာအသျှင်ကလည်း မေ်ကွန်းများကို ထိန်းသိမ်းသူအနေဖြင့် ထိုစာအုပ်ငယ်၏လက်ရေးမူကို ပြတိုက်ကြီး၌ ထည့်သွင်းထားလိုသည်။ ဤပြတိုက်ကြီးတွင် ဆရာအသျှင်များနှင့် သူတို့၏တပည့်သာဝကများ၏ အထက်တန်းလွှလာမှုတို့နှင့် စပ်လျဉ်း၍အရေးကြီးသဖြင့်၊ သေချာစွာရွေးချယ်ထားသော ပစ္စည်းအမျိုးမျိုး ရှိလေသည်။ ထိုပြတိုက်ကြီးမှာ အတူးသဖြင့်လုပ်ဆောင်မှုဌာနအသီးသီးတို့၌ လူသားတို့၏တိုးတက်မှုမှတ်တမ်းကြီးဖြစ်လေသည်။ဥဒါဟရုဏ်၊ထိုပြတိုက်ကြီးတွင် ကပ်အသီးသီးတို့၌ကမ္ဘာမြေ၏ပုံသဏ္ဌာန်ကိုပြသောကမ္ဘာလုံးမြေပုံများရှိသည်။ လန်ဒန်အသင်း၏ အခြားဆောင်ရွက်မှုမှတ်တမ်းဖြစ်သော၊ ဒဗလျူ၊စကော့-အယ်လိအော့ရေး "အတ္တလန္တိတ်" ခေါ်စာအုပ်တွင် ပုံနှိပ်ဖြန့်ချိသောမြေပုံများကို၊ ဤကမ္ဘာလုံးမြေပုံများမှ ဗိရှော့လက်ဗိတာ ကူးယူရေးဆွဲသည်။ အခြားမှတ်သားဖွယ်ကောင်းသော ပစ္စည်းများအနက်၊ခေတ်အနုတခုကိုဖေါ်ပြသည့် ပြဒါးအခဲ တခုပြတိုက်တွင်ရှိသည်၊ပြတိုက်တွင် မျက်မှောက်နှင့် ပျောက်ကွယ်ခဲ့သော အယူဝါဒများနှင့်ဆိုင်သည့်အမျိုးမျိုးသောကျမ်းဟောင်းများနှင့်၊ဤကျွန်ုပ်တို့ ကမ္ဘာမြေလုံးပေါ်၌ "ဇီဝလှိုင်း"၏ လှုပ်ရှားဆောင်ရွက်ပုံကို နားလည်ရန်အတွက်အသုံးဝင်သည့် အခြားပစ္စည်းများလည်း ရှိလေသည်။

ကျွန်ုပ်မှတ်မိနိုင်သ၍တွင်၊ ဗိရှော့လက်ဗိတာအား "မွန်သွားသည်" ဟုဖေါ်ပြနိုင်သောအခါမှာ၊ သူ၏စာအုပ်ငယ်လက်ရေးမူကို ဆရာအသျှင်ကတောင်းဆိုသော၊ ထိုအခါတခုတည်းသာ ရှိလေသည်။ အကြောင်းသော်ကား၊ လက်ရေး

မှုမှာ ပေကျံနေသောကြောင့်ဖြစ်သည်။ ပုံနှိပ်သူက ကိုင်တွယ်ထားသဖြင့်ယင်းကို"ညစ်ပတ်" နေသည်ဟုပင်ဆိုနိုင်ပါသည်။ မည်သို့ပင် ဖြစ်စေကာ၊ ဆရာအသျှင်၏ တောင်းပန်ချက်အတိုင်းဆောင်ရွက်ရပေမည်။ ထို့နောက်လက်ရေးမူကို တိဗက်ပြည်သို့ မည်သည့်နည်းဖြင့် ပို့ရမည်နည်းဟူသော ပြဿနာပေါ်ထွက်လာသည်။ ထိုပြဿနာအတွက် ဗိရှော့လက်ဗိတာ စိတ်မပူချေ။ အဘယ်ကြောင့်ဆိုသော် သူ၌တပါးသူတို့အားမဖော်ပြသော ဂုတ္တဝိဇ္ဇာတန်ခိုးများရှိသည်။ ထိုတန်ခိုးများကို အချို့သောအခါတို့၌ ကျွန်ုပ်မြင်ခဲ့ရပြီးဖြစ်သည်။

လက်ရေးမူအား၊ ဗြဲမ်တိုကိုကြေပျက်စေပြီးနောက်၊တိဗက်ပြည်၌ တဖန်ပြန်လည်ဖွဲ့စည်း ပုံတူပေါ်ထင်စေခြင်းဖြင့်၊ ပေးပို့ရန်ဖြစ်သည်။

ထိုစဉ်၌ကျွန်ုပ်တွင် ပြက်သုံးလက်မရှိ ပိုးကြိုးဝါစဟာခုရှိသည်။ လက်ရေးမူကို လေးခေါက်ချိုးပြီးလျှင် ပိုးကြိုးဖြင့်စည်းသည်။ထို့နောက်ပိုးကြိုးကိုအပတ်ဖြစ်အောင် အပ်ခြည်နှင့်ချုပ်သည်။"ပြဲဒို့ဟာဖြစ်ရပ်"တခုအပေါ်၌ သက်သေအထောက်အထားရမည့်ထူးခြားသော အခွင့်အရေးတခု ပေါ်လျက်ရှိသဖြင့်ကျွန်ုပ်မှာ စိတ်တက်ကြွလျက်ရှိသည်။လက်ရေးမူကိုသေတ္တာထဲတွင်ထည့်သွင်းသော့ ခတ်ထားပြီးလျှင် ထိုသော့ကိုအမြဲကိုင်ဆောင်ထား၍၊ လက်ရေးမူကွယ်ပျောက်သွားသည်ကို တွေ့ရလျှင်၊ လွန်စွာကြီးကျယ်သောဖြစ်ရပ်တခုကို ကျွန်ုပ်ရေးသားဖော်ပြရန်ရှိပေမည်။

သို့ရာတွင် ထူးဆန်းသည့် ဖြစ်ရပ်မှာ၊ ထိုစဉ် ဗိရှော့လက်ဗိတာနှင့် ကျွန်ုပ်ပိုင် ပစ္စည်းများအထဲတွင်၊ ခိုင်လုံစွာ

သော့ခတ်ထားနိုင်သောအရာ ဘာမျှမရှိချေ။သားရေသေတ္တာ ဟောင်းတလုံးရှိသော်လည်း သော့ကျိုးနေသည်။ ကျွန်ုပ်တို့၌ လက်ဆွဲအိတ် အချို့ရှိသော်လည်း အားလုံးတွင် သော့များ ချွတ်ယွင်းလျက်ရှိသည်။ မည်သည့် အရာ၌မျှ ခတ်၍ရသော သော့မရှိချေ။ဗိရှော့လက်ဗိတာ မိခင်၏အချုပ်အလုပ်သေတ္တာ ဖြစ်သော၊ လိပ်ခွံများမြှုပ်ထားသည့် သေတ္တာငယ်တခုရှိသည်။ သို့ရာတွင် ယင်း၏သော့ ပျောက်နေသည်မှာ ကြာလေပြီ။

လက်ရေးမူ များကို ဤသေတ္တာထဲသို့ ထည့်၍၊ ထို့ထက် ကောင်းသော နည်းမရှိသဖြင့်၊ သေတ္တာပေါ်တွင် စာအုပ်များ ကို စုပုံထပ်တင် ထားရန်မှတပါး အခြား ဆောင်ရွက်ရန်မရှိ တော့ချေ။ နောက်တနေ့ နံနက်အိပ်ရာမှနိုး၍၊ စာအုပ်များကို ဖယ်ရှားပြီးနောက်, အချုပ်အလုပ်သေတ္တာထဲသို့ ကြည့်သော အခါ၊ လက်ရေးမူမရှိတော့ချေ။ ဖြစ်ရပ်ကိုသက်သေ တင်ပြခွင့် ဆုံးရှုံးရသည့်အတွက် ကျွန်ုပ်၏ ဝမ်းနည်း ကြေကွဲနေမှုမှာ၊ ကျွန်ုပ်ကိုယ်တိုင်ပင် လက်ရေးမူကို ဇောတိ သဘာဝဖြင့် ဆရာ အသျှင်ထံယူဆောင်သွားသည်ဟု ကျွန်ုပ်အား ပြောပြခြင်းဖြင့် ပြေပျောက်မသွားချေ။

အယုံအကြည် မရှိသော လောကဓာတ် ဆရာတို့၏ စိတ် ဝယ်၊ ဘာမျှအပြစ်ဆိုဖွယ်မရှိ၊ လုံးဝခိုင်လုံပါပေသည်ဟု ထင် ရလောက်သည့်၊ နာမ် တန်ခိုး သတ္တိတို့ ဆောင် ရွက် ချက် သာဓက တခုမျှကိုပင်ရှာ၍ မရနိုင်ဟူသော အကြောင်းနှင့် စပ် လျဉ်း၍၊ အခြားတနေရာတွင် ကျွန်ုပ်ရေးသား ထားသည်ကို၊ ထုတ်နှုတ်ဖော်ပြရလျှင် စိတ်ပါဝင်စားဖွယ်ရာ ရှိပေသည်။

၇၀၀ (ရှာန်) သဘာဝ အချက်အလက်တို့နှင့် စပ်လျဉ်း၍၊ မည်သို့မျှသံသယ ဖြစ်နိုင်ဖွယ်ရာမရှိသော သက်သေ သာဓကကို၊ ကျွန်ုပ်တို့ပေးမည်ပြုသောအခါ၊ အပြီးသတ်သက်သေဘင်ပြချက်ကို ပိတ်ပင်ရန်၊ အမြဲပင်တစုံတရာဖြစ်ပေါ်၍ လာခဲ့သည်။ ဝိဉာဏ်စမ်းသပ်မှုခေတ် စောစောပိုင်းတွင် ဝိဉာဏ်တို့သည် ထူးဆန်းသော တန်ခိုးသတ္တိများကို အသုံးပြုနိုင်ကြောင်းဖေါ်ပြကာ၊ ထူးခြားမှတ်သားဖွယ် ကောင်းသော အရာဝတ္ထုများစွာတို့ကို၊ အဝေးမှ ယူဆောင်လာခဲ့သည်ကို သိကြပြီးဖြစ်သည်။ သို့ရာတွင် သာဓကတိုင်း၌ပင်၊ သက်သေ သံကွင်းဆက်တွင်၊ နောက်ဆုံးကွင်းမှာ ဟာနေတတ်သည်။ သံသယဖြစ်ရန်ဟာပေါက် အမြဲရှိသည်။ ထိုနည်းတူစွာပင်၊ ဆင်မလာမြို့၌ မယ်ဒင်ဗလာဝတ်စကီ၏ လုပ်ငန်းနှင့် ပတ်သက်၍၊ အသေကျွအသျှင်မြတ်တို့ဖန်တီးသောဖြစ်ရပ်တို့တွင်၊ဆရာအသျှင်မြတ်အဖိုးနှေ့ချင်းထုတ်လန်ဒန်တိုင်းသတင်းစာကိုထိုနေ့၌ပင်ဆင်မလာမြို့သို့၊ တခါက အကြံပေးသည်အတိုင်း၊ ဆောင်ပို့ရန်မှာအလွယ်ဆုံးသော အရာပင်ဖြစ်သည်။သို့ရာတွင် ဖြစ်ရပ်အားလုံးတို့၌ပင်၊ သတိမမူမိ၍ သော်၎င်း၊ အခြား အကြောင်းကြောင့်သော်၎င်း၊ အရေးကြီးသော သက်သေထောက်ခံချက်ကျန်၍နေတတ်သည်။

၎င်းအကြောင်းကို အသေကျွ အသျှင်မြတ်တို့အား လျှောက်ထားမေးမြန်းသောအခါ၊ သက်သေ အထောက်အခံနှင့် စပ်လျဉ်း၍၊ လုံးလုံးရေပက်၍ မဝင်နိုင်လောက်အောင် ခိုင်လုံမည့်ဖြစ်ရပ်များကို သူ့တို့တမင် ဟန့်တားထားသည်ဟု ကျွန်ုပ်တို့အား မိန့်ကြားတော်မူသည်။များစွာသော စိတ်တန်ခိုးထက်

သန်သူတို့၌၊ လုံလောက်သော စာရိတ္တဖွံ့ဖြိုးခြင်း မရှိသေးသည့် လူတို့၏ မျက်မှောက်စခန်းအခြေတွင်၊ ဂုဏ္ဍ(ချာန်)ဝန်ခိုးများ တည်ရှိခြင်း၌ ဤသနားငဲ့ညှာစိတ်ကင်းမဲ့သူတို့ လုံးဝယုံကြည် ခွင့်မရရန်မှာ၊ အရှင်မြတ်တို့၏ ကြံစည်ရည်ရွယ်ချက်ပင် ဖြစ်ချေ သည်။ ဤအကြောင်းခြင်းတအပေါ်၌ မယုံကြည်မှုရှိနေသေး သ၍ ကာလပတ်လုံး၊ လူသားတို့မှာ သနားငဲ့ညှာစိတ်ကင်းမဲ့သူ တို့၏ ကိုယ်ကျိုးအတွက် အသုံးပြုခြင်းမှ၊ ကာကွယ်မှုကိုရလျက် ရှိနေသည်။ သဘာဝ ပစ္စည်းများကို အုပ်ချုပ်စီမံနေသည့်၊ ကိုယ်ကျိုးရှာစိတ်ရှိသူတို့သည်၊ လူသားတို့အား စည်းပွားရေး ၌၎င်း၊ စက်မှုလက်မှုတို့၌၎င်း၊ မိမိတို့အကျိုးငှာသာလျှင် အ သုံးချလျက်ရှိသည်ကို ကျွန်ုပ်တို့သိပြီးဖြစ်သည်။ ထိုကိုယ်ကျိုး ရှာစိတ်ရှိသူတို့သည် ဂုဏ္ဍဝိဇ္ဇာ (ချာန်) တန်ခိုးများကိုပါ ယင်း တို့၏ အကျိုးငှာအသုံးပြုမည်ဆိုလျှင်၊ အဘယ်မျှကြီးမားသော ပျက်စီးခြင်းကြီး ကျရောက်လိမ့်မည်ကို စဉ်းစားဉာဏ်အနည်း ငယ်ရှိသူတိုင်း တွေးထင်ကြည့်ရန် မ လွယ်ဦးချေ။

ပီရှော့ လက်ဗီတာသည် ဒေါက်တာ အ ဗီဆင့်နှင့် ၁၈၉၄ ခုနှစ်တွင် တွေ့သည်။ နောက် တနှစ်တွင် လန်ဒန် သဗ္ဗညုတဉာဏ အသင်းတည်ရာ၊ ီးဂျင့်ဥယျာဉ် ရိပ်သာလမ်း အမှတ် ၁၉ ၌ လာရောက်နေထိုင်ရန်၊ ပီရှော့ လက်ဗီတာနှင့် ကျွန်ုပ်အား ဒေါက်တာ ဗီဆင့်က ဖိတ်မန်တကပြုသည်။ ထိုအ သင်းတိုက်တွင် ၁၈၉၁ ခုနှစ်၌ အိတ်ချ်၊ ပီ၊ ဗီ၊ ကွယ်လွန်သွား သည်။ ထိုတိုက်အိမ်ကို ဒေါက်တာဗီဆင့် ပိုင်သည်။ ထို့ ကြောင့် ကျွန်ုပ်တို့အား ဖိတ်ခေါ်ခြင်းဖြစ်သည်။ ဤကာလမှ စ၍ ဒေါက်တာ ဗီဆင့်နှင့် ပီရှော့လက်ဗီတာတို့၏ အလွန်ရင်း

နှီးစွာ ပူးပေါင်းဆောင်ရွက်မှု စတင်ခဲ့ရာ၊ သူတို့၏အသက် အဆုံးတိုင် ဆက်လက်တည်မြဲသွားလေသည်။ အမျိုးမျိုးသော အကြောင်း အရာတို့အပေါ်၌၊ သဗ္ဗညုတဉာဏမဗ္ဗ၏ ဟော ကြားချက်များကို အတိုအကျဉ်းချုံး ဖေါ်ပြသည့် စာအုပ်ငယ် များပါဝင်သော "သဗ္ဗညုတ ဉာဏမဗ္ဗ လက်စွဲစာအုပ်များ" ခေါ် စာအုပ်အစဉ်ကို ၁၈၉၂ ခုနှစ်တွင် ဒေါက်တာ ဗီဆင့် စတင်ထုတ်ဝေသည်။ လန်ဒန်အသင်း၏ ဆောင်ရွက်ချက်ကို၊ ထိုအစဉ်တွင် လက်စွဲစာအုပ် တခုအနေဖြင့် ထုတ်ဝေရန်၊ ဗိရှော့လက်ဗီတာ၏ အခွင့်ကို ဒေါက်တာ ဗီဆင့် တောင်း သောအခါ၊ ပဉ္စမ လေးအုပ်–လူ၏ အာယတနဓမ္မ ခုနှစ်ပါး, မနုဿပဋိသန္ဓေ, ကမ္မ, မရဏနှင့် တမန္တန်-တို့ကို ထုတ်ဝေပြီး ဖြစ်သည်။ ထို့ကြောင့် "ဇောတိဘုံ" မှာ ပဉ္စမလက်စွဲစာအုပ် အနေဖြင့် ထွက်ပေါ်လာသည်။

၁၈၉၅ နှစ်တွင် သူတို့နှစ်ဦးသည်၊ ဟိုက်ဒြိုဂျင်၊ အောက် ဇီဂျင်နှင့် နိုက်တြိုဂျင် (၎င်းပြင် ထိုကာလတိုင် မတွေ့သေး သည့် ကျွန်ုပ်တို့က အော်ကတ်တမ် ဟုအမည်မှည့်ထားသော ဧတုဍ္ဍဓာတ်) တို့၏ ဆောက်တည် ဖွဲ့စည်းထားပုံကို ပူးတွဲ စူးစမ်းကြသည်။ထိုနှစ်မှာပင် နှစ်ဦးစလုံး,အောက်နှင့်အထက် မနဘုံများ(ရူပနှင့်အရူပဗြဟ္မာဘုံများ)၏ဆောက်တည်ပုံ,အ ခြေအနေနှင့် ဘုံသားများအကြောင်းကိုအကျယ်တဝင့်စူးစမ်း ကြသည်။ ဇောတိဘုံ(ကာမဒေဝဘုံ)ကို ဗိရှော့လက်ဗီတာ စူး စမ်းသောအခါ ဆောင်ရွက်သည့် နည်းအတိုင်း၊ သူနှင့် ဒေါက်တာဗီဆင့်တို့သည်၊သေသွားပြီးနောက် ကောင်းကင်ဘုံ ဟု ခေါ်သော သုခကို ခံစားနေသော ဘဝတာ အတွင်း

# နိဒါန်း

'ဒေဝဌာန်'၌ ရှိနေသော ဝိဥာဏ်တို့ကို တခုပြီးတခုကြည့်ရှုစုံစမ်းသည်။ ထို့အလျှင်ကကဲ့သို့ပင် ထိုအခါ၌လည်း စုံးစမ်းရရှိချက်များကို ရေးသားထားသူမှာ ဗိရှော့လက်ဗိတာပင် ဖြစ်သည်။အဘယ်ကြောင့်ဆိုသော်ဒေါက်တာဗီဆင့်၌ အခြားကိစ္စအများရှိနေသည်။ ဤစုံးစမ်းချက်များသည်၊ သဗ္ဗညုတဉာဏ ဓမ္မ လက်စွဲ စာဆောင်အမှတ် ၆ "ဒေဝဌာန်"၏ အရင်းမူလ ပင်ဖြစ်သည်။

ဇောတိဘုံနှင့်ဒေဝဌာန်ဘုံဟူသော ဤကျမ်းနှစ်စောင်တွင်၊ ဒေါက်တာ ဗီဆင့်နှင့်ဗိရှော့လက်ဗိတာတို့တတ်နိုင်သလောက် ရုပ်ဝတ္ထုဆိုင်ရာနှင့် လောကဓာတ်နည်းကျအောင်ဂရုစိုက်ကာ သုတေသန ပြုထားချက်များကို ဆည်းစုထားသည်။ ဤသို့ သုတေသနပြုသဖြင့် မမြင်ရသောလောကကြီးနှင့်ဆိုင်သည့်လွန်စွာအဖိုးတန်သော အချက်အလက်စုများကိုရရှိသည့် အကျိုးခံစားရသည်။ အာဃာတနှင့် အဂတိတရားကင်းစင်း၍ ထက်သန်သောစိတ်ရှိသည့် လေ့လာသူသည်၊ဤအချက်အလက်များကို သေချာစေ့စပ်စွာခွဲခြမ်းစိတ်ဖြာ လေ့လာကြည့်မည်ဆိုလျှင်၊ မှတ်တမ်းတင် ဖော်ပြထားသည်တို့ကို မယုံကြည်နိုင်စေကာ၊ ယင်းတို့၏လက္ခဏာမှာ ဝတ္ထုရေးဆရာသည် ပြတ်သားသော ပုံပြင်ဖြစ်ရပ်တို့ကို စီကုံးနှုန်းဖွဲ့ထားသည့်အလား စိတ်ကူး၌ ဖြစ်သကဲ့သို့မဟုတ်ပဲ၊အရာဝတ္ထုအဖြစ်အပျက်တို့ကို မှန်ဘီလူးဖြင့်သော်၎င်း၊ မှန်ပြောင်းဖြင့် သော်၎င်း ကြည့်၍၊ ပကတိအတိုင်းမြင်ရသကဲ့သို့ ရှိသည်ဟုသော် စိတ်၌ထင်မြင်မလာပဲ မနေနိုင်ရာ။

ဤသည်ကား၊ ဤသေးငယ်သော်လည်း အဖိုးတန်လှသည့် လက်စွဲစာအုပ် "ဇောတိဘုံ" ကို ရေးသားခြင်း၏ အတ္ထုပ္ပတ္တိ ပင်ဖြစ်ပေသည်။

စီ၊ ဇိနရာဇဒါသ။

# မာတိကာ

အခန်း — စာမျက်နှာ

**အမှာ**

**အချီး**

**နိဒါန်း** (စီ၊ ဗိုနရာဇဒါသရေး)

၁။ **အားလုံးခြုံ၍မြော်ရှုခြင်း၊** ၁

၂။ **ရှုခင်းများ။** ဘုံအဆင့်ခွဲခုနစ်ခု။ ဒြပ်သိပ်သည်းမှု ဒီဂရီများ။ ဇောတိစကြာအာရုံ၏ လက္ခဏာများ။ ရောင်လျှံ။ အာကာသဓာတ်ရုပ်တူ။ မှုန်မွှားသောအရာများကို ချဲ့ထွင်မြင်နိုင်သောသတ္တိ။ "နွေရုပ်၊ရုပ်သာယာ"။ဇောတိဒြပ်တွင်မှတ်တမ်းများ။ ၁၇

၃။ **ဘုံသားများ။** (၁) လူ (က)ရှင်သူ၊ အသေက္ခရဟန္တာနှင့် သူ၏တပည့်၊ ဇောတိအာရုံဖွံ့ဖြိုးသူ။ သာမန်လူ၊ မှော်ဆရာ။ ၃၀

(ခ)သေသူများ၊နိမ္မာနကာယ၊ပဋိသန္ဓေယူရန်စောင့်နေသော တပည့်၊ သာမန်တမန္တန်ဘဝသို့ပြောင်းသွားသူ၊ဆာယာ၊အခွံ၊မိမိကိုယ် မိမိသတ်သေသူ၊ ရုတ်တရက် သေသူ၊ သွေးစုတ်ဖုတ်၊ ဝံပုလေ၊ အမှောင်လောက၊ တမန္တန်ဘဝ၌ မှော်ဆရာ။ ၄၉

(၂) လူမဟုတ်သူ (အမနုဿ)။ ဓာတ်ဘာ၀၊ တိရစ္ဆာန်တို့၏ဇောတိခန္ဓာများ၊သဘာ၀ ဘူတအမျိုးမျိုး၊ ကာမဒေ၀များ၊ရူပဒေ၀ များ၊ အရူပဒေ၀များ၊ဒေ၀ရာဇာ (နတ် မင်းကြီးများ။) ၉၉

(၃) ဖန်တီး။ သတိမမူပဲ ဖန်တီးသော ဓာတ် ဘူတများ၊အစောင့်နတ်များ၊သတိမူလျက် ဖန်တီးသော ဓာတ်ဘူတများ၊ ဖန်တီး ထားသောလူများ၊ ဝိဥာဏ်ဝါဒ၏ မူလ အမှန်။ ၁၄၃

၄။ **ဖြစ်ပေါ်ခြင်းများ**၊ သုသာန်သရဲများ၊ သေသူ တို့၏ ကိုယ်ထင်ပြမှုများ၊ သရဲခြောက်သောနေရာ များ၊ အိမ်သားသရဲများ၊ခေါင်းလောင်းတီးခြင်း ခဲပစ်ခြင်းစသည်၊ ဖုတ် ကျတ် ဥစ္စာစောင့်များ၊ ဆက်သွယ်သော ဘူတများ၊ ဇောတိဘုံ၏ဖြည့် တင်းမှုစွမ်းအင်များ၊ ဒိဗ္ဗစက္ခု၊ကြိုတင် သိမြင် ခြင်းနှင့် ဒုတိယ စက္ခုအာရုံ၊ ဇောတိ အင်အား များ၊ အာကာသ ဓာတ်စီးကြောင်းများ၊ အာ ကာသ ဓာတ်ဖိအား၊ ကိန်းအောင်း နေသော အင်အား၊ တုံ့ပြန်ပူးပေါင်း တုန်လှုပ်ထခြင်း၊ မန္တရားများ၊ ကြေပျက်ခြင်း၊ ကိုယ်ထင်ပြခြင်း၊ အဘဲကြောင့် မှောင်ရိပ်ကို လိုအပ် သနည်း၊ ဝိဥာဏ်ဓာတ်ပုံများ၊ ထပ်ပွားခြင်း၊ ပုံဖော်ခြင်း၊

ကျောက်သင်ပုန်းပေါ်၌ရေးခြင်း၊ လေထဲသို့တက်
ကြွပျံဝဲခြင်း၊ ဝိဥာဏ်လင်းရောင်များ၊ မီးကိုကိုင်
ခြင်း၊ ဒြဗ်သဘာဝကို ပြောင်းစေခြင်း၊ တန်ပြန်
ခတ်ခြင်း၊ ၁၇၁

၅။ **နိဂုံး** ၂၀၀

၆။ **ဝေါဟာရအဖွင့်** ၂၁၃

၇။ **သဗ္ဗညုတဉာဏအသင်း** ၂၂၀

## အမှားပြင်ချက်

| စာမျက်နှာ | ကြောင်းရေ | အမှား | အမှန် |
|---|---|---|---|
| ၄၂။ | ၁၉ | ပုဂ္ဂို | ပုဂ္ဂိုလ် |
| ၄၄။ | ၁၃ | ပါရှိ၏ | ရှိပါ၏ |
| ။ | ၂၃ | အလဟာသ | အဟာလသ |
| ၆၃။ | ၄ | ပုဂ္ဂို | ပုဂ္ဂိုလ် |
| ၆၉။ | ၁၆ | ဆောင်ရွက် | ဆောင်သျက် |
| ၇၀။ | ၁၀ | ကံမှူ | ကံမှု |
| ၁၄၁။ | ၁၇ | အိဇေကိအယ် | အေဇီကိအယ် |

# ဇောတိဘို

# ( ကာမဒေဝ လောက )

## အခန်း ( ၁ )

## အားလုံးခြုံ၍ မြော်ရှုခြင်း။

အများအားဖြင့်လုံးဝမသိပဲလျက်ဖြစ်သော်လည်း၊ လူသည် ကျယ်ပြန့်၍ လူသူစည်ကားလှသော မမြင်ရသည့် လောကကြီး အလယ်၌၊ မိမိ၏ တသက်တာလုံး ကို ကုန်လွန်စေလျက်ရှိသည်။ တည် တံ့လျက်ရှိသော ရုပ်အာရုံတို့သည် အနိုက်အတန့် အားဖြင့် ရပ်စဲနေလျက်ရှိသော၊ အိပ်ပျော်လျက်နေသည့်, သို့မဟုတ်, ဘဝင်ကျလျက်နေသည့် ကာလအတွင်းတွင်၊ ထို ပရ လောက (အခြားလောက ) သည်၊ သူ့အနို အတော်အတန် ပွင့်လင်းလျက်ရှိပြီးလျှင်၊ ထိုလောကတွင်သူမြင်ခဲ့ကြားခဲ့ရသည်တို့အား အနည်းအများ ပိုးဝါးမှတ်မိသည့် ဥာဏ်ကို၊ ထို (အိပ်ပျော်၊ ဝါ၊ ဘဝင်ကျနေသည့် ) အခြေအနေတို့မှ၊ တခါတရံ သူ ပြန်လည် ဆောင်ယူ၍ လာနိုင်ပေလိမ့်မည်။ လူတို့က သေခြင်းဟု ခေါ်သော ဘဝ၏ အပြောင်းအလဲတွင်၊ သူ၏ ရုပကန္ဓာကို သူ လုံးဝစွန့်ပယ်လိုက်သောအခါ၊ ထို မမြင်ရသော လောက အတွင်းသို့ပင် သူ ကူးပြောင်းသွားပြီးလျှင်၊ ဤ ကျွန်ုပ်တို့သိသော လူ့ဘဝအတွင်းသို့ဝင်ရောက်လာသည့်ပဋိသန္ဓေတို့၏စပ်ကြား နှစ်ရာပေါင်းများစွာ ရှည်ကြာစွာ၊ ထို မမြင်ရသော လောက အတွင်း၌ပင် သူနေ၍ သွားလေသည်။ ဤ ရှည်ကြာလှသော

ကာလ အခွန့် တို့၏ အစိတ်အပိုင်းကြီး ကိုသော်၊ ဒေဝဌာန် (ဗြဟ္မာလောက၊ ဝါ၊ ရူပ အရူပလောက) ၌၊ သူ ကုန်လွန်စေလေသည်။ ထို ဒေဝဌာန် ၏ အကြောင်းကို၊ ဤ လက်သုံး စာအုပ်စဉ် ဆဋ္ဌ အုပ်တွင် ဖေါ်ပြလျက် ရှိသည်။ သို့ရာတွင် ယခု ကျွန်ုပ်တို့ စဉ်းစားရန်ရှိသည်မှာ၊ ဤ မမြင်ရသော လောက ၏ အောက်ပိုင်း၊ သေသည်နှင့် တပြိုင်နက် လူတို့ ဝင်ရောက် သွားသော အခြေအနေ၊ ဂရိတ်လူမျိုး တို့၏ ဟေဒီဇ်၊ ဝါ၊ အောက်လောက၊ ခရစ်ယန်တို့၏၊ ရဲငယ်၊ ဝါ၊ စပ်ကြားဘဝ ဖြစ်လေသည်။ ထိုဘဝ၏အခြေအနေကို ဥရောပခေတ်လတ်၊ အဂ္ဂရိတ် ဆရာတို့က ဇောတိဘုံ ဟု ခေါ်ဆိုခဲ့လေသည်။

ဤ လက်သုံးစာအုပ်၏ ရည်ရွယ်ချက်မှာ၊ သဗ္ဗညုတဉာဏ ဓမ္မ စာပေ တို့တွင် ပြန့် ၍ နေသော ဤ စိတ်ဝင်စားဖွယ် ကောင်းသည့် ဘုံနယ် ၏ အကြောင်းအရာများကို၊ စုဆောင်းစီစဉ်ရန်နှင့်၊ ထို အကြောင်းအရာများအား၊ အသစ် ဖြစ်သော အချက်အလက်များ ကို ကျွန်ုပ်တို့ သိရှိ၍ လာသည် တို့၌၊ အနည်းငယ် ဖြည့်စွက်၍လည်း ဖေါ်ပြရန်ဖြစ်လေလည်။ ဤ ကဲ့သို့သော ဖြည့်စွက်ချက်များမှာ၊ အချို့သော ထောက်လှမ်း ရှာဖွေ သူတို့၏ စူးစမ်းမှုအကျိုးတရားသာလျှင်ဖြစ်ကြောင်းကို သိနားလည်ထားရပေမည်။ထို့ကြောင့် ယင်း တို့ကို အပြီးအပိုင် လက်ခံရမည့်အရာများဟု ယူဆရမည်မဟုတ်ပါ။ ယင်းတို့တန်ဖိုး ရှိသလောက်ကိုသာလျှင် လက်ခံရန် ဖေါ်ပြအပ်ပေသည်။

သို့ပင်ဖြစ်လင့်ကစား၊ သေချာတိကျခြင်းကို စိတ်ချရစေရန် ကျွန်ုပ်တို့၌ အစွမ်းရှိသလောက်၊ တင်ကူး သတိပြုဖွယ် တို့ကို စိတ်ဝယ်ထားရှိပါသည်။ကျွန်ုပ်တို့အထဲမှ အနည်းဆုံးသီးခြား

ဈူးစမ်းသူ နှစ်ဦး တို့၏ သက်သေ အတည်ပြုချက် ရှိပြီးနောက်၊ ဤအရာ တို့၌ ကျွန်ုပ် တို့ထက် အကယ်စင်စစ် အသိဉာဏ် ကြီးမားသော ဝါရင့်သူ သာဝက ကြီးများကလည်း ထပ်လောင်း အတည်ပြုချက်မရသော အချက်ဟောင်းအချက်သစ်တို့ကို၊ ဤ လက်သုံးစာအုပ်အတွင်း၌ ပါဝင်ခွင့်မပြုပါ။ ထို့ကြောင့် ဤ ဇောတိဘုံအကြောင်းအရာ တို့မှာ၊ လုံးဝပြည့်စုံပြီ ဟု မ ယူဆ နိုင်စေကာ၊ ဖေါ်ပြထားသ၍ ကိုသေ ချိတ်ချ ယုံကြည် နိုင် ကြောင်း တွေ့ရပေမည်။

[ဤသို့လျှင်နှစ်ပေါင်းလေးဆယ်လောက်က၊ ဤစာအုပ်၏ ပဌမ နှိပ်ခြင်းတွင် ကျွန်ုပ် ရေးသားခဲ့၏။ ယခုကျွန်ုပ် ထပ် လောင်း ဖြည့်စွက်လိုသည်မှာ၊ ထိုကာလတခုလုံး၏ အခေတာ အတွင်း နေ့စဉ်တွေ့ကြုံမှုတို့က၊ လွန်ခဲ့သော နှစ်ရာစုအတွင်း ဤထောက်လှမ်းစုံစမ်းရရှိချက်တို့၏တိကျမှန်ကန်မှုကိုထောက် ခံအတည်ပြုလျက်သာ ရှိခြင်းဖြစ်ခဲလသည်။ ထိုအခါက ဆန်း သစ်လျက်ပင်ရှိသေးသည့် များစွာသော အရာတို့မှာ၊ ယခု အမြဲတစေ ရင်းနှီးစွာသိကျွမ်းလာမှုကြောင့် ယဉ်ပါး၍ လာ ချေပြီ။ ထိုမှတပါး ထပ်လောင်း ပေါ်ပေါက်လာသော သက် သေခံချက် အမြောက်အမြားကိုလည်း စုဆောင်းခဲ့ပေပြီ။ ဟို နေရာ သည်နေရာတို့၌ စကားအနည်းငယ်မျှစီ ဖြည့်စွက်ရန် ရှိ ကောင်း ရှိပေမည်။ သို့ရာတွင် ပြင်ဆင်ဖေါ်ပြရန်ကား အ လျှင်းပင်မရှိချေ။]

ဇောတိဘုံ အကြောင်းကို ဖေါ်ပြရာ၌၊ ပဌမအချက် အ နေဖြင့် ရှင်းလင်းစွာ ရှုချင်လိုအပ်သည်မှာ၊ ထိုဘုံ၏ လုံးဝစင် စစ်ဟုတ်ခြင်း,ပရမတ္ထ သဘောတရားပင်,ဖြစ်လေသည်။ ထိုစ

ကားကို သုံးစွဲရာ၌၊ အဘိဓမ္မာ ရှုချက်မှကြည့်က၊ ထင်ရှား ဖြစ်ပေါ်ခြင်းမရှိသော ကောဓမ္မောမှတပါး ခပ်သိမ်းသော အရာတို့သည် မမြဲသောကြောင့် စင်စစ် မဟုတ်ဟု ကျွန်ုပ်မ ပြောဆိုပါ။ ထိုစကားကိုယင်း၏ နေ့တိုင်း သုံးနေကျ ပေါ် လွှင် ထင်ရှားသောအနက်ဖြင့် သုံးစွဲလျက်ရှိ၍၊ ဇောတိဘုံ၌ ရှိသော အရာဝတ္ထုများ, နေထိုင်သူများမှာ ကျွန်ုပ်တို့၏ခန္ဓာ ကိုယ်များ, အိမ်ထောင်ပရိဘောဂများ, အိမ်များ, မှတ်တိုင် များနည်းတူပင် စင်စစ်ဖြစ်သည်ဟု ကျွန်ုပ်ဆိုလိုပါသည်။ အ စောဆုံး ပြုစုသော သဗ္ဗညုတဉာဏ ဓမ္မကျမ်းတစောင်တွင် ထိရောက်စွာ ဖော်ပြချက်ထားချက်တရပ်ကို ထုတ်နှုတ် ဖော်ပြ ရမည်ဆိုသော်– ယင်းဘုံမှာ လန်ဒန်မြို့၌ ချရင်ခရော့စ် ခေါ် လမ်းကြီးကဲ့သို့ပင် စင်စစ်ဖြစ်ပါသည်။ ရုပ်လောက ပေါ်ရှိ အရာဝတ္ထု တို့ကဲ့သို့ပင် သူတို့သည်လည်း အစဉ် အမြဲ တည်မည် မဟုတ်၊ သို့ရာတွင် သူတို့တည်ရှိနေစဉ် အတွင်း၌ ကျွန်ုပ်တို့၏ ရှုချက်မှကြည့်သော် သူတို့သည် ပရမတ္ထသဘော တရားများသာလျှင် ဖြစ်ချေသည်–သူတို့၏ တည်ရှိမှုကို လူများ စုကမသိ သေးသော်လည်း၊ ဝါ၊ ဝိုးဝါးမျှသာ ရိပ်မိရုံရှိသေး သော်လည်း၊ ယင်းပရမတ္ထ သဘောတရားများကို ကျွန်ုပ်တို့က အသိအမှတ် မပြုဘဲ မနေနိုင်ချေ။

သာမန်စဉ်းစားဉာဏ် ရှိသူအနို့၊ မိမိ၏မံသစက္ခုဖြင့် မမြင် နိုင်သောအရာ၏ စင်စစ်ရှိမှုကိုနားလည်ရန် အဘယ်မျှ ခဲယဉ်း သည်ကို ကျွန်ုပ်သိပါ၏။ ကျွန်ုပ်တို့၏စက္ခုအမြင်မှာ အဘယ် မျှမပြည့်စုံသည်ကို သဘောပေါက်ရန်–ကျွန်ုပ်တို့သည် သေးငယ် လှသည့်အစိတ်အပိုင်း လောက်ကိုသာ မြင်နေရသည့် လွန်စွာ

ကျယ်ဝန်းသော ကမ္ဘာကြီးအတွင်း၌ အခါခပ်သိမ်း တည်နေလျက်ရှိသည်ကိုသိရှိရန်-ကျွန်ုပ်တို့အဖို့ ခဲယဉ်းချေ၏။ သို့ရာတွင် ၎င်းအတိုင်းဖြစ်လျက်ရှိသည်ကို လောကဓာတ်ပညာက အသေအချာ မိန့်ဆိုလျက်ရှိ၍၊ ကျွန်ုပ်တို့၏ အာရုံများဖြင့် ကျွန်ုပ်တို့ မခံစားနိုင်သဖြင့် ကျွန်ုပ်တို့လုံးဝမသိသော၊ လွန်စွာသေးငယ်သည့် အသက်ဇီဝ လောကကြီးများ တည်ရှိခြင်းကို၊ ဖော်ပြလျက်ရှိလေသည်။ ထိုလောကကြီးများရှိ သတ္တဝါကောင်များမှာလည်း သေးငယ်လှသဖြင့် ကျွန်ုပ်တို့အဖို့ အရေးမကြီးသည် မဟုတ်။ အဘယ်ကြောင့်ဆိုသော် ထိုသေးငယ်လှသည့် မိုက်ကရုဗ်ခေါ် ပိုးမွှားတို့၏ အခြေအနေ အလေ့အထများနှင့်ဆိုင်သော အသိဉာဏ်အပေါ်၌ ကျွန်ုပ်တို့၏ ကျန်းမာရေးကို ထိန်းသိမ်းစောက်ရှောက်နိုင်မှုနှင့် များစွာသောဖြစ်ရပ်တို့၌ ကျွန်ုပ်တို့၏ အသက်ရှင်နေမှုပင်လျှင် မှီခိုလျက်ရှိလေသည်။

အခြားတဖက်၌လည်း ကျွန်ုပ်တို့၏ အာရုံများမှာ ကျဉ်းကျုံ့လျက်ရှိလေသည်။ ကျွန်ုပ်တို့အား ဝိုင်းရံနေသည့် လေကိုပင်လည်း ကျွန်ုပ်တို့ မမြင်နိုင်ချေ။ လှုပ်ရှားနေသောအခါ ဖေါင်ဖွာရုံဖြင့်သိရသည်မှတပါး၊ ကျွန်ုပ်တို့၏အာရုံများက လေတည်ရှိကြောင်းကို ကျွန်ုပ်တို့အားညွှန်ပြခြင်း မပြုချေ။ သို့ရာတွင် ကျွန်ုပ်တို့၏ အကြီးမားဆုံးသော သင်္ဘောများကို ပျက်စီးစေနိုင်၍၊ ကျွန်ုပ်တို့၏ အခိုင်ခံ့ဆုံးသော အဆောက် အဦများကို ပြိုလဲစေနိုင်လောက်သော ခွန်အားသည် လေထဲ၌ရှိလေသည်။ ကျွန်ုပ်တို့၏ ခပ်သိမ်းသော ပတ်ဝန်းကျင်တွင်၊ ကျွန်ုပ်တို့၏ ညံ့ဖျင်း ကျဉ်းမြောင်းသောအာရုံတို့ဖြင့် မထိတွေ့သည့်လွန်စွာ တန်ခိုးကြီးသော ခွန်အားများ ရှိသည်မှာ ထင်ရှားပေသည်။

ထို့ကြောင့် ကျွန်ုပ်တို့မြင်သောအရာသည်၊ ကျွန်ုပ်တို့သိမြင်ရန်ရှိသော အရာ အားလုံးပင် ဖြစ်သည် ဟုယူဆသော လွန်စွာဆိုးရွားသည့်၊ မှားလေ့မှားထကြီးအတွင်းသို့ မသက်ဆင်းရန် သတိချပ်ရမည်မှာ သိသာလှပေသည်။

ကျွန်ုပ်တို့သည် ရဲတိုက်တခုအတွင်း၌ ပိတ်မိနေသကဲ့သို့ ရှိပြီးလျှင်၊ ကျွန်ုပ်တို့၏ အာရုံများသည် အချို့သော အရပ်ဒိသာတို့သို့သာ ပွင့်ဟ နေသော သေးငယ် လှသည့် ပြတင်းပေါက်များသာလျှင်ဖြစ်ချေသည်။ အခြားများစွာသော အရပ်ဒိသာတို့ ဖက်သို့သော်၊ ကျွန်ုပ်တို့မှာ လုံးဝ အပိတ်ခံနေရသည်။ သို့ရာတွင်ဒိဗ္ဗစက္ခု၊ ဝါ၊ ဇောတိစက္ခုအာရုံသည် ကျွန်ုပ်တို့အဖို့ တပေါက်နှစ်ပေါက်မျှသော အပိုပြတင်းပေါက်များကို ဖွင့်လှစ်၍ ပေးခြင်းဖြင့် ကျွန်ုပ်တို့၏ မြင်ကွင်းကို ကျယ်ပြန့်စေပြီးလျှင် ကျွန်ုပ်တို့၏ ရှေ့မှောက်၌ ဆန်းသစ်၍ တိုးတက်ကျယ်ဝန်းသော ကမ္ဘာလောကကြီးကို ဖြန့်ကျင်းပေးလေသည်။ ထိုလောကကြီးမှာ၊ ယခင်က ယင်းကို ကျွန်ုပ်တို့ မသိမြင်ခဲ့သော်လည်း၊ ရှေး ကမ္ဘာလောက ဟောင်းကြီး ၏ တစိတ်တဒေသ ပင်ဖြစ်ချေသည်။

ကျွန်ုပ်တို့၏ သူရိယ စကြာဝဠာအတွင်း၌ သိပ်သည်းသည့် ဒြဂရီချင်း ကွဲပြားသော ဒြပ် တခုစီနှင့် တကွ၊ လုံးဝ ခြားသန့်လျက်ရှိသော ဘုံများတည်ရှိကြောင်းကို၊ အနည်းဆုံး ဥာဏ်၌ ထင်မြင်ခြင်း မပြုနိုင်သေးသ၍၊ မည်သူမျှ ဗောဓိဓမ္မ ၏ ဟောကြားချက် များကို၊ ရှင်းလင်းစွာ နားလည်မှု မရနိုင်သေးချေ။ တတိုင်း တနိုင်ငံသို့ သွားရောက်လည်ပတ်၍ကြည့်ရှုမှတ်သားနိုင်သည် နည်းတူ၊ ဤသို့ ဆောင်ရွက်ရန် ဂုဏ်အင်္ဂါ နှင့်

ပြည့်စုံပြီး ရှိသူတို့သည်၊ ဤဘုံအချို့တို့သို့သွားရောက်လည်ပတ်၍ ကြည့်ရှုမှတ်သားနိုင်ပေသည်။ ဤဘုံတို့၌ အမြဲဆောင်ရွက်နေသူတို့၏ ကြည့်ရှု မှတ်သားချက် များကို နှိုင်းယှဉ်ခြင်း အားဖြင့် ယင်း ဘုံ တို့၏ တည်ရှိမှု နှင့် သဘာဝ တို့ ၏ အကြောင်း သက်သေအထောက်အထားများကို ရနိုင်လေသည်။ ထိုသို့ရ၍သောသက်သေအထောက်အထားများမှာ၊ ဂရိန်းလန်ကျွန်းနှင့် စပစ်ဗားဂျင်းကျွန်းတို့ တည်ရှိသည့် အကြောင်းကိုကျွန်ုပ်တို့ရ၍သော သက်သေ အထောက် အထားလောက်ပင် ယုံကြည်စွအဆုံး ကျေနပ်ဖွယ်ရာ ရှိလေသည်။ ထိုမျှမကသေး၊ မည်သူမဆို ပြည့်စုံမှုရှိ၍ အပင်ပန်းလည်းခံမည်ဆိုက၊ ဂရိန်းလန်ကျွန်းနှင့် စပစ်ဗားဂျင်း ကျွန်းတို့သို့ ကိုယ်တိုင်သွားရောက် ကြည့်ရှုနိုင်သည့်နည်းတူ၊မည်သူမဆိုလိုအပ်သလိုကျင့်လေ့နေထိုင်ခြင်းဖြင့် ဂုဏ်အင်္ဂါနှင့် မိမိပြည့်စုံလာရန် အပင်ပန်းခံမည် ဆိုလျှင်၊အချိန်ကျရောက်သောအခါ၊ ဤအထက်ဘုံတို့ကို မိမိကိုယ်တိုင်ရှုမြင်နိုင်မည် ဖြစ်လေသည်။

ဤဘုံတို့ကို,ဒြပ်အစဉ်အတိုင်း,သိသည်းသည်မှ သိမ်မွေ့သည်သို့, အထက်သို့တက်က, အမည်များ ပေးထားလေ့ရှိသည်မှာ၊ ရူပ,ဇောတိ,မနော(မာနသ), ဗုဒ္ဓိ,နိဗ္ဗာန တို့ဖြစ်လေသည်။ နောက်ဆုံးဖြစ်သော နိဗ္ဗာနထက်မြင့်သည့် ဘုံနှစ်တုံရှိသေးသည်။ သို့ရာတွင်ယင်းတို့မှာ ကျွန်ုပ်တို့၏ မျက်မှောက်တန်ခိုးဉာဏ်ဖြင့် စဉ်းစား၍ မရနိုင်အောင် မြင့်မားလွန်းချေရကား၊ အခိုက်အတန့်အားဖြင့် ယင်းတို့ကို မစဉ်းစားပဲ ချန်လှပ်ထားရာသည်။ ဤဘုံတို့တွင် ဘုံတခုစီ၏ ဒြပ်သည်၊ ထိုအောက်ဘုံ၏ ဒြပ်နှင့် ခြားနားခြင်းမှာ၊ အခိုးနှင့် အစိုင်အခဲ

ဒြဗ်တို့ ခြားနားခြင်းနည်းတူ ဖြစ်ပြီးလျှင်၊ ထို့ထက်ပင်ခြားနား ခြင်းဒီဂရီ ပိုကဲကြီးမား လေသေးသည်။ စင်စစ်သော်ကား အခဲ, အရေ,အခိုးဟူ၍ ကျွန်ုပ်တို့ ခေါ်ဆိုသောရုပ်ဒြဗ်၏ အ ခြေအနေများမှာ၊ ဤရုပ်ဘုံ တခုတည်းနှင့် ဆိုင်သည့်ဒြဗ်၏ အောက်ပိုင်းကွဲပြားမှု သုံးမျိုးသာလျှင်ဖြစ်ချေသည်။

ကျွန်ုပ်ကြိုးစား ဖေါ်ပြမည့် ဇောတိနယ်သည်ကား ဤသ ဘာဝဘုံတို့တွင် ဒုတိယ-ကျွန်ုပ်တို့အားလုံး သိကျွမ်းသည့် ရုပ် လောက၏အထက် (ဝါ.အတွင်း) ဘုံဖြစ်လေသည်။ ယင်းကို မကြာခဏပင် လှည့်စားသည့် နိုင်ငံ(မာယာရဋ္ဌ)ဟု ခေါ်ဆို ကြလေသည်။ ဤသို့ခေါ်ဆိုသည်မှာ ရုပ်ဘုံထက် ယင်းဘုံက တိုး၍ပကတိအားဖြင့် လှည့်စားတတ်သောကြောင့် မဟုတ်၊ ထိုဘုံမှ အလေ့အထမရှိသေးသော စကျွ၊ရှင် ယူဆောင်လာ သောအာရုံတို့မှာ အလွန့်အလွန် အားမထားလောက်ခြင်း ကြောင့် ဖြစ်လေသည်။

အဘယ့်ကြောင့် ဤသို့ဖြစ်ရသနည်း။ ပဓာနအားဖြင့် ဇောတိ လောက၏ထူးခြားသော လက္ခဏာနှစ်ရပ်ကြောင့်ဟုကျွန်ုပ်တို့ ဖြေဆိုပေ၏။ ပဌမလက္ခဏာမှာ များစွာသော ဇောတိ ဘုံ သားတို့တွင် အလွန်လျင်မြန်စွာ မိမိတို့၏ရုပ်များကို ပြောင်းလဲ နိုင်၍, သူတို့ ကြည့်စယ် ကစားလိုသူတို့ အပေါ်၌ လက်တွေ့ အားဖြင့် အဆုံးအဆမရှိသော အရိပ်အယောင်များကိုချပေး နိုင်သည့်, အံ့ဩဖွယ်ရာသောတန်ခိုးသတ္တိရှိခြင်းဖြစ်၍၊ ဒုတိယ လက္ခဏာမှာ ထိုဘုံ၌ စက္ခု၊အာရုံမှာ ရုပ်စက္ခု၊အာရုံနှင့် ခြား နား၍ လွန်စွာပိုင်ကျယ်ပြန့်သောသတ္တိရှိခြင်းတို့ ဖြစ်လေသည်၊ အရာဝတ္ထု၊ တခုကို အဖက်ဖက်မှ တပြိုင်နက်တည်း မြင်နိုင်

သကဲ့သို့ရှိသည်။ အစိုင်အခဲတခု၏ အတွင်းပိုင်းမှာ, ယင်း၏ အပြင်ပိုင်းအလား စင်္ကြံအာရုံသို့ ထင်ရှားစွာ ပွင့်လင်းလျက်ရှိသည်။ ထို့ကြောင့် ဤလောကသစ်သို့ အကျင့်မရသေးသော သွားရောက်လည်ပတ်သူသည်၊ မည်သည့် အရာအားမိမိစင်စစ်မြင်သည်ကို နားလည်ရန် အတော်ပင် အခက်အခဲတွေ့၍၊ မိမိ၏ ရူပါရုံကို မပြည့်စုံ မလုံလောက်လှသော သာမန် ဘာသာစကားဖြင့် ပြန်လည်ပြောဆိုရန် ထို့ထက်ပင် ပို၍ အခက်အခဲတွေ့ရမည်မှာ ပေါ်လွင်ထင်ရှားပေ၏။

ဇောတိဘုံ၌ ဖြစ်ဘတ်သောအမှားမျိုး၏ သာဓကကောင်းတခုမှာ၊ ထိုဘုံ၌ အမြင်ရှိသူ ဖတ်၍ရသောဂဏန်းမှာ မကြာခဏ ပြောင်းပြန်ဖြစ်၍နေခြင်းဖြစ်လေလည်။ သို့ဖြင့် သူသည်, ဆိုကြပါစို့, ၁၃၉ ကို ၉၃၁ ဟူ၍၊ ဤနည်းနှင်နှင် ဖတ်ကောင်းဖတ်မိပေမည်။ ကျွမ်းကျင်သောဆရာအသျှင်တပါးပါးက လေ့ကျင့်ပေးထားသော ဂုတ္တဝိဇ္ဇာ သာဓက အဖို့သော်ကား၊ လွန်စွာ အလျင်စလိုဖြစ်နေ၊ ဝါ၊ သတိလစ်နေ သောကြောင့်မှတပါး၊ ဤကဲ့သို့သော အမှားမျိုးမဖြစ်နိုင်ချေ။ အဘယ်ကြောင့်ဆိုသော်၊ ထိုကဲ့သို့သော သာဓကမှာ မှန်ကန်စွာရှုမြင်ခြင်းအတတ်၌ ကြာရှည်လေးမြင့်စွာ နည်းအမျိုးမျိုးဖြင့် လေ့လာသင်ကြား ထားရသောကြောင့် ဖြစ်လေသည်။ ဆရာအသျှင်, သို့မဟုတ်, တိုးတက်မှုရပြီးသော သာဓကတဦးဦးက၊ သူ၏ရှေ့မှောက်သို့ ဖြစ်နိုင် သ၍သော လှည့်စား တတ်သည့် ရုပ်များကို ကြိမ်ဖန်များစွာ ယူလာပြီးလျှင် “ သင်မည်သည့်အရာကို မြင်သနည်း ” ဟု မေးသည်။ ထို့နောက် သူ၏ အဖြေ၌ အမှားများကို ပြင်ပေး၍၊ အကြောင်း ယုတ္တိများကို

ရှင်းလင်းပေါ်ပြသည်။ သို့ဖြင့် သာဝကသစ်သည ဇောတိဘုံ အဖြစ်အပျက်များနှင့် ဆက်ဆံရာဝယ်၊ ရုပ်ဘဝ၌ ဖြစ်နိုင်သည် ထက် များစွာကျော်လွန်၍၊ သေချာမှု, ယုံကြည်စိတ်ချမှု တို့ ကိုတရွေ့ရွေ့ရရှိလာလေသည်။

သာဝကသည် ဇောတိဘုံ၌ အမှန်အတိုင်း မြင်ရန်သာ မဟုတ်၊ မြင်ခဲ့ရသောအရာတို့နှင့်ဆိုင်သော မှတ်ဉာဏ်ကို တ ဘုံမှ တဘုံသို့ အမှန်အတိုင်း ကူးပြောင်းယူရန်လည်း လေ့လာ ရသေးသည်။ ဤအမှု၌ အထောက်အပံ့ရစေရန်၊ သူသည်တရွေ့ ရွေ့တိုးတက်၍ မိမိ၏ ဝိဉာဏ်စိတ်ကို ဤတူလရုပ်ဘုံမှ ဇောတိ ဘုံသို့၊ ဝါ၊ မနဘုံသို့ ဆောင်ယူ၍၊ တဖန်ပြန်လည် ဆောင်ယူ လာရန် လေ့ကျင့်ရလေသည်။ ဤသို့မပြုနိုင်မချင်း အမျိုးမျိုး သောဘုံတို့၌သူ၏ ဝိဉာဏ်စိတ် ဖြစ်ပေါ်သည့်ကာလများကို ခွဲ ခြားထားသည့် ပလာ ဖြစ်နေသည့် စပ်ကြား အချိန်တွင်၊ သူ ၏ ပြန်လည် သတိရချက် များမှာ တစိတ်တဒေသ အားဖြင့် ပျောက်ဆုံးသွားခြင်းသော်၎င်း၊တမျိုးတမည်ပြောင်းလဲလွဲမှား သွားခြင်းသော်၎င်း၊ အမြဲဖြစ်နိုင်လျက် ရှိနေချေသည်။ ဝိဉာဏ် စိတ် (သတိ) အား တဘုံမှ တဘုံသို့ ကူးပြောင်းဆောင်ယူနိုင် စွမ်းကို လုံးဝရရှိသောအခါ၊သာဝကသည် ဇောတိစွမ်းရည် သတ္တိ (ဒိဗ္ဗဏ္ဍိ) အပေါင်းကို အိပ်ပျော်၊ ဝါ၊ ဘဝင်ကျနေ စဉ်၊ ရုပက္ခန္ဓာမှ ထွက်ခွာနေချိန်၌သာမဟုတ်၊သာမန် ရုပ်ဘုံ ဘဝ၌ လုံးဝ သတိရချိန်၌လည်း၊ အသုံးပြုနိုင်သည့် အကျိုးကို ရရှိပေလိမ့်မည်။

အချို့သဗ္ဗညုတဉာဏဝါဒီတို့သည် ဇောတိဘုံကို မထီမဲ့မြင် ပြောဆို၍၊ မိမိတို့ လုံးဝ ဂရုမစိုက်လောက်သော အနေဖြင့်

ပြုမှုလေ့ ရှိတတ်ကြသည်။ ထိုအယူအဆ မှာ မှားသည် ဟု ကျွန်ုပ်ထင်၏။ ကျွန်ုပ်တို့အမှန် မြော်မှန်းရမည်ကား လောကုတ္တရာ ဝိဥါဏ်၏ လေ့ကျက်မှုဖြစ်၍၊ ထိုအထက်ပိုင်း တိုးတက် ဖွံ့ဖြိုးမှုကို ပမာဏမပြုပဲ ဇောတိဝိဥါဏ်စိတ် ၏ အောင်မြင်ရရှိမှုတို့ဖြင့် ကျေနပ်နေသူမှာ ပျက်စီးခြင်းသို့ ရောက်ရချိမ့်မည်။ ဇောတိဘုံကို အခိုက်အတန့်အားဖြင့် ကျော်လွန်သွားသကဲ့သို့ ဖြစ်အောင်၊ အထက်ပိုင်း မနောသတ္တိ တို့ကို ထက်သန် ဖွံ့ဖြိုး အောင် ဆောင်ရွက်နိုင်စေသည့် ဂုဏ် ပါလာသူအချို့ရှိခဲ့ပါ၏။ သို့ရာတွင် ဤနည်းလမ်းမှာ ဒိဗ္ဗတို့၏ သာဓကများအဖို့ ဗောဓိဥာဏ်ရှင် ဆရာအသျှင်မြတ်တို့ သုံးစွဲသော သာမန် နည်းလမ်း မဟုတ်ချေ။

အထက်ပိုင်း မနောသတ္တိ တို့ကို ထက်သန် ဖွံ့ဖြိုးအောင် ဆောင်ရွက်နိုင်လျှင် ဒုက္ခနည်းမည်ကား မှန်ပေ၏။ အဘယ်ကြောင့်ဆိုသော် အထက်ပိုင်း၌ အောက်ပိုင်းပါဝင်မြဲ ဖြစ်၏။ သို့ရာတွင် များစွာသော ကျွန်ုပ်တို့အဖို့သော်ကား၊ ဤသို့ ခုန်ကျော် တိုးတက်မှုကို ကျွန်ုပ်တို့၏ အတိဘ် မှားယွင်း မိုက်မဲခဲ့ ခြင်းတို့က ပိတ်ပင် တားမြစ်လျက်ရှိလေသည်။ ကျွန်ုပ်တို့ခြော် လင့်နိုင်သ၍ သည်ကား တထစ်ပြီး တထစ် တဖြေးဖြေး တက်လှမ်းသွားရန်သာ ဖြစ်ပြီးလျှင်၊ ဇောတိဘုံမှာ ကျွန်ုပ် တို့၏ ထူလဒြဗ် လောက ၏ အထက်၌ ကပ်လျက် တည်ချေရကား၊ ယေဘုယျအားဖြင့် ထို ဘုံနှင့်စပ်လျဉ်း၍သာလျှင် ကျွန်ုပ်တို့၏ အစောဆုံးသော ပါရ-ရူပ အာရုံတို့ဖြစ်ပေါ်လေသည်။ ထို့ ကြောင့် ဤလေ့လာမှုတို့တွင် အစပြုသူများသာ ဖြစ်ကြကုန် သော ကျွန်ုပ်တို့ အဖို့၊ဇောတိဘုံမှာ နက်နက် နဲနဲ စိတ်ပါဝင်

စားဖွယ်ကောင်းပြီးလျှင်၊ ယင်း၏ လျှို့ဝှက်နက်နဲချက်များကို ရှင်းလင်းပြတ်သားစွာ နားလည်ထားမှုသည်၊ အခြားနည်း အားဖြင့် ရှင်းလင်းဖေါ်ပြနိုင်ဖွယ်ရာ မရှိသည့် များစွာသော နတ်ဝင်သည် တို့၏ ခန်းတွင်းအဖြစ်အပျက်များ၊ သရဲခြောက်သော အိမ်တွင်း အဖြစ်အပျက်များ စသည်ကို ကျွန်ုပ်တို့ အား သဘောပေါက်စေခြင်း ဖြင့်သာမက၊ ကျွန်ုပ်တို့ ကိုယ်တိုင် နှင့် အခြားသူများအား ကျရောက်နိုင်သော ဘေးအန္တရာယ်များ မှလည်း ကာကွယ်ပေးခြင်း ဖြင့်၊ ကျွန်ုပ်တို့အဖို့အမြဲတစေ အကြီးအကျယ်အသုံးကျလျက် ရှိပေမည်။

လူတို့သည် အမျိုးမျိုးသော နည်းတို့ဖြင့် ဤထူးခြား မှတ်သားဖွယ်ကောင်းသော ဘုံနယ်သို့၊ ပဌမ အကြိမ် သတိအာရုံဖြင့် ရောက်သွားတတ် လေသည်။ အချို့သူတို့သည် မိမိတို့၏ တသက်တာတွင် တကြိမ်တည်းမျှ သာလျှင်။ ထူးခြားသော တန်ခိုးအာနိသင် တခုခုကြောင့်၊ မိမိ၏မျက်မှောက်၌ရောက်ရှိ၍ နေသော ထို ဘုံသားတဦးဦးကို သိမြင်လောက်အောင် အာရုံ ထက်သန်၍လာလေသည်။ ထိုအတွေ့အကြုံမျိုးမှာ နောက်ထပ် မဖြစ်ပေါ်တော့သဖြင့်၊ နောင်သော် ထို သူတို့သည်၊ ထို အချိန်အခါ၌ မိမိတို့ အလှည့်စား ခံလိုက်ရပေသလော ဟု တွေးတော ယုံကြည်ကောင်း ယုံကြည်မိပေမည်။ အခြား သူတို့ သည်ကား မိမိ ပတ်ဝန်းကျင်၌ရှိသူတို့ မမြင် မကြားရသော အရာများကို၊ မကြာမကြာ ကြိမ်ဖန် လျှင်မြန် တိုးတက်ကာ မြင်ကြားလျက်နေသည်ကိုတွေ့ရသည်။ တဖန်တုံအခြားသော သူတို့သည် အိပ်ပျော်နေစဉ် ထိုဇောတိဘုံ၌ မိမိတို့ မြင်ရ ကြားရသည်တို့ကို တိုးတက် ကြည်လင် ပြတ်သားစွာ မှတ်မိစ

ပြုလာလေသည်။ ဤသည်ကား တွေ့ကြုံမှုအပေါင်းတို့တွင် အရိုးဆုံးဖြစ်၏။

အားလုံးသော ဘုံတို့၌ အရာဝတ္ထုတို့ကို သိမြင်နိုင်သည့် စွမ်းရည်သည် လူတိုင်း၌ အမှန်ပင် ငုပ်လျှိုး ကိန်းအောင်း လျက်ရှိသည်ကို နားလည်ထားရပေမည်။ သို့ရာတွင် များစွာသော သူတို့အဖို့သော်ကား၊ ဝိဉာဏ်စိတ်သည် ထိုအထက်ဘုံတို့၌ ပြည့်စုံစွာ ဆောင်ရွက်လေ့ကျက်နိုင်ရန်၊ ရှည်ကြာ ဆေးလေးသော ဘဝ၏ တိုးတက်မှုကို ရယူရလိမ့်မည်။ သို့ရာတွင် ဇောတိခန္ဓာနှင့် စပ်လျဉ်း၍သော်ကား အတော်ပင် ကွဲပြားချက် ရှိလေသည်။ အဘယ်ကြောင့်ဆိုသော် ကမ္ဘာတွင် သာလွန် တိုးတက်လျက် ရှိသော လူမျိုး တို့တွင် ပါဝင်သည် ယဉ်ကျေးပြီး လူမျိုးအားလုံးတို့၌ပင်၊ ဝိဉာဏ်စိတ်သည် ဇောတိဒြပ်ကို ဖြတ်သန်း ဆက်သွယ် လာသော တုန်ခါမှုများ ကို တုံ့ပြန် နိုင်ရန်သာမက၊ မိမိ၏ ဇောတိခန္ဓာကိုလည်း ဝါဟန တခု,ကိရိယာ တခု,အနေဖြင့် သေချာ ပြတ်သားစွာ အသုံးပြုရန်၊ လုံးဝ စွမ်းဆောင်နိုင်ခြင်းရှိပြီး ဖြစ်လေသည်။

သို့ဖြင့်ကျွန်ုပ်တို့သည် ယေဘုယျအားဖြင့်ရုပ်ကမ္ဘာအိပ်ပျော်နေစဉ်ဇောတိဘုံ၌ နိုးကြားလျက်ရှိကြလေသည်။ သို့ရာတွင် ကျွန်ုပ်တို့သည် သာမန်အားဖြင့် ဇောတိဘုံကို အနည်းငယ်မျှသာ သတိပြုနိုင်သဖြင့် ကျွန်ုပ်တို့၏ ပတ်ဝန်းကျင်များကို အတတ်နိုင်ဆုံး ဝိုးဝါးမျှသာ အာရုံပြုနိုင်လေသည်။ ကျွန်ုပ်တို့၏ နိုးကြားသော စိတ်အကြံအစည်တို့နှင့် ဂူလရုပ်ဘုံ အမှတ်စွဲတို့ဖြင့် ကျွန်ုပ်တို့ဖုံးလွှမ်းလျက်သာ ရှိနေသေးလေသည်။ ကျွန်ုပ်တို့ကိုဝန်းရံလျက်ရှိ၍ထက်ထက် သန့်သန့်လှုပ်ရှားထကြွလျက်

နေသော လောကကိုကား ကျွန်ုပ်တို့ လုံးဝလောက်ပင် သတိမမူချေ။ ထို့ကြောင့် ကျွန်ုပ်တို့၏ ပဋမခြေလှမ်းမှာ ဤစိတ်အလေ့အကျင့်ကို လှစ်ခါချလိုက်ပြီးလျှင်၊ ထိုသစ်လွင်လှပသော လောကကို ရှုမြင်ခြင်းငှာ လေ့လာရန်ဖြစ်လေသည်။ သို့မှသာ ထိုလောက၌ဆင်ခြင်တုံဉာဏ်ဖြင့် ကျွန်ုပ်တို့လုပ်ကိုင် ဆောင်ရွက်နိုင်ပေမည်။ ထိုကိစ္စ၌ ပြီးမြောက်ပြီးဖြစ်စေကာ၊ ထိုဇောတိဘုံအတွေ့အကြုံများနှင့်ဆိုင်သော မှတ်ဉာဏ်ကိုကျွန်ုပ်တို့၏နိုးကြားလျက်ရှိသော စိတ်အာရုံသို့ပြန်လည်ဆောင်ယူခဲ့နိုင်လိမ့်မည်ဟု တထစ်ကျမဆိုသာချေ၊ ထူလရုပ်ဘုံ၌ ပြန်လည်မှတ်မိခြင်း ပြဿနာမှာ သီးခြား ကိစ္စတရပ်ပင်ဖြစ်ချေသည်။ ထိုပြဿနာသည် ဇောတိဘုံ လုပ်ငန်းများကို အကောင်းဆုံး ဆောင်ရွက်နိုင်ရန်ကျွန်ုပ်တို့၌ရှိသောတန်ခိုးသတ္တိကိုမည်သို့မျှမထိခိုက်ပါ။

ဤအကြောင်း အရာများကို လေ့လာသူဘို့အနက် အချို့တို့သည် မှန်ဝန်းအား စူးစိုက်ကြည့်ခြင်း ဖြင့်သော်၎င်း, အခြားနည်းများဖြင့်သော်၎င်း, ဒိဗ္ဗစက္ခုအာရုံကို ဖြစ်ပေါ်စေရန် ကြိုးစားကြသည်။ သို့ရာတွင် အရည်အခြင်းနှင့် ပြည့်စုံသည့် ဆရာ၏ တိုက်ရိုက်ညွှန်ကြားခြင်း တည်းဟူသော အဖိုးမပြတ်နိုင်သည့် အကျိုးကို ခံစားခွင့် ရှိသူတို့သည်ကား၊ ဇောတိဘုံ၌ ပဋမအကြိမ် အဖြစ်ဖြင့် ပြည့်ဖြိုးသော ဝိဉာဏ်စိတ်အာရုံသို့ ထိုဆရာ၏အထူးကာကွယ်စောင့်ရှောက်မှုဖြင့်နိုးကြားလာပေလိမ့်မည်။ ထိုကာကွယ် စောင့်ရှောက်မှုကိုလည်း အမျိုးမျိုး စမ်းသပ် ကြည့်ခြင်းဖြင့်၊ တပည့်တိုင်းသည် မိမိတို့ တွေ့ကြုံရတတ်သည့် ဘေးရန်အပေါင်းမှလုံခြုံပြီဟု ယုံကြည်စိတ်ချရသည့်

တိုင်အောင်,ဆက်လက်၍ ပေးသွားမည်ဖြစ်လေသည်။ ထိုဒ္ဓိဗ္ဗ စက္ခုအာရုံသည် မည်သည့်နည်းဖြင့်ပင် ဖြစ်ပေါ်လာစေကာ၊ ကျွန်ုပ်တို့သည် ယေဘုယျအားဖြင့် ကျွန်ုပ်တို့လုံး၀ မသိသော လှုပ်ရှား ထကြွလျက်ရှိသည့် ဇီ၀တို့ဖြင့် ပြည့်ဖြိုးလျက်ရှိသော လောကကြီးအလယ်၌ အစဉ်အမြဲ တည်လျက်ရှိသည်ကို ပဌမ အကြိမ် အတိအကျသိရခြင်းသည်၊ လူပုဂ္ဂိုလ်၏ဘ၀တာတွင် အမြဲသတိ ရနေမည့် ကာလ သမ္ပတ္တိတခုဖြစ်၍နေရပေမည်။

ဤဇောတိဘုံဘ၀မှာ လွန်စွာမှ အမျိုးမျိုးအဖုံဖုံ ပြည့်စုံ ကြွယ်၀ချေရကား၊ အသစ်၀င်ရောက် လာသူအဖို့ အစပဌမ တွင်လုံးလုံး ရူပ်ထွေးပွေလီလျက် ရှိနေပေလိမ့်မည်။ ပိုမိုအ ကျင့်ရပြီးသော စုံစမ်းထောက်လှမ်းသူ အဖို့ပင်၊ ယင်းဘုံဘ၀ အခြေအနေတို့ကို ခွဲခြားမှတ်သား စာရင်းကောက်ယူရန် ကြိုး စားရာ၌ လွယ်ကူလှသည်မဟုတ်ချေ။အပူပိုင်းဒေသရှိ မရောက် ဖူးသေးသော တောနက်ကြီး တခုအတွင်း၌ စုံစမ်း ရှာဖွေနေ သူအား မိမိ ဖြတ်သန်းသွားသော နယ်မြေ၏ အကြောင်းအ ရာကို, အပင်လောက, သတ္တလောက တွက်ကုန်များနှင့် စပ် လျဉ်း၍ သေချာတိကျစွာ အသေးစိတ် အပြည့်အစုံ ဖေါ်ပြ ရုံသာမက, မိမိမြင်ခဲ့ရသည့် မရေမတွက်နိုင်အောင် များပြား လှသော ပိုး ၄ုက် သားကောင် တွားကောင်တို့၏ အချိုးအမည် အစိတ်အပိုင်း တို့ကိုပါ၊တခုမကျန်ဖေါ်ပြပါဟုဆိုလျှင်၊သူသည် ဆောင်ရွက်ရမည့် လုပ်ငန်းတာပမာဏဖြင့်မှိုင်တွေကျ၍ သွား ပေမည်။ ဤသည်ပင်လည်း နာမ်လောကကို စုံစမ်းထောက် လှမ်းသူ၏ အရှုပ်အထွေးများနှင့် နှိုင်းယှဉ်ဖက် မဟုတ်သေး ချေ။ အဘယ်ကြောင့်ဆိုသော်၊ သူ၏လုပ်ငန်းတွင် တိုးတက်

ရှုပ်ထွေး လျက်ရှိသော အခြင်းအရာများမှာ ဒွေးဥိးစွာ ထို နာမ်လောကတွင် မိမိတွေ့ခဲ့ ရသည်တို့ကို ဤလူလောကသို့ ကူးပြောင်းကာ မှန်ကန်စွာဖေါ်ပြရာ၌ အခက်အခဲဖြစ်၍၊ ၎င်း နောက် မိမိပြောကြားရန်ရှိသည်တို့ကို များစွာ ဖေါ်ပြရန် သာမန်ဘာသာ စကား၏ ပြည့်စုံလုံလောက်မှုအလျှင်းမရှိခြင်း ဖြစ်လေသည်။

သို့ရာတွင်ရုပ်လောကတွင် စုံစမ်းရှာဖွေသူသည် တိုင်းပြည် တပြည်၏ အကြောင်းအရာကို ယင်း၏ရှုခင်းများနှင့် ထူးခြား သောလက္ခဏာရပ်များအား အကြမ်းဖျင်းဖွဲ့ဆိုခြင်းဖြင့်စတင် ဖေါ်ပြမည်ဖြစ်သည့်အတိုင်း၊ဤဇောတိဘုံအားအနည်းငယ်မျှ ရေးခြယ်ပြခြင်းကို လည်း၊ ယင်း၏အံ့ဩဖွယ်ကောင်း၍ အမြဲ ပြောင်းလဲလျက်နေ သောလှုပ်ရှားမှုများ၏ နောက်ခံဖြစ်သော ရှုခင်းများ၏ သဘောသကန် အချို့ကို ကြိုးစားဖေါ်ပြခြင်းဖြင့် စတင်ပါမည်။ ဤ၌လည်းတဖန် အကြောင်းအရာ၏ အလွန့် အလွန်ရှုပ်ထွေးမှုကြောင့်၊ကျော်လွန်၍ မရနိုင်လောက်အောင် သောအခက်အခဲဖြင့်၊ စလျှင်စခြင်း ကျွန်ုပ်တို့ ရင်ဆိုင်လျက်ရှိ ချေသည်။ဤဇောတိဘုံ ရှုခင်းများကို၊ ဇောတိဘုံ၌ စက္ခုမပွင့် လင်းသေးသော သူတို့၏ ရှေ့မှောက်၌ ကွက်ကွက်ကွင်းကွင်း သရုပ်ဖေါ်ရန်ကြိုးစားခြင်းသည်၊ နေဝင်ချိန်ကောင်းကင်၌လွန် စွာသိမ်မွေ့သည့် အမျိုးမျိုးသော အသွေး အရောင်များကို မျက်မမြင် တဦးအား ပြောကြားသည်နှင့် တူလျက်ရှိသည်ကို ဇောတိဘုံ၏ ပြည့်စုံသော အမြင်ရှိသူအားလုံးတို့ သဘော ကြိုက်ညီလျက် ရှိလေသည်။ မည်သို့ပင် အနုစိတ်ကာ,အကျယ် ချဲ့ကာ, ဖေါ်ပြစေကာမူ၊ ကြားနာသူ၏ မနော၌ ပေါ်ထင်

လာသော အာရုံမှာ အစစ်အမှန်ကို လုံလောက်စွာ ပေါ်ပြ သည်ဟူ၍ကား သေချာခြင်းမရှိချေ။

---

## အခန်း (၂)

### ရှုခင်းများ။

ရှေးဦးစွာ သိထားစေလိုသော အချက်မှာ ဇောတိဘုံ၌ အဆင့်ခွဲ ခုနစ်ခုရှိ၍၊ အဆင့်ခွဲ တခုစီတွင် ယင်းနှင့် ဆိုင်သော ဒြပ်၏ သိပ်သည်းမှုနှင့် ဒြပ်၏အခြေအနေ သီးခြားရှိခြင်းတို့ ဖြစ်လေသည်။ လူ့ဘာသာစကား၏ ဆင်းရဲချို့တဲ့မှုက ဤဘုံအဆင့်ခွဲတို့အား အမြင့်နှင့်အနိမ့်ဟူ၍ ကျွန်ုပ်တို့အား ပြောဆို စေသော်လည်း ယင်းတို့ကို(သို့မဟုတ် ယင်းတို့ပါဝင်သျက် ရှိသော ဘုံမကြီးဘို့ကို) စာအုပ် စင်တွင်အဆင့်များ ကဲ့သို့ တခု၏အထက်တွင် တခု တည်ရှိသော်၎င်း၊ ကြက်သွန်ခွံများ ကဲ့သို့ တခုအပေါ်တွင် တခု တည်ရှိသော်၎င်း ရှိသည့် အာကာသအတွင်းဝယ် သီးခြားဒေသများအနေဖြင့် ကျွန်ုပ်တို့ မှားယွင်းထင်မှတ်ခြင်း မပြုရ။ ဘုံတခုစီ၏, ၁၊, ဘုံဆင့်ခွဲတခုစီ၏ဒြပ်သည် ယင်း အောက်ဘုံ၏, ၀၊, ဘုံဆင့်ခွဲ၏ဒြပ်ကို ဖေါက်ထွင်းတည်နေသည်။ လို့ကြောင့် မြေ၏ မျက်နှာပြင်, ဤအရပ်, တနေရာတည်း၌ပင် အားလုံးတပြိုင်နက် တည်ရှိသည်။ သို့ရာတွင် အမြင့်စားဒြပ်မျိုးဘို့သည် အနိမ့်စားဒြပ်မျိုးတို့ထက် ဤ ရုပ်ခံတက်ကမ္ဘာမှပို၍ဘွာဝေးစွာ ကျယ်ပြန့်သွားသည်။

ထို့ကြောင့် ပုဂ္ဂိုလ်တဦးအားတဘုံမှ တဘုံသို့, ဝါ, ဘုံဆင့်ခွဲ တခုမှ တခုသို့ တက်သွားသည် ဟု ကျွန်ုပ်တို့ ဆိုသောအခါ၊ သူသည် ဩကာသ လောကအတွင်း၌ လှုပ်ရှား သွားရသည်ဟု မစဉ်းစားပဲ၊ သူ၏ဝိဉာဏ်စိတ်သည် တဆင့်မှ တဆင့်သို့ ကူးပြောင်းသွားသည် ဟုသာ ကျွန်ုပ်တို့နားလည်ရာ၏။ သူ၏ ဝိဉာဏ်စိတ်သည် ဒြပ်အမျိုးအစားတခု ၏ တုန်လှုပ်မှုများသို့ တရွေ့ရွေ့ တုံ့ပြန်ခြင်းမပြုတော့ပဲ၊ ထိုသို့ပြုမည့် အစား၊ ထို့ထက်မြင့်မြတ် သိမ်မွေ့သော ဒြပ် အမျိုးအစား ၏ တုန်လှုပ်မှုများသို့သာ တုံ့ပြန်စပြုသွားလေသည်။ သို့ဖြင့် လောက တခုသည် ယင်း၏ ရှုခင်းများ, နေလူများနှင့်တကွ သူ၏စက္ခုအာရုံမှ တဖြေးဖြေး ပျောက်ကွယ် သွားသကဲ့သို့ ဖြစ်ပြီးလျှင်၊ ထို့အစား အခြားမြင့်မြတ်သော လက္ခဏာ ရှိသည့်လောက တခုသည် သူ၏ အာရုံအတွင်းသို့ ပေါ်တင်၍လာလေသည်။

သို့ရာတွင် ဘုံများ, ဘုံဆင့်ခွဲများနှင့် စပ်လျဉ်း၍ အမြင့်နှင့် အနိမ့်ဟူသော အခေါ်များကို သုံးရာ၌သော်၎င်း၊ ယင်းတို့ကို ချက်တခုတည်း၌ တည်သော (ခရုသင်း)ခွံများနှင့် နှိုင်းယှဉ်ဖေါ်ပြရာ၌သော်၎င်း၊ တနည်းအားဖြင့် သင့်လျော်သည့် ရှုချက်တခု ရှိပေသေးသည်။ ဘုံဆင့်ခွဲ အားလုံးတို့ ၏ ဒြပ်များကို ဤမြေမျက်နှာပြင်ပေါ်၌ တွေ့ရှိရပေ၏။ သို့ရာတွင် ဇောတိဘုံသည်ကား ဤလူ့ဘုံထက် များစွာကြီးမား၍၊ ဤလူ့ဘုံ မြေမျက်နှာပြင်၏ အထက်သို့ မိုင်ထောင်ပေါင်း များစွာတိုင်အောင် ကျယ်ပြန့်တည်ရှိလေသည်။ ကမ္ဘာ၏ဆွဲငင်ခြင်းသတ္တိသည် ဇောတိဒြပ်တို့ အပေါ်သို့လည်း သက်ရောက်ချေ၏။ ဇောတိ ဒြပ်တို့သည် ဤသို့ နှောင့်ရှက်ခြင်း မခံရပဲ

ခ်မိတို့ဘာသာ လုံးဝတည့်နေခွင့် ရှိခဲ့ပါမူ၊ ယင်းတို့သည် ချက်တခုတည်းရှိ (ခရုသင်း) ခွံများကဲ့သို့ အဖြင့် တည်ငြိမ်၍ နေပေမည်။ သို့ရာတွင် ကမ္ဘာမြေကြီးသည်ကား လည်လျက်, နေကို လှည့်လျက် အမြဲလှုပ်ရှား သွားလာနေပြီးလျှင်၊ လွှမ်းမိုးမှုနှင့် တွန်းကန်အင်အားအပေါင်းတို့ကလည်း အစဉ်မပြတ် တိုးဝှေ့ပြေးလွှား၍ နေချေရကား, ဤရည်မှန်းချက် တည်ငြိမ်သော အခြေအနေသို့ မည်သည့်အခါမှ မဆိုက်ရောက်ပဲ၊ ဒြပ်တို့မှာ လွန်စွာ ရောနှော ရှုပ်ထွေးလျက်သာ ရှိချေသည်။ သို့ပင် ဖြစ်လင့်ကစား၊ ကျွန်ုပ်တို့သည် မြင့်သည်ထက် မြင့်အောင် တက်သွားလေလေ၊ သိပ်သည်းသောဒြပ်များကို လျော့၍တွေ့ရလေလေ ဖြစ်သည်ကား မှန်ပေ၏။

ရုပ်ဓါတ် လောက ၌ သင့်လျော်သော နှိုင်းယှဉ်ဖွယ်ရာများ ရှိပေ၏။ မြေ, ရေ, လေ–အခဲ, အရေ,အခိုး–အားလုံးတို့သည် ဤကမ္ဘာမြေမျက်နှာပြင်ပေါ် ၌ တည်ရှိကြ၏။ သို့ရာတွင် အကြမ်းအားဖြင့်။ အခဲဒြပ်သည် အောက်ဆုံး၌, အရေဒြပ်သည် ထို့အထက်၌၊ အခိုးဒြပ်သည်တို့ထက်အမြင့်၌ တည်သည်ဟုဆိုက မှန်ချေသည်။ ရေနှင့်ခလဘ်တို့သည် မြေကိုအနည်းငယ်မျှ ဖေါက်ထွင်းတည်ရှိ၏။ ရေသည်လည်း လေထဲသို့ တိမ်အသွင်ဖြင့် ပျံတက်၏။ သို့ရာတွင် ကန့်သတ်လျက် ရှိသော အမြင့်သို့သာရောက်၏။ အခဲဒြပ်ကိုလည်း ပြင်းထန်သော တုန်လှုပ်ချောက်ချားမှုများဖြင့် လေထဲသို့ လွင့်တက်သွားစေနိုင်၏။ ၁၀၀၃ ခုနှစ်တွင် ကရကတိုအား ကျွန်းငယ် အကြီးအကျယ်ပေါက်ကွဲ လွင့်စင်သွားသကဲ့သို့ ဖြစ်၏။ ထိုအခါ၌ မီးတောင်ချော် ပြာမှုန့်များသည် အထက်သို့ တဆဲ့ခုနစ်မိုင် တိုင်အောင်

ရောက်ရှိသွား၍၊ တဖန် ပြန်လည်ကျဆင်းရန် သုံးနှစ်မျှ ကြန့်ကြာခဲ့လေသည်။ သို့ရာတွင် ထိုအမှုန့်များသည် တရွေ့ရွေ့ တဖြေးဖြေး ကျဆင်းလာရသည်သာ ဖြစ်၏။ အငွေ့ပြန်ခြင်းဖြင့် လေထဲသို့ ဆွဲငင်ပါသွားသောရေသည် မိုး အဖြစ်ဖြင့်ကျွန်ုပ်တို့ထံ ပြန်လည် သက်လျောလာရသကဲ့သို့ ဖြစ်၏။ မြင့်သည်ထက် မြင့်ရာသို့ ကျွန်ုပ်တို့ တက်သွားလေလေ၊ လေ ပါး၍ လာလေလေ ဖြစ်၏။ ဇောတိဒြပ်များသည်လည်း ထို့အတူပင်ဖြစ်ချေ၏။

ကျွန်ုပ်တို့နှင့်ဆိုင်သော ဇောတိလောက၏ အတိုင်းအတာများမှာ အတော်ကြီးမားလေသည်။ လ သည် ကမ္ဘာနှင့်အနီးကပ်ဆုံးရှိသောအခါ ဇောတိ လောကသည် လ နှင့် ထိ၍၊ လ သည် ကမ္ဘာနှင့်အဝေးကွာဆုံးရှိသောအခါ၊ ဇောတိလောကသည် လ နှင့်မထိ ဟူသော အချက်မှ၊ ယင်း အတိုင်းအတာများကို အတော်တိကျသေချာလောက်အောင် ကျွန်ုပ်တို့ သတ်မှတ် ဖေါ်ပြနိုင်ပေ၏။ သို့ရာတွင် ပကတိအားဖြင့် လ နှင့် ထိသည်မှာ အမြင့်ဆုံးသော ဇောတိ ဒြပ်အစားသာလျှင် ဖြစ်လေသည်။

ဇောတိဘုံအထပ်ခွဲများကိုပြန်လည်စဉ်းစား၍၊ယင်းတို့ကို အမြင့်ဆုံး နှင့် ပြြမ်အားဖြင့် အသိမ်မွေ့ဆုံး မှ အောက် သို့ ဂဏာန်းအားဖြင့် စဉ်လိုက်သောအခါ သုံး မျိုးသုံးစား ကွဲပြား လျက်ရှိသည်ကို တွေ့ရသည်။ အထပ်ခွဲ ၁, ၂, နှင့် ၃ တို့က တစား၊ ၄, ၅, နှင့် ၆ တို့က အခြားတစားနှင့်၊ သတ္တမ နှင့် အနိမ့်ဆုံးက သီးခြားတခုတည်း တည်လျက်ရှိလေသည်။ ယင်း သုံးစားတို့ အနက် တစားနှင့် နောက်တစား တို့၏ ဒြပ်ချင်း ခြားနားချက်မှာ အစိုင်အခဲနှင့် အရေ တို့၏ ခြားနားချက် နှင့်

ခြင့်ချိန်နိုင်ပြီးလျှင်၊ တခါးတည်းတွင် အထပ်ခွဲတို့၏ ခြားနား ခြင်းကိုသော် သံမဏိနှင့် သံကဲ့သို့ အစိုင်အခဲ နှစ်မျိုးတို့၏ ခြား နားခြင်းနှင့် ဆင်တူပေ၏။ သတ္တမ အထပ်ခွဲကို ခေတ္တ ဖယ် ထားလိုက်သော်၊ ဇောတိဘုံ၏ အထပ်ခွဲ ၄, ၅, နှင့် ၆ တို့ သည်၊ ကျွန်ုပ်တို့ နေထိုင်လျက်ရှိသော ရုပ်ခတ်လောကနှင့် တွေ့မြင်နေကျဖြစ်သော ယင်း၏ အဆက်အသွယ် အားလုံး တို့ကို နောက်ခံအနေဖြင့် ရှိလေသည်၊ ဆဌ အထပ်ခွဲ ပေါ်၌ ဘဝအခြေအနေသည် ဤကမ္ဘာမြေပေါ်၌ ကျွန်ုပ်တို့၏ သာမန် ဘဝအခြေအနေနှင့်တူလေသည်။ ရုပကွန္ဒာနှင့် ယင်း၏ ပိုအပ် မှုများသည်သာ မပါပဲကျန်ရှိနေလေသည်။ ပဉ္စမ နှင့် စတုတ္ထ အထပ်ခွဲများသို့ တက်သွားသော အခါ၊ ဘဝ အခြေ အနေ သည် ရုပ်ဒြပ်သဘောလျော့၍ လျော့၍ လာပြီးလျှင်၊ ကျွန်ုပ်တို့ ၏ အောက်လောကနှင့် ယင်း၏ စိတ်အာရုံ တို့မှ ကင်းကွာ ကင်းကွာ သွားလေသည်။

ဤဇောတိဘုံ အောက်အထပ်ခွဲများ၏ ရှုခင်းများမှာ ကျွန်ုပ်တို့ တွေ့မြင်နေကျ ကမ္ဘာမြေ၏ ရှုခင်းများပင် ဖြစ်လေ သည်။ သို့ရာတွင် ကေန် အမှန်သော်ကား ထို့ထက်များစွာ ပိုလေသေးသည်။ ဤကဲ့ပြားသော ရှုချက်မှ ဒိဗ္ဗအာရုံတို့ ၏ အကူအညီဖြင့် ကြည့်လိုက်သော်၊ ရုပ်ခတ်သက်သက်ဆိုင် ရာ အရာဝတ္ထုတို့သည်ပင်လျှင်လုံးဝအသွင်တမျိုးဆောင်လျက် ရှိလေသည်။ဖေါ်ပြခဲ့ပြီးသည့်အတိုင်း၊ ဒိဗ္ဗစက္ခုအမြင်ကိုလုံးဝ ရရှိသောသူသည် ယင်းဘို့ကို မြင်သည်မှာ ခါတိုင်းကဲ့သို့ ရှု ချက် တခုတည်းမှသာ မြင်သည်မဟုတ်ပဲ၊ အားလုံးသော ရှုချက်တို့မှပင် တပြိုင်နက်တည်း မြင်လေသည်။ ဤသဘော

သည်ပင်လျှင် ရှုပ်ထွေးစရာဖြစ်လောက်ပေသည်။ ဤသဘောသို့ အစိုင် အခဲ၏ အတွင်း ကလာပ်မှုန့်တိုင်းကို ယင်း၏ အပ ကလာပ်မှုန့်ကိုကဲ့သို့ အပြည့်အစုံ ကြည်လင်ထင်ရှားစွာ ရှုမြင်နိုင်သည် ဟူသောအချက်ကို ပေါင်းထည့်လိုက်သော်၊ ဤကဲ့သို့သော အခြေ အနေတို့တွင် အများဆုံး တွေ့မြင်နေကျဖြစ်သောအရာဝတ္ထုတို့ကိုပင်လျှင်အစပဋ္ဌမ၌ လုံးဝမှတ်မိလိမ့်မည် မဟုတ်ကြောင်း နားလည်ပေလိမ့်မည်။

သို့ရာတွင် တခဏမျှ ဆင်ခြင်လိုက်လျှင် ဤကဲ့သို့မြင်ရခြင်းသည်မံသစက္ခုဖြင့်မြင်ရမြင်းထက် များစွာပိုမို၍၊ပကတိသော မြင်ခြင်းနှင့် နီးကပ်လျက်ရှိသည်ကို တွေ့ရပေမည်။ ဥဒါဟရဏ်, ဇောတိဘုံ၌ကြည့်လျှင် လေးမြှောင့် မှန်တုံးတခု၏ ဖေးစွန်းအားလုံးတို့သည်၊ အမှန်အတိုင်း, တူညီပုံပေါ်၍ နေပေမည်။ ရုပ်ဓာတ်လောကတွင်သော်ကား အဝေးရှိဖေးစွန်းကို အချိုးအစားကျဖြင့်သာ မြင်ရပေမည်။ အချိုးအစားကျဆိုသည်မှာ ယင်းအဝေးဖေးစွန်းသည် အနီးဖေးစွန်းထက် သေးငယ်ပုံပေါ်နေသည်။ ဤသည်ကား မာယာ(လှည့်စားထားခြင်း)မျှ ဖြစ်လေသည်။ ဤဇောတိဘုံအမြင်၏ လက္ခဏာကြောင့် အချို့စာရေးဆရာတို့သည်၊ ဇောတိဘုံအမြင်ကို စတုတ္ထအတိုင်းအတာတွင်း အမြင်ဟု ဖေါ်ပြကြလေသည်။ ဤသို့ဖေါ်ပြဖွဲ့ဆိုခြင်းမှာ သရုပ်ကိုပေါ်စေ၍ စိတ်ကူးကို တည့်စေသည်ဆိုရာ၏။

အမှားများသို့သက်ရောက်စေနိုင်သောဤအကြောင်းရင်းများအပြင်၊ အခြင်းအရာများကို ပိုမိုရှုပ်ထွေး စေသည်မှာ၊ လူ့ဘုံရုပ်ဓာတ်ပင်ဖြစ်သော်လည်း သာမန်အခြေအနေတို့တွင် မံသစက္ခုဖြင့် မမြင်နိုင်သော ရုပ်ဒြပ်တို့ကို ဤမြတ်သောအမြင်

ဖြင့်သိမြင်နိုင်ခြင်း ဖြစ်လေသည်။ဥဒါဟရဏ်,လောကဓာတ်အတွင်း၌တည်ရှိသော ကလာပ်မှုန့်များ, သက်ရှိအရာခပ်သိမ်းတို့မှ လွှင့်ထုတ်လျက်ရှိသည့်အမျိုးမျိုးသော အခိုးအလျှံများ၊ ၎င်းပြင် ပိုမိုသီးသန့်သော အမည်များမရှိသဖြင့်၊သာမန်အားဖြင့် အာကာသဓာတ်(အာလောကဓာတ်)ဟူ၍ဖော်ပြလေ့ရှိသော လူ့ဘုံရုပ်ဒြပ်လေထက်သိမ်မွေ့သော ဒြပ်အတန်းအစားလေးမျိုး, ယင်းတို့မှာ ဤကဲ့သို့သော ရုပ်ဒြပ်များပင်ဖြစ်လေသည်။နောက်ဆုံး ဖော်ပြသည့် အာကာသဓာတ်လေးမျိုးတို့သည်သီးခြားတစုတစည်းအနေဖြင့် အခြားရုပ်ဓာတ်အားလုံးတို့ကို ဖေါက်ထွင်းလျက် တည်ရှိသည်။ ယင်းတို့၏ တုန်ခပ်မှုများနှင့် ယင်းတို့အား အမျိုးမျိုးသော မြင့်မြတ်သည့်ခွန်အားတို့ကမည်သို့ထိခတ်လျက်ရှိသည်ကို စူးစမ်းရေးသည်၊ ယင်းတို့အားစစ်ဆေးရန်လိုအပ်သောအမြင်ရှိသူ လောကဓာတ်ပညာသုတေသီအဖို့,နက်နက်နဲနဲ စိတ်ပါဝင်စားစွာ လေ့လာရမည့်,အလွန်ကျယ်ဝန်းသော နယ်ကြီးတနယ်ဖြစ်၍ နေပေမည်။

ပြောဆိုခဲ့သည်တို့တွင်အကြုံးဝင်လျက်ရှိသောအရာအားလုံးတို့ကိုပင်ကျွန်ုပ်တို့၏စိတ်ကူးဉာဏ်ဖြင့်လုံးဝသိမ်းကြုံးနားလည်ပြီးဖြစ်စေကာ၊ပြဿနာ၏ရုပ်တွေးမှုတဝက်မျှကိုပင် ကျွန်ုပ်တို့နားလည်ခြင်းမရှိသေးချေ။ အဘယ့်ကြောင့်ဆိုသော် ကျွန်ုပ်တို့သည်ဤအသစ်ဖြစ်သောရုပ်ဓာတ်အမျိုးအစားများအပြင်၊ထို့ထက်မြောက်မြား၍ စိတ်ရုပ်ဖွယ်ကောင်းသည့် ဇောတိဓာတ်အစိတ်အပိုင်းခွဲများနှင့် ဆက်ဆံရပေဦးမည်။ ရုပ်ဒြပ်ဝတ္ထုတိုင်းသာမက၊ ကလာပ်မှုန့်တိုင်းပင်ပူးတွဲနေသောဇောတိဒြပ်မိတ်တူရှိသည့်အချက်ကို ကျွန်ုပ်တို့ရှေးဦးစွာသတိပြုရပေမည်။

ရင်းပြင် ယင်းပူးတွဲပါ ဇောတိဒြပ် မိတ်တူမှာ တစားတည်းသောအစုအစိုင်မဟုတ်ပဲ၊ ဇောတိဓာတ်အမျိုးမျိုးတို့ဖြင့်ဖွဲ့စည်းထားသဖြင့်အလွန်အကျုံးချုပ်ရှက်ခတ်လျက်ရှိတတ်လေသည်။ ဤမျှသာမကသေး၊ သက်ရှိသတ္တဝါတဦးချင်းကို ယင်း၏ရောင်လျှံဟုခေါ်လေ့ရှိသော, ယင်းနှင့်သာဆိုင်သည့်, ပတ်ဝန်းကျင်အခြေအနေ တခုစီဖြင့် ဝန်းရံလျက်ရှိသည်။ လူပုဂ္ဂိုလ်တို့၌သော်ကား ဤရောင်လျှံမှာ လွန်စွာစွဲမက်ဖွယ်ကောင်းသည့် လေ့လာချက်တခု ဖြစ်၍နေပေသည်။ ထိုရောင်လျှံကို အလွန်ရှုပ်ထွေးစွာ အုံဖွဲ့ထား၍ တောက်ပြောင်သော အခိုးအမှုန့်တို့ဖြင့်ငြိုးသည့် ပဲဥပုံသဏ္ဍာန်အစုအစိုင်ကဲ့သို့ရှုမြင်ရလေသည်။ ဤသို့ မြင်ရသောယင်း၏ ပုံသဏ္ဍာန်ကိုထောက်၍၊ ယင်းအား “ရောင်လျှံဥ”ဟူ၍တခါတရံ ခေါ်ဆိုလေ့ရှိလေသည်။

စာဖတ်သူ သဗ္ဗညုတဉာဏ အသင်းသားတို့ ဝမ်းမြောက်ဝမ်းသာကြားနာရမည့်အချက်မှာ တပည့်သာဝကသည်မိမိရင့်သန်လာမှု၏ စောစောပိုင်းအခြေတွင်ပင်၊ ဤတိုးတက်ပြည့်စုံသောအမြင်ကို ရရှိစပြုလာသောအခါ၊ “လူ၏အခြေခံ အစိတ်အပိုင်း, ဝါ, ခန္ဓာအာယတနခုနှစ်ပါး” တို့အနက် အချို့တို့၏အကြောင်းနှင့်စပ်လျဉ်း၍ ကျွန်ုပ်တို့၏အသင်းကို တည်ထောင်သူ ပုဂ္ဂိုလ်ကြီး၊ မဒင် လာဝတ်စကီမှတဆင့် တင်ပြထားချက်တို့၏တိကျမှန်ကန်ကြောင်းကို၊ မိမိကိုယ်တိုင် တိုက်ရိုက်ရှုမြင်ခြင်းဖြင့်၊ သေချာ၍လာလေသည်။ မိမိ၏လူအပေါင်းအဖေါ်ကိုကြည့်ရာ၌၊ သူသည်သူတို့၏ အပအသွင်ကိုသာ မရှုမြင်တော့ချေ။ ထိုရုပ်ခန္ဓာနှင့်အတိအကျ ယှဉ်တွဲပြန့်နှံ့တည်ရှိသော အာကာသ(အာလောက)ဓာတ်ရုပ်တူကို ကြည်လင်ပြတ်သား

စွာ ခွဲခြားတွေ့မြင်သည့်ပြင်၊ သံသကြိုင် ဘာသာ၌ 'ပြာဏ'ဟု ခေါ်သည့် အသက်ဇီဝဓာတ်သည်လည်း၊ ခန္ဓာကစုတ်ယူသုံး ဆောင်လျက်ရှိ၍, ခန္ဓာတခုလုံးသို့ နီမြန်းသော အလင်းရောင် ဖြင့် လှည့်ပတ်သွားလာလျက်,နောက်ဆုံးတွင် ကျန်းမာသော လူပုဂ္ဂိုလ်မှ ပြောင်းလဲနေသော အသွင်ဖြင့်, ထွန်းတောက် လျက်ရှိသည်မှာ၊ သူ့အဖို့ ပေါ်လွင်ထင်ရှားပေ၏။

အတောက်ပဆုံးနှင့် အလွယ်ကူဆုံးမြင်ရသည့် အရာသည် ကား၊ တိုးတက်သိမ်မွေ့သော ဓာတ်ဒြပ်နှင့်ဆိုင်သည့်ရောင် လျှံ၏ အစိတ်အပိုင်း ဖြစ်လေသည်။ ထိုအစိတ်အပိုင်းသည်လူ ၏မနောကို ဖြတ်သန်းကာ၊ ခဏချင်းခဏချင်းပေါ်ထွက်လာ သည့်အမျိုးမျိုးသောကာမစ္ဆန္ဒတို့ကို၊ထင်ရှားပြတ်သား၍အမြဲ ပြောင်းလဲလျက်နေသောအသွေးရောင်ခြည်တို့ဖြင့်ပေါ်ထင်စေ လျက်ရှိလေသည်။ ဤသည်ကားဓာတ်ခန္ဓာ အစစ်အမှန်ဖြစ် လေသည်။ယင်း၏နောက်၌ ထိုထက်တဖန်သိမ်မွေ့၍၊ရူပဗြဟ္မာ ဘုံနှင့်ဆိုင်သည့် ဒြပ်များဖြင့်ပြီးသော မနက္ခန္ဓာ, ဝါ,အောက် မနော၏ရောင်လျှံ တည်ရှိလေသည်။ ထိုရောင်လျှံ၏ အသွေး တို့သည်၊ လူ၏ဘဝ ကျက်စားရာအလိုက်၊ တရွေ့ရွေ့ တဖြည်း ဖြည်းသာလျှင် ပြောင်းလဲခြေရကား၊ သူ၏စိတ်အစဉ်များနှင့် လူပုဂ္ဂိုလ်၏ စိတ်ထားနှင့် စာရိတ္တတို့ကို ဖေါ်ပြသည်။ ထို့ ထက်ပင်မြင့်သေး၍၊ မပြောပြနိုင်လောက်အောင်လည်း လှပ တင့်တယ်သော အရာသည်ကား၊ ကြည်လင်ပြတ်သားစွာ ရင့် သန်လျက် ရှိသည်တို၌၊ ကာရဏ သရီရ၏ ထက်သန်လျက်ရှိ သောလင်းရောင်,အမတပိဥာဏ်၏ ဝါဟာန,ဖြစ်ချေသည်။ထို အရာသည် ဇာတိပဋိသန္ဓေတခုမှ တခုသို့ ကူးပြောင်းလျက်နေ

သောပဋိသန္ဓေ ဝိဉာဏ်၏ တိုးတက်ရင့်သန်မှု အခြေအနေကို ပြလေသည်။သို့ရာတွင်ယင်းတို့ကို မြင်နိုင်ရန် တပည့်သာဝကသည် ယင်းတို့နှင့် ဆိုင်ရာဘုံဆင့်၏ အမြင် ဖွံ့ဖြိုးပြီး ရှိရပေမည်။

ဤရောင်လျှံတို့သည်ထွက်၍ နေသော အနိုးအလုံ့မျှသာ မဟုတ်ပဲ၊ယင်းတို့နှင့် ဆိုင်ရာဘုံတို့၌ပဋိသန္ဓေ ဝိဉာဏ်၏ ပကတိသော ပေါ်ထင်မှုအနေဖြင့် ချက်ချင်းသိမှတ်ရန် နားလည်ခဲ့လျှင်၊ ထိုပဋိသန္ဓေဝိဉာဏ်သည်သာ လူစင်စစ်ဖြစ်၍အောက်ဘုံတို့၌ ယင်းကိုကိုယ်စားပြုသော ခန္ဓာအသီးသီးတို့မှာ လူစင်စစ်မဟုတ်သည်ကို သဘောပေါက်ခဲ့လျှင်၊ တပည့်သာဝကသည်များစွာသော အခက်အခဲတို့နှင့် တွေ့ရလိမ့်မည် မဟုတ်ချေ။ ပဋိသန္ဓေ ဝိဉာဏ်သည် မိမိ၏ အိမ်ဂေဟာ အစစ်ဖြစ်သောဘုံ၏အရူပ အဆင့်တို့၌ တည်ရှိနေသ၍၊ ယင်းတည်နေသော ဝါဟာနမှာ ကာရဏသရီရ ဖြစ်လေသည်။ သို့ရာတွင် (ထိုဘုံ၏) ရူပအဆင့်တို့သို့ ဆင်းသက်လာသောအခါ၊ ယင်းအဆင့်တို့၌ ကျက်စားနိုင်ရန်၊ ဆိုင်ရာဒြပ်တို့ကို သူဝတ်ဆင်ရပေမည်။ ဤသို့ သူ့ထံသူဆွဲဆောင် ယူလိုက်သော ဒြပ်သည် သူ့အား မနက္ခန္ဓာကို ပေးလေသည်။

ထိုနည်းတူစွာ၊ ဇောတိ(ကာမဒေဝ)ဘုံသို့ သူဆင်းသက်သွားသောအခါ၊ အခြားခန္ဓာများကို သိမ်းပိုက်ထားလျက်ပင် ထိုဘုံဆိုင်ရာ ဒြပ်တို့မှဇောတိခန္ဓာ,ဝါ,ဝေဒနက္ခန္ဓာကို သူဖန်တီးလေသည်။ ဤအနိမ့်ဆုံးဖြစ်သောဘုံသို့ သူဆက်လက်ဆင်းသက် လာပြန်သောအခါ၊ ကံသျှင်ကြီးတို့က ပေးအပ်သော အာကာသဓာတ်သွန်းပုံအတိုင်း၊ ရူပက္ခန္ဓာကို သူဖန်တီးလေသည်။ ထိုထက်ပြည့်စုံသော ဤရောင်လျှံတို့၏ အကြောင်းကို

“လူ–မြင်ရနှင့် မမြင်ရ”ခေါ်သော ကျွန်ုပ်၏ စာအုပ်တွင် တွေ့နိုင်ပေမည်။ သို့ရာတွင် ယင်းရောင်လျှံများ အားလုံးတို့သည် သိမ်မွေ့သည်က ကြမ်းထမ်းသည်ကို ဖေါက်ထွင်းဝင်ရောက်ကာ,တနေရာတည်း၌ပင် တည်ရှိနေသဖြင့်၊ တပည့်သစ်သည် ကြည့်လိုက်ကာမျှဖြင့် တခုနှင့်တခုကိုပြတ်သားစွာခွဲခြားနိုင်ရန်,သေချာစေ့စပ်သော လေ့လာမှုနှင့် မြောက်မြားသော လေ့ကျင့်မှုကို လိုအပ်သည့် အကြောင်းဖေါ်ပြရန်၊ ဤ၌ လုံလောက်စွာပြောဆိုခဲ့ပေပြီ။ မည်သို့ပင် ဖြစ်စေကာ၊ လူ၏ ရောင်လျှံ,သို့မဟုတ်,ယင်း၏ အစိတ်အပိုင်းတခုခုသည်၊ မကြာခဏ ရှေးဦးစွာ အလေ့ အကျင့် မရှိသေးသူ မြင်ရသော ဇောတိဝတ္ထုဖြစ်လေသည်။ သို့ရာတွင် ဤသို့မြင်ရသောအခါ မမှတာအတိုင်း ယင်း၏ သဘောလက္ခဏာကို အထင်မှားတတ်လေသည်။

ဇောတိ ရောင်လျှံသည်၊ ယင်း၏ အသွေးအရောင်များ တောက်ပနေသဖြင့်၊ မကြာခဏ ပိုမိုပေါ်ထင်လျက် ရှိသော်လည်းအာရုံကြောအာကာသဓာတ်များနှင့်အာကာသဓာတ်ရုပ်တုတို့မှာ ထို့ထက်သိမ်သည်းသောဒြပ်အမျိုးအစားတို့ဖြင့် စင်စစ်ပြီးချေ၏။ သို့ရာဘွင် ရုပ်လူ့နယ်အတွင်း၌ ယင်းတို့ရှိနေရကား,ယင်းတို့ကို သာမန်စက္ခုဖြင့်မမြင်ရချေ။ မွေးစခလေး၏ ခန္ဓာကို အသိဉာဏ်စွမ်းအင်ဖြင့် စုံစမ်းကြည့်ရှုသောအခါ၊ သိပ်သည်းမှုအဆင့်အတန်း အားလုံး၌ တည်သောဇောတိဒြပ်ဖြင့်သာမက၊ အာကာသဒြပ် အတန်းအစား များစွာတို့ဖြင့်လည်း ပြန့်နှံ့လျက်ရှိသည်ကို တွေ့ရသည်။ဤအဇ္ဈတ္တခန္ဓာများကို ယင်းတို့၏ မူလသို့တိုင်အောင် ပြန်လှန် ထောက်လှမ်းရန် ကြိုး

ပမ်းလိုက်သော်၊ ရှုပက္ခန္ဓာတို ဆောက်လုပ်ထားသော သွန်းပုံဖြစ်သည့် အာကာသခေတ်ရုပ်တုကို၊ ကံသျှင်ကြီးတို့၏ ကိုယ်စားလှယ်များက၊ ဤအာကာသခေတ်ဖြင့်ပြုလုပ်ထားကြောင်း တွေ့ရသည်။ ဇောတိဖြစ်ကမ္ဘာ၊ ဆင်းသက် လာသော ဝိဉာဏ်က ဇောတိဘုံသို့ ဖြတ်သန်းသွားစဉ်၊ သတိမရှိပဲအလိုအလျောက် စုဆောင်းခဲ့လေသည်။ (လက်သုံးစာအုပ်အမှတ်လေး"ကမ္ဘ"စာမျက်နှာ ၈၃ ကိုကြည့်ပါ)။

အာကာသခေတ်ရုပ်တု အဖွဲ့အစည်းတွင်အာကာသခေတ်အဆင့်အတန်းအမျိုးအားလုံးတို့မှဖြစ်အနည်းအများပါဝင်ရပေမည်။ သို့ရာတွင် ယင်းတို့၏ အမျိုးအစား များသည်ကားအကြီးအကျယ် ကွဲပြားနိုင်ပြီးလျှင်၊ ယင်းတို့ကို လူမျိုးရင်း, လူမျိုးခွဲ, လူ၏စရိုက်နှင့် တဦးချင်းကံစသော အချက်အလက်များစွာတို့က ပြဋ္ဌာန်းလေသည်။ ဤအာကာသခေတ်ခွဲ လေးမျိုးတို့တွင် များစွာသော အပေါင်းအဖွဲ့များပါဝင်၍၊ ထိုအပေါင်းအဖွဲ့များကတဖန် ဓာတုဗေဒဆရာ၏ 'ခေတ်' ဟုခေါ်သောအရာ၏ 'အနု' အဖွဲ့အစည်းတွင် ပါဝင်သော၊ အစုအအပေါင်းများ ဖြစ်သည်ကို သတိမူမိသောအခါ၊ ဤလူ၏ဒုတိယမူလ အစိတ်အပိုင်းမှာ အဘယ်မျှပွေရှုပ်၍၊ ယင်း၏ကွဲပြားနိုင်မှုတို့မှာလည်း အနန္တပင်ဖြစ်သည်ကို သိမြင်ပေလိမ့်မည်။ ထိုကြောင့်လူ၏ကံသည် အဘယ်မျှရှုပ်ထွေး၍၊ အဘယ်မျှဆန်းပြားစေကာမူ၊ ထိုကံနှင့် အတိအကျ သင့်လျော်သောခန္ဓာကိုဖန်တီးရန် အာကာသခေတ်သွန်းပုံကို၊ ထိုလုပ်ငန်းကိုဆောင်ရွက်သူ ပုဂ္ဂိုလ်တို့က ပေးစွမ်းနိုင်လေသည်။ သို့ရာတွင်

ဤကိုယ်ဝန်းလှသောကမ္ဘာအကြောင်းနှင့်စပ်လျဉ်း၍ ဤလိုလျှင် ထိုအလျင်လက်သုံး စာအုပ်ကို ဖတ်ရှုရသည်။

ဇောတိဘုံမှကြည့်လိုက်သောအခါ လူ့ဘုံ ရုပ်ဖြစ် အသွင် ပေါ်ထင်နေမှုနှင့်စပ်လျဉ်း၍ ဖော်ပြသင့်သော အချက်တခုမှာ၊ မြတ်သော ဈာန် အမြင်ဝယ် ပြည့်စုံစွာ ထက်သန်လာသော အခါ၊ အမှုန်မွှား ဆိုးသော ရုပ်ကလာပ်ကို၊ အဆိုရှိသည့် ပမာဏ သို့ ရောက်အောင်၊ စိတ် အလိုအတိုင်း၊ မှန်ဘီလူးဖြင့် ကဲ့သို့ ခွဲထွင်နိုင်သော သတ္တိရှိခြင်းဖြစ်လေသည်။ ဤသို့ ခွဲထွင် နိုင်သောသတ္တိမှာ၊ လူ့ဘိုလုပ်နိုင်သော၊ ဝါ၊ နောင်လုပ်နိုင်ဖွယ် ရာ ရှိသော မည်သည့် မှန်ဘီလူးမဆို၏ သတ္တိထက်ပင် လွန်ကဲ စွာ ကြီးမားလေသည်။ လောကဓါတ်ပညာကစဉ်းစားရချက်၊ (စိန္တိတမေ္ဘ) အနေဖြင့် ယူဆ ထားသော ကလာပ် မှုန့်များ (molecules)နှင့် အနုများ (atoms)သည်၊ ဈာန်လေ့တပည့် သာဝက အဖို့ မြင်နိုင်သည့် ပကတိ အရာများ ဖြစ်လေသည်၊ လောကဓါတ် ဆရာများ တွေ့ထားသည်ထက်ပင်၊ ယင်း ကလာပ်မှုန့်နှင့် အနုများ၏ သဘာဝတွင် များစွာပို၍ ရှုပ် လျက်ရှိသည်ကိုသူသိမြင်ပေသေးသည်။ ဤနည်းလည်း အလွယ်ပင် ကျမ်းတစောင် အပြည့်အစုံ ပြုနိုင်လောက်အောင်၊ လွန်စွာ ကျယ်ဝန်း၍ စိတ်စွဲလန်းဝင်စားဖွယ်ကောင်းသော လေ့လာ မှု နယ်ဗာရပ် တည်လျက်ရှိပြန်သော်လည်း ဤ ဇောတိစက္ခု ကို အပြည့်အစုံ ရရှိထားသည့် လောကဓာတ်နည်း စုံစမ်းသူသည် သာမန် သိပြီး ဓမ္မ တို့ကို စမ်းသပ်လေ့လာရာ၌ အလွန့်အလွန် လွယ်ကူလာခြင်းကိုတွေ့ရမည်သာမက၊ သေချာစွာ စမ်းကြည့် ရှုရန်အတွက် တသက်တာမကလိုမည့် လုံးဝအသစ်ဖြစ်သော

ပညာဥာဏ်ရှုမျှော်ခင်းများသည်၊မိမိ၏ရှေ့မှောက်၌ ဆန့်တန်းလျက် နေသည်ကို မြင်ရပေမည်။

ဥဒါဟရဏ်၊ဤဒိဗ္ဗအမြင်ဖွံ့ဖြိုးလာသဖြင့်သူ၏ အာရုံသို့ဝင်ရောက်လာသော ထူးခြားလှပသစ်ဆန်းသည့်အချက်တရပ်မှာ သာမန်အားဖြင့် မြင်ရသော ရောင်စဉ် နယ်စွန်း တို့ကို ကျော်လွန်၍အရောင်များတည်ရှိနေခြင်းဖြစ်လေသည်။လောကဓာတ်ပညာက အခြားနည်းအားဖြင့် ရှာဖွေ တွေ့ရှိထားသော အနီလွန် နှင့် အပြာလွန် အရောင် များသည် သူ၏ ဇောတိ စက္ခုအမြင်တွင် ထင်ရှားစွာ ပေါ်ထင်လျက်ရှိလေသည်။ သို့ရာတွင် ဤစိတ်ကိုဆွဲဆောင်နိုင်သောလမ်းခွဲများကို ကျွန်ုပ်တို့လျှောက်၍ လိုက်မနေနိုင်ချေ။ ဇောတိဘုံ၏ အကြမ်းဖျင်းအသွင်အပြင်ကို ဖေါ်ပြရန် ကြိုးပမ်းချက်ကို ပြန်၍ ဆက်ရပေမည်။

ရုပ်လောက၏သာမန်အရာဝတ္ထုများသည်၊ဇောတိဘုံ၏အချို့ အဆင့်အထပ်တို့တွင် နောက်ခံဖြစ်၍ နေသော်လည်း၊ယင်းတို့၏ အစစ်အမှန် သွင်ပြင်လက္ခဏာများကို တွေ့မြင်နေကျနှင့် အတော်ပင် ကွာခြားသည်ကို ယခု ပေါ်လွင်ထင်ရှား သင့်ပေပြီ။ ဥဒါဟရဏ် တခုအနေဖြင့်၊ ရှုပ်ထွေးခြင်းမရှိသော အတန်းအစားမှ၊ ကျောက်ဆောင် တခုကို ယူ၍ ကြည့်ပါလေ။ လေ့ကျင့်ထားသော ဒိဗ္ဗစက္ခုဖြင့် ရှုလိုက်သော် ယင်းသည် မလှုပ်မရှက် တည်လျက်နေသော ကျောက်အစိုင်အခဲ မျှသာမဟုတ်တော့ချေ။

ဦးစွာ ပဌမ ကျောက်ဆောင်၏ သေးငယ်သော အစိတ်အပိုင်း တခုကို သာမဟုတ်ပဲ၊ ယင်း၏ ရုပ်ဒြဗ်အကုန်လုံး ကိုပင် မြင်ရသည်။ ဒုတိယတွင် ယင်း၏ ရုပ်ကလာပ်များ၏ တုန်

လှိုင်းများကို မြင်ရသည်။ တတိယ တွင် ယင်း၌ အမြဲတစေ လှုပ်ရှား၍ပင် နေသော ဇောတိ ကလာပ် တို့ တည်ရှိ သော, ဇောတိ ဒြပ်အတန်းအစား အမျိုးမျိုးတို့ဖြင့်ဖွဲ့စည်းထားသည့်, ဇောတိမိတ်တူရုပ်ရှိသည်ကိုမြင်ရသည်။ စတုတ္ထတွင် စကြဝဠာ ဒိဗ္ဗဇီဝ သည် ခပ်သိမ်းသော လောက တို့ တွင် ကဲ့သို့ ယင်း ကျောက်ဆောင် အတွင်း၌လည်း လှုပ်ရှား ဆောင်ရွက်လျက် နေသည်ကို မြင်ရသည်။ သို့ရာတွင် ရုပ်ဒြပ်အတွင်း သို့ တဆင့် ပြီး တဆင့် ဆင်းသက်လာရာတွင် ယင်း စကြဝဠာဒိဗ္ဗဇီဝ ၏ ပေါ်ထင်မှုတို့မှာ အတော်ပင် ကွဲပြားလေသည်။ လွယ်ကူစွာ နားလည်နိုင်စေရန်အဆင့်တခုစီကိုအမည်တခုပေးထားသည်။ ယင်း ဇီဝ ကို ရှေးဦးစွာ ဓာတ်ဘူတ လောက သုံးရပ် တွင် တွေ့မြင်ရသည်။ သတ္တုလောကသို့ ဝင်ရောက် လာသောအခါ ယင်း ကို သတ္တုဝိဉာဏ် (mineral monad) ဟု ခေါ်သည်။ အပင် လောကတွင်ကားယင်းကို အပင် ဝိဉာဏ် (vegetable monad ) ဟု ဖေါ်ပြသည်။ ရှေးသို့လည်း ထို့ အတိုင်းပင် ကျွန်ုပ်တို့ သိသလောက် မှာ လောကတွင် "သေ" ဟူသော အရာ မရှိချေ။

ဤအားလုံးသော အရာတို့အပြင်၊ ယင်းကျောက်ဆောင် ကို ဝန်းရံလျက်နေသော ရောင်လျှံကိုမြင်ရသည်။ ယင်းရောင် လျှံမှာကား ထိုထက်မြင့်သော လောကများ၌လောက် ဆန်း ပြားကျယ်ပြန့်ခြင်းမရှိချေ။ ငင်းပြင်ယင်း(ကျောက်ဆောင်)နှင့် သက်ဆိုင်သည့် မှီတင်းနေသူ ဓာတ်ဘူတများကိုလည်း မြင်ရ ပေသေးသည်။ ထိုဓာတ်ဘူတ တို့ကိုသော် သဘာဝနတ်မျိုး တွင် ပါဝင်သောမြေနတ်(gnome)ဟု ဖေါ်ပြလျှင် သာ၍ သင့်

လျော်ပေမည်။ ဤကား အတွင်း၌ တည်နေသော ဇီဝအကြောင်းကို ပြည့်စုံစွာဖော်ရန် နေရာမဟုတ်ချေ။ ထို့ထက်အကျယ်ရှင်းလင်းဖော်ပြထားချက်များကို "လူ-မြင်ရနှင့်မမြင်ရ" ဟူသော ကျမ်းနှင့်အခြား သဗ္ဗညုတဉာဏ ဓမ္မစာအုပ်များတွင်တွေ့နိုင်ပေမည်။ ဤစာအုပ်၏နောက်ပိုင်းတခက်းကိုလည်း ဖတ်ရှုပါဦး။ အပင်,အကောင်နှင့် လူလောကများတွင် ရုပ်ထွေးမှုများမှာ ဓမ္မတာအတိုင်း ထို့ထက် လွန်ကဲစွာ များခပေသေးသည်။

ဤကဲ့သို့သော အရှုပ်အထွေးများအားရံဖန်ရံခါ ဇောတိဘုံကို ရိပ်ကာမြင်ရသူ နတ်ဝင်သည်တို့ကလည်း ပြောမပြဘဲ၊ ဝိဉာဏ်စမ်းသပ်ပွဲတို့တွင် ပေါ်ပေါက် လာသော နတ်ဘူတတို့ကလည်း အစီရင်မခံပါလားဟူ၍၊ ဤစာကို ဖတ်သူအချို့က ကန့်ကွက်ကောင်း ကန့်ကွက်ကြပေမည်။ သို့ရာတွင် ဤအချက်ကို ကျွန်ုပ်တို့ ချက်ချင်းရှင်းပြနိုင်ပါသည်။ ဇောတိဘုံတွင် လေ့ကျင့်ပြီး မရှိသူတို့တွင်၊ တွေ့ကြုံမှုမကြာရှည်သေးမီ၊ အရာဝတ္ထုတို့အားအမှန်အတိုင်းမြင်သူကား၊ အလွန်နည်းပေသည်။ ပြည့်စုံစွာ အကယ်မြင်သူတို့ပင်၊ မေ့မြော အာရုံရှုပ်ထွေးနေသဖြင့်၊ နားမလည်ပဲသော်၎င်း၊ မမှတ်မိပဲသော်၎င်း ရှိနေတတ်လေသည်။ မြင်လည်းမြင်၍၊ မှတ်လည်းမှတ်ခဲ့သူတို့အထဲ၌ပင်၊ မှတ်မိသည်တို့ကို အောက်လူ့ဘုံကားဖြင့် ပြန်ဆိုပြောပြနိုင်သူကား မရှိသလောက်ပင်။ များစွာသော လေ့ကျင့်ပြီးမရှိသည့် ဇောတိ အမြင်ရှိသူ (နတ်ဝင်သည်) တို့သည်၊ မိမိတို့မြင်ရသည့်အာရုံများကိုမည်သည့်အခါမျှလောကဓာတ်နည်းအရ စုံစမ်းစစ်ဆေးခြင်းမပြုချေ။ သူတို့သည်အာရုံကိုရရုံ

သာရသည်။ ထိုအာရုံမှာ မှန်သော်လည်းမှန်မည်၊ တဝက်မျှ မှားလျှင်လည်းမှားမည်၊ သို့မဟုတ်၊ လုံးဝလွဲချော်၍ပင် နေကောင်း နေပေမည်။

ကစားတတ်သောဌာနေ ဇောတိ လောကသားတို့သည်၊ မကြာမကြာ လှည့်စားခြင်းများကိုပြုတတ်၍၊ လေ့ကျင့်ပြီးမရှိသူသည် ထိုလှည့်စားခြင်းများကို ယေဘုယျအားဖြင့် လုံးလုံးကာကွယ်ခြင်း မပြုနိုင်သည်ကိုထောက်သော်၊ လုံးဝလွဲချော်၍ပင် နေကောင်းနေပေမည် ဟူသော ကြံဆချက်အတိုင်းသာလျှင်ဖြစ်ဖို့ရန်များလေသည်။ ဇောတိဘုံ အမြဲနေသူသည်၊သာမန် အခြေအနေတို့တွင်၊ ဇောတိဘုံနှင့်ဆိုင်သော အရာဝတ္ထုတို့ကိုသာ လျှင်သိမြင်နိုင်၍၊ လူပုထုဇဉ်တို့သည် ဇောတိဒြပ်ကို မမြင်နိုင်သကဲ့သို့၊ လူ့ဘုံရုပ်ဒြပ်ကို သူလုံးဝမမြင်နိုင်သည်ကိုလည်း သတိပြုရပေမည်။ အထက်က ပြောဆိုခဲ့သည့်အတိုင်း လူ့ဘုံ ရုပ်ဒြပ်တိုင်းတွင် ဇောတိအတွဲအဖက်ရှိ၍၊ ထိုဇောတိအတွဲအဖက်ကို သူမြင်ရသော်၊ ခြားနားချက်မှာ ဖြစ်လောက်စရာမရှိဟု ထင်ကောင်းထင်ပေမည်။ သို့ရာတွင် ထိုအချက်မှာ ဤအကြောင်းအရာကို နှစ်ဖက်မျှတ ညီညွတ်စွာစဉ်းစားကြံဆခြင်းတွင် အရေးကြီးသော အစိတ်အပိုင်းဖြစ်လေသည်။

သို့ရာတွင် အကယ်၍ ဇောတိဘုံသားတဦးသည် နတ်ဝင်သည်တဦးတွင်ဝင်၍ အမြဲတစေ ဆောင်ရွက်နေခဲ့လျှင်၊ဤဇောတိဘုံ၏ လွန်ကဲသိမ်မွေ့သောအာရုံတို့သည် တရွေ့ရွေ့တဖြေးဖြေး ရုန့်ကြမ်းလာပြီးလျှင်မြင့်မြတ်သောဒြပ်တို့ကိုယင်းတို့၏ဘုံ၌မမြင်တော့ဘဲ၊ ထိုအစားကျွန်ုပ်တို့ မြင်နေကျဖြစ်သော ရုပ်လောကကို ပါဝင်စေလျက်သာ မြင်လျက်လာပေမည်။ ထို

ကြောင့်လှေ့ကျင့်ထား၍ ဘုံနှစ်ခုစလုံး၌ပင် ပြည့်စုံသောအာ ရုံရှိသူသည်သာလျှင် ဇောတိဘုံသို့ရောက်သွားသောအခါ၊ တ ပြိုင်နက်တည်း ကြည်လင်ပြတ်သားစွာ မြင်နိုင်ရန် စိတ်ချရလေ သည်။ သို့ဖြင့် ရှုပ်ထွေး ပွေလီခြင်းရှိသည်။ ယင်းကိုပြည့်စုံစွာ မြင်ရ၍ စနစ်တကျဖြေရှင်းမှသာလျှင်၊ လှည့်စားခြင်း,ဝါ,မှား ယွင်းခြင်းတို့မှ လုံးဝကင်းလွတ်မည့် အကြောင်း နားလည် ထားရာသည်။

ဇောတိဘုံ၏ သတ္တမ, ဝါ, အောက်ဆုံး ဘုံအဆင့်ခွဲတွင် လည်း၊ ကျွန်ုပ်တို့၏ ဤရုပ်ခတ်လောကသည် နောက်ခံကား ပင်ဖြစ်သည်ဆိုရာ၏။ သို့ရာတွင် လင်းကျင်း, ကောင်းမွန်,လှပ သောအရာအားလုံးတို့ကို မမြင်ရသဖြင့်၊ မြင်ရသော အာရုံ မှာ ချွတ်လွဲဖေါက်ပြန် တပိုင်းတစသာလျှင် ဖြစ်၍နေပေသည်။ ထို အခြင်းအရာတို့ကို၊ အနှစ်လေးထောင်လောက်က၊ စာ ရေးသူ အနိ က အီဂျစ်နိုင်ငံ ကျူရှိုးစက္ကူပေါ်တွင် ရေးသား ဖေါ်ပြခဲ့သည်မှာ "ငါရောက်လာသော နေရာဒေသမှာ ဘယ် လိုဟာမျိုးဖြစ်ပါလိမ့်။ ရေလဲမရှိ၊ လေလဲမရှိ။ မတိုင်းတာ မခန့်မှန်း နိုင်အောင်လည်း နက်ပါပေ၏။ မှောင်အမိုက်ဆုံး ညဉ့်ကဲ့သို့လည်း မိုက်မှောင်ပါပေ၏။ ထို ဒေသတွင် လူတို့ သည်လည်းခိုကိုးရာမဲ့ လှည့်လှည်ကျက်စားလျက်နေကြ၏၊ ထို ဒေသတွင် မည်သူမျှ စိတ်ချမ်းမြေ့စွာ နေနိုင်ဖွယ်ရာ မရှိပါတ ကား။" ထိုဇောတိဘုံ၏ အောက်ဆုံး အထပ်ခွဲတွင်ရှိသော ကံဆိုးလှသည့်လူအဖို့၊ ကမ္ဘာကြီးတခုလုံးသည် အမိုက်မှောင် နှင့်ရက်စက်ကြမ်းကြုတ်သောနေရာအတိသာလျှင်ဖြစ်ချေ၏။ သို့ ရာတွင် ထိုအမိုက်မှောင်သည်ကားသူ၏ အဇ္ဈတ္တသန္တာန်၌သာ

ထွက်၍ လာပြီးလျှင်ဆိုးသည်ဟု မရှိသော,ဆိုးယုတ်ကြောက်မက်ဖွယ်ရာ ညဥ့်အတွင်း၌၊သူ၏ဘဝကို ကုန်လွန်စေလေသည်။ ဤသည်ကားငရဲ(အဝီစိ)စင်စစ်ဖြစ်၏၊ သို့ရာတွင် ထိုငရဲသည်ကား၊ အခြားငရဲ အပေါင်းတို့ကဲ့သို့၊ လုံးဝလူ၏ ဖန်ဆင်းချက်သာ လျှင်ဖြစ်ချေသည်။

ဤသို့ဖေါ်ပြခြင်းဖြင့် အောက်ဆုံးထပ်ဇောတိဘုံခွဲမှာအားလုံးစိတ်ကူးမျှဖြစ်သည်၊ ဝတ္ထုဒြဗ်နှင့်တည်နေမှုမရှိဟု ကျွန်ုပ်မဆိုလိုပါ။ ထိုဇောတိဘုံထပ်သည် တစိတ် တဒေသ အားဖြင့်ခမြေမျက်နှာပြင်ပေါ်၌တည်၍၊ တစိတ်တဒေသအားဖြင့် (အားလုံးလောက်နီးနီး ဖြစ်ကောင်း ဖြစ်ပေမည်) မြေမျက်နှာပြင်၏အောက်တွင်၊ မြေသွားအစိုင်အခဲများကို ဖေါက်ထွင်းလျက်တည်နေလေသည်။ သို့ရာတွင် စင်ကြယ်ဘင့်တယ်သော ဘဝအခြေတွင် အသက်မွေးနေထိုင်မှုရှိသူ မည်သူမျှ ဤအလိုမရှိအပ်သောဒေသနှင့် တွေ့ရမည်မဟုတ်ချေ၊ ထိုဒေသ၏ဘည်ရှိမှုကို အာရုံပင် ပြုမိမည်မဟုတ်ချေ။ ထိုဒေသနှင့် သူအကယ်တွေ့ကြုံခဲ့လျှင်၊ မိမိ၏ကြမ်းထမ်းယုတ်မာသော အပြုအမူ,အပြောအဆို,ကြံစည် စိတ်ကူးမှုတို့ကြောင့်သာလျှင် လုံးသုံးဖြစ်ရပေမည်။

သာဝကအများတို့သည် ဤဇောတိဘုံ အစိတ်အပိုင်းကို စူးစမ်းရာ၌ အလွန်အကျုံး မနှစ်မြို့ဖွယ် ဖြစ်သည်ကိုတွေ့ရသည်။ အကြောင်းသော်ကား၊ ထိုအစိတ်အပိုင်းတွင် သိပ်သည်း ထူထပ်ရုန့်ရင်းကြမ်းထမ်းသော အာရုံတို့ကို ရရှိ၍၊ ယင်းတို့သည် လွတ်မြောက်လျက်ရှိသော ဇောတိခန္ဓာကို စေးကပ်မဲနက်သော အရည်အခွဲတို့အတွင်းသို့ ဖြတ်သန်းသွားနေရသကဲ့သို့

သောဝေဒနာစိတ်ကိုဖြစ်ပေါ်စေပြီးလျှင် မပြောပြနိုင်လောက်အောင် စက်ဆုပ်ရွံရှာစေလေသည်။ ဤ၌ကြုံတွေ့ရသော နေထိုင်သူတို့နှင့် အငွေ့အသက်တို့မှာလည်း လွန်ကဲစွာ မသတ်စရာကောင်းလှေ့ရှိလေသည်။

ဇောတိဘုံ၏ပဌမ ဒုတိယနှင့် တတိယ အဆင့်ခွဲတို့သည်၊ ဤရုပ်ဓာတ် လောကနှင့် တနေရာတည်း၌ပင် တည်လျက်ရှိသော်လည်း၊ ရုပ်ဓာတ်လောကနှင့် အတော်ဝေးကွာ၍ သိပ်သည်းမှုလည်းအလားဘူယုတ်လျော့လျက်ရှိသည်ဟုထင်ရလေသည်။ ဤအဆင့်များ၌ နေထိုင်လျက်ရှိသောသူတို့သည်ကမ္ဘာမြေနှင့် ဆိုင်ရာတို့ကို မမြင်တွေ့ဘဲ၊ မိမိတို့၏အာရုံများ၌သာ နက်နဲစွာ စူးစိုက်နေလေ့ရှိပြီးလျှင်၊ မိမိတို့၏ ပတ်ဝန်းကျင်များကို အများအားဖြင့်ဖန်ဆင်းနေကြသည်။ သူတို့ ဖန်ဆင်းထားသော ပတ်ဝန်းကျင်တို့သည်ကား အခြားသူတို့နှင့် ဒိဗ္ဗစက္ခု ရှိသူတို့ မြင်နိုင်လောက်အောင် ဝတ္တုပြဒ်ရှိလေသည်။ ဤအရပ်သည် ငါဉာဏ်စမ်းသပ်ပွဲတို့၌ ကျွန်ုပ်တို့ များစွာ ကြားရသော နွေရင်၊ ဝါ၊ ရုပ်သာယာ (နတ်ရပ်) ပင်၊ ဖြစ်လေသည်။ ယင်း ဝိဉာဏ် စမ်းသပ်ပွဲတို့သို့ ထိုအရပ်မှ ဆင်းသက်လာ၍ ထိုအရပ်အကြောင်းကို ဖော်ပြသူတို့သည် သူတို့ သိရသလောက် အမှန်ကိုပြောသည်မှာ ယုံမှားဖွယ်မရှိချေ။

ဤဇောတ် အထပ်ခွဲ ဘုံတို့၌ "ဝိဉာဏ်" တို့သည်၊ မိမိတို့၏အိမ်များ. ကျောင်းများ, နှင့် မြို့များကို ယာယီဖြစ်ပေါ်လာစေသည်။ ယင်း အရာဝတ္တုတို့သည်၊ အခိုက်အတန့်အားဖြင့် ပကတိကဲ့သို့ပင် ဖြစ်နေတတ်လေသည်။ သို့ရာတွင် ထို့ထက်ကြည်လင်ပြတ်သားသော အမြင်၌ကား၊ ယင်းတို့ကို မက်မက်

မောမော ဖန်ဆင်းထားသော သူတို့ ထင်သည်နှင့် တခါတရံ ယင်းတို့ မတူပဲ ဝမ်းနည်းဖွယ်ရာ ရှိနေလေသည်၊ မည်သို့ပင် ဖြစ်စေကာ၊ များစွာသော, စိတ်ကူးထားသည်အတိုင်းသရုပ် ပေါ်လျက်ရှိသောအရာတို့မှာ၊ ယာယီပင်ဖြစ်စေကာ၊ စင်စစ် လှပ၍၊ ထိုထက်မြင့်မြတ်သော မည်သည့် အရာကိုမျှမမြင်မသိ သေးသော ခရီးသွားဧည့်သည် သည်၊ ရုပ်လောကဌရှိသောအ ရာခပ်သိမ်းတို့ထက်သာလွန်သောတောများ, တောင်များ,ချစ် စရာကောင်းသော ကန်များ, နှစ်လိုဖွယ်ရှိသော ပန်းဥယျာဉ် များအကြားတွင် နှစ်သက်ကျေနပ်စွာ လှည့်လည်နိုင်ဖွယ်ရာရှိ လေသည်။ သို့မဟုတ် ထိုကဲ့သို့သော ပတ်ဝန်းကျင်များကို၊ မိမိ ၏စိတ်ကူးနှင့်တိုက်ဆိုင်အောင်၊မိမိပင်လည်း ဖန်ဆင်းဆောက် လုပ်နိုင်ရာသည်။ ထိုဇာတိဘုံဆိုင်ရာ အထက်အဆင့်ခွဲများ၏ တခုနှင့်တခု ခြားနားချက် အသေးစိတ်များကို၊ယင်းတို့ဌနေသူ လူသားများအကြောင်းကို ဖေါ်ပြသောအခါ ပိုမိုလွယ်ကူစွာ ရှင်းလင်းပြောဆို နိုင်ပေမည်။

ဇာတိဘုံ ရှုခင်းများ အကြောင်းတွင်၊ ဇာတိ အလင်း ရောင် မှတ်တမ်းများ ဟု မကြာခဏ ဖေါ်ပြလေ့ရှိ၍၊ ထိုသို့ ဖေါ်ပြမြင်းမှာ မှားသည် ဟု ကျွန်ုပ် ထင်သော, အကြောင်း အချက် အချို့မပါလျှင် ပြည့်စုံလိမ့်မည် မဟုတ်ချေ။ ဒီဗွ မှတ် ဉာဏ်၏ ရုပ် ဖြစ်ပေါ်လျက် ရှိခြင်းဘမျိုး, ဖြစ်ပျက်ခဲ့သော အခြင်းအရာ ခပ်သိမ်းတို့၏ သက်ရှိဓာတ်ပုံကဲ့သို့ သရုပ်ပေါ် နေခြင်း တမျိုး, စင်စစ်ဖြစ်သော ဤ မှတ်တမ်း တို့ သည်ကား၊ ထို့ထက် များစွာမြင့်သောဘုံ အဆင့် ဌသာ အမှန် တကယ်, အမြဲတစေ, ခတ်နှိပ်လျက် တည်ရှိလေသည်။ ဇာတိ ဘုံဌ

သော် ယင်းတို့ ရံဖန်ရံခါ အရောင်လာ၍ ဟပ်ခြင်းမျှသာ ဖြစ်လေသည်။ ထို့ကြောင့် ဤကို ကျော်လွန်၍ မြင်နိုင်သော ဈာန် တန်ခိုး မရှိသူသည်၊ အတိတ်၏ ဆက်စပ်ပေါင်းရုံးလျက် ရှိသော ဝဋ္ဋအပြည့်အစုံ အစား ဆက်စပ်ခြင်းမရှိ၊ ရံဖန်ရံခါ သာ ပေါ်ပေါက်လာသော ရုပ်ပုံများကိုသာ မြင်နိုင်ဖွယ်ရာ ရှိ လေသည်။ မည်သို့ပင် ဖြစ်စေကာ ဤ အရောင် ဟပ်လျက် ရှိ သော အတိတ်အဖြစ်အပျက် ရုပ်ပုံတို့သည် ဇောတိဘုံ၌ အစဉ် တစိုက် ပေါ်လျက်ရှိပြီးလျှင်၊ ထိုဘုံ၌ စူးစမ်းနေသူ၏ ပတ်ဝန်း ကျင်တို့တွင် အရေးကြီးသော အစိတ်အပိုင်းဖြစ်၍နေပေသည်။ ယင်း တို့၏ အကြောင်းကို ဤ၌ဤသို့ ဖေါ်ပြရုံမျှသာ ဖေါ်ပြ ရန် နေရာ ရှိချေသည်။ သို့ရာတွင် ထို့ထက်ကျယ်သော ယင်း တို့၏ အကြောင်းအရာများကို၊ ဒိဗ္ဗစက္ခု (Clairvoyance)ဟု ခေါ်သော ကျွန်ုပ်၏ စာအုပ်ငယ်၊ အခန်း ၇ တွင်၊ တွေ့ရ ပေလိမ့်မည်။

---

## အခန်း (၃)

### ဘုံသားများ။

ကျွန်ုပ်တို့၏ ပန်ချီကားတွင် နောက်ခံကို အသင့်အတင့် မျှ ရေးဆွဲပြီးသဖြင့်၊ ရုပ်ပုံများကို ဖြည့်စွက် ထည့်သွင်း ရန်– ဇောတိ ဘုံသားများကို ဖေါ်ပြရန်-ယခု ကျွန်ုပ်တို့ ကြိုးစားရ ပေမည်။ ဤ ဘုံသား တို့၏ အမျိုးအစားတို့မှာ မြောက်မြား လှသဖြင့်၊ ယင်း တို့ကို စီစဉ်ခွဲခြား ဇယားဖြင့် ပြရန် အလွန်မှ ခက်ခဲလှပေ၏။ အလွယ်ဆုံး နည်းလမ်းမှာ ယင်း တို့ကို လူ

(မနုဿ), လူမဟုတ်(အမနုဿ)နှင့် ပကတိမဟုတ်ဟု အ ျိုး အစားကြီး သုံးမျိုး ခွဲခြားရန်ဖြစ်၏။

## ၁။ လူ (မနုဿ)

ဇောတိ ဘုံသား လူ တို့တွင် သဘာဝအတိုင်း နှစ်စု ကွဲ လျက် ရှိ၏။ ရှင် သူများ နှင့် သေသူများ၊ သိုမဟုတ်၊ တို့ ထက် သေချာစွာ ဆိုရသော်၊ ရူပက္ခန္ဓာရှိသေးသူများ နှင့် မရှိ သူများ ဖြစ်ကြ၏။

## ၁။ ရှင်သူများ။

ရုပ်လောကတွင်နေထိုင်လျက်ရှိစဉ်၊ ဇောတိဘုံ၌ ပေါ်ထင် လျက် ရှိသူများအား၊ လေးမျိုးထပ်မံခွဲခြားရာ၏။

(၁) **အသေက္ခ ရဟန္တာနှင့် သူ၏တပည့်များ။** ဤအတန်း ၌ ပါဝင်သူတို့သည် သာမန်အားဖြင့် ဇောတိ ၁န္ဓာကို မဟုတ် ပဲ၊ မနက္ခန္ဓာကိုသာလျှင် မိမိတို့၏ ဝါဟန အနေဖြင့် အသုံး ပြုကြလေသည်။ ထိုသို့ ပြုသော မနက္ခန္ဓာသည် ထို့အထက်၌ တည်သော ဘုံ၏ အောက်, သို့မဟုတ်, ရူပလေးဆင့်နှင့်ဆိုင် သော ဒြပ်တို့ဖြင့် ငြိးလေသည်။ ယင်း ဝါဟန ကို သုံးခြင်း ဖြင့် မန (ရူပဗြဟ္မာ) လောကမှ ဇောတိ (ကာမဒေဝ) လောက သို့ တမဟုတ်ချင်း ကူးသန်းသွား၍ တဖန် ပြန်လာနိုင်ပြီးလျှင် ယင်း ၏ ဘုံနှင့် ဆိုင်သော တိုးတက် ကြီးမားသည့် တန်ခိုး နှင့် တိုးတက်ထက်သန်သည့်အာရုံကို အသုံးပြုနိုင်ခွင့်ရသည့်အကျိုး ရှိလေသည်။

မနက္ခန္ဓာကို ဇောတိစက္ခုဖြင့် သဘာဝအတိုင်း မမြင်နိုင်ချေ။ ထို့ကြောင့် မနက္ခန္ဓာအတွင်းမှနေ၍ ဆောင်ရွက်သော တပည့်သာဝကသည်၊ ဤသို့ ဆောင်ရွက်နေစဉ်၊ ယင်း တို့ကို ထိရောက်စွာ အကူအညီပေးရန် အလို့ငှာ၊ ဇောတိ ဘုံသားများက မိမိအား မြင်စေလိုသော်၊မိမိ၏ ပတ်လည်တွင်ယာယီ ဇောတိ ဒြပ် အဖုံးကို လွှမ်းခြုံထားလိုက်ရန် လေ့လာထားလေသည်။ မာယာဝိရူပ ဟု ခေါ်သော ဤယာယီ ခန္ဓာကို၊ ပဌမ အကြိမ်တွင် ယင်း၏ ဆရာအသျှင်က ယင်း အဖို့ ပြုလုပ်ပေးလေ့ရှိသည်။ ထို့နောက်သူ့ကိုယ်တိုင်ထိုခန္ဓာကို အလွယ်တကူ, အလျင်အမြန်, ပြုလုပ်နိုင်ရန် သူ့အား သင်ကြား ကူညီ ပေးလေသည်။ ဤကဲ့သို့သော ဝါဟန တွင်၊ လူ၏ အသွင်ကို အတိအကျ ပုံပေါ်စေလျက်ရှိသော်လည်း ထိုသူ၏ ဇောတိခန္ဓာမှ မည်သည့်ဒြပ်မျှ မပါဝင်ချေ။ သို့ရာတွင် ရူပက္ခန္ဓာ နှင့် ရုပ်ဒြပ်များဖြင့် ပုံပေါ် (ကိုယ်ထင်ပြ) ထားသော ရုပ်တို့ တူသကဲ့သို့ပင်၊ ယင်းဇောတိ ဝါဟန နှင့် သူ၏ ဇောတိခန္ဓာ တို့မှာ တူပေသည်။

သူ၏ တိုးတက်မှု အစ အခြေတွင်၊ တပည့် သာဝက ကို အခြားသူတိုင်း ကဲ့သို့ပင်၊ မိမိ၏ ဇောတိခန္ဓာအတွင်း၌ ဆောင်ရွက်နေသည်ကို တွေ့ရပေမည်။ သို့ရာတွင် မည်သည့် ဝါဟန ကိုပင် သူ အသုံးပြုလျက်ရှိစေကာ၊ အရည်အချင်း နှင့် ပြည့်စုံသော ဆရာကို ခေါ်ဆောင်ပြု၍ ဇောတိဘုံသို့ရောက်သွားသော သူသည်၊ ထိုဘုံ၌ သိမြင်သော စိတ်အာရုံပြည့်စုံနိုင်သလောက် ပြည့်စုံစွာရှိ၍၊ ထိုဘုံ၏ အဆင့်ခွဲအားလုံးတို့တွင် လုံး၀ လွယ်ကူစွာ ကျက်စား ဆောင်ရွက်နိုင်ချေသည်။ သူသည် လူ့ဘုံ၌

သူ့မိတ်ဆွေများက သူ့ကို သိထားသည်နှင့် တထေယျာတည်း ပင်၊ ဇောတိဘုံ၌ စင်စစ် ထို့အတိုင်း ဖြစ်ချေသည်။ ဇောတိ ဝါဟနကို သူ ယူထားသောအခါ သူ၌ ရူပက္ခန္ဓာနှင့် အာကာ သဓာတ် ရုပ်တု မရှိခြင်းနှင့်၊ မန ဝါဟန ကို သူယူထားသော အခါ သူ၌ ယင်း ဝါဟန အပြင် ဇောတိ ဝါဟနကိုပါ ရှိခြင်း ၌သာ ထူးလေတော့သည်။ ၎င်းပြင် မနဝါဟနကို သူယူထား သောအခါ ထို မြင့်မြတ်သော ဝါဟန နှင့် ဆိုင်သည့် တန်ခိုး သတ္တိများ သူ၌ရှိ၍၊ ယင်း တန်ခိုးသတ္တိများက နိုးနေစဉ် သူ စဉ်းစား နေလေ့ ရှိသော များစွာသော သဗ္ဗညုတ ဉာဏ လုပ်ငန်းတို့ကို၊ သူ အိပ်ပျော်နေစဉ် ဇောတိဘုံ၌ သူ့အား ပို မို လွယ်ကူထိရောက်စွာ ဆောင်ရွက်နိုင်စေလေသည်။ ဇောတိ ဘုံ၌ သူဆောင်ရွက်လေ့လာခဲ့သော အရာတို့ကို လူ့ရုပ်ဘုံ၌ သူ အပြည့်အစုံ အတိအကျ ပြန်လည် မှတ်မိ မမှတ်မိ ဆိုသော ပြဿနာ မှာ၊ သူ၏ အသိဉာဏ်ကို အလျဉ်မပြတ်စေပဲ အခြေ အနေ (၁၀) တခုမှ အခြားတခုသို့ သူ ဆောင်နိုင် မဆောင် နိုင် ဟူသော အချက်ပေါ်၌ တည်လေသည်။

စူးစမ်းသူသည် ဇောတိဘုံ၌ တခါတရံ ကမ္ဘာ အရပ်ရပ်မှ ဂုတ္တဝိဇ္ဇာကို လေ့လာနေသူများနှင့်တွေ့ရသည်။ ယင်းတို့သည် သဗ္ဗညုတ ဉာဏ အသင်းသားများ အားလုံး သိသည့် ဆရာ အသျှင်များနှင့် လုံးဝ ဆက်သွယ်ခြင်း မရှိသည့် ဗဟိဒ္ဓာန များ နှင့် ဆိုင်၍၊ အများအားဖြင့် လွန်စွာမှ ကိုယ်ကျိုးကို စွန့်လွှတ် ၍ ထက်သန်စွာ အားထုတ် နေသည့် တရားရှာ ပုဂ္ဂိုလ် များ ဖြစ်ချေသည်။ သို့ရာတွင် ထိုဗဟိဒ္ဓာန အားလုံးတို့သည်ပင် ဟိမဝန္တာ ပရမတ္တသင်္ဃာ ဂိုဏ်းကြီး၏ တည်ရှိခြင်းကို ယုတ်စွ

အဆုံးသိ၍၊ ထို ဂိုဏ်းတွင် ကမ္ဘာပေါ်၌ ယခု သိသ၍ တွင် အမြင့်မြတ်ဆုံးသော အသေက္ခရဟန္တာအသျှင်တို့ ပါဝင်လျက် ရှိသည်ဟု ဝန်ခံခြင်းမှာကား မှတ်သားဖွယ် ကောင်းလေသည်။

(၂) **ဆရာအသျှင်၏ညွှန်ပြချက်မရှိပဲဇောတိအာရုံဖွံ့ဖြိုးလျက်ရှိသူ။** ။ ထိုကဲ့သို့သောသူ၌ ဝိဉာဏ်စိတ် ဖွံ့ဖြိုးမှု ရှိမှရှိပေမည်။ အဘယ်ကြောင့် ဆိုသော် ထိုဇောတိ အာရုံ နှင့် ဝိဉာဏ်စိတ် တိုးတက်မှု နှစ်ရပ်တို့သည် အမြဲယှဉ်တွဲ၍ မသွားချေ။ လူတယောက်သည် ဇောတိ အစွမ်းသတ္တိများ နှင့် မွေးဖွား လာသော်, ရှေးဘဝက အားထုတ်မှု များ ၏ အကျိုးကြောင့်ဖြစ်လေသည်။ ယင်းအားထုတ်မှုများသည် ကိုယ်ကျိုးရှာ မပါပဲ အမြင့်မြတ် ဆုံးသော အမျိုးအစား သော်လည်း ဖြစ်ပေမည်။ ဤသို့ မဟုတ်ပဲ၊ မသိလွဲမှားလျက် ပြုခြင်း သော်လည်း ဖြစ်ပေမည်။ သို့မဟုတ်၊ လုံးဝယုတ်နိမ့်လျက် သော်လည်း ရှိပေမည်။

ထိုကဲ့သို့သော လူသည် ရူပက္ခန္ဓာမှ ကွာသွားသော အခါ သတိ (သိမှုအာရုံ) ကောင်းစွာရှိသော်လည်း၊ မှန်ကန်သော လေ့လာမှု မရှိသောကြောင့်၊ မိမိ မြင်ရသော အရာတို့နှင့် စပ်လျဉ်း ၍ လှည့်စားခြင်း အကြီးအကျယ် ခံရတတ် လေသည်။ နောက်ဆုံးဖေါ်ပြခဲ့သော အတန်းအစားဝင် ပုဂ္ဂိုလ်များ နီးပါးမျှ ဇောတိဘုံ အဆင့်ခွဲတို့တွင် သူ သွားလာ ကျက်စားနိုင်စွမ်း ရှိတတ်သော်လည်း၊ တခါတရံ အဆင့်ခွဲတခုခုသို့သာ သူအထူးသဖြင့် လိုက်ပါသွားတတ်ပြီးလျှင်၊ ထိုအဆင့်၏ လွှမ်းမိုးမှုများကို ကျော်လွန်၍ သူသွားခဲ့သည်။ သူ မြင်ခဲ့ရသည်တို့ကို သူပြန်လည်သတိရခြင်းမှာလည်း လုံးဝ ကြည်လင်ပြတ်သားခြင်း

မှ၊ လုံးဝ ချွတ်ယွင်း ဖေါက်ပြန်ခြင်း, ဝါ, လုံးဝပြောက်ကွယ် သွားခြင်း သို့တိုင် အခြေအနေ အမျိုးမျိုးအားဖြင့် သူ၏ပါရမီ အလိုက် ကွဲပြား ခြားနား နိုင်သည်။ မနက္ခန္ဓာ အတွင်း၌ ကျက်စားခြင်း မပြုတတ်ချေရကား၊ ဇောတိခန္ဓာ အတွင်း၌ သာလျှင် သူ အမြဲပေါ်၍ နေလေသည်။

(၃) **သာမန်လူ(ပုထုဇဉ်)**။ ဇောတိအာရုံများ ဖွံ့ဖြိုးခြင်း မရှိသူ။ အိပ်ပျော် နေစဉ် အနည်းအများ သတိ မရှိပဲ ဇောတိခန္ဓာ အတွင်း၌ လွင့်ပါးနေသူကိုဆိုလိုသည်။ အိပ်မောကျနေစဉ် ဇောတိဝါဟန၏ အမြင့်စား ဓမ္မဓာတ်တို့သည် ရူပက္ခန္ဓာမှအမြဲတစေ ထွက်ခွာသွားပြီးလျှင်၊ အနားပတ်ဝန်းကျင်၌ပျံ့ဝဲ၍နေသည်။ တိုးတက်မှုလုံးဝ မရှိသေးသော သူတို့၌ကား၊ ရူပက္ခန္ဓာကဲ့သို့ပင် ယင်းတို့သည်လည်း အိပ်ပျော်၍နေချေသည်။

အချို့ သူတို့တွင်၊ ဇောတိ ဝါဟန သည်၊ ထိုမျှ ငြိမ်သက်၍ မနေချေ။ အမျိုးမျိုးသော ဇောတိ ဓာတ် လှုပ်ရှားကြောင်းများပေါ်တွင် အိပ်မက် မက်သကဲ့သို့လွင့်ပါးလျက် တခါတရံ မိမိနှင့်အခြေတူ အခြားသူများ ကို မှတ်မိကာ, နှစ်လိုဖွယ် မနှစ်လိုဖွယ် အာရုံ အမျိုးမျိုးတို့နှင့်တွေ့ကြုံကာ,နေလေသည်။ ထိုအာရုံများနှင့် ဆိုင်သော မှတ်ဉာဏ်မှာ မြှော်လင့်ဖွယ်မရှိအောင် ရှုပ်ထွေး၍၊ စင်စစ်ဖြစ်ရပ်ကို ကိုးရိုးကားရားလွဲမှား ဖေါက်ပြန် ဖြစ်၍နေစေပြီးလျှင်၊ နောက်တနေ့ နံက်တွင် ထိုသူအား အဘယ်မျှအံ့သြဖွယ်ကောင်းသည့် အိမ်မက်ကို ငါ မက်ခဲ့ပါလိမ့်ဟု တွေးထင်စေလေသည်။

ကမ္ဘာပေါ်ရှိ မြင့်မြတ်သော လူမျိုး များတွင် ပါဝင်၍၊ ယဉ်ကျေးမှုရှိသောသူ အားလုံး တို့၌ပင် မျက်မှောက် ကာလတွင် မိမိတို့၏ ဇောတိအာရုံများ အတော် အသင့် ဖွံ့ဖြိုးပြီး ရှိလေသည်။ ထို့ကြောင့် သူ့ကို အိပ်ပျော်နေစဉ်သူတို့အား ဝန်းရံနေသည့် ပကတိ သော အရာများ ကို စူးစမ်းရန် သူတို့ ၏ အာရုံများ နိုးကြားလာမည်ဆိုလျှင်၊ ယင်းတို့ကို သူတို့ ရှုမြင်၍၊ ယင်းတို့မှ လေ့လာစရာ များစွာရပေမည်။ သို့ရာတွင် လွန်စွာ မြောက်မြားသောသူတို့၌ ယင်းဇောတိ အာရုံများမှာ နိုးကြားခြင်း မရှိသေးသဖြင့်၊ သူ့ကိုသည် သူတို့အိပ်ပျော်သွားစဉ် စိတ်ထဲ၌ အထက်သန်ဆုံးသော စိတ်အာရုံ၌ စွဲမက်ဝင်စားကာ ဖေါက်ပြန်သော အိပ်မက်များကို မြင်မက်လျက် များစွာသော ညည့် တို့ကို ကုန်လွန် စေလေသည်။ သူတို့ ၌ ဇောတိအစွမ်းသတ္တိများပါရှိ၏၊ သုံးခဲသည်။ ဇောတိဘုံ၌ သူတို့စင်စစ် နိုးလျက်ရှိပါ၏။ သို့ရာတွင် ဇောတိဘုံကို အနည်းငယ် မျှ သူတို့ အာရုံမပြုနိုင်။ ထို့ကြောင့် သူတို့၏ ပတ်ဝန်းကျင်များကိုရိပ်မိသည့်တိုင်၊ ရေးရေး,မကွဲမပြားသာလျှင်,ရိပ်မိချေသည်။

ထိုကဲ့သို့သောသူသည်၊ ဗောဓိဉာဏ်ရှင်အသေက္ခ ရဟန္တာတပါး ၏ တပည့် သာဝက ဖြစ်လာသော် သူ့အား အိပ်မက်မက် သကဲ့သို့သော အခြေမှ ကျွတ်လွတ်စေ၍၊ ဇောတိဘုံ ၌ မိမိပတ်ဝန်းကျင်တွင်ရှိ ပကတိသော အရာဝတ္ထု တို့ကို လုံးဝ သိမြင်စေပြီးလျှင်၊ ယင်း တို့ကို လေ့လာစေ, ယင်းတို့ အလယ်၌ ဆောင်ရွက် လုပ်ကိုင်လျက် နေစေလေသည်။ သို့ဖြင့် သူ၏ အိပ်ပျော်နေချိန်များသည် အလဟာသ မဖြစ်တော့ပဲ၊ မောပန်းသွားသော ရုပက္ခန္ဓာ၏ ကျမ်းမာမှုအတွက် အိပ်ပျော်နားနေ

ခြင်းကို အနည်းငယ်မျှ အနှောက်အရှက် မဖြစ်စေပဲ၊ ထက်သန် အကျိုးရှိသော လုပ်ငန်းဖြင့် ပြည့်ဖြိုးနေလေသည်။ (''မမြင် ရသော ကူညီသူများ''ခေါ် စာအုပ် အခန်း ၅ ကိုကြည့်ပါ)။

တိုးတက်ခြင်း မရှိသေးသော လူမျိုးများနှင့် လူပုဂ္ဂိုလ် များ၌၊ ဤ ရူပကန္ဒာမှ ကွဲကွာသျက်ရှိသော ဇောတိခန္ဓာ တို့ သည် ပုံပန်းမဲ့လုနီးပါး ဖြစ်၍ အရေး အကြောင်းများ သေ သတ်ခြင်းမရှိချေ။ သို့ရာတွင် လူ သည် အသိဥာဏ် နှင့် လော ကုတ္တရာ အာရုံတို့၌ တိုးတက်ဖွံ့ဖြိုးလာသောအခါ၊ သူ၏ လွင့် ပါးနေသော ဇောတိ ခန္ဓာသည် ပို၍ သေသတ် လာပြီး လျှင်၊ ယင်း ၏ ရုပ်အိမ်နှင့် ပို၍တူလာလေသည်။ တိုးတက်ဖွံ့ဖြိုးခြင်း မရှိသေးသောဇောတိရုပ် ၏ အရေး အကြောင်းများမှာ ဤမျှ မှေးမှိန်၍ လူတို့တွင်လည်း အလွန်မြောက်မြားစွာသော သူတို့ မှာ တိုးတက်ဖွံ့ဖြိုးခြင်းမရှိသေးသော အတန်းအစားနှင့်သာ ရှိ ချေရကား၊ သာမန် လူတို့ကို ယင်းတို့၏ဇောတိ ခန္ဓာအတွင်း ၌ ရှိနေစဉ်၊ အဘယ်သို့လျှင် မှတ်မိနိုင်ပါအံ့ နည်း ဟု မကြာ ခဏ မေးလေ့ရှိကြသည်။ ဤအမေးကို ဖြေဆိုရာ၌ ကျွန်ုပ်တို့ နားလည် ထားရမည့် အချက်မှာ၊ ဒိဗ္ဗစက္ခုဖြင့် ကြည့်သော အခါ၊ လူ၏ရူပကန္ဒာသည် ရောင်လျှံဟုခေါ်သောအရာကာဝန်း ရံလျက် ပေါ်ထင်နေခြင်းဖြစ်သည်။ ယင်းရောင်လျှံဟု ခေါ် သောအရာမှာ တောက်ပြောင်၍ အသွေးအရောင် ရှိသော အ ခိုးအငွေ့ဖြစ်၍၊အကြမ်းအားဖြင့် ဘဲဥပုံသဏ္ဌာန် ရှိပြီးလျှင် ရူပ ကာယမှ အဖက်ဖက်သို့ တဆဲ့ရှင်လက်မမျှတိုင် ပြန့်ထွက် ၍ နေလေသည်။ ဤရောင်လျှံမှာ အလွန့်အလွန်ရှုပ်ရှက်လျက်ရှိ ပြီးလျှင် လူ့၏ဝါဟန ရှိသောဘုံတို့၏ ဒြပ်များ ပါဝင်လျက်

ရှိသည်။ သို့ရာတွင် ယင်းရောင်လျှံကို၊ ဇောတိထက် မြင့်သော အမြင်မရှိသူသို့ ပေါ်ထင်လျက်ရှိမည့် အနေဖြင့်သာ အခိုက်အတန့် အားဖြင့် ကျွန်ုပ်တို့ ဆင်ခြင်ကြည့်ကြဦးစို့။

ထိုကဲ့သို့သော သူအဖို့ ရောင်လျှံတွင် ဇောတိဒြပ် သည်သာ ပါဝင်လျက်ရှိ၍ လေ့လာရန်သာ၍ ရှင်းလင်းသော ဝတ္ထုဖြစ်ပေလိမ့်မည်။ သို့ရာတွင် ဤဇောတိဒြပ်သည် ရူပက္ခန္ဓာကို ဝန်းရံလျက်သာမဟုတ်၊ ဖေါက်ထွင်း လျက်လည်း ရှိပြီးလျှင်၊ ထိုခန္ဓာ၏ အနားဝန်း ပြင်ပ၌ထက် အတွင်း၌ ပိုမိုသိပ်သည်းလျက်ရှိသည်ကို မြင်ရပေလိမ့်မည်။ဤသည်ကား ရူပက္ခန္ဓာ ကလာပ်မှုန့် တို့၏ အတွဲအဖက်များအနေဖြင့်၊ ထိုခန္ဓာအတွင်း၌ စုရုံးနေသည့် သိပ်သည်းသော ဇောတိ ဒြပ် မြောက်မြားစွာ တို့၏ ဆွဲငင်မှုကြောင့် ဖြစ်ဟန်ရှိသည်။ မည်သို့ပင်ဖြစ်စေကာ ဇောတိခန္ဓာ၏ဒြပ်သည်ရူပက္ခန္ဓာ၏ ပြင်ပ၌ထက်အတွင်း၌အဆပေါင်းများစွာပိုမိုသိပ်သည်းသည့်အချက်ကိုကားယုံမှားဖွယ်မရှိချေ။

အိပ်ပျော်နေခိုက်၊ ဇောတိခန္ဓာသည် ရူပက္ခန္ဓာမှ ထွက်ခွာသွားသောအခါ၊ ယင်းဇောတိခန္ဓာ အစီအစဉ်သည် တည်မြဲအတိုင်း တည်လျက်ရှိ၍၊ ဒိဗ္ဗစက္ခုရှိသူသည် ဤကဲ့သို့သော ဇောတိခန္ဓာကိုကြည့်လျှင်၊ ရှေးကကဲ့သို့ပင် ရောင်လျှံဖြင့်ဝန်းရံလျက်ရှိသော ရူပက္ခန္ဓာနှင့် အသွင်တူသည့် ရုပ်သဏ္ဍာန်ကို မြင်ရသည်။ဇောတိဒြပ်သာလျှင် ထိုသဏ္ဍာန်၌ ယခုရှိနေတော့သော်လည်း၊ ယင်းနှင့်ယင်းကို ဝန်းရံလျက်ရှိသော အခိုးအလျှံတို့၏ သိပ်သည်းမှု၌ ကွာခြားခြင်းသည်၊ သဏ္ဍာန်မှာပိုမိုသိပ်သည်းသော အခိုးအလျှံသာ ဖြစ်စေကာ၊ ရှင်းလင်းပြတ်သားစွာ ခွဲခြားနိုင်လောက်အောင် ရှိပါပေသည်။

ပါရမီရင့်သူနှင့် မရင့်သေးသူတို့၏ အသွင်သဏ္ဌာန်များကွာခြားခြင်းနှင့်စပ်လျဉ်း၍ ယခုဖော်ပြရမည်ဆိုသော်၊ ပါရမီမရင့်သေးသူတို့၌ပင်၊ မထင်မရှား ဝိုးဝါးပင်ရှိစေကာ၊ ယင်းတို့၏ အဇ္ဈတ္တအသွင်သဏ္ဌာန်ကို အစဉ်သဖြင့်မှတ်မိနိုင်ခဲလေသည်။ သို့ရာတွင်ယင်းကို ဝိုင်းရံလျက်ရှိသော ဘဲဥပုံကိုကား ဘဲဥပုံဟုပင် ခေါ်ရန်ခဲယဉ်းလေသည်။ အကြောင်းသော်ကား ထိုအရာမှာ မညီမညာ အနားကြောင်းမဘည်မြဲသော ပုံသဏ္ဌာန်မဲ့မှုန်ဝိုး အတွန့်အလိမ်မျှသာ ဖြစ်ချေသည်။

ပါရမီပိုမိုရင့်သန်သူ၌သော်ကား ရောင်လျှံတွင်သော်၎င်း, ထို့အတွင်းသဏ္ဌာန်တွင် သော်၎င်း, ပြောင်းလဲ သွားခြင်းမှာ အလွန် သိသာပေသည်။ အတွင်းသဏ္ဌာန်မှာ အတူးပိုမိုထင်ရှားပြတ်သား၍၊ လူ၏ရုပ်အသွင်နှင့် ပိုမိုနီးစပ် တူဆင်လျက်ရှိလေသည်။ ရောင်လျှံမှာလည်း ပျံ့လွင့်လျက်ရှိသော မှုန်ဝိုး အတွန့်အလိမ်အစား၊ ထင်ရှား ပြတ်သားသော ဘဲဥပုံသဏ္ဌာန် ဖြစ်၍နေသည်ကို မြင်ရပေ၏၊ ထိုပုံသဏ္ဌာန်သည်လည်း၊ ဇောတိဘုံ၌ အမြဲဝေ့ဝိုက် တိုက်ခိုက်လျက်နေသော စီးကြောင်း အပေါင်းတို့၏အလယ်၌ ထိခိုက်ပျက်ပြားခြင်းမရှိ ပကတိအတိုင်း တည်ရှိနေလေသည်။

လူတို့၏ရုပ်သတ္တိများမှာ ထက်သန်ဖွံ့ဖြိုးဆဲဖြစ်၍၊ လူပုဂ္ဂိုလ်တို့မှာလည်း ပါရမီရင့်သန်မှု အခြေအမျိုးမျိုးတို့၌ ရှိနေချေရကား၊ ဤပါရမီရင့်သန်သော ပုဂ္ဂိုလ်အတန်းအစားတို့သည်၊ ပါရမီမရင့်သန်သေးသော ပုဂ္ဂိုလ်အတန်းအစား အတွင်းသို့၊ တရွေ့ရွေ့တဖြေးဖြေး မသိမသာဝင်၍ သွားလေသည်။

(၄)။ **မှော်ဆရာ, သိုမဟုတ်, သူ၏တပည့်။** ။ဤအမျိုးသည် ပဉ္စမအမျိုးအစားနှင့် အနည်းငယ်ဆင်သည်။ ကွာခြားချက်မှာ ထက်သန်ဖွံ့ဖြိုးခြင်းသည် ကောင်းမှုအစားမကောင်းမှုအဖို့ဖြစ်၍၊ ရရှိသော တန်ခိုးသတ္တိတို့ကိုလည်း လူသားတို့၏အကျိုးအစားကိုယ်ကျိုးသက်သက်အလို့ငှာအသုံးပြုခြင်းဖြစ်၏။ ထိုအမျိုးအစား၏အောက်တန်းတွင်ဝူးဒူး, သို့မဟုတ်, အိုဗေအားဂိုဏ်းဝင်, ကြောက်ရွံ့ဖွယ်ကောင်းသော ပူဇော်ပသမှုတို့ကို ကျင်းပပြုလုပ်လေ့ရှိသည့်ကပ္ပလီအမျိုးသားများနှင့်, လူရိုင်းမျိုးများစွာတို့တွင် ဆေးဆရာ (ပုဏ္ဏား) ခေါ်သူတို့ ပါဝင်လေသည်။ သူတို့အထက်တွင် သူတို့ထက် ဉာဏ်သာ၍၊ ထို့ကြောင့်ပင် သူတို့ထက် အပြစ်ဆိုဖွယ်ရှိသော၊ တိဗက်လူမျိုးမှော်ဆရာတို့တည်ရှိလေသည်။ ထိုသူတို့ကို၊ ဥရောပတိုက်သားတို့က၊ ဒုဂ္ပများဟု မကြာခဏမှားယွင်း ခေါ်ဆိုလေ့ရှိသည်၊ သို့ရာတွင် ဗိုလ်မှူးဝက်ဒယ်ကသူ၏ "တိဗက်ဗုဒ္ဓဝါဒ" အကြောင်းစာအုပ်တွင် မှန်ကန်စွာရှင်းလင်း ဖေါ်ပြထားသည်အတိုင်း၊ ထိုဘွဲ့အမည်မှာ တပိုင်းတစ ပြုပြင်ထားသော တိဗက်ဗုဒ္ဓဝါဒဂိုဏ်း၏ တစိတ်တဒေသဖြစ်သော ကရ်ဂျု ခေါ် ဘိုတန်နိစ် (ဘုတန်) ဂိုဏ်းခွဲနှင့်သာ ဆိုင်လေသည်။ ဒုဂ္ပတို့သည် အမှန်ပင် တန္တြမှော်ကို အတော်လိုက်စားကြသည်။ သို့ရာတွင် အလျင်း ပြုပြင်ခြင်းမရှိပဲ ဦးထုပ်နီဆောင်း ဂိုဏ်းခွဲသားတို့သည်ကား နိန်မာပ တို့ဖြစ်ကြလေသည်။ သူတို့ထက် များစွာ ကျော်လွန်၍ ယုတ်နိမ့်သော ဗုန်ပ ခေါ်သူတို့လည်း ရှိကြပေသေးသည်။ ထိုသူတို့မှာ မည်သည့် ဗုဒ္ဓဝါဒ အမျိုးအစားကိုမျှ လက်မခံပဲ၊ တိုင်းရင်းအယူဝါဒကိုသာ လိုက်နာကြသူ

များဖြစ်လေသည်၊ သို့ရာတွင် ဂေလုဂ္ဂ ဂိုဏ်းမှတပါး အခြား အားလုံးကုန်သော တိဗက် ဂိုဏ်း တို့မှာ အမှန်မလွဲ လုံးလုံး လျားလျား ဆိုးယုတ်သော ဂိုဏ်းဘို့သာ ဖြစ်သည်ဟူ၍ လည်း မထင်မှတ်သင့်ပေ။ အခြားဂိုဏ်းများ၏ စည်းကမ်းများက လိုက်နာရာဝယ် အတော်များစွာ လျော့လျည်း၍ ခွင့်ပြုချေရ ကား၊ ထိုဂိုဏ်းများတွင် တင်းတင်းကျပ်ကျပ် ပြုပြင်သူတို့၏ ဂိုဏ်းများ၌ထက် ကိုယ်ကျိုးရှာသမားများ၏ အရေအတွက် ကို များစွာပိုမို၍တွေ့ရကောင်းတွေ့ရပေမည်ဟုယူဆမှ သာ၍ ယထာဘူတကျပေမည်။

## ၂။ သေသူများ။

ရှေးဦးစွာသေသူဆိုသော၍စကားသည်ဖေါက်ပြန်လွဲမှား လျက်ရှိလေသည်။ 'သေသူ'ဟူသော ခေါင်းစဉ်အောက်၌ ဖေါ် ပြထားသူများမှာယေဘုယျအားဖြင့် ကျွန်ုပ်တို့ကဲ့သို့ပင်၊ အချို့ ကျွန်ုပ်တို့ထက်ပင်၊ လုံးဝ အသက်ရှင် လျက် ရှိချေသေးသည်။ ထို့ကြောင့် ထို အခေါ် အဝေါ်ကို အခိုက် အတန့် အားဖြင့် ရုပ်ကန္တာနှင့် ဆက်သွယ်လျက်မရှိသူများ ဟူသော အဓိပ္ပါယ် ဖြင့်သာ နားလည်ထားရပေမည်။ ယင်းတို့ကို ပဓာန အားဖြင့် ဆယ်မျိုး ထပ်မံ၍ အောက်ပါအတိုင်း ခွဲခြားရာသည်။

၁။ နိမ္မာနကာယ (လူသားတို့၏ အကျိုးကို သည်ပိုးရန် အတွက် နိဗ္ဗာန်၏ အနန္တသုခကို ခံစားခွင့်ရပြီးဖြစ်သော်လည်း စွန့်လွှတ်ထားသူ။)။ ။ စာရင်းပြည့်စုံစေခြင်း ငှာသာလျှင် ၎င်း အမျိုးအစားကို ဖေါ်ပြလိုက်သည်။ ထိုမျှ မြင့်မြတ် သော ပုဂ္ဂိုလ်သည် ထိုမျှနိမ့်သောဘုံ၌ လွန်စွာပေါ်ထင်လာခဲ့သည်။

သူ၏ မြင့်မားလှသော လုပ်ငန်းနှင့်စပ်လျဉ်း၍ အကြောင်းတစုံ တရာကြောင့်ဇောတိဘုံတွင်သူပေါ်ထင်ရန်လိုခဲ့လျှင်၊ မနက္ခန္ဓာ အတွင်း၌ ရှိသော အသေက္ခရဟန္တာ အသျှင် ပြုလုပ်မည် ကဲ့သို့ပင်၊ ဇောတိ အနုဓာတ် တို့ဖြင့် ယာယီ ဇောတိ ခန္ဓာ ကို သူဖန်ဆင်းကောင်း ဖန်ဆင်း လိုက်ပေမည်။ အဘယ်ကြောင့် ဆိုသော်၊ တိုးတက် သိမ်မွေ့သော သူ၏ ကာယ အလွှမ်းကို ဇောတိစက္ခုဖြင့် မြင်နိုင်မည်မဟုတ်သောကြောင့်ဖြစ်၏။ မည် သည့်ဘုံမှမဆို တခဏမျှ နှောင့်နှေးခြင်းမရှိပဲ ဆောင်ရွက်နိုင် ရန် သူ၏ အဇ္ဈတ္တ သန္တာန်၌ ဘုံအသီးသီးတို့၏အနုဓာတ်များ ကို သူအမြဲဆောင်ထားလေ့ရှိသည်။ ထို အနုဓာတ်ကိုအချက် အချာပြု၍လျက် ယင်း၏ ပတ်ဝန်းကျင်တွင် အခြား ဒြဗ် များကို သူ တမဟုတ်ချင်းစုရုံးဖွဲ့စည်းလိုက်နိုင်သည်။ ဤနည်းဖြင့် မိမိအ လိုရှိသလိုမည်သည့်ဝါဟနကိုမဆို သူရယူလေသည်။ နိမ္မာနကာ ယတို့၏ အခြေအနေနှင့် လုပ်ငန်းဆောင်တာတို့၏ အကြောင်း ထို့ထက်အကျယ်ကို၊ မဒင်ဗလာဗတ်စကီ၏ "သန္တိသဒ္ဒ(Voice of the Silence)" နှင့်ကျွန်ုပ်၏ "မမြင်ရသော ကူညီသူများ (Invisible Helpers)" ခေါ် စာအုပ် တို့တွင် တွေ့ရပေမည်။

၂။ မနုဿပဋိသန္ဓေယူရန် စောင့်နေသောတပည့်သာဝက။ ။တပည့် သာဝကသည်၊ စခန်း အခြေတခုသို့ ဆိုက်သော အခါ၊ မိမိဆရာအသျှင်၏ အကူအညီဖြင့်၊ ဇောတိဘုံ ဘဝ ၏ အဆုံး၌ သာမန်အားဖြင့် အထက် နတ်ဘုံဘဝ သို့ ဆောင် သွားလေ့ရှိသော သဘာဝဓမ္မ၏ အစီအမံမှ လွတ်မြောက်နိုင် ကြောင်း၊ သမ္ဗုဒ္ဓတဉာဏ ဓမ္မစာပေတို့တွင် မကြာမကြာဖေါ်

ပြည့်လျက် ရှိချေသည်။ ထိုအထက်နတ်ဘုံတွင် သာမန် အဖြစ် အပျက်အတိုင်းဆိုသော်၊ လူ့ဘဝတွင်ရှိစဉ် သူ၏ အမြင့်မြတ်ဆုံးသော ဇောတိအာရုံတို့ကသို့ ဆောင်ခဲ့သောကုသိုလ် ဗလဝ အပေါင်း တို့၏ အပြည့်အစုံ စီပံမှုကြောင့် ထိုက်သက်သော ာမဖလ ကို သူရယူခံစားရပေမည်။

ယူဆချက်အရ၊ တပည့်သာဝကမှာ စင်ကြယ်သော သီလ ှင့် မြင့်မြတ်သော စိတ်ရှိသူဖြစ်ရမည် ဖြစ်သောကြောင့်။ သူ၏ ုသိုလ် ဗလဝ တို့မှာ တူးကဲ ထက်သန်လျက် ရှိချေမည်။ ထို့ကြောင့် အထက်နတ်ဘုံသို့ သူဝင်ရောက်သွားမည်ဆိုလျှင်၊ သူ ါနတ်သက်မှာအလွန်အကျူး ရှည်ပေလိမ့်မည်။သို့ရာတွင်နတ် ဝကို မယူပဲ၊ ပရိစာဂ မဂ် (စွန့်ပယ်သည့်လမ်း) ကို သူ ွေးချယ်မည် ဆိုလျှင် ( ဤနည်း ဖြင့် သူ၏ နိမ့်သေးသော ဆင့်အတန်း၌၊ သူ၏နှိမ့်ချသော နည်းလမ်းဖြင့်၊စွန့်ခြင်းဘွင် ရာအသျှင်ကြီး ဖြစ်တော်မူသော ဂေါတမ ဖုရားသခင်ကိုယ် တော်တိုင်၏ခြေရာများကို သူစတင် နင်းလိုက်လျက် ရှိချေပြီ။) သူသည် ထိုမစားသုံးပဲ ချန်လှပ် သိမ်းထားသော ခွန်အား (ကုသိုလ်ဗလဝ) ကို အခြားတဖက်၌ အသုံး ပြုနိုင်လေသည်။ ထိုခွန်အားကိုလူတို့၏အကျိုး၄ါအသုံးပြုခြင်းဖြင့်၊သူ၏ထောက်ပံ့မှုမှာ မည်မျှပင် ပြောပြလောက်အောင် မရှိသော်လည်း သူသည် သူ၏ သေးငယ် လှသော အစိတ်အပိုင်း၌ နိမ္မာနကာယတို့၏ လုပ်ငန်းကြီးတွင် ပါဝင်ဆောင်ရွက်လျက် ရှိချေပြီ။ ဤလမ်းကို လိုက်ခြင်းဖြင့်နှစ်ရာပေါင်းများစွာ ခံစားရမည့်အဘိသုခကို သူစွန့်လွှတ်လိုက်သည်ကား မှန်ပေ၏၊ သို့ရာတွင် သူ၏ ဘဝပေါ်ရမိဖြည့်ဆည်းမှုနှင့်၊ ဘာသာ၏ တိုးတက်မှုတို့ ကိုကား

ဆက်လက်ဆောင်ရွက်သွားနိုင်သည့် အကျိုး အမြတ်ကို သူရရှိ လေသည်။

ဤသို့ဆောင်ရွက်ရန်ဆုန်းဖြတ်ထားသော တပည့်သာဝက သေဆုံးခဲ့သော်၊ သူရှေးကမကြာခဏပြုလုပ်ခဲ့ပြီးသည့်အတိုင်း သူ၏ ရုပက္ခန္ဓာမှ သူထွက်ခွါလိုက်ပြီးသော် သူ၏ ဆရာအသျှင်က သူ့အဖို့ သင့်လျော်သော မနုဿ ပဋိသန္ဓေကို စီစဉ်ပေးနိုင်သည်အတိုင်း၊ ဇောတိဘုံ၌ သူစောင့်စားနေလေသည်။ ဤအစီအစဉ်မှာ လောကဓမ္မတာမှ ထူးခြားကွဲလွဲလျက်ရှိချေရကား၊ ဆောင်ရွက်ခြင်း မပြုမီ မြင့်မားသည့် အထက်အခွင့် အမိန့်ကို ခံယူရလေသည်။ ဤအခွင့် အမိန့် ရသည်တိုင်၊ သဘာဝ ဓမ္မ၏ ခွန်အားမှာ လွန်စွာ ထက်သန်ချေရကား၊ ပဋိသန္ဓေ အစီအစဉ်ကို ပြုလုပ်နေစဉ်၊ တပည့်သာဝကသည် ဇောတိဘုံ အတွင်း၌သာ ကန့်သတ်၍နေရန် သတိပြုရပေမည်။ ဤသို့မနေပဲ မနဘုံနှင့် တစ်ကြောမျှပင် ထိတွေ့မိပါက၊ သာမန် သံသရာလည်မှု လမ်းစဉ် အတွင်းသို့၊ ရပ်တည်၍ မရနိုင်သော စီးကြောင်း က ဆောင်ကြဉ်း သွားသကဲ့သို့၊ တဖန် လိုက်ပါသွားရချေမည်။

ဖြစ်ခဲသော်လည်း၊ အချို့ဖြစ်ရပ်များတွင်၊ ယခင်က သိမ်းပိုက်ထားသူအဖို့ အသုံးမရှိတော့သော အရွယ်ရောက်ပြီး ခန္ဓာ အတွင်းသို့၊ တပည့် သာဝကအား တိုက်ရိုက် သွတ်သွင်းလိုက်ခြင်းဖြင့်၊ ပဋိသန္ဓေအသစ်ယူရသည့် ဒုက္ခမှရှောင်လွဲ နိုင်စေလေသည်။ သို့ရာတွင် ဓမ္မတာအတိုင်း သင့်လျော်သော ခန္ဓာကိုရရှိခဲသည်။ တပည့်သာဝကသည်၊ ဖေါ်ပြခဲ့သည် အတိုင်း၊ သင့်လျော်သည့် ပဋိသန္ဓေ ယူရန် အခွင့်အရေး ကို ရရှိသည်တိုင်၊ ဇောတိဘုံ၌ စောင့်ဆိုင်းနေရသည်ကသာ များလေသည်။ သို့

ရာတွင် ဤသို့ စောင့်ဆိုင်းနေရသဖြင့် အချိန် အလဟဿမဖြစ် သွားပါ။ အဘယ်ကြောင့်ဆိုသော် သူသည် ခါတိုင်း ကဲ့သို့ပင် လုံး၀တည်လျက်ရှိ၍ ဆရာအသျှင်က ချပေးထားသောအလုပ် ကို ရူပက္ခန္ဓာအတွင်း၌ ရှိစဉ်၌ထက်ပင် သာ၍ လျင်မြန် ထိ ရောက်စွာ ဆောင်ရွက်သွားနိုင်ပေသေးသည်၊ ဤသို့ ဆောင် ရွက်နိုင်သည်မှာ ယခုအခါ ယခင်ကကဲ့သို့ သူ၌ မောပန်းခြင်း ဟူသော အနှောင့်အရှက် မရှိနိုင်တော့သော ကြောင့် ဖြစ်လေ သည်။ သူ၏သတိအာရုံမှာ လုံး၀ပြည့်စုံလျက်ရှိ၍ ဇောတိဘုံ အဆင့်ခွဲ အားလုံးတို့သို့ မိမိ စိတ်အလိုအတိုင်း အလွယ်တကူ သူ လှည့်လည် ကျက်စားနေလေသည်။

ပဋိသန္ဓေယူရန် စောင့်ဆိုင်းနေသော တပည့် သာ၀က မှာ ဇောတိဘုံ၌ မြင်နေကျအရာမဟုတ်ချေ။ သို့ရာတွင်သူ့ကို တခါ တရံ တွေ့ရသဖြင့် ဤအမျိုးအစားတွင် သူ ပါ၀င်လျက် ရှိလေ သည်။ လူတို့၏ ဘ၀သံသရာ တိုးတက်မှုရှိလာ၍၊ အရိယ မဂ် သို့ ၀င်ရောက်လာသူတို့၏ အရေအတွက် အချိုးအစား တိုး ပွား လာသည်နှင့်အမျှ, ဤအတန်းအစား ပုဂ္ဂိုလ်များ များ ပြား လာပေမည်။

(၃)။ **သာမန် တမန္တန်ဘ၀သို့ ပြောင်းသွားသူ။** ။ဤအ တန်းအစားတွင် ပါ၀င်သူတို့မှာ ဖေါ်ပြခဲ့ပြီးသော အတန်း အစားများတွင် ပါ၀င်သူတို့ထက် အဆသန်းပေါင်းများစွာ မြောက်မြား၍၊ သူတို့၏အခြေအနေ, သဘာ၀လက္ခဏာများ မှာလည်း အလွန့်အလွန်ကွဲပြားခြားနားလျက်ရှိကြောင်းပြော ပြရန်မလိုချေ။ ဇောတိဘုံ၌ သူတို့၏ဘ၀သက်တမ်းမှာလည်း ထိုနည်းတူစွာပင် ကွဲပြားခြားနားပြီးလျှင်၊ ရက်ပိုင်း,နာရီပိုင်း

လောက်သာ ကုန်လွန်သွားစေသူများရှိ၍၊နှစ်ပေါင်းများစွာ, နှစ်ရာပေါင်း များစွာမျှပင် ဤဘုံအဆင့်၌ နေထိုင်သူများ လည်းရှိပေသည်။

ကောင်းမွန်စင်ကြယ်သောဘဝရှိ၍၊ ကိုယ်ကျိုးမရှာ,လောကုတ္တရာ အာရုံများနှင့် တမ်းတမှုများတက်သန်နေသူ၏ စိတ်သည် ဤဘုံသို့ညွှတ်လိမ့်မည်မဟုတ်။ ထိုကဲ့သို့သောသူသည်မိမိနေရသည့်နိုင်းယှဉ်ခြင်းအားဖြင့် တိုတောင်းလှသော အချိန်အတွင်း၌ပင်မိမိအလိုအလျောက် နေထိုင်စရာအားထုတ်စရာ ထိုဘုံ၌ဘာမျှတွေ့လိမ့်မည်မဟုတ်ချေ။ အဘယ့်ကြောင့်ဆိုသော် သေသည်၏နောက်၌ လူစင်စစ်သည်အဇ္ဈတ္တသို့ ဆုတ်နစ်လျက်ရှိ၍၊ဤလုပ်ငန်းစဉ်တွင် ပဌမအဆင့်၌ ရူပက္ခန္ဓာကို သူလှစ်ခွာလိုက်ပြီးလျှင်၊ ထို့နောက်ချက်ချင်း အာကာသ ဓာတ်ရုပ်တုကိုလည်း လှစ်ခွာလိုက်သည့်နည်းတူ၊ သူ၏ဇောတိခန္ဓာ,ဝါ, ကာမက္ခန္ဓာကိုလည်း လျင်မြန်သလောက် လျင်မြန်စွာ သူလှစ်ခွာ၍၊ မိမိ၏လောကုတ္တရာ တမ်းတမှုအာရုံတို့ အကျိုးထင်နိုင်သော အထက်နတ်ပြည်သို့ သူဝင်ရောက်သွားရန် ရည်ရွယ်ချက်ရှိသည်ကို ကျွန်ုပ်တို့နားလည်ထားရပေမည်။

မြင့်မြတ်၍ စင်ကြယ်သော စိတ်ထားရှိသူသည်၊ မိမိ၏ဘဝတာအတွင်း၌ လောကီစွဲမက်မှုစိတ်တို့ကို နှိမ်နင်းပြီးဖြစ်သဖြင့်၊ ဤလုပ်ငန်းစဉ်ကို ဆောင်ရွက်နိုင်မည်သာ ဖြစ်လေသည်။သူ၏ ပြဋ္ဌာန်းစိတ်မှာ မြင့်မြတ်သော အာရုံတို့သို့ညွှတ်ပြီး ဖြစ်သဖြင့် ဇောတိဘုံ၌ ကုန်ဆုံးသွားစေရန်ယုတ်သောကာမစ္ဆန္ဒခွန်အားအနည်းငယ်မျှသာ ကျန်ရှိတော့လေသည်။ ထို့ကြောင့် သူ၏ဇောတိဘဝသက်မှာတို၍၊ သူသည်အိပ်မက်မြင်နေသကဲ့သို့သ

တိမရတရ ဖြစ်နေပြီးနောက် အိပ်မောကျသွား ပေလိမ့်မည်။ ထိုအချိန်တွင် သူ၏မြင့်မြတ်သော အာယတန ဓာတ်တို့သည် ဇောတိဓာတ်အဖုံးအလွှမ်းမှ လွတ်မြောက် ထွက်ခွာ၍၊ အထက်နတ်ရွာ သုခဘုံသို့ဝင်ရောက်သွားလေသည်။

အဘိဉာဏ်ရင့်မှုမဂ်သို့ မဝင်ရောက်သေးသူတို့အဖို့ ဖေါ်ပြခဲ့သည်တို့မှာ၊ အမြင့်မြတ်ဆုံးသော အခြေပင်ဖြစ်ပေသည်။ သို့ရာတွင်ဓမ္မတာအတိုင်း ထိုအခြေသို့ လူးတိုင်းမရောက်ချေ။ လူများစုပင်မရောက်ချေ။ လူသာမန်တို့သည်ကား၊မည်သည့်နည်းဖြင့်မျှ၊ မသေမီတွင်၊ ယုတ်နိမ့်သောကာမစ္ဆန္ဒတို့မှ ကင်းရှင်းခြင်း မရှိသေးချေ။မိမိမွေးထုတ်ခဲ့သော ထိုကာမစ္ဆန္ဒခွန်အားများကို ကုန်ခန်းစေ၍၊ ပဋိသန္ဓေဝိဉာဏ်ကို လွတ်မြောက်စေရန်၊ လုံးဝသတိအာရုံရှိသော ဘဝအစဉ်သည်၊ ဇောတိဘုံအဆင့်ခွဲတိုင်း၌၊ အနည်းအများကြာရှည်စွာ ဖြစ်တည်၍ခနေရလေသည်။

သေသည်၏နောက်၌လူတိုင်းပင်အထက်နတ်ပြည်သို့သွားရာလမ်းတွင်၊ ဇောတိဘုံ၏အဆင့်ခွဲ အားလုံးတို့ကို ဖြတ်သန်းသွားရပေမည်။ သို့ရာတွင် ထိုအဆင့်ခွဲ အားလုံးတို့၌ပင် သူသတိအာရုံရှိသည်ဟုကား ယူဆရမည်မဟုတ်ချေ၊ ရုပက္ခန္ဓာသည် ၎င်း၏ အဖွဲ့အစည်းအတွင်း၌၊ အခဲ,အရေ,အခိုး,အာကာသဓာတ်ဟူ၍ အခြေအနေ အားလုံး တို့၌ တည်သောရုပ်ဓာတ်တို့တည်ရှိစေရန် လိုအပ်သကဲ့သို့၊ဇောတိပါဟနအတွင်း၌လည်း သက်ဆိုင်ရာ ဇောတိဓာတ်အခြေအနေခွဲအားလုံးတို့နှင့်ဆိုင်သော ကလာပ်မှုန့်များတည်ရှိစေရန်လိုအပ်လေသည်။

သို့ရာတွင် ယင်းတို့၏ အချိုးအစားများသည်ကား ပုဂ္ဂိုလ်အလိုက် အတော်ပင် ကွဲပြားသွားချေသည်။

မိမိ၏ ဇောတိခန္ဓာဒြပ်နှင့်အတူ လူသည်သက်ဆိုင်ရာခေတ်ဘုတကိုပါ သိမ်းယူလိုက်ပြီးလျှင်၊ ဤခေတ်ဘုတသည်၊ သူ၏ဘဝတာအတွင်းဝယ်၊ပတ်ဝန်းကျင်အလားတူခေတ်ပင်လယ်ကြီးမှ ခွဲခွာ စုရုံးလျက်နေပြီးလျှင်၊ ခေတ်ဘုတ(ကောင်) ဟု ခေါ်ဆိုရမည့် ဘုတ(ကောင်) တမျိုးအနေဖြင့် ထိုကာလအတွင်း တည်ရှိနေသည်ကို သတိပြုရပေမည်။ ထိုခေတ်ဘုတ(ကောင်)၌ အခိုက်အတန့်အားဖြင့် မိမိဘာသာသီးခြားတည်ဘင်ရှိပြီးလျှင်၊ ရုပ်ခေတ်တို့၏ အောက်ပိုင်းသို့ သက်ဆင်းကာ မိမိ၏ ဘဝလမ်းစဉ်အတိုင်းလိုက်၍ သွားလေသည်။ ဤသို့ပြုရာ၌ မိမိဆက်သွယ်နေသော ပဋိသန္ဓေဝိဉာဏ်၏ ချမ်းသာမှုအကျိုးရှိမှုတို့ကို မည်သို့မျှ ပမာဏမပြု, စင်စစ်အားဖြင့်သိပင်လည်းမသိချေ။ ဤနည်းဖြင့် အယူဝါဒရေးစာရေး ဆရာတို့မကြာခဏ ညွှန်ကြားလေ့ရှိသော, သွေးသား၏ အလိုနှင့် ဝိဉာဏ်၏ အလိုတို့အမြဲဆင်နွှဲနေသည့် တိုက်ပွဲကို ဖြစ်ပေါ်စေလျက် ရှိလေသည်။

ဤတိုက်ပွဲမှာ စိတ်၏သဘာဝကို စိတ်၏အသင်းအပင်းဝင်သဘာဝတို့က ဆန့်ကျင်တိုက်ခိုက်နေခြင်းဖြစ်၍၊ မချုပ်တည်းပဲ လိုက်လျောလိုက်လျှင် လူ၏ဘဝသံသရာ တိုးတက်ရေးတွင် အကြီးအကျယ် နှောင့်နှေးစေမည်ဖြစ်သော်လည်း၊ ဤသို့ဆန့်ကျင်ဖက်ပြုခြင်းကို မကောင်းမှုဟူ၍ မထင်သင့်ပေ။ အဘယ်ကြောင့်ဆိုသော်၊ယင်းမှာ ဓမ္မတာတခုပင် ဖြစ်ချေ၏။ ဒိဗ္ဗတန်ခိုး၏နိယျာမလမ်းစဉ်အတိုင်းသွားသော သွန်မြိုးမှုတရပ်သာလျှင်

ဖြစ်ချေသည်။ သို့ရာတွင် ဤသာခကတွင်သော် ဤနိယျာမ လမ်းစဉ်မှာ လူဘို့ဦကဲ့သို့ အထက်သို့မဆန်ပဲ အောက်သို့ စုန် လျက်ရှိချေသည်။

လူသည် ဤလူ့ဘုံ ရုပ်လောကမှသေလွန်သွားသော အခါ၊ သဘာဝဓမ္မ၏ အဖျက်ခွန်အားတို့သည် လူ၏ဇောတိခန္ဓာအ ပေါ်၌ သက်ရောက် ဆောင်ရွက်ကြတော့သည်။ ထို့ကြောင့် မိမိ၏ သီးခြားဘဝ တည်တန့်ရေးမှာ ဘေးတွေ့နေသည်ကိုဤ ခေတ်ဘူတသိမြင်သည်။ထို့ကြောင့်သူသည် သူ့ကိုယ်သူကာကွယ် ရန်နှင့် ဇောတိခန္ဓာကို ကြာရှည်နိုင်သလောက် ကြာရှည်စွာမ ပြိုကွဲ မပျက်စီးပဲ တည်ရှိရန် စတင်ဆောက်ရွက်သည်။ ဤ၌ သူ၏ ဆောင်ရွက်ပုံနည်းလမ်းမှာ ဇောတိခန္ဓာတွင်းရှိ ဒြပ်တို့ ကိုအထပ်အလွှာအလိုက် တည်ရှိသော အခွံများအဖြစ်သို့ပြန် လည်စီစဉ်၍၊ အောက်ဆုံးနှင့် ထို့ကြောင့်ပင် အကြမ်းထမ်း, အထူပိန်းဆုံးဖြစ်သော ဘုံဆင့်ခွဲ၏ ဒြပ်များကို၊ ပြင်ပဆုံး၌နေ စေလေသည်။ သို့ဖြင့်ယင်းဘို့က ပြိုကွဲပျက်စီးခြင်းကို အထက် သန့်ဆုံး ခုခံပေလိမ့်မည်။

မိမိ၏(အမတ)ဝိဉာဏ်စစ်သည် ထိုအဆင့်ခွဲမှ ကျွတ်လွတ် ထွက်ခွာနိုင်သည်တိုင်၊ ယင်းအောက်ဆုံး ဇောတိဘုံ အဆင့်ခွဲ ၌သူနေရလေသည်။ ထိုကိစ္စပြီးသောအခါ သူ၏သတိအာရုံ သည် ဤထပ်ဆင့်တည်နေသော အခွံများအနက်၊ နောက် တခုသို့ (ဆဌအဆင့်ခွဲဒြပ်ဖြစ်ပြီးသောအခွံသို့) ကူးပြောင်းစူး စိုက်နေလေသည်။ တနည်း အားဖြင့်ဆိုသော် ဇောတိဘုံ၏ နောက်အဆင့်ခွဲသို့ သူကူးသန်းသွားလေသည်။ ဇောတိခန္ဓာ သည် အဆင့်တခုသို့ ညွတ်လျက်ရှိသော ဥပါဒါန်စိတ်များကုန်

သွားသောအခါ၊ ယင်း၏ကြမ်းထမ်းသော ကလာပ်မှုန့်အများသည် ကွာကျသွားပြီးလျှင်၊ ထိုထက်မြင့်သော ဘဝအခြေနှင့် ဆက်သွယ်ရင်းနှီးနေကြောင်း တွေ့ရပြန်သည်ဟု ကျွန်ုပ်တို့ဆိုရာ၏။ သူ၏ပကတိအလေးချိန်မှာ အစဉ်အမြဲယုတ်လျော့နေသကဲ့သို့ရှိသဖြင့်၊ အခိုက်အတန့်အားဖြင့် နှစ်ဖက်အလေးချိန်ညီမျှနေသည်အခါ၌သာ ရပ်တန့်၍၊ သိပ်သည်းသော အလွှာမှ ပေါ့ပါးသောအလွှာသို့ မှန်မှန်သူတက်ကြွလျက် ရှိလေသည်။

၍အခြင်းအရာသည်၊ ဝိဥာဏ်စမ်းသပ်ပွဲတို့တွင်၊ ကွယ်လွန်သွားသူတို့က၊ သူတို့အထက်ကောင်းကင်သို့ တက်သွားရတော့မည်၊ထိုအရပ်မှနေ၍ နတ်ဝင်သည်မှာဘ ဆင့် ဆက်သွယ်ရန်မဖြစ်နိုင်တော့,မလွယ်ကူတော့ဟု မကြာမကြာ ပြောကြားလေ့ရှိသောစကား၏ ဖြေရှင်းချက်ပင် ဖြစ်လေသည်။၍ဇောတိဘုံ၏ အမြင့်ဆုံးအဆင့်ခွဲ၌ သူသည် သာမန်နတ်ဝင်သည်နှင့် ဆက်ဆံရန် လုံးဝလောက်ပင် မဖြစ်နိုင်သည်မှာ အမှန်စင်စစ်ဖြစ်ချေသည်။

သို့ဖြင့်ဇောတိဘုံ မည်သည့်အဆင့်ခွဲ၌ မဆိုလူ၏ဆိုင်းငံ့ရပ်တည်နေသော ကာလအပိုင်းအခြားသည်၊ သူ၏ဇောတိခန္ဓာအတွင်း၌ရှိသော ထိုအဆင့်ခွဲနှင့်ဆိုင်သည့် ဇောတိဒြပ်၏ ပမာဏအချိုးအစားအတိုင်းဖြစ်သည်ကို ကျွန်ုပ်တို့တွေ့မြင်ရလေသည်။ သူ၏ဇောတိခန္ဓာ အတွင်း၌ရှိသော ဆိုင်ရာဇောတိဒြပ် ပမာဏ ကလည်း၊သူနေခဲ့သောဘဝ၊သူဝင်စားခဲ့သောကာမစ္ဆန္ဒများ၊ ၍သို့ဝင်စားခဲ့သဖြင့်သူ့ထံသို့ ဆွဲဆောင်ပြီးလျှင် သူ့ဇောတိခန္ဓာအတွင်းသို့ သွတ်သွင်းဆောက်လုပ်ခဲ့သော ဇောတိဒြပ်အမျိုးအစားများအပေါ်၌တဖန် တည်ပြန်လေသည်။ထို့ကြောင့် စင်

ကြယ်သော ကျက်လေ့နေထိုင်ခြင်းနှင့် မြင့်မြတ်သော ကြံစည်စိတ်ကူးခြင်းတို့ဖြင့် လူသည်မိမိနှင့် လာရောက် တွယ်ကပ်မည့်ဇောတိဘုံ အောက်ပိုင်းနှင့် ဆိုင်သော ဒြပ်တို့ကို နည်းနိုင်သလောက် နည်းစေ၍ ယင်းတို့ကို အဖြစ်ပြောင်းအခြေ* သို့တိုင် မြှင့်တင်ထားရန် ဖြစ်နိုင်လေသည်။ ဤသို့ပြုထားသဖြင့် အဖျက်ခွန်အားက ရှေးဦးစွာတွေ့လျှင်တွေ့ချင်း ယင်းဒြပ်အဖွဲ့အစည်း အတွယ်အကပ်ကိုခြေမှုန်းလိုက်ပြီးလျှင် မူလအခြေသို့ပြန်လည် သက်ရောက်စေကာ၊ လူကိုနောက်အဆင့်သို့ လွတ်လပ်စွာကူးပြောင်း သွားစေလိမ့်မည်။

လောကုတ္တရာ အာရုံတို့၌ လုံးဝ စိတ်ဝင် စားနေသူ အဖို့၊ ဇောတိဘုံအဆင့်ခွဲအားလုံးတို့နှင့် စပ်လျဉ်း၍၊ ဤအခြေအနေမျိုးကိုရပြီး ဖြစ်လေသည်။အကျိုးသည်ကား သူသည်ထိုဇောတိဘုံကို ဘဝမှတ်အတွင်းမျှလောက်တွင် ဖြတ်သန်းသွား၍၊ အထက် နတ်ပြည် (ဒေဝစ္ဆာန်၊ ဝါ၊ ရူပဗြဟ္မာဘုံ)၌ ရှေးဦးစွာသတိအာရုံပြန်၍ ရလေတော့သည်။ အထက်၌ ဖော်ပြခဲ့သည့်အတိုင်း ဘုံအဆင့်ခွဲများကို တခုနှင့်တခု ခွဲခြားကာ ဩကာသအတွင်း၌တည်နေကြသည်ဟု ကျွန်ုပ်တို့ မစဉ်းစားပဲ၊ တခုကိုတခု ဖေါက်ထွင်းဝင်ရောက်၍ တည်နေသည်ဟုသာ ရှုမြင်ရာသည်။ ထို့ကြောင့် လူတယောက်သည် ဘုံအဆင့်ခွဲဘခုမှတခုသို့ကူးသန်းသွားသည်ဟုဆိုသော်၊ သူသည် ဩကာသအတွင်းမည်သို့မျှလှုပ်ရှားသွားလာခြင်း ပြုသည်ဟု မဆိုလိုပဲ၊ သူ၏သ

*'အဖြစ်ပြောင်းအခြေ' ဆိုသည်မှာအရာဝတ္ထုတခုသည် ထိုအခြေမှလွန်သော်သဘာဝပြောင်းသွားခြင်းကို ဆိုသည်။ဥပမာအခဲဘာဝမှအရေဘာဝသို့သော်၎င်း၊အရေဘာဝမှအခိုးဘာဝသို့သော်၎င်း ပြောင်းသွားခြင်း။

တိအာရုံစူးစိုက်မှုချက်မသည်အပြင် ခွံအထပ်မှနောက်အတွင်းခွံအထပ်သို့ ပြောင်းရွေ့သွားသည်ဟုသာ ဆိုလိုပါသည်။

ဇောတိကာ၏ အောက်ဆုံးအဆင့်၌ သာမန်အားဖြင့် နိုးကြား သတိရသူတို့မှာ ညစ်ညမ်းကြမ်းကြုတ်သော ကာမစ္ဆန္ဒရှိသူများ–ယစ်တုတ်များနှင့် အလားတူပုဂ္ဂိုလ်များ–သာလျှင်ဖြစ်လေသည်။ ထိုအရပ်တွင်သူတို့၏ ကာမစ္ဆန္ဒအင်အားနှင့် အချိုးအစားညီမျှသောကာလ ကြာအောင်သူတို့နေကြသည်။ ဤသို့နေစဉ်အတွင်း သူတို့၏ လူ့လောကီနှင့်ဆိုင်သော ကာမရာဂစိတ်များသည် ခါတိုင်းကဲ့သို့ပင် ထက်သန် ပြင်းပြလျက်ရှိသော်လည်း၊ သူတို့နှင့် ဆန္ဒတူပုဂ္ဂိုလ်အား ဖမ်းငင်ပူးကပ်၍သူတို့မှတဆင့်ရံဖန်ရံခါရောင့်ရဲခြင်းကိုရနိုင်သည်မှတပါး၊ယင်းကာမရာဂစိတ်များကို မရောင့်ရဲ စေနိုင်တော့သဖြင့်၊ သူတို့သည်ကြောက်ခမန်းလိလိ အတိဒုက္ခရောက်ကြရလေသည်။

သာမန် သီလသိက္ခာနှင့် ပြည့်စုံသူအား ဤဇောတိကာ၏ သတ္တမ (အောက်ဆုံး)ဆင့်တွင် လေးဖင့်နေစေရန် ဘာမျှမရှိချေ။ သို့ရာတွင်သူ၏ ပဓာနစိတ်ဆန္ဒများသည် လောကီရေးရာတို့၌သာလျှင် စူးစိုက်နေခဲ့သော်၊သူသည် ဆဋ္ဌအဆင့်သို့ရောက်သွားပြီးလျှင် လူ့ဘုံ၌ရှိစဉ်မိမိနှင့်အရင်းနှီးဆုံးဆက်ဆံခဲ့သောသူများနှင့် နေရာများ၏ပတ်ဝန်းကျင်၌ ပျံဝဲ၍နေပေလိမ့်မည်။ ဇောတိကာ၏ ပဉ္စမနှင့် စတုတ္ထအဆင့်ခွဲများတွင်လည်း အလားတူအခြင်းအရာများရှိကြ၏။သို့ရာတွင် ယင်းတို့အတွင်းသို့တက်ရောက်သွားသောအခါ၊ လူ့ဘုံလောကသက်သက်နှင့်သာဆိုင်သောဆက်ဆံမှုတို့သည် အရေးမကြီးတော့ပဲ၊ ကွယ်လွန်သွားသူသည် မိမိ၏ပတ်ဝန်းကျင်များကို မိမိစိတ်တွင် စွဲမြဲလျက်ရှိ

သော စိတ်ကူး စိတ်အကြံအစည်များနှင့် ကြိုက်အောင် တိုး၍ဖန်တီးလာချေသည်။

ဇောတိဘုံ၏တတိယ အဆင့်ခွဲသို့ ရောက်သောအခါ၊ ဤ မိမိ၏ စိတ်ကူးအတိုင်း ဖန်တီးလာသည့်အခြင်းအရာသည်၊ထို အဆင့်ခွဲ၏ပကတိရှုမြင်ခြင်းကို လုံးဝလွှမ်းမိုး သွားလေသည်။ အဘယ်ကြောင့်ဆိုသော် ဤအဆင့်ခွဲဘွင်လူတို့သည် မိမိတို့၏ စိတ်ကူးယဉ်မြို့တို့၌ နေထိုင်လျက်ရှိကြသည်။ မြို့တိုင်းကို အထက်နတ်ပြည်(ဒေဝဌာန်)၌ကဲ့သို့၊ မိမိ၏စိတ်ကူးဖြင့် လုံးဝဖန်တီးလိုက်သည်မဟုတ်၊ မိမိအလျင်ရောက်သူတို့၏ စိတ်ကူးဖြင့် ဆောက်လုပ်ခဲ့သော အဆောက်အဦတို့ကို မိမိကဘိုးချဲ့ပြုပြင် ဆက်ခံခြင်းသာ လျှင်ဖြစ်လေသည်။ ဝိဉာဏ်စမ်းသဘဲပွဲတို့တွင် မကြာမကြာဖွဲ့နွဲ့ပြောဆိုလေ့ရှိသော''နွေရပ်နေအိမ်များ(နတ်ပြည်ဘုံဗိမာန်များ)နှင့် တန်ဆောင်းကြီးများ, ကျောင်းကြီးများကို ဤအဆင့်တွင် တွေ့နိုင်လေသည်။ သို့ရာတွင်အသက်ရှင်လျက်ရှိ၍၊ မသိသည့်ဖက်ကိုမျှ စိတ်ညွှတ်ခြင်းမရှိသူ၏အမြင်၌သော်၊ ယင်းအဆောက်အဦများသည်၊ ယင်းတို့ကိုဖန်ဆင်း၍ နှစ်သက် သဘောကျနေသူတို့ ထင်သကဲ့သို့ စင်စစ်လည်းမဟုတ်, ကြီးကျယ်ခမ်းနားခြင်းလည်း မရှိချေ။

ဒုတိယ အဆင့်ခွဲသည် ကိုယ်ကျိုးရှာ, သို့မဟုတ်, သောကတ္တရာ စိတ်မဲ့သော ဖုရား ကြည်ညိုသူ၏ အတူး နေရာဖြစ်ပုံပေါ်လေသည်။ ဤအဆင့်ခွဲသူသည် ရွှေသရဘူကိုဆင်မြန်းကာမိမိခေတ်မိမိတိုင်းပြည်နှင့်သာသီးခြားနိုင်သောဖုရား၏ မသိမ်မွေ့လှသည့်ရုပ်ပုံကို ရှိခိုးကာနေလေသည်၊ အမြင့်ဆုံးဖြစ်သော(ပဉ္စမ)အဆင့်ခွဲကို သိမ်းပိုက်လျက် ရှိသူတို့သည်

ကား အသက်ရှင်စဉ်၌ ရုပ်ခေတ်နှင့်ပင်ဆိုင်သော်လည်းပညာ ဉာဏ်ကိုလည်း အသုံးပြုရသော လုပ်ငန်းဆောင်တာတို့၌လေ့ လာအားထုတ်နေသူများ၊ ထိုလုပ်ငန်းဆောင်တာတို့ကို မိမိ အပေါင်းအဖေါ် လူတို့၏ အကျိုးငှာ မဟုတ်ပဲ၊ မိမိ၏ပညာ ဉာဏ်မိမိတကိုယ်ကောင်းကြီးပွားမှုကို လေ့ကျင့်ပေးမှုအတွက် သာဆောင်ရွက်သူများ ဖြစ်လေသည်။ ထိုကဲ့သို့သောသူများ သည် ဤအဆင့်ခွဲတွင် နှစ်ပေါင်းများစွာ ရှည်ကြာအောင်နေ လေ့ရှိလေသည်။ မိမိတို့၏ ဉာဏ်ဝင်စားမှုပြဿနာများကိုဖြေ ရှင်းရန် စဉ်းစားဆောင်ရွက်ကာ စိတ်ချမ်းသာလျက် ရှိကြ သော်လည်း၊ ထိုသူတို့သည် မည်သူ့အားမျှ ကောင်းကျိုးထူး လည်းမပြု၊ အထက်နတ်ပြည် (ဒေဝဋ္ဌာန်) သို့သွားရာလမ်း တွင်တိုးတက်မှုလည်း မရှိပဲသာလျှင် နေကြလေသည်။

အထက်၌ ရှင်းလင်းဖေါ်ပြခဲ့သည့်အတိုင်း၊ ဤဇေဝတိ ဘုံခွဲတို့နှင့် ဩကာက(နေရာအကွာအဝေး)သဘောတို့၊ မည် သို့မျှဆက်သွယ်ခြင်းမရှိသည်ကို ရှင်းလင်းစွာ နားလည်ထားရ ပေမည်။ မည်သည့်အဆင့်ခွဲ၌ မဆို ကျက်စား လျက်ရှိသော ကွယ်လွန်သွားသူသည်၊ အင်္ဂလန်မှ ဩစတြေလျသို့ဖြစ်စေ၊အ ခြားမည်သည့်မိမိစိတ်ကူးပေါက်သည့် နေရာသို့ဖြစ်စေ၊အတူတူ ပင် လွယ်ကူစွာ လွင့်ပါးရောက်ပေါက် သွားနိုင်လေသည်။ သို့ရာတွင် မိမိ၏သတိအာရုံကိုသော် ဆင့်ခွဲတခုမှတခုသို့၊ ဖေါ် ပြခဲ့ပြီးသော ဥပါဒါန် စွဲလန်းစိတ်ကုန်ခန်း သွားသည်တိုင်၊ ပြောင်းလွှဲခြင်း ပြုနိုင်လိမ့်မည်မဟုတ်ချေ။

မိမိသတိရ၍လာသော အဆင့်ခွဲနှင့် မိမိ၏ဆက်သွယ်မှုကို၊ ကန့်သန့်ထားသည့် နယ်နိမိတ်အတွင်းတွင်မိမိ၏ ကံမှုများဖြင့်

စမ္မတာအတိုင်းတိုစေ,ရှည်စေနိုင်မည်ဖြစ်သော်လည်း၊ ဤဖော်ပြခဲ့သော ဖြစ်စဉ်နည်းလမ်းတွင်၊ ကျွန်ုပ်တို့သိရလောက်၊ မည်သည့်ခြွင်းချက်မျိုးမျှမရှိချေ။

သို့ရာတွင် မည်သည့်အဆင့်ခွဲ၌မဆို၊ ပုဂ္ဂိုလ်တဦး၏ သတိအာရုံ အနည်းအများရှိမှုမှာ၊ အမြဲတစေ ဥပဒေ တခုတည်း အတိုင်း အတိအကျ ဖြစ်၍မနေပေ။ ဤသို့ ကွဲပြား ခြားနားခြင်း ဖြစ်နိုင်ပုံနည်းလမ်းကို သဘောပေါက်အောင်၊ အဆိုးရွားဆုံးသော သာဓက တခု ကို စဉ်းစား ကြည့်ကြစို့။ လူတယောက်တွင် ဇောတိဘုံ၏နောက်ဆုံး သတ္တမ အဆင့်ခွဲတွင် ပေါ်ထင်ရန် လိုအပ်သည့် ညွတ်စိတ်များ အတိတ် ဘဝက ပါလာ၍၊ ယခုဘဝတွင် ထိုညွတ်စိတ်များကို ချုပ်ထိမ်းရန်လိုအပ်သည်ကို ငယ်စဉ်ကပင် သူသိလာသည် ဆိုကြပါစို့။ ယင်း ညွတ်စိတ်များကို ချုပ်ထိန်းရန် ကြိုးစားရာ၌ သူ လုံးဝ, အစဉ်တစိုက်, အောင်မြင်သည် ဟုကား ဖြစ်နိုင်ဖွယ်ရာ မရှိလှချေ။ သို့ရာတွင် ဤသို့ ကြိုးစားရာ၌ သူအောင်မြင်ခဲ့သော်သူ၏ ဇောတိ ခန္ဓာအတွင်းရှိ ရုန့်ကြမ်းသော ကလာပ်မှုန့် များကို သိမ့်မွေ့သော ကလာပ်မှုန့်များဖြင့် အစားထိုးမှုသည်, နှေးသော်လည်း, မှန်မှန် တိုးတက်သွားပေအံ့။

ဤ တိုးတက်မှုမှာ၊ ကောင်းစွ အဆုံး, တဖြေးဖြေးသာ ဖြစ်ပေမည်။ လုပ်ငန်း တဝက်မျှပင် မပြီးမီ သူ သေ၍သော်လည်း သွားပေမည်။ ဤသို့ သေသွားသော် သူ၏ ဇောတိခန္ဓာ၌၊ ထိုအောက်ဆုံး ဇောတိဘုံအဆင့်ခွဲတွင် အတော်ကြာရှည်စွာ သူ နေရလောက်အောင်၊ ဇောတိဒြဗ်ခွဲများ ကျန်ရစ်ပေမည်။ သို့ရာတွင် ထိုကျန်ရစ်ခဲ့သော ဒြဗ်ခွဲများမှာ၊ ယင်းတို့ အတွင်း

၌ မည်သည့်အခါ၌မျှ သူ၏ဝိဉာဏ်စိတ်ကျက်စားလေ့ မရှိခဲ့ဖူးသော ဒြဗ်ခွဲများသာဖြစ်ပေမည်။ သူ၏ ဝိဉာဏ်စိတ်သည် ထိုဒြဗ်ခွဲများ၌ကျက်စားသည့် အလေ့ကို ရုတ်တရက် မရနိုင်ချေရကား၊ သူသည် ထို အဆင့်ခွဲတွင်၊ သူ၌ရှိသော ဆိုင်ရာဒြဗ်ခွဲများ ပြုန်းတည်း ပျက်စီး သွားသည်တိုင် တည် နေရမည် ဖြစ်သော်လည်း၊ နေရသည့်တချိန်လုံးတွင် သတိမရသော အခြေ၌သာလျှင် တည်ရှိ နေပေမည်။ သူသည် ထို အဆင့်ခွဲတွင် နေရသ၍သော အချိန်အတွင်း အိပ်ပျော်၍သာ နေပြီးလျှင်၊ မနှစ်မြို့ဖွယ်သော အာရုံ များစွာ တို့ဖြင့် ထိခိုက်ခြင်း မခံရပဲ သာလျှင်ရှိနေပေမည်ဟု ဆိုလိုပါသည်။

ဂုတ္တဝိဇ္ဇာ (အဘိဉာဏ်မဂ်ဘရား)ကို လေ့လာနေသူသည်၌ အားလုံးသော အခြင်းအရာတို့နှင့် လုံးဝမတူသော မိမိ ၏ဇောတိဘုံဘဝကို ဖန်တည်းနိုင်လေသည်။ သာမန် လူ သည်သေသည်၌ အမြဲဖြစ်လေ့ရှိသော သတိမေ့ မြောသွားခြင်းမှ နိုးကြားလာသောအခါ၊ ကာမစ္ဆန္ဒဓာတ်ဘူတ က မိမိ၏ ဇောတိခန္ဓာ ဒြဗ် တို့ကို ပြန်လည် စီစဉ်ခြင်းဖြင့် ဖန်ဆင်း ထားသောအခြေအနေ တို့၌ မိမိကိုယ် ကို တွေ့ရသည်။ ပြန်လည် ဖွဲ့စည်းထားသော သူ၏ ဇောတိ ခန္ဓာ အပေါ်ဆုံး တွင် ဓာတ်ဘူတထားရှိသော ဒြဗ်အမျိုးအစားကို ဖြတ်သန်း၍ သာလျှင် ပြင်ပတုန်ခပ်မှုများကို သူခံယူနိုင်သည်။ သို့ဖြင့် သူ၏ အမြင်သည်ထို ဒြဗ်တို့နှင့် ဆိုင်သည့် ဇောတိဘုံအဆင့်ခွဲသို့သာ ကန့်သတ်လျက်ရှိလေသည်။မိမိဘဝသစ်အခြေ၏အစိတ်အပိုင်းအနေဖြင့်၌ကန့်သတ်ချက်ကို သူလက်ခံရလေသည်။ စင်စစ်သော် ကန့်သတ်ချက် ရှိသည်ဟုပင် သူ လုံးဝ မသိချေ။ဓာတ်ဘူတ နှင့်သူ၏

ပြုမှု အကြောင်းကို သူဘာမျှ မသိချေရကား၊ မိမိ မြင်ရသည် တို့မှာ မြင်စရာရှိသော အရာ အားလုံးပင်ဟု သူထင်မှတ် လေသည်။

သဗ္ဗညုတဉာဏမွကိုလေ့လာနေသူသည်ကား ဤအခြင်း အရာ အပေါင်းကို နားလည်၍၊ ကန့်သတ်ချက်များ၏ မလိုအပ် ကြောင်းကိုသိသည်။ သိသည်အတိုင်း ကာမစ္ဆန္ဒဘူတ ၏ ပြုမှု ကို သူချက်ချင်း ခုခံတွန်းလှန်ပြီးလျှင်၊ မိမိ၏ ဇောတိ ခန္ဓာ ကို မိမိ အသက်ရှင်လျက် ရှိစဉ် က အခြေအနေ အတိုင်းပင် တည် နေရန် သူကြံ့ခံ၍ နေလိမ့်မည်။ ဆိုလိုသည်မှာ ဇောတိ ခန္ဓာ အတွင်းရှိကလာပ်မှုန့်အားလုံးတို့သည်ရောနှော လွတ်လပ်စွာ လှုပ်ရှားလျက် နေရန်ဖြစ်သည်။ အကျိုးမှာ ဇောတိ ဘုံ အဆင့် ခွဲအားလုံးတို့၏ ဒြပ်တိုင်းမှ တုန်ခါမှုများကို တပြိုင်နက်တည်း သူခံယူနိုင်ခြင်းဖြင့်၊ဇောတိဘုံဘခုလုံးကိုသူသိမြင်နိုင်ရန်ဖြစ်ပေ လိမ့်မည်။ ထိုအခါ သူသည် ဇောတိဘုံတခုလုံး သို့၊ ရူပကမ္ဘာ ၌ သူ အိပ်ပျော်နေစဉ်၌ အတိုင်း၊ လှည့်လည် ကျက်စား နိုင် ပြီးလျှင်၊ ဇောတိဘုံ၌ ရှိသ၍သော သူအားလုံးတို့နှင့်၊ မည် သည့် အထပ်ခွဲ၌ပင် အခိုက်အတန့် အားဖြင့် ထိုသူတို့ ချုတ် တည်းလျက်ရှိစေကာ၊ သူတွေ့ကြုံဆက်သွယ်နိုင်လေသည်။

ဇောတိခန္ဓာများ၏ ပြန်လည်ဖွဲ့စည်းမှုကို ခုခံ တွန်းလှန် ၍ ဇောတိခန္ဓာကို ရှေးက အခြေအနေ၌ပင် ပြန်လည် ထားရှိရန် ကြိုးစားရခြင်းသည်၊ လူ့ဘဝ၌ရှိစဉ် ထက်သန်ပြင်းပြသော ကာမစ္ဆန္ဒများကိုခုခံတွန်းလှန်ရန်ကြိုးစားရခြင်းနှင့်အတိအကျ တူညီလေသည်။ခေါက်ဘူတတွင် တူးဆန်းသည့် တဝက်တစိတ် မျှသောသူ၏ သတိအာရုံ၌ ကြောက်စိတ် ဖြစ်ပေါ်လာသည်။

ထိုကြောက်စိတ်ကို သူသည် လူသို့ပြောင်းလဲလိုက်ရန် လုံးပမ်းသည်။ သို့ဖြင့် ပြောမပြနိုင်သော ဘေးအန္တရာယ်တခုခုကို စိုးရိမ်သော ထက်သန်သည့်စိတ်အာရုံသည် လူကိုအမြဲ လွှမ်းမိုးနေတတ်သည်။ ဇောတိခန္ဓာတို့၏ ပြန်လည်ဖွဲ့စည်းမှုကို အခွင့်ပြုမှသာ ထိုအန္တရာယ်မှ သူရှောင်တိမ်းနိုင်မည်ကဲ့သို့ရှိသည်။ သို့ရာတွင် ထိုအကြောင်းမရှိသောကြောက်ရွံ့စိတ်ကို၊ ကြောက်စရာအကြောင်းမရှိ ဟူသော မိမိ၏အသိဉာဏ် အား မတုန်မလှုပ် ဖြစ်ပေါ်စေခြင်းဖြင့်၊ သူကြုံကြုံ ခုခံ တွန်းလှန်သောအခါ၊ လူ့ဘဝတွင် ကာမစ္ဆန္ဒ၏ လှုံ့ဆော်မှုကို ကြိမ်ဖန်များစွာ သူခုခံခဲ့သည်တို့၌ကဲ့သို့,ဓာတ်ဘူတ၏ ခုခံမှုသည် ပျက်ပြယ်သွားချေ၏။ ဤနည်းဖြင့် သူသည် သူ၏ဇောတိဘုံ ဘဝတာအတွင်းတွင်၊ လှုပ်ရှားထကြွလျက်နေသော တန်ခိုးရှိသူတဦးဖြစ်လာပြီးလျှင်၊ အိပ်ပျော်နေချိန်တွင် မိမိဆောင်ရွက်ခဲ့လေ့ရှိသော တပါးသူတို့အားကူညီမှုလုပ်ငန်းကိုဆက်လက်ဆောင်ရွက် သွားနိုင်လေသည်။ မနက္ခန္ဓာကိုအသုံးပြုနိုင်သောတပည့်သာဝကသည်၊ စိတ်ရုပ်ပုံတို့ဖြင့် မိမိ၏ စိတ်ကူးများကို ထိုဇောတိဘုံ၌ရှိသော သူတို့သို့ လူ့ဘုံ၌ထက် လျင်မြန်လွယ်ကူစွာ ပို့လွှတ်နိုင်သော်လည်း,ထိုဘုံသားတို့သည်ကား သာမန်အားဖြင့် ဤသို့ဆောင်ရွက်နိုင်စွမ်းမရှိပဲ၊လူ့ဘုံ၌ကဲ့သို့ပင်ကန့်သတ်ချက်များဖြင့်၊ ထိုမျှ မကျပ်တည်း လှသော်လည်း၊ ချုတ်ချယ်ခြင်းကို ခံရလျက်ရှိလေသည်။ ဤသို့ ဖြစ်ခြင်းကြောင့် လူ့ဘုံ၌ကဲ့သို့ပင် ဇောတိဘုံ၌လည်း၊ လူတို့သည်စိတ်နေ သဘောထားများ၊ ယုံကြည်ချက်များ နှင့် ဘာသာစကားချင်း တူညီမှုများ

၏ ဆွဲဆောင်ခြင်းဖြင့်, အစုလိုက် အစုလိုက် ပေါင်းဖွဲ့လျက်နေကြသည်ကို တွေ့ရသည်။

သေခြင်းကို ခပ်သိမ်းသော လူ ပုဂ္ဂိုလ်ဘိုအား တဘန်း တစားတည်း ဖြစ်အောင် ညှိသူ အနေဖြင့် လင်္ကာဆရာ တို့၏ တွေးထင်ချက်မှာ မသိမှုမှပေါက်ဖွားလာသော မဖြစ်နိုင်သည့် အရာသာလျှင်ဖြစ်လေသည်။ အမှန်စင်စစ်မှာ ယေဘုယျအားဖြင့် ရုပက္ခန္ဓာကို ဆုံးရှုံးသွားခြင်းသည် လူ တဦးတယောက် ၏ အကျင့်သိက္ခာ အသိဉာဏ်တို့ကို မည်သို့ချ ခြားနားခြင်း မဖြစ်စေပါ။ ထို့ကြောင့် အသက်ရှင်လျက်ရှိသူဘို၏ အတွင်း၌ ကဲ့သို့ ကျွန်ုပ်တို့က သေသူဟု ခေါ်သူတို့ အတွင်း၌လည်း အသိဉာဏ် အမျိုးအစား မြောက်မြားစွာပင် တည်ရှိလေသည်။

လူတို့၏ တမန္တန်ဘဝ တွေ့ကြုံခံစားရမည့် အကြောင်းအရာတို့နှင့် စပ်လျဉ်း၍၊ အများ လိုက်နာ ကိုးကွယ်လျက် ရှိသော အနောက်နိုင်ငံ အယူဝါဒကြီးများ၏ ဟောကြားချက် တို့မှာ ကြာမြင့်စွာကပင် ချွတ်ချော် လွဲမှား လာခဲ့ချေရကား, အသိဉာဏ် နှင့် ပြည့်စုံသော သူတို့ ပင်လျှင် သေလွန်သွားပြီးနောက် ဇောတိဘုံ၌ သတိပြန်လည်ရရှိလာသောအခါ၊ ကြောက်မက်ဖွယ်ကောင်းအောင် မိန်းမော တွေဝေလျက် နေကြလေသည်။ ဇောတိဘုံသို့ အသစ်ရောက်လာသောသူတို့သည် ထိုဘုံ၌ မိမိတို့၏ အခြေအနေများကို တွေ့ရသည်မှာ ညွှန်ကြားထားသည့် အတိုင်း သူတို့၏ မြှော်လင့်ချက်များနှင့် လွန်စွာမှ ကွာခြားနေချေရကား၊ မရဏတည်းဟူသော တံခါးပေါက်မှ သူတို့ ဖြတ်သန်းလာကြပြီးဖြစ်သည်ကိုပင်၊ အစပ၌မှ၌ယုံကြည်ရန်ငြင်းဆန်၍ နေကြခြင်းသည် ရိုးလျက်ရှိချေ၏။ အမှန်စင်စစ်သော်၊

၀ိဥာဏ်၏အမတသဘာ၀၌ ကျွန်ုပ်တို့၏ လွန်စွာကြွားဝါထား
သော ယုံကြည်ချက်မှာ၊ လက်တွေ့အားဖြင့် ဘာမျှ တန်ဖိုး မရှိ
ချေရကား၊ များစွာသော သူတို့သည် ( သူတို့ သေပြီးသည့်
နောက် ) သူတို့ သတိရလျက် ရှိကြသေးသည့် အချက်ကိုပင်
သူတို့မသေသေးကြောင်း ဖေါ်ပြသည့် လုံး၀ခိုင်လုံသော သက်
သေခံချက်ဖြစ်သည်ဟု ယူဆကြလေသည်။

အဆုံးမရှိသော ငရဲ၌ ဒဏ်ခံရမည်ဟူသော ကြောက်မက်
ဖွယ် ကောင်းသည့် တရားကြောင့်လည်း၊ ဇောတိ ဘုံမြင့် သို့
အသစ်ရောက်လာသော သူတို့တွင် လုံး၀ အခြေအမြစ် မရှိ
အလွန့်အလွန် သနားဖွယ်ကောင်းသော ကြောက်စိတ် အ
မြောက်အမြားဖြစ်ပေါ်လာလေသည်။ များစွာသော သာဓက
တို့တွင်၊ ထို ကြောက်ရွံ့ဖွယ်ရာ ဖုရားကိုပြစ်မှားခြင်း၏ ဆိုး
ရွားလှသော စက်ကွင်းမှလွတ်မြောက်၍၊ ဤလောကကြီးအား
လူတို့ ဒုက္ခ ရောက်နေသည်ကို ၀မ်းသာ ရှုစိမ့်သော ဘီလူး၏
စိတ်ရှူးပေါက်သည်အတိုင်း မဟုတ်ပဲ၊ သနားကြင်နာခြင်း နှင့်
ပြည့်စုံ၍ အံ့ရလောက်အောင် သီးခံခြင်းနှင့် လည်းပြည့်စုံသော
တိုးတက်မှု နိယျာမ တရားအတိုင်း အုပ်ချုပ်လျက် ရှိသည်ဟု
သဘောမပေါက်မီ၊ ပြင်းပြသောစိတ်ဒုက္ခဝေဒနာကို ကြာရှည်
လေးမြင့်စွာ သူတို့ ခံစားရလေသည်။ ကျွန်ုပ်တို့ ယခု စဉ်းစား
နေသည့် အတန်းအစားတွင် ပါ၀င်သူတို့ အနက် များစွာ တို့
မှာ ဤတိုးတက်မှု နိယျာမဓမ္မ၏ စင်စစ် ဖြစ်ခြင်းကို ဥာဏ်ဖြင့်
၀င်စား၍အကယ်သဘောပေါက်ခြင်းမရှိချေ။ မိမိတို့၏ဇောတိ
ဘုံ ဆိုင်ရာကြားဘ၀တွင်၊ မိမိတို့၏ လူ့ဘုံ ဆိုင်ရာ ရုပ်ဘ၀ကို
ကုန်ဆုံးစေခဲ့သည့် နည်းအတိုင်း၊ ရွယ်မှန်းချက်မရှိ၊ လွင့်ပါ

မျောပါးလျက်သွားလေသည်။ သို့ဖြင့် သေလွန်ပြီး နောက် လည်း၊ မသေလွန်မီက ကဲ့သို့ပင် မိမိတို့၏ အခြေအနေ ကို အတော်အတန်သိ၍၊ ထိုအခြေအနေကို အကောင်းဆုံး မည်သို့ အသုံးချရမည်ကို သိသောသူ အနည်းငယ်မျှနှင့်၊ ထို အသိဉာဏ်ကို မရသေးသူ အမြောက်အမြားရှိလေသည်။ ထိုအခါ လည်း, ယခုအခါကဲ့သို့ပင်၊ မသိသူတို့သည်, သိသူပညာရှိတို့၏ အကြံဉာဏ် စံနမူနာ ဖြင့် အကျိုး ခံစားနိုင်ရန် အသင့် ရှိခဲ့ သည်။

သို့ရာတွင် သေသူ၏ အသိဉာဏ် မှာ မည်သည့် အတန်း အစားမျိုးပင် ဖြစ်စေကာ၊ ထိုအသိဉာဏ်သည် အမြဲလှုပ်ရှား ပြောင်းလဲလျက် တရွေ့ရွေ့ဆုတ်ယုတ်လျက် သွားလေသည်။ အဘယ်ကြောင့်ဆိုသော် လူ၏ အောက်မနောကို ယင်း၏ အ ထက် အဆင့်မှ ဆောင်ရွက်နေသော မြင့်မြတ်သည့် ဝိဉာဏ် သဘာဝနှင့် အောက်ဖက်မှ ဆောင်ရွက်နေသော ထက်သန် သည့် ကာမစ္ဆန္ဒ ခွန်အားတို့က၊ ဆန့်ကျင်ဖက် ဒိသာ တို့သို့ ဆွဲ ဆောင်ရွက်ရှိလေသည်။ ထို့ကြောင့် ယင်း အသိဉာဏ်သည် ဆွဲဆောင်မှု နှစ်ခုတို့၏အလယ်၌ ဟိုဖက်သည်ဖက် ယိမ်းယိုင် နေပြီးလျှင်၊ အောက်ကာမစ္ဆန္ဒ ခွန်အားတို့ ပြုန်းတည်း သွား သည်နှင့်အမျှ အထက်သို့ အမြဲဘိုးတက် ညွတ်လျက် လာလေ သည်။

ဤတွင် ဝိဉာဏ်စမ်းသပ်ပွဲဘိုကို ကန့်ကွက်ရန် အချက်တခု ပေါ်ပေါက်လာလေသည်။ အတော်ပင်မိုက်မဲ၍ယုဘ်ညံ့သော သူသည် သေပြီးသည့်နောက် အားကိုးလောက်သူတဦး၏ ကြီး ကြပ်မှုအောက်၌ စိတ်အားထက်သန်စွာ ဝိုင်းဖွဲ့ထိုင်နေသူတို့

နှင့် ဝိဥာဏ်စမ်းသပ်ပွဲတွင် ကြုံတွေ့ရသဖြင့် များစွာ တိုးတက်နားလည်လာပြီးလျှင်၊ အကူအညီ ကိုလည်း ရသဖြင့် အဆင့်အတန်းမြင့်၍ လာနိုင်ပေသည်။ သို့ရာတွင် လူ သာမန်၌ကား ဝိဥာဏ်စိတ်သည်နိမ့်သောသဘာဝအခြေမှ မြင့်သောသဘာဝအခြေသို့ မှန်မှန်တက်လျက် ရှိလေသည်။ ဤ ဝိဥာဏ်စိတ်၏ အောက်ပိုင်းသဘာဝကို၊ ဓမ္မတာအတိုင်းလည်း ဖြစ်၍ အလိုလည်းရှိအပ်သော မေ့မြောနေသည့် အခြေသို့ ကျရောက် နေသည်မှ၊ ပြန်လည် နိုးကြား လာစေပြီးလျှင်, နတ် ဝင်သည်နှင့် ဆက်သွယ် ရန် နောက်ပြန် ဆွဲဆောင် ခေါ်ငင် လိုက်ခြင်းဖြင့် ယင်း၏ဘဝ တိုးတက်မှုကို အထောက်အပံ့ ဖြစ်နိုင်စေမည် မဟုတ်သည်မှာ ထင်ရှားပေ၏။

ဤ အခြင်းအရာ၏ ထူးခြားသော အန္တရာယ်ကို စဉ်းစားကြည့်က သိမြင် ပေလိမ့်မည်။ အဘယ်ကြောင့် ဆိုသော် လူစင်စစ်သည် အစင်မပြတ် မိမိ၏ အဇ္ဈတ္တသန္တာန်သို့ ဆုတ်နစ်လျက် ရှိသဖြင့်၊ ကြာလေ ဤမိမိ၏ အောက်ပိုင်း သဘာဝကို လွှမ်းမိုးနိုင်မှု, သို့မဟုတ်, ညွှန်ကြားနိုင်မှု နည်းလေ ဖြစ်လေသည်။ သို့ရာတွင် ထိုအောက်ပိုင်းသဘာဝသည်ကား၊ လုံးဝကွဲကွာသွားသည်တိုင် ကံမှုကို ပြုနိုင်စွမ်း ရှိလေသေးသည်။ အခြေအနေ အရ ယင်းသည် ကောင်းမှုထက် မကောင်းမှုကို သာလျှင် မိမိ၏ ရှိပြီးကံကိုဖြည့်စွက်ရန် အကြောင်း ထင်ရှား ရှိလေသည်။

နတ်ဝင်သည်မှ တဆင့်တိုးတက် ကြီးပွားမှုရှိမရှိ ဟူသော ပြဿနာမှတပါး၊ ရုပက္ခန္ဓာမရှိတော့သော သူ၏ အထက်နတ်ပြည်သို့ သွားရာလမ်းတွင် အကြီးအကျယ် နှောင့်နှေးစေမည့်

အလွန်ဖြစ်ခဲလှ ဖြစ်ထရှိသည့် အမှောင့်အရောင့် တခုရှိလေသေးသည်။ ယင်းသည်ကား ကျန်ရစ်ခဲ့သော ဆွေမျိုးညာတိမိတ်ဆွေသင်္ဂဟတို့၏ ချုတ်တီး၍ မထားနိုင်အောင် ပြင်းထန်သောဝမ်းနည်းကြေကွဲခြင်းများဖြစ်လေသည်။ ဤသည်ကားအနောက်နိုင်ငံများတွင် သေခြင်းနှင့်ပတ်သက်၍ အနှစ်ရာပေါင်းများစွာမှားလွဲဖုရားကို ပြစ်မှားသည့် အယူအဆ၏များစွာသော ဝမ်းနည်းဖွယ်ရာ အကျိုးသက်ရောက်မှုတို့အနက် တခုဖြစ်လေသည်။ သို့ဖြင့်ကျွန်ုပ်တို့သည် ကျွန်ုပ်တို့နှင့်ယာယီမျှခွဲခွာသွားသူ မိတ်ဆွေများအတွက် မလိုအပ်သောဒုက္ခဝေဒနာကိုအကြီးအကျယ်ခံစားရပြီးလျှင်၊ ဤကျွန်ုပ်တို့ ပြင်းပြစွာခံစားရသော ဝမ်းနဲ ကြေကွဲခြင်းဖြင့် ကျွန်ုပ်တို့၏ လေးနက်သောမေတ္တာကို ပြလျက်ရှိသည့် သူအားလည်း၊ အကြီးအကျယ်အန္တရာယ်ပြုလျက်ရှိချေသည်။

ကျွန်ုပ်တို့၏ မိတ်ဆွေသားချင်းသည်၊ အထက်နတ်ပြည်၏တန်ခိုးအသရေတို့အလယ်၌နိုးကြားခြင်းမပြုမီ ဓမ္မတာအတိုင်းဆိတ်ငြိမ်စွာသတိမရပဲ မေ့မြောနေစဉ်၊ လူ့ဘုံရှိ မိတ်ဆွေတို့၏ပြင်းပြသော ဝမ်းနဲကြေကွဲမှု၊ တမ်းတမှုများကြောင့်၊ အိပ်မက်နေသကဲ့သို့ချမ်းသာနေသည်မှ၊မကြာမီကမှမိမိခွဲခွာလာခဲ့ရသောလူ့ဘုံဘဝအဖြစ်အပျက်များကိုကွက်ကွက်ကွင်းကွင်းသတိရ၍လာလေသည်။ ကျွန်ုပ်တို့၏ ဝမ်းနည်းကြေကွဲတမ်းတမှုများသည်သူ၏ကာမစ္ဆန္ဒခန္ဓာအတွင်း၌ အလားတူ တုန်လှုပ်များကိုထကြွလာစေပြီးလျှင်၊ သူ့အားပြင်းထန်သော ဒုက္ခဝေဒနာကိုခံစားရစေလေသည်။

မိမိတို့အလျင် မိမိတို့၏ အပေါင်းအဖေါ်များ ကွယ်လွန်သွားခြင်းရှိသူတို့သည်၊ မည့်မျှပင် သဘာဝ ကျသည်ဆိုသော်လည်း၊ သတ္တုချ၍ကြည့်လျှင် ကိုယ်ကျိုး အတွက်သာလျှင်ဖြစ်သော၊ ဝမ်းနည်း ပူဆွေးခြင်း တို့အား၊ ထိုအပေါင်းအဖေါ် မိတ်ဆွေတို့၏ အကျိုးငှာ၊ ချုတ်တီးထားရမည့်တာဝန်ကို၊ ဤယုံမှားဖွယ်မရှိသော အခြင်းအရာတို့မှ၊ သိမြင်နားလည်လာကြလျှင်ကောင်းပေမည်။ သေသူတို့ကို မေ့ပစ်ရမည်ဟု ဂုဏ္ဍဝိဇ္ဇာက အကြံမပေးပါ။ ဤသို့အကြံပေးရန်နှင့် ဝေးကွာလှပါ၏။ သို့ရာတွင် ဂုဏ္ဍဝိဇ္ဇာက အကြံ ပေးလိုသည်မှာ၊ ကွယ်လွန် သွားသော မိမိ၏ မိတ်ဆွေအား ချစ်ခင် ကြင်နာစွာ သတိရခြင်းသည် နှုန်အားတခုပင် ဖြစ်သဖြင့်၊ သူသည် စပ်ကြား ဇောတိဘုံဘဝကို ဆိတ်ငြိမ်စွာ ဖြတ်သန်းသွားပြီးနောက် အထက်နတ်ပြည်သို့ဆိုက်ရောက်ပါစေဟူသော ထက်သန်ကောင်းမွန်သည့် စေတနာလမ်းကြောင်းတို့သို့၊ ယင်းခွန်အားကို သင့်လျော်စွာ မြောင်းသွယ်ပေးလိုက်မည်ဆိုလျှင်၊ထိုသူအားအမှန် တန်ဖိုးရှိပေမည်၊ ထိုသို့မဟုတ်ပဲ၊ သူ့အတွက် ဝမ်းနည်းကြေကွဲခြင်းနှင့် သူနှင့်ပြန်၍တွေ့ရန် တမ်းတခြင်းတို့၌ ထိုခွန်အားကို သုံးဖြုန်းပစ်မည်ဆိုလျှင်၊ အကျိုးမရှိသည်သာမဟုတ်၊အန္တရာယ်ပင် ပြုပေလိမ့်မည်။ မှန်သောအသိတရားရှိသဖြင့်၊ သေသူတို့အဖို့ ပူဇော်ပွဲများ ကျင်းပရမည်ဟု ဟိန္ဒူဘာသာကညွှန်းဆို၍၊ ဆုများတောင်းရမည်ဟု ဘုရင်ဂျီဘာသာကနှိုးဆော်ခြင်း ပြုလေသည်။

တခါတရံ ရှင်သူတို့နှင့်ဆက်သွယ်လိုသော ဆန္ဒမှာ သေသူ၌ရှိ၍၊ မိမိစွန့်၍ သွားရသူတို့အား ပြောကြားလိုသောအရာ

သေသူ၌ရှိသည်ဟူ၍လည်း ဖြစ်တတ်လေသေးသည်။ ရံဖန်ရံခါ လည်း ဤပြောကြားလိုသောစကားမှာ အရေးကြီးတတ်လေ သည်။ဥဒါဟရဏ်၊ပျောက်နေသည့် သေတမ်းစာ ထားခဲ့သည့် နေရာကိုပြလိုခြင်း။သို့ရာတွင် အများအားဖြင့်သော်ကား လုံး ၀အရေးမကြီးဟုသာ ထင်ဖွယ်ရှိသည်။ မည်သို့ပင်ဖြစ်စေကာ၊ ဤပြောဆိုလိုသည့် အချက်သည် သေသူ၏စိတ်၌ စွဲသန်း၍နေ လျှင်၊ သူ့အားပြောဆိုခွင့်ပေးရန်လိုအပ်သည်မှာ ယုံမှားဖွယ် မရှိချေ၊ သို့မဟုတ်လျှင် ပြောဆိုရန်ကြောင့်ကြစိတ်သည်လူ့ဘုံ သို့သာ သူ့အားအမြဲဆွဲဆောင်နေပြီးလျှင်၊ အထက်ဘုံဘုံသို့ တက်ရောက်သွားခြင်းမှတားဆီးထားပေလိမ့်မည်။ ဤသို့ဖြစ် သောအခါ သူ၏ဆန္ဒကို နားလည်နိုင်သည့်ဇောတိအမြင်ရှိသူ၊ သို့မဟုတ်၊ သူပူးကပ်၍ စာရေးသားနိုင်, ဝါ, ပြောကြားနိုင် မည့်နတ်ဝင်သည်သည်၊သူ့အားအကယ်ကူညီနိုင်ပေလိမ့်မည်။

နတ်ဝင်သည် မပါပဲ သူအဘယ်ကြောင့် စာမရေးနိုင်,စ ကား မပြောနိုင်ပါသနည်းဟု မေးကောင်းမေးပေလိမ့်မည်။ အကြောင်းမှာ ဖြစ်သဘာဝတခုသည်၊ ယင်းနှင့် ကပ်လျက် အောက်၌ရှိသော ဒြပ်သဘာဝ တခုပေါ်၌သာ ထိရောက်စွာ ဆောင်ရွက်နိုင်သည်။ ယခုသော် သူ၏အဖွဲ့အစည်း အဘ ၌ ဇောတိခန္ဓာဒြဗ်ထက် သိပ်သည်းသောအရာ မရှိချေရကား၊ မိမိ၏ အာကာသဓာတ်ရုပ်ဘူ၌ရှိသော စပ်ကြားသဘာဝနှင့် ဆိုင်သည့်ဒြဗ်ရှင်ကို မထုတ်ယူပဲ၊ ရုပ်ဓာတ်လေထဲ၌ တုန်ခပ် လှိုင်းများကိုထကြွစေရန်ငှင်း၊ရုပ်ဓာတ်ခဲတံကို လှုပ်ရှားစေရန် ငှင်း၊ သူမတတ်နိုင်ချေ။ စပ်ကြားအာကာသဒြဗ်ရှင်ကိုအသုံး ချခြင်းဖြင့်သော်ကား တဘုံမှတဘုံသို့ ကူးသန်း၍ဘွန်းအားကို

အလွယ်တကူပင်လွှဲပြောင်းပေးနိုင်သည်။ ဤလိုအပ်သောဒြဗ် ရှင်ကိုသာမန်လူမှ သူထုတ်မယူနိုင်။ အဘယ်ကြောင့်ဆိုသော် ထိုသူ၏အာယတနဓာတ်တို့သည်သူအသုံးပြုနိုင်သည့်နည်းများ ဖြင့်ခွဲခွာ၍ မရနိုင်အောင်ပင် ပူးပေါင်းတွယ်ကပ် ဆက်စပ်၍ နေချေသည်။ သို့ရာတွင် နတ်ဝင်သည်၏ အချက်အချာသဘာဝ သည်ကား၊ယင်း၌ရှိသော အာယတန ဓာတ်တို့၏ ခွဲခွာလွယ် ခြင်းပင်ဖြစ်သည်။ ထို့ကြောင့်သူသည် နတ်ဝင်သည်မှကိုယ်ထင် ပြရန် လိုအပ်သော မည်သည့်ဒြဗ်ကိုမဆို မခဲမယဉ်းထုတ်နုတ် ယူနိုင်လေသည်။

နတ်ဝင်သည်ကို ရှာမတွေ့နိုင်သောအခါ၌သော်၎င်း၊နတ် ဝင်သည်ကို မည်သို့အသုံးပြုရမည်ကို မသိသောအခါ၌သော် ၎င်း၊သေသူသည် မိမိဘာသာရှင်သူတို့နှင့်ဆက်သွယ်ရန်၊ ချွတ် ချော်လွဲမှားသော အားထုတ်မှုများကိုလည်း ပြုလုပ်တတ်ချေ သေးသည်။ မိမိ၏ပြဋ္ဌာန်းစိတ်ဖြင့် ဓာတ်ဘူတခွန်အားများကို ဆင်ကန်းတောတိုးထကြွလှုပ်ရှားစေပြီးလျှင်၊ခဲဖြင့်ပေါက်ခြင်း, ခေါင်းလောင်းတီးခြင်းစသော ရည်ရွယ်ချက်သို့မရောက်သည့် အခြင်းအရာများကို ဖြစ်ပေါ်စေလေသည်။ထို့ကြောင့်အများ အားဖြင့်ဖြစ်တတ်သည်မှာ၊ဇောတိအမြင်ရှိသူ,သို့မဟုတ်,နတ် ဝင်သည်သည် ဤကဲ့သို့ဖြစ်နေသောနေရာသို့ရောက်သွားသော အခါ၊ဤအခြင်းအရာများကို ဖြစ်ပေါ်နေစေသော ကွယ်လွန် သွားသူက မည်သည့် အရာကိုပြောလို ပြုလိုသည်ကို စုံစမ်းသိရှိ ပြီးသော်၊ ထိုရုတ်ရက်ဖြစ်မှုကို ငြိမ်းဆိုးစေနိုင်လေသည်။ ဤသို့ ချည်လည်း အစဉ်အမြဲ ငြိမ်းဆိုးသွားနိုင်လိမ့်မည်မဟုတ်ချေ။အ ဘယ်ကြောင့်ဆိုသော် ဤကဲ့သို့သော ဓာတ်ဘူတခွန်အားတို့

၏ ထကြွလှုပ်ရှား မှုများသည် အခြားလုံး၀ ကွဲပြားသော အကြောင်းများကြောင့်လည်း ဖြစ်ပေါ်လာတတ်လေသေးသည်။

(၄)ဆာယာ။ ဇောတိခန္ဓာအာယတနဓာတ်တို့ကွဲကွာသွားသောအခါ၊ လူ၏ဇောတိဘုံဘ၀သက်တမ်းသည်ကုန်ဆုံးသွားပြီးလျှင်၊အထက်၌ ဆိုခဲ့ပြီးဖြစ်သည့်အတိုင်း၊ မနု(ရူပဗြဟ္မာ) ဘုံသို့သူ၀င်ရောက်သွားလေသည်။သို့ရာတွင် ဤလူ့ဘုံမှသူသေသွားသောအခါ၌ သူ၏ရူပက္ခန္ဓာကို သူစွန့်လွှတ်ထားခဲ့သည့်နည်းတူ၊ဇောတိဘုံမှ သူကွယ်လွန်သွားသောအခါ၌လည်း သူ၏ ပျက်စီးလျက်ရှိသော ဇောတိခန္ဓာကိုသူစွန့်လွှတ်ထားခဲ့လေသည်။ လူ့ဘ၀၌ရှိစဉ် မိမိ၏ရုပ်လောကနှင့်ဆိုင်သော ကာမရာဂတို့ကိုပယ်ခွာပြီးနောက်၊မိမိ၏စိတ်ဓာတ်ခွန်အားရှိသ၍ကို ကိုယ်ကျိုးမရှာသည့် လောကုတ္တရာအာရုံတို့သို့သာ ညွှတ်စေခဲ့လျှင် ပဋိသန္ဓေ၀ိဉာဏ်သည် ပဋိသန္ဓေအတွင်းသို့ သွတ်သွင်းခဲ့သော အောက်မနော အားလုံးကိုပင် ပြန်လည်ရုပ်သိမ်းနိုင်ပေလိမ့်မည်။ ဤသို့ဖြစ်လျှင် ဇောတိဘုံ၌ စွန့်လွှတ်ခဲ့သောခန္ဓာသည် လူ့ဘုံ၌ စွန့်လွှတ်ခဲ့သော ရူပခန္ဓာကဲ့သို့၊ အသေကောင်သက်သက်သာလျှင် ဖြစ်နေပြီးလျှင်၊ ဤအမျိုးအစားနှင့် မဆိုင် နောက်ဖေါ်ပြမည့်အမျိုးနှင့်သာ ဆိုင်ပေလိမ့်မည်။

ဤမျှလောက်ပါရမီနှင့်ပြည့်စုံခြင်းမရှိသောသူ၏ဖြစ်ရပ်၌ပင်၊ ယုတ်နိမ့်သောကာမရာဂခွန်အားတို့သည် အနှောင့်အရှက်မရှိပဲ ဇောတိဘုံ၌ကုန်ဆုံးပျောက်ကွယ်သွားခွင့်ရခဲ့လျှင်၊ဤဖေါ်ပြခဲ့သောအကျိုးနှင့်ထပ်တူကိုပင်ရရှိပေမည်။သို့ရာတွင်များစွာသော သူတို့သည်လူ့ဘုံ ရုပ်လောက၌ရှိစဉ်၊ မိမိတို့၏သန္တာန်မှ မမြင့်မြတ်လှသော စိတ်စေတသိက်တို့ကို ပယ်ခွာရန် ပေါ့

ပေါ့ဆဆ, မပြောပလောက်အောင်သာလျှင် အားထုတ်ခြင်း ပြုကြလေသည်။ ဤသို့ပြုခြင်းဖြင့် သူတို့သည်၊ မိမိတို့ကိုယ်ကိုစပ် ကြားဇောတိလောကတွင် အလွန်ရှည်လျားသော ဘဝ၏ခရီး တာသို့ရင်း၊အောက်မနော၏ တစိတ်တဒေသကိုဆုံးရှုံးခြင်းဟူ ၍သာဖော်ပြရမည့် အဖြစ်သို့ရင်း၊ပစ်ချထားကြလေသည်။

ဤသည်ကား အောက်မနော၌ အထက်မနော၏ အရိပ် ထင်ခြင်းကို၊ ရုပ်အဖြစ်အပျက်နည်းဖြင့် ဖော်ပြခြင်းသာလျှင် စင်စစ်ဖြစ်လေသည်။ သို့ရာတွင် အကယ်အဖြစ်အပျက်ကို အ သင့်အတင့် တိကျမှန်ကန်စွာ နားလည်စေခြင်းငှာ၊ မာနသ ဓမ္မသည် အောက်လူ့ဘုံ ရုပ် လောက၌ ပဋိသန္ဓေယူတိုင်း၊ မိမိ၏တစိတ်တဒေသကို စေလွှတ်လိုက်ပြီးလျှင်၊ ထိုဘဝ၏အ ဆုံး၌ အမျိုးမျိုးသော တွေ့ကြုံ ခံစားမှုတို့ဖြင့် ပြည့်ဖြိုးကြွယ်ဝ လျက် ယင်းကိုပြန်လည်ရုပ်သိမ်းနိုင်ရန်မျှော်လင့်သည်ဟူသော ယူဆချက်ကို လက်ခံထားရပေမည်။သို့ရာတွင် လူသာမန်ပုထု ဇဉ်သားသည်အများအားဖြင့်မိမိကိုယ်ကိုယုတ်နိမ့်သောကာမ ရာဂစိတ် အမျိုးမျိုးတို့၏ကျွန်ပြုခြင်းကိုကြေကွဲဝမ်းနည်းဖွယ်ရာ ခံစေသဖြင့်၊ ထိုအောက်မနော၏ အချို့သော အစိတ်အပိုင်း တို့သည် ကာမစ္ဆန္ဒခန္ဓာ(ဝေဒနက္ခန္ဓာ)နှင့် မြဲမြံစွာ ရစ်ပတ်ဖွဲ့ နှောင်ပြီးလျှင်၊ ဇောတိဘုံဘဝ၏အဆုံး၌ ခန္ဓာအာယတန ခတ်တို့ကွဲကွာကြသောအခါ၊ မာနသဓမ္မကို ဆွဲငင်ဆုတ်ဖြတ် လိုက်ရသဖြင့်၊ ယင်း၏ ယုတ်နိမ့်လျက်ရှိသော အစိတ်အပိုင်း သည်၊ ပျက်စီးလျက်နေသော ဇောတိခန္ဓာအတွင်း၌ ကျန်ရစ် ခဲ့လေသည်။

ဤဇောတိခန္ဓာသည် ထိုအခါ မနောလွတ်ထွက်မသွားနိုင်သဖြင့် မနောကို သုံ့ပန်း အဖြစ် ဖမ်းထားသော ဇောတိကလာပ်မှုန့်များဖြင့်ပြီးလျက်ရှိချေ၏။ အဘယ်ကြောင့်ဆိုသော် လူသည် အထက်နတ်ပြည်သို့ဝင်ရောက်သွားသောအခါ၊ ယင်းတွယ်ကပ် နေသော ကလာပ်မှုန့်များသည် မနော၏ တစိတ်တဒေသကို စွဲမြဲထားပြီး လျှင်၊ ဖဲ့၍ ယူလိုက်လေသည်။ ထို့ကြောင့် ပျက်စီးယွင်းယိုလျက်ရှိသောဇောတိဝါဟနတွင် တည်ရှိသည့် အဆင့်အတန်းတခုစီနှင့်ဆိုင်သော ဇောတိဒြပ်၏အချိုးအစားသည်,အောက် ကာမရာဂ စိတ်တို့နှင့် ခွဲခွာ၍မရအောင် မနော၏ ညိတွယ်နေသော အခြေအနေပေါ်၌တည်လေသည်။ မနောသည် ဇောတိဘုံ တဆင့်မှတဆင့်သို့ ကူးသန်းသွားသောအခါ၊ အဆင့်တိုင်း၏ ဒြပ်မှ လုံးဝလွတ်ကင်း၍ မသွားချေရကား၊ ဇောတိဒြပ်ကြွင်းက ယင်းနှင့် ဆက်သွယ်တွယ်ကပ် ကျန်ရစ်ခဲ့သော ရုန့်ရင်းသည့် မနောဒြပ် ရှိခြင်းကို ဖေါ်ပြမည်မှာ ထင်လျှားပေ၏။

ဤနည်းဖြင့် "ဆာယာ"ဟုခေါ်သော ဘူတအမျိုးအစားတခု ဖြစ်ပေါ်လာလေသည်။ ယင်း ဘူတ သည်ကား ပုဂ္ဂိုလ်စင်စစ် မဟုတ်သည် ကို မှတ်သား ထားရပေမည်။ အဘယ်ကြောင့်ဆိုသော် ထိုပုဂ္ဂိုလ်စင်စစ်သည်ကား အထက်နတ်ပြည်သို့ ကူးသန်းသွားချေပြီ။ သို့ရာတွင် ယင်း ဘူတသည် ထိုပုဂ္ဂိုလ်၏ အသွင်အပြင်အတိအကျကို ဆောင်လျက်ရှိသည်သာ မက သူ၏ မှတ်ဉာဏ်နှင့် တူးခြားဆန်းပြားသည့် စိတ်နေ စိတ်ထား အသေးအဖွဲကလေးများကိုပင်ရယူထားသဖြင့်၊ သူနှင့်အလွယ်တကူပင် မှားယွင်းနိုင်ပေသည်။ ဤသို့ပင်လည်း ဝိဉာဏ်စမ်း

သပ်ပွဲတို့၌ မကြာမကြာ မှားယွင်းကြလေသည်။ ထိုဘူတသည် ဤသို့ အယောင်ဆောင် ပြုမူလျက် ရှိခြင်းကို မသိချေ။ သူ၏ အသိဉာဏ်၌ကား သူသည်ပင် ထိုပုဂ္ဂိုလ် စင်စစ် ဖြစ်သည်ဟု ထင်မှတ်၍ နေရချေသည်၊ သို့ရာတွင် ကွယ်လွန်သွားသူ၏ မိတ်ဆွေတို့သည်၊ မိမိတို့ အဖေါ်သဟဲ၏ အယုတ်ညံ့ဆုံးသော ဂုဏ်အင်္ဂါအပေါင်းတို့ဖြင့်ပြီးသည့် ဝိဉာဏ်မဲ့ အဖွဲ့အစည်းကို၊ မိမိတို့၏ အဖေါ်သဟဲအစစ် အနေဖြင့် လက်ခံထားသည့်တိုင် မိမိတို့ လှည့်စားခြင်းခံနေရသည်ကို သိနိုင်ခဲ့လျှင်၊ အဘယ်မျှ သူတို့ စက်ဆုပ်ရွံရှာသွားကြမည်ကို တွေး၍ ကြည့်နိုင်ရာ၏။

ဆာယာ၏ သက်တမ်းသည်၊ ယင်းကို အသက် သွင်းလျက်ရှိသော အောက်မနော၏ ပမာဏအတိုင်း ကွဲပြား သွားလေသည်။ သို့ရာတွင် ထိုအောက်မနောသည် အစဉ်သဖြင့် ဆုတ်ယုတ် မှေးမှိန် နေချေရကား၊ ဆာယာ ၏ အသိဉာဏ်မှာ တိရစ္ဆာန် တို့၏ ပါးနပ်ခြင်းကို များစွာပြနိုင်သေးသော်လည်း တရွေ့ရွေ့ ဆုတ်ယုတ်လျော့နည်းသွားလေသည်။ ယင်း၏သက်တမ်း ကုန်ခါနီးလောက်တွင်ပင် နတ်ဝင်သည်ထံမှအသိဉာဏ်ကိုယာယီထုတ်ယူခြင်းဖြင့် ဆက်သွယ်ခြင်းပြုနိုင်လေသေးသည်။ သဘာဝအားဖြင့် ထိုဆာယာသည် မကောင်းသည့်အမှောင့်ပရောဂတို့၏ ချယ်လှယ်ခြင်းကို အလွန် လွယ်ကူစွာခံရတတ်လေသည်။ ဝိဉာဏ်နှင့် ကွဲကွာပြီးဖြစ်ချေရကား၊ ယင်း၏အဖွဲ့အစည်းတွင်ထိုထက်မြင့်မြတ်သော အရှိန်အဝါတို့သို့ တုံ့ပြန်ရန်ဘာမျှမရှိချေ။ ထို့ကြောင့်ဆာယာများသည် ယုတ်နိမ့်သော မှော်ဆရာတို့၏ အသေးအဖွဲ ကိစ္စအမျိုးမျိုးအတွက် အသုံးချခြင်းကို အလွယ်တကူပင် ခံကြရလေသည်။ ယင်း၌ရှိသော

မနောဓာတ်သည် တဖြေးဖြေး ပြိုပျက်သွားပြီးလျှင် မည်သည့်ပုဂ္ဂိုလ်၏ မနောသို့မျှမဟုတ်ပဲ၊ ဆိုင်ရာမနောဘုံသို့ ပြန်လည်ရောက်ရှိသွားလေ၏။ သို့ဖြင့်ဆာယာသည်တရွေ့ရွေ့တဖြေးဖြေး မသိမသာ, နောက်ဖေါ်ပြမည့် အမျိုးအစား ထဲသို့ဝင်ရောက်သွားချေ၏။

(၅)။ **အခွံ**။ ။ဤအခွံဆိုသောအရာမှာ၊မနောကလာပ်မှုန့်တိုင်း ထွက်ခွာ သွားပြီးနောက်၊ ပျက်စီး ယွင်းယိုခြင်း၏ နောက်ပိုင်းတွင်ကျန်ရှိသော ဇောတိအသေကောင်မျှသာလုံး၀ ဖြစ်လေသည်။ ယင်း၌အသိဉာဏ်ဟူ၍ လုံး၀မရှိတော့ပဲ၊ တိုက်ခပ်လာသောလေ၏ နှင်ရာသို့ လွင့်ပါးလျက်ရှိသော တိမ်ကဲ့သို့ ဇောတိ စီးကြောင်းတို့၌ မလှုပ်မရှက် မျောပါလျက်နေလေသည်။ သို့ပင်ဖြစ်လင့်ကစား၊ ယင်းအခွံသည် နတ်၀င်သည်၏ ရောင်လျှံအတွင်းသို့ ၀င်ရောက်လာမိသောအခါ၊ ခဏတာမျှ စက်ဆုပ်ရွံရှာ,ရယ်စရာကောင်းအောင်, လှုပ်ရှားအသက်၀င်၍လာနိုင်လေသည်။ ဤအခြေအနေ၌ ရှိသောအခွံသည် အသွင်အပြင်အားဖြင့် ကွယ်လွန်သူပုဂ္ဂိုလ်နှင့် တထေယျာတည်း တူညီပြီးလျှင်၊ ထိုပုဂ္ဂိုလ်၏ ပြောနေကျစကားများနှင့် ရေးနေကျလက်ရေးများကိုပင် ဖန်တီးပြနိုင်ရာချေသေး၏၊ သို့ရာတွင် ဤသို့ပြုလုပ်နိုင်သည်မှာ၊ ယင်းကိုဖွဲ့စည်းနေသည့် ကလာပ်မှုန့်တို့၏ အလိုအလျောက် ပြုမူခြင်းကြောင့် ဖြစ်လေသည်။ ထိုကလာပ်မှုန့်တို့သည်၊ လှုံ့ဆော်အားကို ရရှိသောအခါ၊ ယင်းတို့ပြုမူနေကျအတိုင်း ထပ်မံပြုမူလေ့ရှိလေသည်။ ဤဖြစ်ချက်၏ နောက်ပိုင်းတွင် မည်မျှပင် အသိဉာဏ်တည်လျက်ရှိစေကာ၊ထို အသိဉာဏ်မှာ မူလပုဂ္ဂိုလ်နှင့် မည်သို့မျှမဆိုင်၊ နတ်၀င်သည်၊

သို့မဟုတ် ၊နတ်ဝင်သည်၏ လမ်းညွှန်များ အတွယ်အကပ်များ ထံမှ အခိုက်အတန့် အားဖြင့် ရယူထားခြင်းမျှသာ ဖြစ်လေသည်။

ထိုအခွံသည် နောက်ခေါင်းစဉ်အောက်တွင် ဖေါ်ပြမည့်နည်းဖြင့် မကြာမကြာ, ယာယီအသက်ဝင်၍လည်း လာတတ်သေးသည်။ ဆာယာ၏ သက်တမ်းနောက်ဆုံးပိုင်းတွင် ဝင်ရောက်လာလေ့ရှိသောတုန်ခပ်မှုများကိုလည်း တုံ့ပြန်ရန်ယင်း၌စွမ်းအင် ရှိလေသေးသည်။ ထို့ကြောင့် မကောင်းသောကာမစ္ဆန္ဒများ, ရာဂ, ဒေါသ, မောဟ, စသောဝေဒနာစေတသိက်များလွှမ်းမိုးလျက်ရှိသူတို့သည် ဝိဉာဏ်စမ်းသပ်ပွဲတို့သို့ ရောက်ရှိနေသောအခါ၊ ယင်းစိတ်များသည်၊ ထိုစိတ်အာရုံမဲ့ အခွံတို့ဖြင့်တုံ့ပြန်လာပြီးလျှင် ပြင်းထန်၍လာသည်ကိုတွေ့ရပေမည်။

ဤခေါင်းစဉ်အောက်တွင် ဖေါ်ပြရန်လိုသော အခြားအသေကောင်တမျိုး ရှိလေသေးသည်။ သို့ရာတွင် ယင်းအသေကောင်မှာလူ၏ တမန္တန်ဘဝသမိုင်းစဉ်တွင် လွန်စွာစောသေးသောအခြေနှင့်ဆိုင်လေသည်။ ရူပကန္ဒာသေပြီးနောက်ဇောတိခန္ဒာသည် နှိုင်းစာခြင်းဖြင့် လျင်စွာပြန်လည် ဖွဲ့စည်းပြီးလျှင်၊ အာကာသခေတ် ရုပ်တုကိုစွန့်လွှတ်လိုက်သည့် အကြောင်းကိုအထက်၌ ဖေါ်ပြခဲ့လေပြီ။ ဤအာကာသခေတ်ရုပ်တုသည်၊ထိုအဖြစ်အပျက်သမိုင်းစဉ် နောက်ပိုင်းတွင် ဇောတိအခွံကဲ့သို့ အတိအကျပင် ပျက်စီးရမည်သာဖြစ်လေသည်။

ဤအာကာသ ခေတ်ရုပ်တုခွံသည်၊ ကျွန်ုပ်တို့ပေါ်ပြလာခဲ့သော ဇောတိခွံအမျိုးအစားကဲ့သို့၊ ရောဂါတတ်ရာရာ လွှင့်ပါးလျက်မနေချေ။ ပျက်စီးလျက်ရှိသော ရုပကန္ဓာနှင့် ကိုက်အနည်းငယ်မျှ အတွင်း၌သာ တည်လျက်နေပြီးလျှင် အနည်းငယ်မျှ သိမ်မွေ့သော အာရုံရှိသူတို့ဖြင့် အလွယ်တကူ မြင်နိုင်ချေရကား၊ သင်းချိုင်းသုသာန်တို့တွင်တွေ့ရသည်ဆိုသောသရဲပုံပြင်များစွာတို့ကို ဖြစ်ပေါ်စေလေသည်။ ဇောတိအာရုံဖွံ့ဖြိုးပြီးရှိသူသည် သုသာန်ကြီးများအနီးသို့ဖြတ်သန်းသွားသောအခါ၊ ဤမြူပြာရောင် မှုန်မှိုင်းမှိုင်း သဏ္ဍာန်များအား မကြာမီက ယင်းဘို့စွန့်ခွာလာသော ရုပ်အလောင်းများကို မြှုပ်နှံထားရာ သင်းချိုင်းများအပေါ်၌၊ပျံဝဲလျက်နေကြသည်ကို မြင်ရလေသည်။ ယင်းတို့သည်လည်း ယင်းတို့၏ မိတ်တူရုပ်အလောင်းများကဲ့သို့ပင် ပျက်စီးယိုယွင်းလျက်ရှိသော အခြေအမျိုးမျိုး၌ပင် ရှိနေချေရကား၊ မြင်ရသည့်အာရုံမှာ မသာယာလှပေ။

ဤအခွံသည်လည်း အခြားအခွံမျိုးကဲ့သို့လုံးဝအသိအာရုံမရှိ၊ အသိဉာဏ်မရှိသည်သာဖြစ်၏။ သို့ရာတွင်ယင်းကိုလည်း အချို့သော အခြေအနေမျိုးတွင် ယာယီအားဖြင့် အသက်ရှင်နေသည့် ကြောက်စရာကောင်းသော ပုံသဏ္ဍာန် အဖြစ်သို့ရောက်လာအောင် အသက်သွင်းနိုင်ပေသေးသည်။ ဤသို့အသက်သွင်းခြင်းကို၊ အဆိုးရွားဆုံးသော အောက်လမ်း မှော်အတတ်တွင် စက်ဆုပ်ဖွယ်အကောင်းဆုံးသော အစီအရင်တို့ဖြင့်သာလျှင်ဆောင်ရွက်နိုင်လေသည်။ယင်းတို့၏အကြောင်းကိုပြော၍ မကောင်းလှချေ။ ထို့ကြောင့်လူ့ဘုံမှ အထက်နတ်

(ဗြဟ္မာ)ဘုံသို့တဆင့်ပြီးတဆင့်ကူးပြောင်း တက်ရောက် သွား ရာတွင်၊ လူသည်အလေ၁င်း,အသေကောင်,သုံးခုထက်မနည်း ရူပက္ခန္ဓာ, အာကာသဓာတ်ရုပ်တု,နှင့်ဇောတိခန္ဓာတို့ကို စွန့် ခွာ၍ တရွေ့ရွေ့တဖြေးဖြေး ပျက်စီးစေရလေသည်။ ယင်းခန္ဓာ အားလုံးတို့သည် မိမိတို့ဆိုင်ရာ ဓာတ်သဘာဝများအဖြစ်သို့ တစတစ ကြေပျက်ပြောင်းလဲ သွားပြီးလျှင်၊ သဘာဝ၏အံ့ဩ ဖွယ်ကောင်းသော ဓာတုဗေဒနည်းဖြင့်၊ မိမိတို့ဆိုင်ရာ ဘုံတို့ တွင် ယင်းတို့၏ဒြဗ်များကို အသစ်တဖန် အသုံးပြုကျပြန်လေ သည်။

(၆)။ **အသက်ဝင်နေသောအခွံ**။ ။အတိအကျဆိုသော် ဤဘူတကို'လူ'ဟူသောခေါင်းစဉ်အောက်၌ အစိတ်အပိုင်းတ ခုအနေဖြင့်ဖေါ်ပြရန် အလျှင်းမသင့်ချေ။ အဘယ်ကြောင့်ဆို သော် ယင်းသည်လူ၏ အပအဖုံးအလွှမ်း, တခါကလူတို့ကို မှီ တွယ်နေသောအရာ၊ လှုပ်ရှားခြင်းမပြု၊ အသိအာရုံမရှိသော အခွံမျှသာဖြစ်လေသည်။ ယင်း၌ရှိနေတတ်သော၊ အသက်, အသိဉာဏ်,ဆန္ဒ,ဣစ္ဆာ စသည်တို့မှာ ယင်းတွင်ဝင်နေသော, ဖန်တီးထားသည့် ဘူတ၏အသက်,အသိဉာဏ်,ဆန္ဒ,ဣစ္ဆာတို့ သာဖြစ်ပြီးလျှင်၊ ယင်းဘူတမှာ လူ၏အကုသိုလ်စိတ်ဖြင့် ဖန် ဆင်းထားသော အရာစင်စစ်ဖြစ်သော်လည်း၊ပကတိလူသော် ကားမဟုတ်ချေ။ ထို့ကြောင့်ယင်းကို ယင်းနှင့်အမှန်အတိုင်း ဆိုင်သော ဖန်တီးထားသည့်ဘူတအမျိုးအစားအောက်၌ ပြည့် စုံစွာ ဖေါ်ပြလျှင်သာ၍ ကောင်းပေမည်။ ထိုအကြောင်းအ ရာအပိုင်းသို့ ရောက်သောအခါယင်း၏သဘာဝနှင့် မူလဘူတ အကြောင်းကို ပိုမိုလွယ်ကူစွာ နားလည်နိုင်ပေလိမ့်မည်။

ထိုအသက် ဝင်နေသော အခွံမှာ အစဉ်အမြဲလိုပင် မကောင်းဆိုးရွားသာလျှင်ဖြစ်၍၊ ယင်း၌ သတ္တိရှိသလောက်မကောင်းရာဖက်သို့သာ ဆွဲဆောင်သွေးငင်သည့် ဘီလူးသံဘက်သာလျှင်စင်စစ်ဖြစ်ကြောင်း ဖေါ်ပြရလျှင် တော်လောက်ပေပြီ။ ဆာယာကဲ့သို့ပင် ပုဒူး နှင့် အိုပိဟုခေါ်သော အနောက်ကပ္ပလီလူမျိုးတို့၏ မှော်အတတ်များတွင် ကြောက်မက်ဖွယ်ရည်ရွယ်ချက်များကို ဆောင်ရွက်ရန် ယင်းကိုမကြာခဏအသုံးချလေ့ရှိလေသည်။ အင်္ဂလိပ်စာရေးဆရာတို့ကယင်းကို''ခေတ်ဘူတ''ဟူသော အမည်ဖြင့် ပြောဆို သုံးစွဲကြသော်လည်း၊ ထိုအခေါ်အဝေါ်ကို တမန္တန်ဘဝရှိ ဘုဘာအမျိုးမျိုးတို့အနှို၊ တကြိမ်မဟုတ် အခြားတကြိမ်၌ သုံးစွဲချက်ရှိသဖြင့် ယင်းမှာအဓိပ္ပါယ်လွန်စွာရှိခေကင်းမဲ့၍လာချေရကား၊ ယင်းကိုမသုံးပဲရှောင်ကြဉ်က သာ၍ကောင်းပေမည်။

၇။ **မိမိကိုယ် မိမိသတ်သေသူနှင့်ရုတ်တရက်သေသူများ (အစိမ်းသေများ)**။။မတော်တဆအားဖြင့်သော်၎င်း၊ မိမိကိုယ်မိမိသတ်ခြင်းဖြင့်သော်၎င်း၊ လူ့ဘုံရုပ်ဘဝမှ ရုတ်တရက် ပြတ်ထွက်သွားသူတို့၏ ဇောတိဘုံ၌ တွေ့ရသော အခြေအနေများသည်၊ အိုမင်းသဖြင့်သော်၎င်း၊ ရောဂါကြောင့်သော်၎င်း သေသွားသူတို့၏ အခြေအနေများနှင့်လွန်စွာကွာခြားချက်ရှိသည်ကို အလွယ်ပင် နားလည်နိုင်ရာသည်။ ဒုတိယ အချိုးအစားတွင် ပုဂ္ဂိုလ်အပေါ် ၌ လူ့ဘဝ ကာမစ္ဆန္ဒ တို့၏ ဆုပ်ကိုင်ထားမှုသည် ယုတ်လျော့ ပျော့ညံ့၍ နေရမည်မှာစင်စစ် ဖြစ်ပြီးလျှင်၊ အဆိုးရွားဆုံးသော ကာမစ္ဆန္ဒ ကလာပ်မှုန့်တို့ကို စွန့်ပယ်ပြီး ဖြစ်ပါလိမ့်မည်။ ထို့ကြောင့် လူသည် ဇောတိ ဘုံ၏

ဆဋ္ဌ, ဝါ,ပဥ္စမ ဆင့်သို့သော်၎င်း,ထို့ ထက်မြင့်၍ပင်သော်၎င်း, ရောက်ရှိ သွားပေလိမ့်မည်။ အဘယ်ကြောင့် ဆိုသော် သူ၏ အာယတန ခေတ် တို့ကို ခွဲခွာလိုက်ရန် တရွေ့ရွေ့တဖြေးဖြေး ပြင်ဆင်ပြီးရှိသဖြင့် ခွဲခွာလိုက်သဖြင့် ရရှိသော ဒဏ်မှာ မပြင်း ထန်လှချေ။

မတော်တဆ ဖြစ်၍သေမှု,သတ်သေမှုတို့၌သော်ကား၊ ဤသို့ ပြင်ဆင်ထားချက်များ ဘာမျှမရှိသဖြင့်၊ ရုပ်ခန္ဓာအဖုံး အအုပ်မှ အာယတန ခေတ်တို့ နုတ်ထွက်သွားရသည်မှာ၊ မမှည့်သေးသော သစ်သီး၏ အတွင်းမှ အစေ့ကို ဖေါက်ထုတ်လိုက်သည်နှင့် တူလျက်ရှိချေသည်။ အကြမ်းထမ်းဆုံးသောဇောတိဒြပ် တို့သည် ပုဂ္ဂိုလ်၏ ပတ်လည်တွင် တွယ်ကပ်လျက်ပင် ရှိသေးသဖြင့်၊ ပုဂ္ဂိုလ်မှာ ဇောတိဘုံ၏ သတ္တမ,ဝါ,အောက်ဆုံး အဆင့်၌ မိ၍နေပေလိမ့်မည်။ ထိုဘုံအဆင့်မှာ ရောက်ရှိသွားသူတို့အဖို့ သာယာခြင်း နှင့် ကင်းဝေးသည်ကို ဖေါ်ပြခဲ့လေပြီ။ သို့ရာတွင် ယင်းအဆင့်၌ အခိုက်အတန့်အားဖြင့်နေရသူ အားလုံးတို့ အမှု အခြေအနေများမှာ အလျင်းမတူချေ။ ထို ရုတ်တရက် သေဆုံးသွားသူ (အစိမ်းသေ)များအနက်၊ လူ့ဘဝ၌ မြင့်မြတ်စင်ကြယ်ခဲ့သူတို့သည်၊ ထိုဘုံဆင့်နှင့် မည်သို့မျှ စပ်ဟပ်ခြင်း မရှိချေရကား၊ ထို ဘုံဆင့်တွင် သူတို့ ကျက်စားရသော အချိန်ကာလမှာ၊ ထို အကြောင်း စေ့စေ့ စာတစောင်တွင် ပါရှိသည်ကို ထုတ်နုတ်ဖေါ်ပြရမည်ဆိုသော် "ချမ်းသာလျက် မသိမမြင်,လုံးဝ သတိမရှိသော အခြေ၌ သော်၎င်း၊ သာယာသော အိပ်မက် တို့ကို မြင်မက်လျက်ဆိတ်ငြိမ်စွာ အိပ်ပျော်နေသော အခြေ၌သော်၎င်း၊ ကုန်ဆုံးသွားချေ၏။"

သို့ရာတွင် လူ့ဘဝ၌ ကြမ်းထမ်းယုတ်မာ၊တကိုယ်ကောင်းရှာကြ၊ ကာမရာဂ ထူပြောသော သူတို့သည်ကား၊ ၎င်း မှ ပို လား အပ်သော ဘုံဆင့်တွင် သတိ လုံးဝရှိပြီး ပျင် ကြောက်မက်ဖွယ်ကောင်းအောင် ဆိုးရွားသော ဘူတများ အဖြစ် သို့ ဆိုက်ရောက် သွားနိုင်စရာ ရှိလေသည်။ ရူပက္ခန္ဓာ မရှိတော့သဖြင့် တိုက်ရိုက် တင်းတိမ် ရောင့်ရဲအောင် မပြုလုပ်နိုင်တော့သော ကြောက်ခမန်းလိလိ တဏှာစိတ်တို့ဖြင့် ဘောက်လောင်လာချေရကား၊ သူတို့ ပူးဝင်တွယ်ကပ်နိုင်သော နတ်ဝင်သည်, သို့မဟုတ်, သိမ်မွေ့သောအာရုံရှိသူတို့မှ တဆင့် သူတို့၏ စက်ဆုပ် ရွံ ရှာဖွယ် ကောင်းသော ကာမရာဂ စိတ် တို့ကို ခံစား ရောင့်ရဲကြချေ၏။ ၎င်းပြင် ထိုသူတို့သည် ယင်းတို့အား ပျက်စီးခြင်းသို့ရောက်စေခဲ့သည့်ကာမဂုဏ်၌ ကျူးကျူးလွန်လွန်ဖြစ်ခြင်းသို့အခြားသူများအား လှည့်စားသွေးဆောင်ရန်၊ဇောတိဘုံ၌ သူတို့ရရှိနိုင်သမျှသော အစွမ်းသတ္တိများဖြင့်၊ အမျိုးမျိုးသော ပရိယာယ်တို့ကိုဆင်ရာ၌ ဘီလူး သဖက်များသဖွယ် သူတို့ အားရနှစ်သက်ကြလေသည်။

ထိုစာမှပင် တဖန်ထုတ်နှုတ်ဖေါ်ပြရမည်ဆိုသော် ''ယင်းတို့မှာ ဥရောပ ခေတ်လတ်တွင် အိပ်ပျော်နေသူတို့ကို ဝင်၍ စီးတတ်သော ဘီလူးများဟူ၍၎င်း၊ အိပ်ပျော်နေသူတို့နှင့် လာ၍ ကာမစပ်ရှက် တတ်သော ဘီလူးမများဟူ၍၎င်း ခေါ်သော့ရှိသည့်၊ပိသာစများ, အစားကြူးအသောက်ကြူး,တဏှာရာဂကြူး, အလိုရမ္မက်ကြီး, လွန်စွာလှည့်ပတ်ဖြားယောင်း, ဆိုးသွမ်းယုတ်မာ,ရက်စက်ကြမ်းကြုတ်သော ဘီလူးများဖြစ်လေသည်။ ယင်းတို့သည် ယင်းတို့ လက်တွင်းသို့ ရောက်ရှိနေသူတို့

အား ကြောက်မက်ဖွယ်ကောင်းသော ဒုစရိုက် အမှုအပြစ်များကို ကျူးလွန်စေ၍၊ ဤသို့ကျူးလွန်ခြင်း၌ ယင်းတို့ ပျော်ရွှင်မြူးထူးလျက် နေကြလေသည်။”ဤအမျိုးအစားနှင့် နောက်ဆုံး ဖေါ်ပြလိုက်သော အမျိုးအစား တို့မှ ပိဋကတ် ကျမ်းစာတို့တွင် ဖေါ်ပြလေ့ရှိသော သွေးဆောင်သူတို့ ပေါ်ထွက် လာလေသည်။ ထိုရာတွင် စင်ကြယ်သော စိတ် စေတနာ ရှိသူတို့အပေါ်၌ ယင်းတို့၏ တန်ခိုးသတ္တိများမှာ အချည်းနှီး သာလျှင်ဖြစ်ချေသည်။ ယင်းတို့ သွေးဆောင် သက်ရောက်စေလိုသော ညစ်ညမ်းသည့်စိတ်များကို မိမိ၏ သန္တာန်၌ အားမပေးသော သူများအား ယင်းတို့ဘာမျှ မတတ်နိုင်ချေ။

ဤအကြောင်းမလှသော သတ္တဝါအစုအအုပ်ကြီး များကို သားသတ်ဆိုင်,အရက်ဆိုင် နှင့် အခြား ထို့ထက် နာမည်ဆိုးသော အရပ်တို့၌-သူတို့ကြိုက်နှစ်သက်သည့် ရုံ့ရင်းသောအာရုံများကို ခံစားနိုင်သည့် နေရာဟူသမျှနှင့် သူတို့နှင့် စိတ်အလိုချင်းတူ၍ သွေးသားနှင့် ရှိနေသေးသော ယောက်ျား မိန်းမတို့ကို၊ သူတို့ တွေ့နိုင်သည့်နေရာ ဟူသမျှ၌၊ ဇောတိစက္ခုပွင့်လင်းပြီး ရှိသူတို့ မကြာခဏ မြင်ရလေသည်။ ဤအမျိုးအစားဝင်ဘူတတစ္ဆေအဖို့, မိမိနှင့် တိုက်ဆိုင်ခြင်း ရှိသော နတ်ဝင်သည် တဦးနှင့် ကြုံတွေ့ခြင်းမှာ လွန်စွာ ကြောက်မက်ဖွယ်ကောင်းအောင် ကံဆိုးခြင်းပင် ဖြစ်လေသည်။ ဤသို့ ကြုံတွေ့ခြင်းသည် သူ၏ ကြောက်ရွံ့ဖွယ်ကောင်းသော ဇောတိ သက်တမ်း ကိုအလွန့် အလွန်ရှည်လျားနိုင်စေသည်သာမက၊ သူ၏ အကုသိုလ်ကံ ဖန်တီးနိုင်မှု အစွမ်း သတ္တိကိုလည်း၊ အကန့်အသတ် ရှိဟန်မတူသော,ကာလအဖို့၊ ထပ်တလဲလဲ ဖြစ်ပေါ်

စေနိုင်လေသည်။ ဤနည်းဖြင့် သူသည် သူ့အဖို့ အဆိုးယုတ်ဆုံးသော အနာဂတ် ပဋိသန္ဓေကို ပြင်ဆင်လျက် ရှိပြီးလျှင်၊ သူ၌ ရှိလျက် နေသေးသောမနောအစွမ်းသတ္တိ အမြောက် အမြားကိုလည်း ဆုံးရှုံးကောင်း ဆုံးရှုံးရပေလိမ့်မည်။ ကံကောင်းထောက်မသဖြင့်မိမိ၏ ကာမရာဂများကိုတဆင့်အားဖြင့်ရှောင့်ရဲနိုင်ရန် လိပ်ပြာညွှန်သူ နှင့် မတွေ့ခဲ့သော်၊ ရှောင့်ရဲခြင်း မပြုရသော ကာမရာဂစိတ်တို့သည် တရွေ့ရွေ့မိမိကိုဘာသာတောက်လောင်ကုန်ကျွမ်းသွားပြီးလျှင်၊ ဤသို့လောင်ကျွမ်းရာ၌ဖြစ်ပေါ်လာသော ဆင်းရဲခြင်းသည် အတိတ်ဘဝ၏ မကောင်းမှုကံကို ခံစားရာ၌ အတော် တာ သွားပေလိမ့်မည်။

မိမိကိုယ်ကို မိမိသတ်သေသူ၏အခြေအနေမှာ၊ မိမိ၏ အရမ်းမဲ့ ပြုမူချက်ဖြင့် အောက်ပိုင်း အာယတန ဓာတ်တို့ကို အဇ္ဈတ္တသန္တာန်သို့ ရုပ်သိမ်းရန် ဝိညာဏ်၏ တန်ခိုးသတ္တိကို ယုတ်လျော့စေခဲ့ခြင်းကြောင့် မိမိကိုယ်ကို အမျိုးမျိုးသောအပိဘေး အန္တရာယ် တို့၏ အောက်သို့ သက်ရောက်စေခြင်းဖြင့် တိုးတက် ရှုပ်ထွေးလျက်ရှိလေသည်။ သို့ရာတွင် မိမိကိုယ်ကို မိမိ သတ်သေသူ တို့၏ အပြစ်များမှာ အကြောင်းခြင်းရာများအလိုက် လွန်စွာ ကွဲပြားကြသည်ကို သတိပြုရာသည်။ ဤကွဲပြားချက် များမှာ သေနေကနှင့် စောကရတီတို့၏ အမှုများတွင် အကျင့်သီလဖြင့် စပ်လျဉ်း၍ အပြစ်မဲ့သည်မှ၊ အဆင့်အတန်းအမျိုးမျိုးတို့သို့ သက်လျော့သွားပြီးလျှင် မိမိ၏ ယုတ်မာညစ်ညမ်းမှုများက မိမိအား ပို့ဆောင်တားသော အနှောင်အဖွဲ့ များမှ လွတ်မြောက်အောင် မိမိ၏အသက်ကို မိမိ ဖြတ်လိုက်သော လွန်စွာ ကြီးလေးသည့် ပြစ်မှုကြီးတိုင်, ခြားနားး၍ သွားလေသည်။

ထို့အတိုင်းပင် သေသည်၏ နောက်၌ အခြေအနေ များလည်း ကွဲပြား၍ သွားလေသည်။

ဤမိမိကိုယ်ကို မိမိသတ်သေသူနှင့်, အစိမ်းသေ အမျိုး အစားနှင့် ဆာယာများ,အသက်ဝင်နေသောအခွံများမှာ သွေးစုတ် ဖုတ် အငယ်စားများ ဟု ခေါ်သော အကောင်များ ဖြစ်လေသည်။ ဆိုလိုသည်မှာ သူတို့သည် အခွင့်ရခဲ့လျှင် မိမိတို့ ဝင်ရောက် ပူးကပ်နိုင်သော လူပုဂ္ဂိုလ်များမှ ပြာဏ (ပါဏ) ဓာတ်ကို စုတ်သောက်ပြီးလျှင် မိမိတို့၏ ဘဝတာကို ရှည်စေလေသည်။ ဤသည်ကား ဝိဉာဏ်စမ်းသပ်ပွဲကြီးဆုံးသွားသော အခါ နတ်ဝင်သည် နှင့် ထိုင်နေသူတို့သည် လွန်စွာ အားအင်ကုန်ခမ်း ပင်ပန်း နွမ်းနယ်ခြင်း ဖြစ်သည်ကို မကြာခဏ တွေ့ရခြင်း၏ အကြောင်းရင်းဖြစ်လေသည်။ ယင်းဘို့၏ အမှောင့်ပရောဂမှ မိမိကိုယ်ကို မည်သို့ကာကွယ်ရမည်ကို ဂုတ္တဝိဇ္ဇာ ၌ လေ့လာနေသူတို့အား သင်ကြား ထားလေသည်။ သို့ရာတွင် ဤသို့သင်ကြားထားသော ပညာ မရှိသူသည်၊ သူတို့ နှင့် တွေ့သောအခါ,သူတို့၏ညင်းပန်းခြင်းမှရှောင်တိမ်းရန် ခဲယဉ်းလေသည်။

၈။ **သွေးစုတ် ဖုတ် နှင့် ဝံပုလွေ စုန်း။** ဤအကြောင်းအရာ အခင်းကို ပြည့်စုံစေရန် ထို့ထက်ယုတ်ညံ့သော အမျိုးအစား နှစ်ခုကို ဖော်ပြရန် ကျန်ပေသေးသည်။ သို့ရာတွင် ယင်းတို့မှာ ကံအားလျော်စွာ ဖြစ်ခဲပေသည်။ သူတို့ တဦးနှင့်တဦး များစွာသော အချက် တို့၌ အတော်ကွဲပြား ခြားနားသော်လည်း။ သူတို့တွင် လူ့ဘုံ၌ မကြုံဖူးအောင် ကြောက်မက်ဖွယ်ကောင်းခြင်းနှင့် အလွန်အလွန် ရှားပါးခြင်းဟူသော ဂုဏ်တို့

အတူတူပင်ရှိခြင်းကြောင့် သူတို့ကို စုပေါင်း ဖော်ပြရာသည်။ သူတို့ အလွန့်အလွန် ရှားပါးသည်မှာ သူတို့သည် ရှေးမဆွက ပေါ်ပေါက်ခဲ့သော လူမျိုးများ၏ အခမွအနှစ်များ စင်စစ် ဖြစ်သောကြောင့် ဖြစ်လေသည်။ သူတို့သည် စက်ဆုပ် ရွံရှာဖွယ် ကောင်းသော ခေတ်၏ အမှားအယွင်းများ, လူနှင့်ပတ်ဝန်း ကျင်တို့၌ ယခုခေတ် အခြေအနေ နှင့် များစွာကွဲပြားသော ခေတ်ကာလ၏ ထိတ်လန့်ဖွယ်ကောင်းသော ရုပ်ကြွင်းရုပ်ကျန် များ ဖြစ်လေသည်။

ပဉ္စမမြောက် အရင်းခံ လူမျိုးကြီးတွင် ပါဝင်လျက်ရှိသော ကျွန်ုပ်တို့သည်, ဤခေါင်းစဉ် အောက်၌ ခွဲခြားဖော်ပြထား သော သတ္တဝါတို့၏ စက်ဆုပ် ရွံရှာဖွယ်ကောင်းလှသော ကြမ္မာနှင့် မတွေ့နိုင်တော့သော အခြေသို့ရောက်အောင် တိုး တက်ပြီးရှိသင့်လေသည်။ ဤသို့သော တိုးတက်မှုနည်းပါးမျှကို လည်း ကျွန်ုပ်တို့ရပြီးဖြစ်ချေရကား၊ ဤသတ္တဝါများကိုဥရောပ ခေတ်လတ်၏ ဒဏ္ဍာရီများသာဟုအများအားဖြင့် ယူဆလျက် ရှိလေသည်။ သို့ရာတွင် ယခု မျက်မှောက်၌ပင်လျှင်၊ အများ အားဖြင့်ရုရှား နှင့် ဟံဂေရီနိုင်ငံ တို့ကဲ့သို့သော စတုတ္ထအရင်း ခံ လူမျိုး၏သွေး အတော်ရောနှောလျက်ရှိသော နိုင်ငံ တို့၌၊ ယင်း သာဓကများကို တခါတရံ တွေ့ရပေသေးသည်။ ယင်း တို့နှင့် ပတ်သက်၍ အများပြောဆိုနေကြသော ပုံပြင် များတွင် ကားချဲ့ချက်များ အတော်ပါတတ်လေသည်။ သို့ရာတွင် ဥရောပ တိုက် အရှေ့ပိုင်းဆိုင်ရာ တောသူတောင်သား တို့တွင် တဦးမှ တဦးသို့ နှုတ်ဖြင့် ပြောကြားဆင်းသက်လာခဲ့သော ကြောက် ရွံ့ဖွယ် ပုံပြင်တို့၏အထဲတွင် ထိတ်လန့်ချောက်ချားဖွယ်ရာ၊ အ

တည်တကျ အမှန်အကန် အခြေခံ ဖြစ်ပျက်ချက်များလည်း ပါ ဝင်လေသည်။ ဤ ပုံပြင်တို့၏ ယေဘုယျ လက္ခဏာ များမှာ အားလုံးသိပြီးဖြစ်သဖြင့် အမြွက်မျှသာ ဖေါ်ပြသွားရန်လိုပေသည်။ စိတ်ကူးယဉ် ဝတ္ထုများ အဖြစ်ဖြင့်သာ ဖေါ်ပြထားသော်လည်း၊ ဤသွေးစုတ်ကောင် ဖုတ်တစ္ဆေ တို့၏ အတော်ကောင်းမွန်သော စံပြပုံပြင်များမှာ ရှဲရိဒင်, လေ, ဖနု, ရေး "ကာမစ်လာ" (Sheridan le fanu's Carmilla) ခေါ် ပုံပြင်ဖြစ်လေသည်။ ထို့ထက် ကြက်သီးမွေးညင်းထဖွယ်ရာကောင်းသောပုံပြင်မှာ ဗရမ်စတိုကာ၏ "ဒရကုလ" (Bram Stoker's Dracula) ဖြစ်လေသည်။ သို့ရာတွင် ဤသတ္တဝါ၏ ထူးခြားသော အခြင်းအရာအကြောင်း မှတ်သားဖွယ်ကောင်းအောင် ဖေါ်ပြထားချက်များကို အိပ်ချ်,ပီ, ဗလာဗတ်စကီ၏ မာတာဒေဝီပကာသနီ (Isis Unveiled) ခေါ်စာအုပ်အတွဲ ၁ စာမျက်နှာ ၄၅၄ တွင် တွေ့နိုင်သည်။

လူသည် လုံးဝယုတ်နိမ့်၍ ကိုယ်ကျိုးရှာဘဝ,လုံးဝ ယုတ်မာ, ရိုင်းစိုင်းသော ဘဝ၌သာ ကျက်စားနေခြင်း ဖြင့် မိမိ ၏ အောက်မနောတခုလုံးအား ကာမစ္ဆန္ဒတို့ဖြင့် ရောရှက်ညိတွယ်နေစေပြီးလျှင်၊ အဆုံး၌ မိမိ၏ မြင့်မြတ်သော အတ္တ၌ တည်သည့် အမတဝိဉာဏ် ပင်မကြီးမှ ကွဲကွာပြတ်ထွက်သွားစေနိုင်သည်ကို၊ သဗ္ဗညုတမွေ စာပေတို့ကိုဖတ်ရှုသူတို့ အသိပင်ဖြစ်လေသည်။ ဤသို့ ဖြစ်သွားခြင်းတို့မှာ အတော် များပြား၍၊ ဤကဲ့သို့သော "ဝိဉာဏ်မဲ့" ဟု ခေါ်သောသူတို့ကို ကျွန်ုပ်တို့၏ ဘဝတာအတွင်း နေ့တိုင်း ပင် လမ်း၌ တွေ့နိုင်သည် ဟုလည်း ယူဆထားဟန် ရှိလေသည်။ သို့ရာတွင် ကံအားလျော်

စွာ ဤယူဆထားချက်မှာ မမှန်ချေ။ မိမိ၏ မျက်မှောက် လူ့ဘဝကို လုံးဝဆုံးရှုံးပြီးလျှင်၊ အမတ ပုဂ္ဂိုလ်၏ ဘဝ တိုးတက်မှုကိုလည်း ဆုတ်ယုတ်သွားစေလောက်အောင်, အဆိုးဖက် အံ့ဩဖွယ်ထူးချွန်သည့် အခြေသို့ရောက်အောင်, လူသည် ကိုယ်ကျိုးမဲ့စိတ်ဝင်လာသမျှ, လောကုတ္တရာစိတ် ပွင့်လင်းလာသမျှကိုဖျစ်ညှစ်သတ်ဖြတ်ပြီးလျှင်, မည်သို့မျှ အဖတ်ဆည်၍ မရဖြစ်၍ နေရပေမည်။ ၎င်းပြင် အဆိုးရွားဆုံးသော လူယုတ်မာ တို့ကိုပင်လျှင် လုံးဝ ဆိုးရွားသည်ဟု မဆိုသာသောအရာ ရှိသေးသည်ကို ထောက်ရှုသော်, မျက်မှောက်ဘဝကို စွန့်လွှတ် ပြီးသူတို့မှာ သေးငယ်သော လူနည်းစုမျှသာ ဖြစ်နိုင်သည်ကို ကျွန်ုပ်တို့ သဘောပေါက်နိုင်ပေ၏။ သို့ရာတွင် နှိုင်းယှဉ်ခြင်းဖြင့် အရေအတွက် နည်းပါးသော်လည်း၊ ယင်းတို့ရှိသည်သာဖြစ်၍ ယင်းတို့အထဲမှ ထို့ထက်နည်းပါးသောသွေးစုတ် ဖုတ်ကောင်များ ပေါ်ထွက်လာလေသည်။

ဆုံးရှုံးပြီး ဖြစ်သော သူသည် သေပြီးနောက် ချက်ချင်းပင် ဇောတိလောက၌ မိမိတည်မနေနိုင်သည့်အဖြစ်နှင့် ကြုံပြီးလျှင် အသိ အာရုံရှိလျက်ပင် သူ၏ နေရာ လျှို့ဝှက် နက်ရှိုင်း သော အဋ္ဌမ နယ်ဝန်းအတွင်းသို့ ခုခံ၍မရပဲ ဆွဲငင်သည်သို့ ပါသွားရချေ၏။ ထိုနေရာ၌ သူသည် ဖေါ်မပြပဲထားလျှင် အကောင်းဆုံးဖြစ်သော တွေ့ကြုံခံစားမှု တို့၏ အဆုံး၌ တခဲ့ရွှေ့ရွှေ့ ဘဖြေးဖြေး ပြိုကွဲပျက်စီးသွားလေသည်။ အကယ်၍သူသည် မိမိကိုယ်ကို မိမိသတ်ခြင်းဖြင့်သော်၎င်း, ရုတ်ချင်းသော်၎င်း, သေခဲ့သော်၊ အချို့သော အခြေအနေမျိုးတွင် အောက်လမ်း မှော်အဘတ်ကို သူတတ်ပါက၊ ထို ကြောက်မက်ဖွယ် ကောင်းလှသော

ကြမ္မာမှ၊ ထို့ထက်မလျော့သော ကြောက်မက်ဖွယ်ကောင်း သည့် အသက်ရှင်လျက် ရှိသော သေခြင်းဖြင့် စက်ဆုပ်ဖွယ် ကောင်းသော သွေးစုတ်ဖုတ်ကောင်အဖြစ်ဖြင့် သူ့ကိုယ် သူ ဆွဲငင်ထားနိုင်ပေသေးသည်၊

ရုပ်ခန္ဓာမသေမချင်း၊ ဇောတိလောက၏ အဌမဘုံနယ်က သူ့အား မစိုးပိုင်နိုင်သေးချေရကား၊ သူသည်တပိုင်းတစသော ပေါ်ထင်နေသောဇောတိခန္ဓာဖြင့် အခြားသူတို့၏သွေးကိုစုတ် ယူပြီးလျှင် မိမိ၏ ရုပ်ခန္ဓာအတွင်းသို့ သွတ်သွင်းခြင်း ဟူသော ထိတ်လန့်ကြောက်ရွံ့ဖွယ် ကောင်းလှသည့်နည်းဖြင့်၊ ထိုရုပ် ခန္ဓာအား သတိမရတချက် ရတချက်နှင့်မေ့မြောနေသောအ ခြေ၌ တည်နေစေလေသည်။ ဤသို့လျှင်သူသည် လူအမြောက် အမြားတို့အား သေစေခြင်းဖြင့် မိမိ၏ကြမ္မာကို ဆိုင်းငံ့ထား လေသည်။ ဤသို့ဖြစ်ခဲ့သော်၊ အလွယ်ကူဆုံးနှင့် အထိရောက် ဆုံးသော ကုနည်းမှာ၊အမှန်ကျ၍နေသော လူအများတို့၏ယုံ ကြည်ချက်အတိုင်း အသေကောင်ကိုဖေါ်ပြီးလျှင် မီးရှို့လိုက် ခြင်းပင်ဖြစ်သည်။ဤသို့ပြုသည်ရှိသော် ဖုတ်ကောင်၌ရပ်တည်ရာ မရဖြစ်သွားလိမ့်မည်။ သင်းချိုင်းတွင်းကို ဖွင့်လိုက်သောအခါ၊ အသေကောင်မှာ လတ်ဆတ်ကျန်းမာတုန်းကဲ့သို့ရှိနေပြီးလျှင်၊ ခေါင်းထဲ၌သွေးများဖြင့် ပြည့်နေသည်ကို တွေ့ရတတ်သည်။လူ သေကို မီးသဂြိုဟ်သောထုံးစံရှိသည့်တိုင်းနိုင်ငံများတွင် သွေး စုတ်ဖုတ်ကောင်များမှာ ခမ္မတာအတိုင်း မရှိနိုင်ချေ။

ပံပုလွေစုန်းမှာ အလားတူ ကြောက်ရွံ့ ထိတ်လန့်ဖွယ် ကောင်းသော်လည်း၊ အတော်အတန်ကွဲပြားသော ဂံ၏ဖြစ် ရပ်ဖြစ်ပြီးလျှင်၊ ဇောတိဘုံ လူသားတို့တွင် ဒုတိယအမျိုးအ

စားဖြစ်သော သေသူတို့အထဲ၌ မပါဝင်ပဲ၊ ပဌမအမျိုးအစား ဖြစ်သောရှင်သူတို့အထဲ၌ ပါဝင်သင့်လေသည်။အဘယ်ကြောင့် ဆိုသော် သူသည် အသက်ရှင်လျက် ရှိစဉ်ပင် ဤသဏ္ဍာန်ကို ဆောင်စပြုလေသည်။ဤအဖြစ်သို့ရောက်ရန်၊ မိမိ၏ဇောတိခန္ဓာ ထွက်ခွာသွား၍ ကျက်စားစေနိုင်လောက်အောင် စုန်းကဝေ အတတ်ကို သူတတ်ရပေမည်။

လုံးဝကြမ်းကြုတ်ရက်စက်သောသူသည်ဤသို့မိမိ၏ဇောတိ ခန္ဓာကို ထွက်ခွာကျက်စားစေသည်ရှိသော်၊ အချို့သော အ ကြောင်းခြင်းရာတို့နှင့် ပြည့်စုံက၊ သူ၏ရူပက္ခန္ဓာကို အခြား ဇောတိဘူတတို့က သိမ်းပိုက်ပြီးလျှင်၊ လူ၏သဏ္ဍာန်သို့မဟုတ် ပဲ၊ တိရစ္ဆာန်တို့၏ သဏ္ဍာန်–အများအားဖြင့် ဝံပုလွေ၏ သဏ္ဍာန်–သို့ ကူးပြောင်း ပေါ်ထင်လာနိုင်စေသည်။ ဤသို့ သောအခြေ၌ ယင်းသည် ပတ်ဝန်းကျင်အရပ်တို့သို့ လှည့်လည် ၍အခြားတိရစ္ဆာန်များနှင့် လူများကိုပင် ကိုက်သတ်ပြီးလျှင် ယင်း၏သွေးတောင့်တမှုကိုသာမက၊ ယင်းအားစီးနေသော ဘူတတို့၏ သွေးတောင့်တမှုကိုပါ ရောင့်ရဲစေလေသည်။*

သာမန်ရုပ်ဖန်ဆင်းမှုတို့၌ ဖြစ်လေ့ရှိသည်အတိုင်း၊ ဤတွင် လည်း လွန်စွာထူးခြားလှသော တုံ့ပြန်ခတ်ခြင်း သဘောတ ရားအတိုင်း၊ တိရစ္ဆာန်ရုပ်အပေါ်၌ ဖြစ်ပေါ်စေသည့် ဒဏ်ရာ သည် လူ၏ရုပ်ခန္ဓာပေါ်၌လည်း ပေါ်ထင်လာပေလိမ့်မည်။သို့ ရာတွင် ရုပ်ခန္ဓာသေသွားပြီးနောက် ထိုရုပ်အတိုင်းဆက်လက်

---

*ဤအခြင်းအရာများကို၊ မြန်မာနိုင်ငံတော်မြောက်ပိုင်း ခန္တီးနယ် ၌တွေ့ရသည်ဆိုသော သမန်းကျားစုန်း အခြင်းအရာများနှင့် နှိုင်းယှဉ် ရာသည်။

ဖြစ်ပေါ်ကောင်း ဖြစ်ပေါ် နေမည်ဖြစ်သော ဇောတိခန္ဓာကို ကား၊အလားတူထိခိုက်စေနိုင်လိမ့်မည်မဟုတ်ပဲ၊ယင်းဇောတိ ခန္ဓာမှာလည်း အလားတူဘေးပြုနိုင်တော့မည် မဟုတ်ချေ။အ ကြောင်းသော်ကား၊ ယင်းသည်သင့်လျော်သည့်, နတ်ဝင်သည် ကဲ့သို့သော မှီတွယ်ရာမရလျှင်, ပြည့်စုံစွာရုပ်ဖန်ဆင်းနိုင်တော့ မည်မဟုတ်ချေ။ ဤကဲ့သို့သော ရုပ်ဖန်ဆင်းမှုတို့တွင်၊ အချို့ သော အခြားရုပ်ဖန်ဆင်းမှုတို့၌ကဲ့သို့ပင်၊ အာဒလာကရုပ်တု ၏ဒြပ်များ မြောက်မြားစွာပါဝင်၍၊ ရုပ်ခန္ဓာ၏ အခိုးနှင့်အ ရေကလာပ်များကိုပင် ဆောင်ယူရလေသေးသည်။ ဖြစ်ရပ်နှစ် ခုစလုံး၌ပင် ဤပျော့အိသော ခန္ဓာသည် အခြား အာလောက ခေတ် အသင့်အတင့် ပါဝင်သော ခန္ဓာထက်ပင်၊ ရုပ်ခန္ဓာမှ အတော်ပိုမိုဝေးကွာစွာ ထွက်ခွာသွားနိုင်လေသည်။

ယခုအခါ တောသားလူအများ၏ မိုက်မဲသော မိစ္ဆာအယူ များဟုခေါ်သည့် အရာများကို ပြောင်လှောင်သရော်သည့်အ လေ့မှာ ခေတ်စားလျက်ရှိသည်။ သို့ရာတွင်အထက်၌ ဖေါ်ပြ ခဲ့သော အခြင်းအရာများ၌ကဲ့သို့ပင်။ အခြားများစွာသော အ ခြင်းအရာများ၌လည်း၊ သေချာစွာလေ့လာ စုံစမ်းကြည့်သော အခါ၊ရုတ်တရက်ကြည့်လိုက်လျှင် ဘာမျှအဓိပ္ပါယ်မရှိယောင် ပေါ်နေသော အရာတို့၏ နောက်ဖက်၌၊ မထင်ရှားလှသော, ဝါ,မေ့လျော့သွားခဲ့သော သဘာဝ၏ အမှန်တရားများတည် လျက်ရှိကြောင်း၊ ဂုတ္တဝိဇ္ဇာကို လေ့လာနေသူတို့ တွေ့ရသည်။ ထို့ကြောင့်သူသည် ယင်းအကြောင်းအရာတို့ကို ငြင်းပယ်ရာ၌ သော်၎င်း၊ လက်ခံယုံကြည်ရာ၌သော်၎င်း၊ လွန်စွာသတိထား လေ့ရှိလေသည်။ ဇောတိဘုံ၌ ပုံစမ်းရှာဖွေလိုသူတို့သည်၊ ဤ

ခေါင်းစဉ်အောက်၌ ဖေါ်ပြခဲ့သော မနှစ်မြို့ဖွယ်ကောင်းသည့် သတ္တဝါတို့နှင့် တွေ့ကြုံလိမ့်မည်ဟု စိုးရိမ်ခြင်းမရှိရာ။ အဘယ်ကြောင့်ဆိုသော်၊ အထက်၌ဖေါ်ပြခဲ့သည့်အတိုင်း၊ ယခုမျက်မှောက်ကာလ၌ပင်လျှင်၊ ယင်းတို့မှာ အပွန်းအလွန် ရှားပါး၍၊ အနာဂတ်တွင်ကားအားလျော်စွာ ထိုထက်ပင် မှန်မှန်တိုးတက် နည်းပါးသွားပေမည်။ မည်သို့ပင်ဖြစ်စေကာ၊ ယင်းတို့၏ရုပ်ဖန်ဆင်းမှုများသည်၊ ရုပ်ဒြပ်တို့၏ လွန်ကဲစွာ မသိမ်မွေ့သော သဘာဝအလျောက်၊ ယင်းတို့ရုပ်ခန္ဓာများ၏ အနီးပတ်ဝန်းကျင်သို့သာ ချုတ်တည်းလျက် ရှိတတ်လေသည်။

(၉)။ **အမှောင်လောကဠလူ**။ ။ဖုဘ်နှင့် ပုပ္ပောစုန်းတို့မှာ မှားယွင်းခြင်းများဖြစ်၍၊ အလျင်ကျသော အရင်းခံလူမျိုး၏ ဖြစ်ကပ်နှင့်သာ ဆိုင်သည်ကို ဖေါ်ပြခဲ့လေပြီ။ထိုကဲ့သို့သော ဖြစ်ပုံဖြစ်ရပ်ကို ကျော်လွန်၍ ကျွန်ုပ်တို့ တိုးတက်ခဲ့ပြီးသော်လည်း၊ ကျွန်ုပ်တို့အထဲတွင် အခြားဘဝရှိ မရှိကို သေချာစွာ မသိသဖြင့် ရုပ်ဘဝကို မရမက အသည်းအသံ ဖက်တွယ်ထားသူများရှိနေပေသေးသည်။ ရုပ်ကိုသာလျှင် အပြင်းအထန်မက်မောလျက်၊ လူ့ဘဝဘွင် ရုပ်ကိုကျော်လွန်၍ မည်သည့်အသိဉာဏ်, အကြံအစည်မျိုးမျှ မရှိခဲ့ချေရကား၊ သူသည်ရုပ်မှလုံးဝပြတ်လွင့်၍ သွားသောအခါ စိုးရိမ်ကြောက်ရွံ့ခြင်းဖြင့် အရူးအမူးဖြစ်၍ သွားလေသည်။

ထိုကဲ့သို့သော သူများသည် တခါတရံ လူ့ဘဝနှင့် တနည်းတဖုံ ပြန်လည်ထိတွေ့ရန် အပြင်းအပြ ရုန်းမတတ် အားထုတ်လေသည်။ များစွာသောသူတို့မှာ မအောင်မြင်ပဲ၊ တဖြည်းဖြည်းလက်လျော့၍သွားသည်။ ထိုသို့လက်လျော့လိုက်သည်နှင့်

တပြိုင်နက်၊ သူတို့သည် ဓမ္မတာအတိုင်း တခဏမျှမေ့မြော သွားပြီးလျှင်၊ ဇောတိလောကအတွင်း၌ မကြာမီ နိုးကြား လာလေသည်။ သို့ရာတွင်တပိုင်းတစ, ခေတ္တခဏမျှသောအောင် မြင်မှုကို ရလောက်အောင် ထက်သန်သော ပြဋ္ဌာန်းစိတ်ရှိသူတို့ သည်ကား၊ မိမိတို့၏ အာလောက ရုပ်တု၏ အချို့သော အ စိတ်အပိုင်းများကို စွဲမြဲဆုပ်ကိုင်ထားပြီးလျှင်၊ တခါတရံမိမိတို့ ၏ ရုပကၡန္ဓာများမှ ကလာပ်မှုန့်များကိုပင် မရမက ဆွဲယူနိုင် ပေသေးသည်။

သေခြင်း(မရဏ)၏ အတိအကျသဘောမှာ ထူလသရီရ (ထူထဲသောရုပ်ခန္ဓာ)နှင့် အာလောကရုပ်တုတို့ အပြည့်အစုံ အပြီး အဆုံး ကွဲကွာသွားခြင်းပင် ဖြစ်သည်ဟု ကျွန်ုပ်တို့ဆိုရာ ၏။ သို့မဟုတ်၊ တနည်းအားဖြင့်ဆိုပြန်သော်၊ရုပ်ခန္ဓာ၏ အာ လောက အစိတ်အပိုင်းကို၊ရုပ်ခန္ဓာ၏ အောက်အစိတ်အပိုင်း (ထူလသရီရ)မှ ရုပ်သိမ်းလိုက်သဖြင့်၊ ရုပ်ခန္ဓာ ပျက်စီးသွား ခြင်းပင်ဖြစ်သည်။ ထိုအစိတ်အပိုင်းနှစ်ခုစပ်ကြားတွင် အဆက် အသွယ်ရှိနေသေးသ၍၊ မေ့မြောနေခြင်း၊ ဘဝင်ကျနေခြင်း၊ သတိမရခြင်း (အာရုံခံစားမှုမရှိခြင်း) ဟူသော အခြေအနေ များကို ရရှိနေပေမည်။ အဆက်အသွယ်ကို အပြီးသတ်ဖြတ် လိုက်သောအခါကျမှသာလျှင် သေ၍သွားလေသည်။

သေ၍ ထူလသရီရမှ ထွက်ခွာသွားသောအခါ လူသည် ရုပ်ဝါဟန၏ အာလောက အစိတ်အပိုင်းကို သူနှင့်ယူဆောင် သွားလေသည်။ သို့ရာတွင် ထိုအာလောကဒြပ်သက်သက်သည် ပြည့်စုံသော ဝါဟနတခုမဖြစ်ပဲ၊ ဝါဟန၏ တစိတ်တပိုင်းသာ လျှင်ဖြစ်လေသည်။ ထို့ကြောင့်သူ၏ပတ်လည်တွင်အာလောက

ဒြပ်တွဲကပ်၍နေစဉ်၊ သူသည်မည်သည့်ဘုံ၌မျှ မတည်ပဲရှိချေ၏။ သူ၏ ရုပ်ဒွါရ အာရုံတို့ကို ဆုံးရှုံး ပြီးလေပြီ။ သို့ရာတွင်ဤ အာလောက ဒြပ်တိမ်တိုက် အတွင်း၌ ပိတ်မိနေသေးသဖြင့် ဇောတိခန္ဓာအာရုံတို့ကိုလည်း သူအသုံးမပြုနိုင်ချေ။ ခဏာတာ မျှ—က်ကောင်းသဖြင့် ခဏာတာမျှသာ—မှုံရီမှိုင်းညို့နေသော လောကအတွင်း၌၊ ဂနာမငြိမ်၊ မအီမသာ သူနေရလေသည်။ ထိုလောက အတွင်းဝယ် ရုပ်လောက အဖြစ် အပျက်များကို သော်၎င်း၊ ဇောတိလောက အဖြစ်အပျက် များကိုသော်၎င်း၊ ကြည်လင်ပြတ်သားစွာ သူမမြင်နိုင်၊ ရုံဖန်ရံခါသာလျှင် ဆီး နှင်းထုထပ်စွာ ကျနေသော လောကအတွင်းမှ ဖြတ်သန်း၍ ကဲ့သို့သာလျှင်၊ယင်းတို့ကို အာရုံ၌ဖမ်းမိလေသည်။ထိုလောက အတွင်း၌ သူသည်ဆောက်တည်ရာမဲ့၊ ခိုကိုးရာမဲ့ လှည့်လည် ၍နေရချေ၏။

ဤကဲ့သို့သော နှလုံးမသာယာခြင်းကို မည်သူမျှခံစားဖို့ရန် အကြောင်းလုံးဝမရှိချေ။သို့ရာတွင် ထိုသတိအာရုံ အပိုင်းအစ ကလေးကို သူလွှတ်လိုက်လျှင် သတိအာရုံအားလုံးကို အစဉ် အမြဲ ဆုံးရှုံးသွားလိမ့်မည်—အမှန် လုံးဝချုပ်ငြိမ်း သွားလိမ့် မည်,ဟုသူစိုးရိမ်ကြောက်ရွံ့သည်။ ထိုကြောင့်သူ၌ ကျန်ရစ်ခဲ့ သောအရာကို သူမရမက အပန်းတကြီး ဆုပ်ကိုင်ထားသည်။ သို့ရာတွင်အချိန်ကျသောအခါ ထိုအရာကို သူလက်လွှတ်လိုက် ရချေမည်။ အကြောင်းသော်ကား အာလောက ရုပ်တုသည် ယိုယွင်းပျက်စီးစ ပြုလေပြီ။ ပျက်စီးသွားသည်၏နောက်၌ သူ သည်ဝမ်းမြောက်ဝမ်းသာ ပြည့်စုံပြန့်ပြောသော (ဇောတိဘုံ) ဘဝအခြေသို့ သက်ဝင်သွားလေသည်။

ထိုကဲ့သို့သော သူများသည် ဇောတိဘုံ၌ငြိုငြင်ဆင်းရဲစွာ၊ငိုကြွေးမြည်တမ်းကာပင် လွင့်ပါး၍နေသည်ကို တခါတရံတွေ့ရသည်။ အကူအညီပေးသူအဖို့ အခဲယဉ်းဆုံးသော လုပ်ငန်းတရပ်မှာ၊ထိုသူတို့အား ဘာမျှမလုပ်ပဲ မိမိတို့၏ကြောက်စိတ်ကိုဖြေဖျောက်ပစ်ရန်၊ တင်း၍နေသော မိမိတို့၏ စိတ်အာရုံများကိုလျှော့လိုက်ရန်နှင့်၊ ယင်းဘုံအပြင်းအပြ လိုလျက်ရှိသော ငြိမ်းအေးမေ့ပျောက် နေသည့်အခြေသို့ မိမိတို့ကို အသာအယာ သွတ်သွင်းထားရန် ဖြားယောင်းမှုပင် ဖြစ်လေသည်။ ဤကဲ့သို့သော အကြံပေးခြင်းအပေါ်၌ သူတို့၏ သဘောပိုက်ပုံမှာ ကမ်းခြေမှဝေးကွာသောအရပ်၌ သင်္ဘောပျက်သဖြင့် ရွက်တိုင်အကျိုးအပဲ့ကလေးကို မှီတွယ်နေသောသူသည်၊ ယင်းကိုစွန့်လွှတ်၍ မုန်တိုင်းကျနေသော ပင်လယ်ကြီးကို အားကိုးအားထားပြုရန် အမိန့်ပေးသည်ကို ခံယူရသကဲ့သို့ပင် ရှိလေသည်။

(၁၀) ။**အောက်လမ်း မှော်ဆရာ, ဝါ, သူ၏ တပည့်။**
။ဤသူသည်အဆင့်အတန်း၏ အခြားအစွန်းဘက်တွင်ရှိ၊ သေသူတို့အနက် ဒုတိယအမျိုးအစားဖြစ်သည့်၊မနုဿပဋိသန္ဓေယူရန်စောင့်နေသော တပည့်သာဝကနှင့်အလားတူလေသည်။သို့ရာတွင်ဤသာဓကေ၌၊သာမန်မဟုတ်သောတိုးတက်မှုနည်းလမ်းကိုအသုံးပြုရန်အခွင့်ကို ရယူသည့်အစား၊မှော်အတတ်တို့ဖြင့်, တခါတရံ ကြောက်ရွံ့ဖွယ် အကောင်းဆုံးဖြစ်သော ယင်းအတတ်တို့ဖြင့်, မိမိကိုယ်ကို ဇောတိဘဝသက်တမ်း၌ တည်နေစေကာ၊ ဘဝသံသရာ၏ သဘာဝဖြစ်ရပ်ကို တော်လှန်ခြင်းပြုလေသည်။

ယင်းတို့၏ ရည်ရွယ်ချက်များအလိုက်၊ နည်းလမ်းများအလိုက်၊ ဇာတိဘုံ၌သူတို့တည်နေနိုင်သည့် ကာလတာအလိုက်၊ ဤအမျိုးအစားကို အမျိုးမျိုး ခွဲခြမ်းစိတ်ဖြာ၍ပြရန် လွယ်ကူလှသော်လည်း၊ ယင်းတို့မှာ လေ့လာရန် နှပ်မြှုပ်ဖွယ်ကောင်းသောအရာများမဟုတ်ပဲ၊ ယင်းတို့အကြောင်းကို ဂုဏ္ဍဝိဇ္ဇာ၌ လေ့လာနေသူက သိထားလိုသည့် အချက်မှာ ယင်းတို့အား မည်သို့ရှောင်ကြဉ်ရမည်ဟူသော အချက်မျှသာ ဖြစ်ချေရကား၊ ကျွန်ုပ်တို့လေ့လာနေသည့် အကြောင်းအရာ၏အခြားအခက်းသို့ ကူးပြောင်း၍ စူးစမ်းလေ့လာရသော် သာ၍စိတ်ပါဝင်စားလာပေလိမ့်မည်။ သို့ရာတွင် ဇာတိဘုံ၌ မိမိ၏ဘဝသက်တမ်းကို၊ သဘာဝ ဘဝသက်တမ်းထက် ပိုမိုရှည်ကြာအောင် ပြုလုပ်ထားသူတိုင်းသည်၊ သူတပါးတို့အား နစ်နာစေသည်၊ သူတပါးတို့၏ ဇီဝကို တနည်းမဟုတ်တနည်းဖြင့် စုတ်ယူခြင်းဖြင့်သာလျှင် ဤသို့ပြုလုပ်နိုင်သည်ဟူသော အချက်ကိုသော်ကား၊ ဖေါ်ပြထားခဲ့ပါသေး၏။

## ၃။ လူမဟုတ် (အမနုဿ)

ဤကမ္ဘာမြေနှင့် စပ်လျဉ်း၍၊ သဘာဝ၏ အစီအစဉ်များအား၊ ကျွန်ုပ်တို့၏ချမ်းသာမှု,အဆုံးတွင် ကျွန်ုပ်တို့၏အကျိုးရှိမှုတို့ကို ရည်ရွယ်လျက်သာလျှင် မိခန်ဖန်ဘီးထားသည်မဟုတ်သည်ကို၊ အမှတ်မဲ့စောင်းငဲ့ ကြည့်လိုက်ကာမျှနှင့်ပင် သိသာထင်ရှားသည်ဟု ထင်ကြပေမည်။ သို့ရာတွင်လူတို့သည်၊ ယုတ်စွအဆုံးကလေးဘဝ၌သာ ရှိသေးသောကာလ၌၊ဤကမ္ဘာကြီးနှင့်တကွ ကမ္ဘာကြီး အတွင်း၌တည်ရှိသော အရာခပ်သိမ်းတို့

သည် မိမိတို့၏အကျိုးငှာ၊ မိမိတို့သုံးစွဲရန်သာလျှင် ဖြစ်ပေါ်၍ နေကြသည်ဟု ထင်မြင်လာခဲ့ကြသည်မှာ၊ မလွဲမရှောင်သာ သောကြောင့် ဖြစ်ကောင်းဖြစ်ပေမည်။ ယခု အခါတွင်သော် ကား ကျွန်ုပ်တို့သည် ထိုကလေးဘဝ၏ လွဲမှားထင်မြင်မှုများ ကိုမပြုတော့လောက်အောင် ကြီးရင့်၍ လာသင့်ကြပြီးလျှင်၊ ကျွန်ုပ်တို့၏ နေရာမှန်နှင့် ယင်းနေရာမှန်နှင့် ဆက်စပ်လျက်ရှိ သော ဝတ္တရားများကို သိထားသင့်ကြလေပြီ။

ကျွန်ုပ်တို့တွင် များစွာသောသူတို့သည်၊ မိမိတို့၏နေရာမှန် နှင့် ဝတ္တရားများအား မသိသေးကြကြောင်းကို၊ ကျွန်ုပ်တို့၏ နေ့စဉ်နေထိုင်မှုတွင် များစွာသောနည်းတို့ဖြင့် ဖေါ်ပြလျက်ရှိ ကြလေသည်။အထူးသဖြင့် မိမိတို့ကိုယ်ကို ယဉ်ကျေးမှုအဆင့် အတွင်း၌ မြင့်မားလျက်ရှိသည်ဟု ထင်ဟန်ရှိသူ မြောက်မြား စွာတို့က၊ တောကစားခြင်းဟူသောအမည်ဖြင့်၊ လွန်စွာဆိုး သွမ်းညစ်ညမ်းသည့် ရက်စက်မှုကို တိရစ္ဆာန်တို့အပေါ်၌ အ မြဲတစေ ပြုလျက်ရှိခြင်းက ဖေါ်ပြလျက်ရှိလေသည်။ ဂုတ္တဝိဇ္ဇာ ပညာတွင် အနုဆုံးသော လေ့လာနေသူပင်လျှင် အသက်ဟူသ ၍မှာမြတ်၍၊ အားလုံးသော သတ္တဝါတို့အပေါ်၌ ဂရုဏာ စိတ်ကင်းမဲ့သဖြင့် တိုးတက်မှု မရှိနိုင်ကြောင်းကိုသိသည်။ သို့ ရာတွင် ၎င်းသို့လေ့လာမှု၌ ခရီးရောက်၍လာသောအခါကျမှ သာလျှင် ဘဝသံသရာပေါင်း များပြားစွာရှိကြောင်း၊သဘာဝ ၏စနစ်တကျ စီမံဖန်တီးထားမှုတွင် လူတို့၏ နေရာအစိတ်အ ပိုင်းမှာ၊ နှိုင်းယှဉ် ကြည့်ခြင်းအားဖြင့် အဘယ်မျှ သေးငယ် ကြောင်း၊ သူတွေ့မြင်၍လာလေသည်။

မြေ, ရေ, လေတို့သည် သာမန်မျက်စိဖြင့် မမြင်နိုင်သော်လည်း မှန်ဘီလူးက ဖေါ်ပြလျက်ရှိသည့် သိန်းသန်းမျှသော ရုပ်ဇီဝတို့ကို ထောက်ပံ့လျက် ရှိသည့်နည်းတူ၊ ဤကမ္ဘာနှင့် ဆက်စပ်လျက်ရှိသော ဘုံတို့တွင်လည်း၊ ယင်းဘုံတို့တည်ရှိမှုကို သာမန်အားဖြင့်ကျွန်ုပ်တို့လုံးဝမသိသောလူဦးရေဖြင့် အလားတူ ပြည့်ကျပ်လျက် ရှိသည်မှာ၊ သူ့အဖို့ ထင်ရှားလျက် ရှိလေသည်။ သူ၏အသိဉာဏ် တိုးပွားလာသည်အလျောက်၊ ဖြစ်နိုင်သ၍သော ဘဝ သံသရာ၏ တိုးတက်မှု အတွက် သဘာဝအားတနည်း မဟုတ်တနည်းဖြင့် အစွမ်းကုန် အသုံးချလျက်ရှိသည်။ သဘာဝ၌ ခွန်အားကို သုံးဖြုန်းခြင်း, အခွင့်အရေးကို အသုံးမပြုခြင်းဟု ကျွန်ုပ်တို့ထင်သော နေရာတိုင်း၌ စကြဝဠာကြီး၏ စီမံကိန်းကလွဲမှား နေခြင်းမဟုတ်ပဲ၊ ထိုစီမံကိန်းကြီး၏ ရည်ရွယ်ချက်နှင့် နည်းလမ်းများကို ကျွန်ုပ်တို့က မသိခြင်းသာ ဖြစ်သည်ကို သူ့အဖို့ တိုးတက်သေချာ၍လာလေသည်။

ဇောတိဘုံ၏ လူမဟုတ်သူ (အမနုဿ) ဘုံသားတို့၏ အကြောင်းကို ဆင်ခြင်ရာ၌ ကျွန်ုပ်တို့ နားမလည်နိုင်လောက်သော နည်းများဖြင့် အနုမြူ, အနုကလာပ်, အအိမ် တို့ဖြင့် စဉ်ဆက်ဖုံးလွှမ်းကာ၊ စကြဝဠာဇီဝ၏ ရှေးဦးစွာဘဝသံသရာတွင် ကျင်လည်တိုးတက်လာပုံကို မစဉ်းစားပဲ ချန်လှပ် ထားခဲ့လျှင် အကောင်းဆုံးဖြစ်ပေမည်။ ဓာတ်ဘူတ လောကများဟု ခေါ်ဆိုလေ့ရှိသော လောကများ၏ အောက်ဆုံးပိုင်းမှ စလျှင်လည်း၊ ထိုခေါင်းစဉ်အောက်တွင် အရေအတွက်အားဖြင့် ကြီးမား မြောက်မြားသော ဇောတိ ဘုံသားတို့ကို စုချုံးပေါင်းဖွဲ့

ထားပြီးလျှင် ယင်းတို့၏အကြောင်းကို အမြွက်မျှသာ ဖေါ်ပြသွားနိုင်ပေမည်။ အဘယ်ကြောင့်ဆိုသော် ယင်းတို့ကိုအသေးစိတ် ဖေါ်ပြနေမည်ဆိုလျှင် ဤလက်သုံး စာအုပ်သည် စွယ်စုံကျမ်းကြီးတစောင်၏ပမာဏသို့ ရောက်ရှိလောက်အောင် ကြီးမား ကားပွသွားပေမည်။

ဇောတိဘုံ၏အမနုဿများကို လေးမျိုးခွဲခြား၍ စိစဉ်ဖေါ်ပြလျှင် အသင့်လျော်ဆုံးဖြစ်ပေလိမ့်မည်။ ဤသို့ဖေါ်ပြရာ၌ တမျိုးစီတွင် ယခင်ကကဲ့သို့ အရေအတွက် အနည်းငယ်မျှသာ ပါဝင်သောအစိတ်အပိုင်းငယ်များမဟုတ်ပဲ၊ ယုတ်စွအဆုံးတိရစ္ဆာန်လောက, အပင်လောက တို့လောက် အမျိုးကွဲပြားကျယ်ပြန့်သော လောကကြီးတခု အများအားဖြင့် ဖြစ်လျက်ရှိသည်ကို နားလည်ထားရပေမည်။ ယင်းတို့တွင် အချို့သောအမျိုးအစားတို့သည် လူတို့၏ အတန်းအစားအောက်သို့ အတော် နိမ့်ကျလျက်ရှိသည်၊ အချို့မှာ ကျွန်ုပ်တို့နှင့်တန်းတူဖြစ်၍၊ အချို့တို့သည်ကား စိတ်နှလုံး မြင့်မြတ်သည့်အရာ၊ တန်ခိုးအရာ တို့၌ ကျွန်ုပ်တို့ကို မြင့်မားစွာ လွှမ်းမိုးလျက်ရှိသည်။ အချို့တို့သည် ကျွန်ုပ်တို့၏ဘဝသံသရာယာဉ်တွင်ပါဝင်သည်—ဆိုလိုသည်မှာ ယင်းတို့သည် ကျွန်ုပ်တို့ကဲ့သို့ လူဖြစ်ပြီးသူများ, သို့မဟုတ်, လူဖြစ်မည့်သူများဖြစ်ကြလေသည်။ အခြားသူတို့သည်ကား ယင်းတို့၏ သီးခြားဘဝသံသရာတွင် ကျင်လည်လျက်ရှိကြလေသည်။ [ဂုဠှဓမ္မ) (The Hidden Side of Things) ကျမ်း၊စာမျက်နှာ ၁၁၇၊ ဇီဝသံသာရ (The Evolution of Life) ပုံတွင် ကြည့်ပါ။]

အမနုဿဇောတိဘုံသားတို့၏ အကြောင်းကိုစဉ်းစားခြင်း မပြုမီ၊ ပြည့်စုံခြင်းမရှိဟူသော စွပ်စွဲချက်ကို ဖယ်ရှားရန်၊ ဤ အကြောင်းအရာတွင် ခြွင်းချန်ထားသော အချက်နှစ်ချက် ရှိသည်ကို ဖော်ပြရန်လိုပေသည်။ ပဌမခြွင်းချက်မှာ ဤ သူရိယ စကြဝဠာအတွင်းရှိ အခြားဂြိုဟ်တို့မှအလွန် မြင့်မြတ်သော အသေက္ခပုဂ္ဂိုလ်တို့သည်၎င်း၊ ထို့ထက်ဝေးကွာသေးသောအရပ် တို့မှ၊ ထို့ထက်ပင်မြင့်မြတ်ကြီးကျယ်သော ဧည့်သည်တော်ကြီး တို့သည်၎င်း၊ ရံဖန်ရံခါ ပေါ်ပေါက်၍ လာသည့်အကြောင်း ဖြစ်ပေသည်။ ဤအကြောင်းအရာ တို့ကို၊ လူအများ ဖတ်ရန် ဖြစ်သော စာစောင်တွင် သင့်လျော်စွာ ဖော်ပြခြင်းပြုနိုင်မည် မဟုတ်ချေ။ ထို့ပြင်မှတပါးလည်း၊ ဓမ္မသဘောအားဖြင့် ဖြစ် နိုင်သော်လည်း၊ ထိုမျှ တန်ခိုးတေဇော်နှင့် ပြည့်စုံတော်မူသော ပုဂ္ဂိုလ်ကြီးများသည်၊ ဇောတိဘုံကဲ့သို့သော နိမ့်ကျလွန်းသည့် ဘုံတွင် ပေါ်ပေါက်လာရန် အကြောင်းရှိလိမ့်မည်ဟူ၍ လက် တွေ့အားဖြင့် စဉ်းစားမရချေ။ အကြောင်းတစုံတရာကြောင့် ပေါ်ပေါက်လာလိုလျှင်လည်း၊ နိမ္မာနကာယတို့ကဲ့သို့ပင် ဆိုင် ရာ ဘုံနှင့် သင့်လျော်သည့် ကာယကို၊ ဤကမ္ဘာဂြိုဟ်နှင့် ဆိုင် သည့် ဇောတိ ဒြဗ်မှ ယာယီ အားဖြင့် ဖန်ဆင်းလိုက်ပေ လိမ့် မည်။

ဒုတိယခြွင်းချက်မှာ ဤအခမ်းတွင် ကျွန်ုပ်တို့ပိုင်းခြား ဖော် ပြမည့် အမျိုးအစားလေးရပ်တွင် လုံးဝမပါဝင်ပဲ၊ ယင်းဘုံနှင့် အလျင်း ဆက်စပ်ခြင်းမရှိသော၊ ဘဝသံသရာကြီး နှစ်ခုရှိသည့် အကြောင်းဖြစ်လေသည်။ မျက်မှောက်ကာလတွင် ထိုဘဝသံ သရာကြီး နှစ်ခုတို့သည်၊ ဤ ကမ္ဘာဂြိုဟ်ကြီးကို လူသား တို့နှင့်

ယှဉ်တွဲ၍ အသုံးပြုလျက်ရှိလေသည်။ သို့ရာတွင်ဤအခြေအနေတွင် ယင်းတို့၏အကြောင်းကို မည်သို့မျှဖော်ပြခြင်းမပြုရန်ပိတ်ပင်ထားလေသည်။ အကြောင်းသော်ကား လူတို့တည်ရှိသည့်အကြောင်းကို သူတို့အား မသိစေလိုပဲ၊ သူတို့တည်ရှိသည့် အကြောင်းကိုလည်း လူတို့အား မသိစေလိုသော ကြောင့် ဖြစ်သည်။ သူတို့နှင့်ကျွန်ုပ်တို့ အကယ်၍ကြိုက်ကြုံခဲ့လျှင် ဤလူ့ဘုံသက်သက်တွင်သာ ဖြစ်ကောင်း ဖြစ်ပေလိမ့်မည်။ မည်သို့ပင်ဖြစ်စေကာ၊ သူတို့သည် ကျွန်ုပ်တို့၏ ဇောတိဘုံနှင့် ဆက်ဆံရန် အကြောင်းမရှိသလောက်ပင် ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် မှော်အတတ် အစီအရင်တွင် လွန်စွာ ဖြစ်နိုင်ခဲသော မတော်တဆအမှုကို အမှီပြု၍သာလျှင် ဇောတိဘုံ၌သူတို့ ပေါ်ပေါက်လာနိုင်ချေသည်။ ထိုမှော်အတတ်အစီအရင်ကိုလည်း, ကံကောင်းထောက်မသဖြင့်,အကျွမ်းကျင်ဆုံးသော မှော်ဆရာတို့အနက်၊ အနည်းငယ်မျှသာ ဆောင်ရွက်နည်းကို နားလည်လေသည်။ သို့ရာတွင် ထိုဖြစ်နိုင်ဖွယ်ရာမရှိသော မတော်တဆအမှုသည် အနည်းဆုံး တကြိမ်မျှ ဖြစ်ခဲ့လေပြီ။ နောင်လည်းဖြစ်နိုင်စရာရှိသည်။ ထို့ကြောင့် ဖော်ပြခဲ့သော ပိတ်ပင်မှုသာမရှိခဲ့လျှင် ကျွန်ုပ်တို့၏စာရင်းတွင် ယင်းတို့ကိုလည်း ဖော်ပြရန်လိုပေမည်။

၁။ ကျွန်ုပ်တို့၏ ဘဝသံသရာနှင့်ဆိုင်သည့် ဓာတ်ဘာဝ။

။ဓာတ်ကောင် (elementary) ဆိုသော အမည်ကို၊ အမျိုးမျိုးသော စာရေးဆရာတို့က၊ တခန္ဓာဘဝသို့ ပြောင်းသွားသောလူ၏ ဖြစ်ရပ်တခုခုကိုသော်၎င်း, အားလုံးသော ဖြစ်ရပ်တို့ကိုသော်၎င်း,ခွဲခြားခြင်းမပြုပဲပေးခဲ့သည့်နည်းတူ၊ ဤ ဓာတ်ဘူတ

(elemental )ဆိုသောစကားကိုလည်း ခေတ်ကာလအမျိုးမျိုးတို့တွင်, ဖုရားသခင်နှင့်အတူဆုံးသော နတ်ဒေဝါတို့မှ အမျိုးမျိုးသော သဘာဝနတ်တို့ကို ထည့်သွင်းကာ သတ္တုလောက၏နောက်ပိုင်း၌ပြန့်နှံ့ချင်းဖေါက်တည်နေသောရုပ်မဲ့ဘာဝတို့ ပါဝင်သည်တိုင်၊အမနုဿဘူတတခုခုအတွက်သော်၎င်းအမနုဿဘူတ အားလုံးတို့အတွက်သော်၎င်း သုံးစွဲခဲ့လေသည်။ သို့ဖြင့်စာအုပ်အများကိုဖတ်ပြီးသော လေ့လာသူတပည့်သည် ယင်းတို့ အကြောင်း ဆန့်ကျင်ဘက်ပြောဆိုရေးသားချက်တို့ကြောင့် စိတ်တွင် လုံးဝရှုပ်ထွေး၍သွားလေတော့သည်။ ဤကျမ်း စာအုပ်အဖို့သော်ကားဓာတ်ဘာဝ(elemental essence)ဆိုသောအမည်ကို ဘဝသံသရာ ကျင်လည်မှုတွင် အချို့သော စခန်းအခြေ၌တည်ရှိနေသောအနုပါဒကဓာတ်(monadic essence)အဖို့သာလျှင်သုံးစွဲသည်ကို သိထားစေလိုပါသည်။ အနုပါဒကဓာတ်ကိုလည်း ရုပ်ဓာတ်အတွင်းသို့ သွန်းလောင်း ထားသော လောကုတ္တရာဝိဉာဏ်(အမတဝိဉာဏ်) ,ဝါ,လောကုတ္တရာဒိဗ္ဗအင်အားဟူ၍ သတ်မှတ်ဖေါ်ပြရာ၏။ ဤသွန်းလောင်း ထားသော အမတဝိဉာဏ်,ဝါ,လောကုတ္တရာဒိဗ္ဗအင်အားသည်၊လူ၏ ကာရဏာသရီရဖြစ်လာသောသီးခြားပုဂ္ဂိုလ်အခြေသို့မဆိုက်ရောက်မီ၊ တိရစ္ဆာန်,အပင်,သတ္တု,နှင့် ဓာတ်ဘာဝ လောကသုံးရပ်, ပေါင်း ခြောက်ရပ်သော ဘဝသံသရာ လောကတို့ကိုတလှည့်စီ ဖြတ်သန်း၍ ဝိဉာဏ် တွယ်ခဲ့ပြီး ဖြစ်သည် ဆိုသောသဘောကို ကျွန်ုပ်တို့နားလည်ပြီး ဖြစ်လေသည်၊*ထိုအသီးသီး

*ဤအကြောင်းကို ''မနုဿပဋိသန္ဓေ''တွင် ဖေါ်ပြပြီးဖြစ်လေသည်။

သော ဘဝစခန်းအခြေတို့ကို ဖြတ်သန်း၍ အင်အားဖြည့်တင်းစဉ် (ဝိဉာဏ်တွယ်စဉ်)ယင်းကို တခါတရံတိရစ္ဆာန်ဝိဉာဏ်, အပင်ဝိဉာဏ်, ဝါ, သတ္တုဝိဉာဏ်ဟူ၍ခေါ်ခဲ့လေသည်။ သို့ရာတွင် ဤအခေါ်မှာ အတူးပင် အမှားသို့ သက်စေနိုင်ပေသည်။ အဘယ်ကြောင့်ဆိုသော်ယင်းလောကတို့သို့မရောက်မီကြာမြင့်စွာကပင် အနုပါဒက ဓာတ်သည် တခုတည်းမဟုတ်ပဲ၊အများဖြစ်ခဲ့ပြီးဖြစ်လေသည်။ * သို့ရာတွင် ဤအနုပါဒက (monad) ဆိုသော အမည် ကို အသုံးပြုထားသည်မှာ၊ အနုပါဒက ဓာတ်တွင် ကြာမြင့်စွာကပင် ကွဲပြားမှုဝင်ရောက်ပြီး ဖြစ်သော်လည်း၊ သီးခြားပုဂ္ဂိုလ်တဦးအနေသို့တိုင်အောင် ယင်းကွဲပြားမှု မဆိုက်ရောက်ခဲ့သေးသောကြောင့် ဖြစ်လေသည်။

ဤအနုပါဒက ဓာတ်သည် သတ္တုလောက၏ အသျှင်ကျသော ဓာတ်ဘာဝ လောကကြီးသုံးခုကို ဖြတ်သန်း အားအင်ဖြည့်တင်းနေသောအခါ ယင်းကို "ဓာတ်ဘာဝ (elemental essence )ဟူသောအမည်ဖြင့် ခေါ်လေသည်။သို့ရာတွင်ယင်း၏ သဘာဝနှင့် ယင်း ၏ဖြစ်ပေါ်နည်းကို သိနားလည်ခြင်းမပြုနိုင်မီ၊ ရုပ်ဓာတ်အတွင်းသို့ ဆင်းသက်၍ ဝိဉာဏ်ဖုံးလွှမ်းနေနည်းကို နားလည်ထားရပေမည်။

မှတ်သား ထားစေလိုသည်မှာ၊ မည်သည့်ဘုံ၌မဆို (ဘုံအမှတ် ၁ ဟု ခေါ်ကြပါစို့—မည်သို့ပင် ခေါ်ခေါ် ကိစ္စမရှိပါ) ရုပ်တည်လျက်ရှိသော ဝိဉာဏ်သည်၊ ထို့အောက်ဘုံ(ထိုဘုံကို

---

* အင်္ဂလိပ်ဘာသာတွင်'monad'ဆိုသောစကားသည် 'တစ်'တခုဟုအနက် ရှိသောကြောင့် ဤရှင်းလင်းချက်ကိုပေးသည်။

ဘုံ အမှတ် ၂ ဟု ခေါ်ကြပါစို့) သို့ဆင်းသက် လိုလျှင် ထိုအောက်ဘုံ၏ ရုပ်ခေတ်အတွင်း၌ မိမိကိုဖုံးလွှမ်း လိုက်ရပါမည်။ ဘုံ အမှတ် ၂ ၏အဖုံးအလွှမ်းကို မိမိ၏ပတ်လည်သို့ ဆွဲဆောင် လိုက်ရပါမည်ဟု ဆိုလိုပါသည်။ ထို့နည်းတူစွာ ဘုံအမှတ် ၃ သို့ ဆက်လက်ဆင်းသက်လိုလျှင် ထိုဘုံ၏ရုပ်ခေတ်ကိုမိမိ၏ ပတ်လည်သို့ ဆွဲဆောင်ရပါဦးမည်။ ထိုအခါ ထိုဘုံအမှတ် ၃၏ ရုပ်ခေတ်ဖြင့်ပြီးသောအပအဖုံး,ဝါ,ခန္ဓာရှိသော၊ ဆိုကြပါစို့၊ အနုမြူကို ကျွန်ုပ်တို့ ရရှိပေမည်။ သို့ရာတွင် ထိုအနုမြူအတွင်း၌ ဖြည့်တင်းလျက် ရှိသော အင်အား—ယင်း၏ ဝိဉာဏ်ဟု ဆိုသင့်သော အရာသည်ကား၊ ဘုံအမှတ် ၁ ၌တည်နေသောအခြေအနေတွင်ရှိသည့် ဝိဉာဏ်ဖြစ်လိမ့်မည်မဟုတ်ပဲ၊ ဘုံအမှတ် ၂ ၏ ရုပ်ခေတ်အဖုံးအလွှမ်းနှင့် ပေါင်းစပ်ထားသော ယင်းဒိဗ္ဗ အင်အားသာလျှင် ဖြစ်ပေမည်။ ထို့ထက်တိုး၍ ဘုံအမှတ် ၄ သို့ သက်ဆင်း သွားပြန်သောအခါ အနုမြူသည် ထို့ထက်တိုး၍ ရုပ်ထွေးလာပေလိမ့်မည်၊ အဘယ်ကြောင့်ဆိုသော် ထိုအခါယင်း၌ ဘုံအမှတ် ၂ နှင့် ၃ တို့၏ ရုပ်ခေတ် များအတွင်း၌ နှစ်ကြိမ် ဖုံးလွှမ်းထားပြီး ဖြစ်သော ဝိဉာဏ်ကိန်းအောင်းနေသည့် ဘုံအမှတ် ၄ ရုပ်ခေတ်ခန္ဓာရှိနေပေလိမ့်မည်။ ဤဖြစ်ရပ်သည် သူရိယစကြဝဠာအတွင်းရှိဘုံခွဲတိုင်းတွင် ထပ်ကာထပ်ကာ ဖြစ်ပေါ်ချေရကား၊ ကျွန်ုပ်တို့၏ ရုပ်ခေတ်ဘုံသို့ ဆိုက်ရောက် လာသောအခါ၊ မူလအင်အားမှာ လုံးဝပိတ်ဖုံးလျက်ရှိနေသဖြင့် ယင်းကိုလူတို့က ဝိဉာဏ်ဟူ၍ပင် မမှတ်မိနိုင်တော့သည်မှာ အံ့ဩဖွယ်ရာမရှိတော့ကြောင်း သိမြင်ရာ၏။

ဤမိမိကို မိမိဖုံးလွှမ်းမှုအား၊ အနုပါဒကဓာတ်သည် မနဘုံ၏ အနုမြူအဆင့်တိုင် ဆောင်ရွက် သွားပြီးလျှင်၊ ထိုဘုံ၏ အစိတ်အပိုင်းခွဲ အသီးသီးတို့ကို ဖြတ်သန်းမသွားပဲ၊ ဇောတိဘုံသို့တိုက်ရိုက်သက်ဆင်းကာ၊ ဇောတိအနုမြူခန္ဓာကို ဝိဥာဏ်တွယ်လိုက်သည်၊ ဝါ၊မိမိ၏ပတ်လည်၌ စုရုံးလိုက်သည်ဟု ယူဆကြည့်ပါ။ ထိုကဲ့သို့သော ခန္ဓာအစုအပေါင်းသည် ဇောတိဘုံ၏ ဓာတ်ဘာဝဖြစ်ပေလိမ့်မည်။ ထိုဓာတ်ဘာဝသည် ဓာတ်ဘူတလောကကြီးတို့တွင် တတိယမြောက် လောကနှင့်ဆိုင်၍၊ ယင်းတတိယမြောက် ဓာတ်ဘူတလောကသည်လည်းသတ္တလောကနှင့် ကပ်လျက် အလျင်ကျသော လောက ဖြစ်လေသည်။ ဇောတိဘုံဝယ် ရုပ်ဓာတ်အမျိုးကွဲပေါင်း ၂၄၀၁ (၇×၇×၇×၇)ခု ရှိသည်အနက်၊ ယင်းဓာတ်ဘာဝသည် ဇောတိဘုံခွဲ အသီးသီးတို့မှ ရုပ်ဓာတ် အစုအပေါင်းအမျိုးမျိုး အမြောက်အမြားကို မိမိထဲသို့ ဆွဲဆောင်ယူငင်လေသည်။ သို့ရာတွင် ယင်းရုပ်ဓာတ် အစုအပေါင်းတို့မှာ ယာယီမျှဖြစ်၍၊ ဓာတ်ဘာဝသည်ကား လောကတခု အဖြစ်ဖြင့်သာ တည်နေ၍၊ ထိုလောက၏ လက္ခဏာသည်ကား၊ မနလောက အနုမြူအဆင့်တိုင်အောင် အကြုံးဝင်၍၊ ဇောတိဘုံအနုမြူအဆင့်၌ ပေါ်ထင်လျက်ရှိသော အနုပါဒကဓာတ် ဖြစ်လေသည်။

ထို့ထက်မြင့်သော ဓာတ်ဘာဝ လောကနှစ်ခု တည်ရှိပြီးလျှင်၊ မနဘုံ၏ အထက် (အရူပ) အဆင့်နှင့်အောက် (ရူပ) အဆင့်တို့ဝယ် လည်လျက်ရှိသည်။ သို့ရာတွင်လောလောဆယ်အားဖြင့် ယင်းတို့မှာကျွန်ုပ်တို့နှင့် မဆိုင်ချေ။

ယခုကျွန်ုပ်တို့စဉ်းစားနေသော အစုအရုံးနှင့် စပ်လျဉ်း၍၊ ဓာတ်ဘူတ တစ်ခု ဟု၊ ကျွန်ုပ်တို့ ဆိုလေ့ရှိသည်အတိုင်း ဆိုခြင်းသည် အမှားသို့ သက်ရောက်စေနိုင်သည်။ အဘယ်ကြောင့်ဆိုသော်၊ အသေအချာပြောရလျှင်၊ ထိုကဲ့သို့သော အရာသည် မရှိချေ။ ကျွန်ုပ်တို့တွေ့ရသည့်အရာမှာ လွန်စွာကြီးကျယ်သော ဓာတ်ဘာဝ အစုအစိုင်ကြီးသာလျှင် ဖြစ်ချေသည်။ ယင်းသည် လူတို့၏လျှပ်တပြက်မျှ လျင်မြန်သောစိတ်ကိုပင် အာရုံခံစားနိုင်၍၊ လူတို့၏လုံးဝသတိမပူမိပဲ ပေါ်ထွက်လာသော အလိုဆန္ဒတို့ကြောင့် ဖြစ်ပေါ်လာသော တုန်လှိုင်းများကို၊ တစက္ကန့်၏ အတိုင်းထက်အလွန်သေးငယ်သော အစိတ်အပိုင်းအတွင်း၊ စိတ်ကူး၍ မရနိုင်လောက်အောင် သိမ်မွေ့ခြင်းဖြင့် တုံ့ပြန်နိုင်လေသည်။

သို့ရာတွင် ထိုကဲ့သို့သောစိတ်ကူး, သို့မဟုတ်,ဇစ္ဆာအလိုဖြင့်၊ ယင်းဓာတ်ဘာဝကို အသက်ဝင်လာသော ခွန်အား—ဓာတ်ဘူတတခုဟု တိကျမှန်ကန်စွာ ဖေါ်ပြနိုင်သည့်အရာ—အဖြစ်သို့ ပုံသွင်းလိုက်သောအခါ ယင်းသည် ယခုကျွန်ုပ်တို့ဆွေးနွေးနေသော အမျိုးအစားအဖြစ်၌ ပါဝင်ခြင်းမှ ရပ်စဲသွားပြီးလျှင် ပြုလုပ်ဖန်တီးထားသော အရာအမျိုးစားတခု ဖြစ်သွားလေသည်။ ဤသို့ဖြစ်သွားသောအခါ၌ပင် ယင်း၏သီးခြားတည်ရှိမှုမှာ အများအားဖြင့် အပျောက်ပျက် လွယ်ဆုံးသာလျှင်ဖြစ်၍၊ ယင်း၏တွန်းအားကုန်ဆုံးသည်နှင့် တပြိုင်နက်၊ ယင်းသည် လည်းမူလထွက်ပေါ်လာခဲ့သော ဆိုင်ရာဓာတ်ဘာဝအမျိုး၌ တခဲနက်သော အစုအစိုင်ကြီးအတွင်းသို့၊ ပြန်လာငုပ်လျှိုးသွားလေသည်။

ဤဓာတ်ဘာဝ အမျိုးခွဲများကို စာရင်းချပြရလျှင် ငြီးငွေ့ဖွယ်ရာ ဖြစ်သွားပေလိမ့်မည်။ ယင်းတို့ကို စာရင်းပြုလုပ်စေကာ၊ မိမိ ရှေ့မှောက်သို့ ခေါ် ယူ နိုင်း ယှဉ် ခြင်း ပြုလုပ်နိုင်သော လက်တွေ့ လေ့လာနေသူ အဖို့မှတပါး၊ အခြားသူတို့အဖို့ နားလည်နိုင်ဖွယ်ရာမရှိချေ။ သို့ရာတွင် ပဓာနအမျိုးခွဲခြားခြင်း သဘောအချို့ကိုကား ခက်ခဲခြင်းမရှိ ရိပ်စားမိနိုင်ပြီးလျှင် စိတ်ပါဝင်စားဖွယ်လည်း ဖြစ်ပေလိမ့်မည်။

ဓာတ်ဘာဝများကို အမည်ပေးထားသည့် ယင်းတို့တည်ရာ ဓာတ်အလိုက် အကျယ်ခွဲခြားခြင်းသည် ရှေးဦးစွာ လာရချေမည်။ ဤဥလည်းခါတိုင်းကဲ့သို့ပင်၊ ကျွန်ုပ်တို့နှင့် ဆိုင်သည့် ဘဝသံသရာ၏ ခုနစ်မျိုးသော လက္ခဏာသည် ပေါ်ထင်လျက်ရှိချေ၏။ အဘယ်ကြောင့်ဆိုသော် ထိုကဲ့သို့ပင် ဓာတ်ဘာဝအစုအရုံးကြီး ခုနစ်ခုရှိပြီးလျှင်၊ ယင်းတို့သည် "ပဌဝီ, အာပေါ, ဝါယော, တေဇော၊ သို့မဟုတ်၊ ခေတ်လတ် အမှတ်သညာသဘောမှ မျက်မှောက်ခေတ် အတိအကျ ဆိုခြင်းသို့ ပြောင်းလဲဖေါ်ပြရသော်-အဖတ်, အရေ,အခိုး,လေးမျိုးသော အာကာသ ဓာတ်များ—ဟူသော ရုပ်ဓာတ်တို့နှင့် အသီးသီး ဆက်စပ်လျက်ရှိလေသည်။"

ခေတ်လတ် အင်္ဂရိတ်သမားတို့၏နားမလည်မှုကိုသနားယှုတ်ချလာခဲ့ သောအလေ့မှာ ကြာမြင့်ခဲ့ လေပြီ။ အဘယ်ကြောင့်ဆိုသော် ခေတ်ဓာတုဗေဒပညာက "အစပ် ( compound)ဟူ၍ တွေ့ရှိထားသောဒြပ် (substance) တို့ကို ယင်းတို့က 'ဓာတ်များ(ciements)' ဟူသောအမည်အရည်ဘွဲ့ကို ပေးထားသောကြောင့်ဖြစ်လေသည်။ သို့ရာတွင် ဤသို့ယှုတ်ချ ပြောဆိုခြင်းဖြင့်

ကျွန်ုပ်တို့သည် သူတို့အား ကြီးစွာသော ပြစ်မှားခြင်းကို ပြုခဲ့လေပြီ။ အဘယ်ကြောင့်ဆိုသော် ဤအကြောင်းအရာတို့တွင် သူတို့၏ပညာသည် ကျွန်ုပ်တို့၏ ပညာထက်မသေးငယ်ပဲ၊ ပိုမိုကျယ်ပြန့်သည်မှာ စင်စစ်ဖြစ်ပေ၏။ ယခုကျွန်ုပ်တို့က ဓာတ်ဟုခေါ်သည့်၇၀,၉၀မျှသောဒြပ်အားလုံးတို့ကိုသူတို့စာရင်းတင်သည်ဖြစ်စေ၊ မတင်ခဲ့သည်ဖြစ်စေ။ ဓာတ်ဟူသော အမည်ကိုယင်းတို့အား သူတို့မပေးခဲ့သည်မှာ အမှန်ပင်ဖြစ်ချေသည်။ အဘယ်ကြောင့်ဆိုသော်သူတို့၏ ဂုဏ္ဍဝိဇ္ဇာပညာကို လိုက်စားမှုက သူတို့အားသင်ကြား ပေးခဲ့သည်မှာ၊ ဤသဘောတရားအတိုင်းသော် ဓာတ်တခုတည်းသာရှိသည်။ ဖေါ်ပြခဲ့သောအရာများနှင့် အခြား ရုပ်ဒြပ် အားလုံး တို့သည်ကား၊ ထိုတခုတည်းသောဓာတ်၏ အသွင်ပြောင်းလဲနေခြင်းများသာ ဖြစ်သည်ဟူ၏။ ဤသစ္စာတရားကို ခေတ်ဓာတုဗေဒ ဆရာအကြီးဆုံးအချို့တို့က စတင်ရိပ်စားမိလျက် ရှိကြလေပြီ။

စင်စစ်သော်ကား၊ ဤအချက်တွင် ကျွန်ုပ်တို့၏ ယုတ်ချအထင်သေး ခံနေရသော ဖိုးဖိုတို့၏ ခွဲခြားစိတ်ဖြာမှုသည်၊ ကျွန်ုပ်တို့၏ ခွဲခြားစိတ်ဖြာမှုထက် အဆင့်ပေါင်းများစွာ ကျော်လွန်နက်နဲလေသည်။ သူတို့သည် အာကာသဓာတ်(အာလောကဓာတ်လည်းဟူ)ကိုသိနားလည်၍ စူးစမ်းနိုင်သည်။ခေတ်လောကဓာတ် ပညာသည်ကား ငြိမ်၏ **ယူဆချက်** များအတွက် **လိုအပ်သောအခြေခံ** အနေဖြင့်သာလျှင် အာကာသဓာတ်ကိုထားရှိလေသည်။ အာကာသဓာတ်တွင် အခိုး၏အထက်ဖြစ်သော သီးခြားရုပ်ဓာတ် လေးမျိုးတို့ ပါဝင်လျက်ရှိသည်ကို သူတို့သိသည်။ ဤအချက်ကို (လောကဓာတ်ပညာ

က) ပြန်လည်တွေ့ရှိခြင်း မပြုသေးချေ။ ရုပ်ဝတ္ထုဟူသ၍သည် ဤခုနစ်မျိုးသော အခြေခံဓာတ်တခုခုဖြင့်ပြီး၍၊ ဖွဲ့စည်းထားသောခန္ဓာတိုင်းတွင် ထိုအခြေခံ ဓာတ်ခုနစ်မျိုးစလုံး အနည်းအများ ပါဝင်လျက် ရှိကြောင်းကို သူတို့သိသည်။ ထို့ကြောင့်'တေဇောဓာတ်,အာပေါဓာတ်, စသည်ဖြင့် သူတို့ပြောဆိုကြသည်ကို ကျွန်ုပ်တို့ကခွကျသည်, ရယ်စရာကောင်းသည်ဟုထင်သည်။ ဓာတ် (element) ဆိုသောစကားဖြင့် နောက်ထပ်အခြား ရုပ်ဓာတ်တခုသို့ ပြောင်းလဲ၍ မရတော့သောအရာကိုဆိုရန် သူတို့မည်သို့မျှ ရည်ရွယ်ခြင်းမရှိပဲ၊ ပါဝင်သောအစိတ်အပိုင်း ဒြဗ်ဟူသောစကားနှင့် မိတ်တူထား၍သာလျှင် သူတို့သုံးစွဲသည်မှာ ထင်ရှားပါသည်။ ဤရုပ်ဓာတ်တခုစီသည် ဘဝသံသရာ ကျင်လည်လျက်ရှိသော အနုပါဒကမ္ဘဆိုင်ရာ လောကကြီးတခု၏ ထင်ရှားဖြစ်ပေါ်ရေးအတွက် အခြေခံဖြစ်သည့်အကြောင်းကိုလည်း သူတို့သိချေသေးသည်။ ထို့ကြောင့်ပင် ယင်းအနုပါဒကမ္ဘကို 'ဓာတ် (elemental) ဟု သူတို့ကကင်ပွန်းတပ် အမည်မှည့်ခေါ်လေသည်။

ကျွန်ုပ်တို့ သဘောပေါက်ထားရန် လိုသည်မှာ၊ အဖတ်ကလာပ် တိုင်းတွင်၊ ထိုအဖတ်အခြေ၌ တည်ရှိနေသ၍၊ ခေတ်လတ် လေ့လာသူတို့၏ လှပသော စကားအသုံးအနှုန်းအတိုင်းဆိုရသော် ပထဝီဓာတ်ဘူဘ ကိန်းအောင်းလျက်ရှိသည်။ ဆိုလိုသည်မှာ ထိုအဖတ်ကလာပ်နှင့် သက်ဆိုင်သည့် အသက်ဝင်လျက်ရှိသော ဓာတ်ဘာဝသည် ယင်း၌ ကိန်းအောင်းလျက် ရှိသည် ဟူသော အချက်ပင်ဖြစ်သည်။ ထိုနည်းတူစွာ အရေ, အခိုး,ဝါ,အာကာသဓာတ်ကလာပ်တိုင်းတွင်လည်း အာပေါ,

ဝါယော နှင့် တေဇော ဓာတ် ဘူတများ အသီးသီး ကိန်းအောင်းတည်နေလျက်ရှိသည်။ တတိယမြောက် ဖြစ်သောဓာတ်ဘာဝ လောကကြီးကို ဤသို့ အကြမ်းဖျင်းခွဲခြားလိုက်ခြင်းမှာ အလျားလိုက်(horizontal)သာဖြစ်သည်ဟုဆိုရာ၏။ အလျားလိုက်ဆိုသည်မှာ၊ ယင်း၏ အမျိုးအစား အသီးသီး တို့သည် တခုနှင့်တခု လှေကားထစ်များကဲ့သို့တည်၍၊အထက်ထစ်သည် အောက်ထစ်ထက် ရုပ်ဓာတ်အားဖြင့် သိမ်မွေ့၍၊ အောက်ထစ်မှအထက်ထစ်သို့ရုပ်ဓာတ်သည်မသိမသာတိုးတက်သိမ်မွေ့၍ သွားခြင်းဖြစ်သည်။ အမျိုးအစားတခုစီကိုလည်း အလျားလိုက်ပင် အမျိုးအစားကွဲ ခုနစ်ခုစီ တဖန်ထပ်၍ ခွဲခြားနိုင်ရာသည်ကို အလွယ်ပင်နားလည်နိုင်ပေမည်။ အဘယ်ကြောင့်ဆိုသော် အဖတ်,အရေ,အခိုးတို့တွင် သိပ်သည်းမှုဒီဂရီ အများအပြားရှိသည်မှာ ထင်ရှားပေသည်။

ထောင်လိုက် ခွဲခြားခြင်းဟု ဖော်ပြသင့်သော ခွဲခြားခြင်းလည်း ရှိလေသေးသည်။ ထိုခွဲခြားခြင်းကို သဘောပေါက်ရန် ပို၍ခက်ခဲသည်။ အထူးသဖြင့် ထိုခွဲခြားခြင်းကို အပြည့်အဝ ရှင်းလင်း ဖော်ပြရာ၌လိုအပ်သောအချက်အချို့တို့နှင့်စပ်လျဉ်း၍ ဂုဏ္ဏဝိဇ္ဇာ ပညာရှင်များက အမြဲတစေ အကြီးအကျယ် သိုသိပ်လျက်နေသောကြောင့်ဖြစ်လေသည်။ ဤအကြောင်းအရာနှင့် စပ်လျဉ်း၍ သိရသ၍ကို အရှင်းဆုံး ဖော်ပြရမည် ဆိုလျှင် ထောင်လိုက်ကွဲခြားထားသော အမျိုးအစားများနှင့်အမျိုးအစားကွဲများတွင် လုံးဝကွဲပြားသော ဓာတ်ဘူတ ခုနစ်မျိုး တို့ကို တွေ့ရ၍၊ ထိုခုနစ်မျိုးတို့၏ တခုနှင့် တခု ခြားနားခြင်းမှာ ရုပ်

ဖြစ် သိပ်သည်းမှု အဆင့်အတန်း (ဒီဂရီ)နှင့် မဆိုင်ပဲ၊ သဘော လက္ခဏာ, သဘာဝခြင်းတူညီမှုတို့နှင့်သာ ဆိုင်လေသည်။

ဤဖော်ပြခဲ့သော အမျိုးအစားတို့သည် တခုနှင့်တခု လွန်စွာတုံ့ပြန် ထိခိုက်လျက်ရှိချေရကား၊ ယင်းတို့၏ ဘာဝချင်းကို လဲလှယ်ခြင်း မပြုနိုင်သော်လည်း၊ ယင်းတို့တခုချင်းတွင် ထပ်ဆင့်အမျိုးကွဲခုနစ်ခုစီဖြစ်ပေါ်လာသည်ကို တွေ့ရပေလိမ့်မည်။ ထိုထပ်ဆင့် အမျိုးကွဲတခုစီသည်၊ မိမိတို့၏ မူလသီးခြားအရောင်ပေါ်တွင် ယင်းတို့အား အလွယ်ကူ အပြည့်စုံဆုံး လွှမ်းမိုးသွားသော ခွန်အားက ချပေးသောအရောင်ဖြင့် ထူးခြားလျက်ရှိလေသည်။ ဤထောင်လိုက် ခွဲခြားထားသော အမျိုးအစားနှင့် အမျိုးအစားကွဲတို့သည်၊ အလျားလိုက် ခွဲခြားထားသော အလားတူ အမျိုးအစားတို့နှင့် လက္ခဏာအားဖြင့် လုံးဝခြားနားပြီးလျှင်၊ ယင်းတို့က များစွာပိုမို၍ တည်တံ့ခြေမြစ်ခြင်းရှိသည်ကို တွေ့မြင်ရပေမည်။ ဓာတ်ဘူတလောက၏ သံသရာကျင်လည်မှုတွင် အလျားလိုက်ကွဲပြားသည့် အမျိုးအစားနှင့် အမျိုးအစားကွဲများကို အစဉ်လိုက်ဖြတ်သန်းကာ၊ ယင်းတို့အားလုံး၌ အလှည့်ကျ ဝင်ရောက်သွားရန်၊ အလွန့်အလွန်ပြောမပြနိုင်လောက်အောင် ဖြေးနှေးသော်လည်း၊ တလျောက် လုံးတွင် ပြောင်းလဲခြင်းမရှိ တည်တံ့နေသော အမျိုးအစားနှင့် အမျိုးအစားကွဲများနှင့်သော်ကား ဤသို့မဟုတ်ချေ။

ဤဓာတ်ဘာဝသံသရာ ကျင်လည်မှုကို နားလည်ရန် ကြိုးစားရာ၌၊ မည်သည့်အခါမျှ ကျွန်ုပ်တို့မျက်ခြေ မပြတ်သင့်သော အချက်တခုမှာ၊ ထိုသံသရာသည် စက်ဝန်းခြမ်း၏ အောက်ဖက် အကွေးဆီသို့ ကျင်လည်လျက်ရှိခြင်းပင်ဖြစ်သည်။ ကျွန်ုပ်တို့သိရ

သလောက်သော အခြားသံသရာ ကျင်လည်မှုတို့နှင့် မတူပဲ၊ သတ္တလောကမှ ဝေးကွာရာဆီ၊ သို့မဟုတ်၊သတ္တလောကဝယ် ကျွန်ုပ်တို့ တွေ့မြင်ရသော ဒြပ်အတွင်း၌ လုံးဝသည်ဘွယ် ပိတ်လှောင်မိရာဆီသို့ တိုးတက်လျက်ရှိသည်ကို ဆိုလိုသည်။ ထို့ကြောင့်ထိုဘဝသံသရာအဖို့ တိုးတက်မှုမှာ ရုပ်ခတ်မှအခြားပိုမိုမြင့်ဆောင်းသည့် ဘုံတို့ဆီသို့ တက်ရောက်ရန်မဟုတ်ပဲ၊ရုပ်ခတ်အတွင်းသို့ သက်ဆင်းရန်ဖြစ်လေသည်။ ဤအချက်သည် ယင်းဘဝသံသရာ၏ ရည်ရွယ်ချက်ကို ကျွန်ုပ်တို့ ကောင်းစွာ သဘောမပေါက်မချင်း၊ ကျွန်ုပ်တို့၏အမြင်၌ ဆန်းပြားသည့် စောက်ထိုးပြောင်းပြန်အသွင်ကို ဆောင်လျက်ရှိချေသည်။ လေ့လာသူသည်ဤအချက်ကို စိတ်၌အမြဲတစေ ရှင်းလင်းပြတ်သားစွာ စွဲမှတ်မထားလျှင် စိတ်ကို ရှုပ်ထွေးစေမည့် ဖေါက်လွဲဖေါက်ပြန်မှုတို့နှင့် အထပ်ထပ်အခါခါရင်ဆိုင်လျက် နေရပေမည်။

အမျိုးအစားကွဲများ မြောက်မြားစွာပင်ရှိလင့်ကစား၊ဤထူးဆန်းသောခတ်ဘာဝ အမျိုးအစားအားလုံးတို့ကပြိုင်တူပိုင်သော အင်္ဂါရပ်အချို့လည်း ရှိပေသေးသည်။သို့ရာတွင်ယင်းအင်္ဂါရပ်များပင်လျှင် ရုပ်ဘုံလောက၌ ကျွန်ုပ်တို့တွေ့နေကျဖြစ်သောအရာတို့နှင့် လုံးဝကွဲပြား ခြားနားချေရကား၊ ယင်းတို့လှုပ်ရှားထကြွနေစဉ် ယင်းတို့ကို မမြင်နိုင်သော သူတို့အားယင်းတို့အကြောင်းကို ရှင်းလင်းဖေါ်ပြရန် အလွန်နှ့အလွန် ခဲယဉ်းလေသည်။

ရှေးဦးစွာ ဖေါ်ပြထားလိုသည်မှာ၊ ဤခတ်ဘာဝ အစိတ်အပိုင်းတခုသည်၊ ခည်သည့်ပြင်ပ ပယောဂနှင့်မျှ ထိခိုက်

ခြင်းမရှိလျှင် (ထိုအခြေအနေကို မည်သည့်အခါမျှ ရသည်ဟု မရှိသလောက်ပင်)၊ မရပ်မနား,လျင်မြန်စွာ လှုပ်ရှားလျက် ပင်ရှိသော်လည်း၊မိမိပိုင်ရုပ်သဏ္ဍာန်ဟူ၍ အလျင်းမရှိခြင်းပင် ဖြစ်သည်။ သို့ရာတွင်ရုတ်တရက် ပေါ်လာသော စိတ်ဓာတ် ကြောင်း(စိတ်လှုပ်ရှားမှု)ကြောင့် ဖြစ်ကောင်းဖြစ်ပေမည်၊ အ သေးငယ်ဆုံးသော လှုပ်ချောက်မှု ဖြစ်ပေါ်လာသည်နှင့်တပြိုင် နက်၊ယင်းဓာတ်ဘာဝသည်အငြိမ်မနေ အစဉ်ပြောင်းလဲလျက် ရှိသော၊ချုပ်ပွေထွေးရှက်နေသည့်ပုံသဏ္ဍာန်များအသွင်သို့လျှပ် ပြက်သကဲ့သို့ ထွက်ပေါ်သွားလေသည်။ ယင်းပုံသဏ္ဍာန်များ သည်၊ ဆူပွက်နေသော ရေမျက်နှာပြင်ပေါ်၌ ရေစည်ပေါင်း ရေပွက်များ၏လျင်မြန်ခြင်းဖြင့် ဖြစ်ပေါ်,တိုးဌေ,,ပျောက်ကွယ် သွားလေသည်။

၌ရုတ်ချင်းပျောက်ကွယ်သွားသော ပုံသဏ္ဍာန်တို့သည်၊အ များအားဖြင့် လူ သို့မဟုတ် အခြားသက်ရှိ သတ္တဝါတို့နှင့်ဆိုင် သည်တို့သည်၊—တည်ငြိမ်နေသောအိုင်ရေ မျက်နှာပြင်ပေါ်၌ ရုတ်ချင်းထကြွလာသောလေကြောင့်မိနစ်အနည်းငယ်အတွင်း ဖြစ်ပေါ်လာသော, ပြောင်းလဲလွယ်၍ပုံသဏ္ဍာန် အမျိုးမျိုးရှိ သည့်လှိုင်းများထက်ပို၍၊ဓာတ်ဘာဝအတွင်း၌ သီးခြားဘူတ တည်နေခြင်းကိုမဖော်ပြချေ။ ယင်းတို့သည်ဇောတိဘုံအတွင်း ရှိ အလွန်ကျယ်ဝန်း ပြန့်ပြောသောဓာတ်ဘာဝသိလှောင်အိမ် ကြီးမှ ထွက်ပေါ်လာသော အရိပ်အယောင်များမျှကဲ့သို့သာ ဖြစ်လေသည်။ သို့ရာတွင် ယင်းတို့၌ ယင်းတို့ကို ဖြစ်ပေါ်လာ စေသည့် စိတ်ဓာတ်ကြောင်းနှင့် ဆီလျော်သော လက္ခဏာရှိ လေသည်။ သို့ရာတွင်ထိုလက္ခဏာမှာ အစဉ်လောက်ပင် ကိုး

ရှိုးကားရား,ဖေါက်လွဲဖေါက်ပြန်, မနှစ်မြို့ဖွယ်ရာ ကြောက်ရွံ့ဖွယ်ရာအသွင်ကိုအပေါ်ယံ၌ဆောင်လျက်ရှိတတ်လေသည်။

စိတ်ဓာတ်ကြောင်းနှင့် လျော်ကန်သောပုံသဏ္ဍာန်ကိုရွေးချယ်ရာ၌, သို့မဟုတ်, ရွေးချယ်ပြီးနောက် ယင်းပုံသဏ္ဍာန်၏ဖေါက်လွဲဖေါက်ပြန်ဖြစ်ရာ၌၊ မည်သည့်အသိဥာဏ်က စီမံပါလိမ့်ဟူသော ပြဿနာမှာ အလိုအလျောက် ပေါ်ပေါက်လာလေသည်။ ထက်သန်ပြတ်သားသော စိတ်အာရုံက ဖန်ဆင်းလိုက်သော,ပိုမိုတန်ခိုးကြီး၍၊ပိုမိုရှည်ကြာစွာအသက်ရှင်တည်နေသည့် ဖန်တီးရုပ်ဓာတ်ဘူတများကို မဟုတ်ပဲ၊ ပုထုဇဉ်သားတို့သည် မိမိတို့၏ဦးနှောက်များမှပျင်းရိပေါ့လျော့စွာ ယိုစီးနေစေသော၊သတိမပြုတပြု အမှုမဲ့အမှတ်မဲ့စိတ်အာရုံများမှထွက်ပေါ်နေစေသောဖန်တီးထားသည့် ရုပ်ဘူတများကိုသာကျွန်ုပ်တို့စဉ်းစားလျက် ရှိလေသည်။ ထို့ကြောင့် ယင်းအသိဥာဏ်သည်စဉ်းစားသူ၏စိတ်မှ ထွက်ပေါ်၍မလာသည်မှာထင်ရှားပေသည်။ ထိုအသိဥာဏ်ကို ဓာတ်ဘာဝပင်ကိုယ်မှ ရရှိသည်ဟုလည်း မဆိုနိုင်သည်မှာ ဧကန်ပင်ဖြစ်ချေသည်။ဓာတ်ဘာဝနှင့်ဆိုင်သော လောကသည်၊ သတ္တလောကထက်ပင် စိတ်အခြင်းအရာ နိုးကြားမှုတစုံတရာရှိသည့် ပုဂ္ဂလဘာဝကိုရခြင်းမှပိုမိုဝေးကွာပေသေးသည်။

သို့ရာတွင် ဓာတ်ဘူတ၌ အသိဥာဏ်နှင့် နီးကပ်သကဲ့သို့သော အံ့ဩလောက်သည့် လျော်ကန်အောင် ဖန်တီးတတ်မှုရှိသည်။ ဤအခြင်းအရာကြောင့်ပင်လျှင် ကျွန်ုပ်တို့၏လက်မွန်စာအုပ်တအုပ်တွင် ဓာတ်ဘူတတို့အား အသိဥာဏ်ဘာပိုင်းတစရှိသော ဇောတိရောင်ခြည်သတ္တဝါများဟု ဖေါ်ပြခဲ့သည်မှာ

ယုံမှားဖွယ်မရှိချေ။ ဤအစွမ်းသတ္တိ၏ သက်သေသာကေများကို ဖန်တီးထားသည့်ရုပ်ဘူတများအကြောင်းသို့ ရောက်သောအခါကျွန်ုပ်တို့ထပ်၍ တွေ့ရပေဦးမည်။ဆိုးသော,ဝါ,ကောင်းသောခေတ် ဘူတများအကြောင်းကို ကျွန်ုပ်တို့ဖတ်ရသောအခါ၊ ယင်းတို့မှာအစဉ်အမြဲပင်ဖန်တီးထားသောခေတ်ဘူတ,သို့မဟုတ်,သဘာဝဘူတအမျိုးအစားများစွာတို့အနက်မှတခုကို ဆိုလိုသည်သာ ဖြစ်ရချေမည်ဟုသိရာ၏။ အဘယ်ကြောင့်ဆိုသော်၊ပကတိခေတ်ဘာဝ လောကကြီးတို့နှင့်စပ်လျဉ်း၍ သော်ကားအကောင်းအဆိုးဟူသော သဘောတို့ကိုထည့်သွင်း၍ မရချေ။

ခေတ်ဘာဝ အမျိုးအစားကွဲအားလုံးတို့တွင် လူတို့အား မိတ်ဖွဲ့လိုခြင်းထက် ရန်မူလိုခြင်းဖက်သို့ ညွတ်သောသဘောတမျိုးရှိသည်မှာ ယုံမှားဖွယ်မရှိချေ။ ဤအကြောင်းကို တပည့်သစ်တိုင်းအသိဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ယေဘုယျအားဖြင့်ဇောတိဘုံနှင့် စပ်လျဉ်း၍ သူ၏ပဌမ တွေ့ကြုံမှုအာရုံမှာ၊ သူ၏ပတ်ဝန်းကျင် ခပ်သိမ်းတွင်လွန်စွာ အသွင်ပြောင်းလဲလွယ်သောအရိပ်အယောင်အစုအအုပ်ကြီးများဖြစ်၍၊ယင်းတို့သည်သူ့ ဆီသို့ ခြိမ်းခြောက်သော အမူအရာဖြင့် တက်လှမ်းလာကြပြီးလျှင်သူက ကြံ့ကြံ့ခံလိုက် သောအခါကျမှသာလျှင် အန္တရာယ်မရှိဆုတ်နစ်၍သော်၎င်း၊ပျောက်ကွယ်၍ သော်၎င်း သွားကြ လေသည်။ အထက်၌ ဖေါ်ပြခဲ့သော မနှစ်မြို့ဖွယ်ရာ, ဖေါက်လွဲဖေါက်ပြန် အသွင်ဆိုသည်မှာ ဤ ထူးဆန်းသော, တဖက်သို့ ညွတ်နေသည့် သဘောကို ညွှန်း ဆိုခြင်းဖြစ်သည်။ ဤသဘောတရား ရှိနေသည်မှာလည်း၊ ခေတ်လတ်

စာရေး ဆရာတို့၏ အဆိုအရသော် လူတို့ကြောင့်ပင်ဖြစ်လေသည်။ မျက်မှောက် ခေတ်ဆိုးအချင်၊ ခေတ်ကောင်း (ပဒေသာခေတ်) အတွင်း၌သော်၊ ယေဘုယျအားဖြင့် လူတို့သည်ယခုလောက် ကိုယ်ကောင်းကြံစိတ်မရှိ၊ မြတ်သောလောကုတ္တရာစိတ်ကို မွေးမြူနိုင်ကြသည်။ ထိုအခါ၌ "ခတ်ဘူတ" တို့သည် ယခုထက်လူတို့နှင့် မိတ်ကျွမ်းဝင်ကြသည်။ သို့ရာတွင် ယခုသော်လူတို့၏ အခြားသတ္တဝါများအပေါ်၌ လျစ်လျူနေမှု,ကရုဏာကင်းမှုကြောင့်၊ ဤသို့မဟုတ်ကြတော့ချေ။

ကျွန်ုပ်တို့၏စိတ်များ,ဝေဒနာစေတသိက်များတို့၏ အမှေးမှိန်,အနန္တဲ့ဆိုးသော ပြုမူလှုပ်ရှားမှုကိုပင် အံ့ဩဖွယ်သော သိမ်မွေ့ခြင်းဖြင့် ခတ်ဘာဝတို့ကတုံ့ပြန်သည်ကိုထောက်သော် ခတ်ဘာဝလောကကြီး တခုလုံးသည်၊လူတို့၏စိတ်အာရုံအစုအပေါင်းကပြုပြင်ထားသည့်အတိုင်းသာလျှင်အများအားဖြင့် ဖြစ်နေမည်မှာ ထင်ရှားပေသည်။ လူတို့၏စိတ်အာရုံ အစုအပေါင်း၏ ပြုမူမှုမှာ ယခုကာလတွင် အဘယ်မျှ မြင့်မြတ်သည့် အခြေမှ ကွာဝေးလျက် ရှိသည်ကို တခဏမျှ စဉ်းစားကြည့်လိုက်လျှင်၊ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့စိုက်ပျိုးထားသည့်အတိုင်းပင် ဆွတ်ခူးနေရ၍၊ သိမြင်နိုင်စွမ်းမရှိပဲ၊ မိမိ အပေါ်သို့ ကျဆင်း သက်ရောက်လာသည့်အရာကိုသာ၊ အကန်းသဖွယ် တုံ့လှန်ပြန်ဟပ်နိုင်စွမ်းရှိသော ခတ်ဘာဝက၊ သာမန်အားဖြင့်မချစ်ကြင်သော လက္ခဏာများ ပြလျက်ရှိသည်မှာ၊အနည်းငယ်မျှ အံ့ဩဖွယ်မရှိကြောင်း သိမြင်ပေလိမ့်မည်။

နောင်လာမည့်လူမျိုးများ, ဝါ,စက်ဝန်းကပ်များအတွင်း၌ လူတို့သည် တစုတလုံးတည်း ယခုထက်များစွာ မြင့်မြတ်သော

အခြေသို့ ကျင်လည် တိုးတက်သွားသော အခါ၊ ဓာတ်ဘာဝ လောကများသည်၊ ယင်းတို့အပေါ်၌ အစဉ်အမြဲထိခိုက်လျက် ရှိသော ပြောင်းလဲလာသည့်စိတ်တို့ကို ခံယူရပေမည်။ ထိုအခါ ယင်းတို့သည်၊ကျွန်ုပ်တို့ကြားသိရသည့်အတိုင်းသော်၊တိရစ္ဆာန် လောက ဖြစ်လာမည့်နည်းတူ, လူတို့အား ရန်မမူတော့ပဲ၊ ယဉ် ကျေးလာ၍, လူတို့အား ထောက်မပေမည်။ အတိတ်၌ မည်သို့ ပင် ဖြစ်စေကာ, လူထုသည် ကိုယ်ကျိုးမရှာ၊ မြင့်မြတ်လာ၍၊ သဘာဝအင်အားစုတို့ကလည်း ယင်းတို့နှင့် စိတ်ရော ကိုယ်ပါ ပူးပေါင်းဆောင်ရွက်လာသောအခါ၊ ကျွန်ုပ်တို့သည် အတော် အသင့် ကောင်းမွန်သည့် ပဒေသာပင် ခေတ်ကို အနာဂတ် တွင် မြော်မှန်းနိုင်မည်မှာ ထင်ရှားပေသည်။

ဓာတ်ဘာဝလောကအပေါ်၌ ကျွန်ုပ်တို့အလွယ်တကူလွှမ်း မိုးနိုင်သည့်အချက်က၊ ဤလွှမ်းမိုးနိုင်မှုကို မည်သို့ အသုံးပြုရ မည်နှင့် စပ်လျဉ်း၍,သူတို့အပေါ်၌ ကျွန်ုပ်တို့၏ တာဝန် ရှိပုံကို ဖေါ်ပြလျက်ရှိလေသည်။ ယင်း တို့၏ ဘဝအခြေကို စဉ်းစား ကြည့်သောအခါ၊ ယင်းတို့နှင့် လောကတခုတည်းတွင် အတူ နေလျက်ရှိသော အသိဉာဏ် ရှိသည့် သတ္တဝါ အားလုံး တို့၏ စိတ်များ, ဝေဒနာစေတသိက်များက ယင်းတို့အပေါ်၌ သက် ရောက်စေလျက်ရှိသောအကျိုးတရားများကို ကျွန်ုပ်တို့၏စကြ ဝဠာအစီအစဉ်တွင်, ယင်း တို့၏ ဘဝသံသရာ တိုးတက်မှု အ ကြောင်းရပ်တခုအနေဖြင့်၊ ထည့်သွင်းစဉ်းစားရပေမည်။

အားလုံးသော ဘာသာတရားကြီး တို့က တသမတ်တည်း ဟောကြားလာခဲ့သည်ကို ပမာဏမပြုပဲ လူထုကြီးသည် မနဘုံ ၌ မိမိ၏တာဝန်ကို လုံးဝဂရုမစိုက်ပဲသာလျင် ရှိချေသေးသည်။

လူတို့သည် မိမိတို့ ကာယကံ,ဝစီကံ,များဖြင့် တပါးသူတို့အား အန္တရာယ်မပြုခဲ့ပါဟူ၍ မိမိတို့ကိုယ်ကို မိမိတို့ဂုဏ်တင်ပြောဆိုနိုင်လျှင်၊ သူတို့သည် ဆောင်ရွက်ရန် ရှိသ၍ကို အကုန်အစင်ဆောင်ရွက်ပြီးချေပြီဟု အထင်ရှိတတ်ကြလေသည်။ နှစ်ပေါင်းများစွာ မိမိတို့နှင့်နီးစပ်သောသူတို့၏စိတ်များကို ကျဉ်းမြောင်းယုတ်နိမ့်စေခဲ့ပြီးလျှင်၊ ပတ်ဝန်းကျင်အာကာသကိုလည်း ယုတ်ညံ့သောစိတ်၏ မတင့်တယ် မဖွယ်ရာသောဖန်ဆင်းချက်တို့ဖြင့် ပြည့်နှက်နေစေခဲ့သည်ကိုကား သူတို့လုံးဝ ပမာဏမပြုကြချေ။ ဤပြဿနာ၏ ထိုထက်အရေးကြီးသော အချက်တရပ်သည် ဖန်တီးထားသည့် ဓာတ်ဘူတအကြောင်းကို ဆွေးနွေးသော အခါပေါ်ထွက်လာပေဦးမည်။ သို့ရာတွင်ဓာတ်ဘာဝအကြောင်းနှင့်စပ်လျဉ်း၍သော်ကား ကျွန်ုပ်တို့သည် ယင်းကို သိလျက်သော်၎င်း, မသိပဲသော်၎င်း, အမြဲတစေ အသုံးပြုလျက်နေသည့် အလိုက်၊ သူ၏ ဘဝသံသရာကို လျှင်မြန်အောင်သော်၎င်း,နှောင့်နှေးအောင်သော်၎င်း,ပြုလုပ်နိုင်သည့် တန်ခိုးသတ္တိကျွန်ုပ် တို့၌ရှိသည်ဟူသောအချက်ကို ဖေါ်ပြရလျှင် တော်လောက်ပေပြီ။

ဤဓာတ်ဘာဝ အမျိုးအစား များစွာတို့အတွင်း၌ ကိန်းအောင်းလျက်ရှိသော အင်အားများကိုယင်းဘို့ကိုအုပ်ချုပ်စီမံမှု၌လေ့လာ ကျွမ်းကျင်သူက၊မည်သို့အချိုးချိုး အသုံးချနိုင်ပုံကို ရှင်းလင်းဖေါ်ပြရန် ဤကဲ့သို့သောစာအုပ်ငယ်အတွင်း၌ မြော်လင့်ဖွယ်မရှိချေ။များစွာသော မှော်အစီအရင်တို့သည် မှော်ဆရာ၏ တိုက်ရိုက်အလိုအားဖြင့်သော်၎င်း,ထို့အတွက်မှော်ဆရာကပင့်ခေါ်လိုက်သော ဇောတိဘုံသား တဦးဦးအားဖြင့်သော်

ငှင်း၊ ဓာတ်ဘူတကို ချုတ်ကိုင်စေခိုင်းခြင်းအပေါ်၌ လုံးဝမှီနေ လျက် ရှိလေသည်။

ဤဓာတ်ဘူတကိုစေခိုင်းခြင်းနည်းဖြင့် ဝိဉာဏ်သွင်းပွဲတို့တွင် ရုပ်ဘုံ ဖြစ်ရပ်များ အားလုံးလောက်ပင် ပေါ်ထွက်လာလေ သည်။ သရဲခြောက်သည့်အိမ်တို့၌ ခဲပစ်ခြင်း, ခေါင်းလောင်း တီးခြင်း ဖြစ်ရပ်များစွာတို့သည်လည်း ဤဓာတ်ဘာဝကို ခိုင်း စေမှုပင် ဖြစ်သည်။ ဤနောက်ဆုံးဖော်ပြသည့်ဖြစ်ရပ်များသည် ကား၊ ရုပ်ဘုံကိုစွဲလန်းနေသည့် သေသူတဦးဦးက၊ သူ့ကိုသတိ မူစေရန် ဖေါက်လွဲဖေါက်ပြန် အားထုတ်မှုကြောင့် သော်ငှင်း၊ ဤအခဏ်းတတိယအမျိုးအစားတွင်ပါဝင်သည့်သဘာဝဘူတ အငယ်စားများက ဖျက်လိုဖျက်ဆီးကြည်စယ်ကစားမှုကြောင့် သော်ငှင်း၊ ဖြစ်တတ်လေသည်။ သို့ရာတွင် ဓာတ်ဘာဝကို စ တင်ဆောင်ရွက်သူဟု မည်သည့်အခါမျှ ကျွန်ုပ်တို့ မထင်မှတ် ရာ။ ယင်းသည်ကား ခိုအောင်းနေသော အင်အားမျှသာဖြစ် ၍၊ ယင်းအားလှုပ်ရှားစေရန် အပတန်ခိုးသတ္တိကိုလိုလေသည်။

ဓာတ်ဘာဝ အမျိုးအစား အားလုံးတို့သည်ပင် ဇောတိ ပုံသဏ္ဍာန်များကို အထက်၌ ဖော်ပြခဲ့သည်အတိုင်း ရောင်ပြန် ဟပ်နိုင်သည့် သတ္တိရှိကြသော်လည်း၊ အချို့သောပုံအသွင် တို့ ကို အခြားသော ပုံအသွင်တို့ထက် ခံယူလွယ်သော အမျိုးအ စားများလည်း ရှိပေသေးသည်။ ထို အမျိုးအစား များသည် မိမိတို့ကြိုက်နှစ်သက်သည့် ပုံအသွင်များရှိကြပြီးလျှင်၊ ယင်းတို့ အား လှုပ်ရှားစေလိုက်သောအခါ၊အခြားပုံအသွင်သို့အတင်း အကြပ် မပြောင်းလဲစေခဲ့လျှင်၊ ယင်း ပုံအသွင်များအတွင်းသို့ သာ အလိုအလျောက် စီးဝင်သွားကြချေမည်။ ထိုကဲ့သို့သော

ပုံအသွင်များမှာလည်း သာမန်တို့ထက် အနည်းငယ်ပို၍ ပျက်စီးလွယ်ခြင်းမရှိတတ်ပေ။

ဤအကြောင်းအရာကဏ္ဍခွဲမှ ထွက်ခွာမသွားမီ ယခုကျွန်ုပ်တို့ စဉ်းစားလျက်ရှိသော ဓာတ်ဘာဝနှင့် သဘ္ဘာ လောကတွင် ဖြစ်ပေါ်လျက်ရှိသောအနုပါဒကဓမ္မတို့ကို ခွဲခြားခြင်းမပြုသဖြင့် အချို့သောသူတို့၏စိတ်၌ ရှုပ်ထွေးခြင်းရှိနေတတ်သည်ကိုသတိ ပေးရလျှင်ကောင်းပေမည်။ အနုပါဒကဓမ္မသည် လူ့ဘဝမှသို့ ဘဝသံသရာ ကျင်လည်ရာစခန်းတရပ်တွင် ဓာတ်ဘာဝ လောကအတွင်း၌ ဖြစ်ပေါ်၍ နောက်စခန်း တရပ်တွင် သဘ္ဘာ လောကအတွင်း၌ဖြစ်ပေါ်လေသည်။ သို့ရာတွင်ဤကွဲပြားသော စခန်းအခြေတို့တွင် တည်နေသောအနုပါဒကဓမ္မ၏ခန္ဓာနှစ်ခုတို့သည် တချိန်တည်းတွင်ဖြစ်ပေါ်လျက်ရှိပြီးလျှင် ဖြစ်ပေါ်မှုတရပ် ( ပထဝီဓာတ်ဘာဝ ) သည်လည်း အခြားသော ဖြစ်ပေါ်မှု (ကျောက်ဆောင်ဆိုကြပါစို့) နှင့် တနေရာတည်းတွင် တည်၍ ယင်း၏အတွင်း၌ပင် မှီခိုနေသည်ဟူသော အချက်သည်၊ ယင်းတို့ တခုစီ၏ ဘဝသံသရာကျင်လည်မှုတွင် တခုနှင့်တခု မည်သို့မျှ အနှောင့်အရှက်မပြုပါ။ ယင်းတို့ နှစ်ခုစလုံး အတွင်း၌ ကိန်းအောင်းနေသောအနုပါဒကဓမ္မချင်းတို့သည်လည်း ဆက်သွယ်ခြင်း ရှိသည်ဟု ဆိုရာမရောက်ပါ။

၂။ **တိရစ္ဆာန်တို့၏ ဇောတိခန္ဓာများ။** ။ဤသည်ကား အလွန့်အလွန်ကျယ်ဝန်းကြီးမားသော အမျိုးအစားဖြစ်သော်လည်း၊ ဇောတိလောကအတွင်း၌ အရေးမကြီးလှပါ။ အဘယ်ကြောင့်ဆိုသော် ထိုအမျိုးအစားပါတို့သည် ဇောတိဘုံ၌ ခဏတာမျှသာ နေကြသောကြောင့် ဖြစ်ပါသည်။ ကြီးမားသော

တိရစ္ဆာန်ထုကြီးသည်ကား တည်မြဲသော သီးခြားဝိဉာဏ် အဖြစ်ကို မရကြသေးပါ။ တိရစ္ဆာန်တကောင် သေခဲ့သော်၊ ထိုတိရစ္ဆာန် အတွင်း၌ ဖြစ်ပေါ်လျက် ရှိသော အနုပါဒကဓမ္မဓာတ်သည် အသက်ရှင်စဉ်၌ရရှိသောအတွေ့အကြုံနှင့်တိုးတက်မှုတို့ကို ယူဆောင်ကာ ယင်း ထွက်ခွာလာခဲ့သော သီးခြားအခြေခံ အနုပါဒကဓမ္မဓာတ်လွှာ (စုပေါင်း တိရစ္ဆာန်ဝိဉာဏ်) သို့ ပြန်လည် ပေါင်းစပ်သွားလေသည်။ ထိုသို့ပြုရန် ချက်ချင်းသော်ကား မဖြစ်နိုင်ချေ။ လူများသေလွန်သွားသော အခါ၌ကဲ့သို့ပင်၊ တိရစ္ဆာန်များ သေလွန်သွားသော အခါ၌လည်း၊ တိရစ္ဆာန်၏ဇောတိခန္ဓာသည် တဖန်ပြန်လည်စီစဉ်ဖွဲ့စည်းရပြန်လေသည်။ ထို့ကြောင့် တိရစ္ဆာန်သည် ဇောတိဘုံ၌ ပြကတေ့သောဘဝတည်နေမှုရှိ၍ ယင်းဘဝတည်နေမှုကာလမှာ မည်သည့်အခါမျှ အလွန် မရှည်ကြာလှသော်လည်း၊ ယင်း၌ အသိဉာဏ်ဖွံ့ဖြိုးပြီးရှိသည်အလိုက် ကွဲပြားခြားနား သွားလေသည်။ အချားအားဖြင့် အိမ်မက်မက်နေသည့်အခါသတိရသလောက်ပင်ဖြစ်သော်လည်း၊ ထိုဘဝမှာလုံးဝ ချမ်းသာဟန်ရှိသည်။

သီးခြား ဝိဉာဏ်အဖြစ်ကို ရရှိပြီးသဖြင့်၊ ဤလူ့ဘုံတွင် တိရစ္ဆာန်အဖြစ်၌ တဖန်မွေးတော့မည် မဟုတ်သော၊ အိမ်မွေးတိရစ္ဆာန်အချို့တို့သည်၊ ဇောတိဘုံဝယ်၊ ယင်းတို့လောက်တိုးတက်မှုမရှိသော တိရစ္ဆာန်တို့ထက်ပို၍ အခွန့်ရှည်ကြာ, ကြည်လင်ပြတ်သားသော ဘဝအခြေကို ရရှိကြပြီးလျှင်၊ ထိုဘဝ၏အဆုံး၌၊ ကာလအတော် ကြာမြင့်စွာပင် အဇ္ဈတ္တဝိဉာဏ်စိတ်သာရှိသောအခြေသို့ (အရူပဘုံသို့) တရွေ့ရွေ့တဖြေးဖြေးဝင်

ရောက်သွားပေမည်။* ယင်းတို့တွင် စိတ်ဝင်စားဖွယ်ကောင်းသော အမျိုးအစားကွဲတခုမှာ၊ ဂုတ္တဝိဇ္ဇာ၊ (အတွဲ ၁၊ စာမျက်နှာ ၂၃၆) (Secret Doctrine, Vol I. No. 236)တွင်ဖော်ပြထားသော မျောက်ဝံ (လူဝံ) ကြီးတို့၏ ဇာတိခန္ဓာများ ဖြစ်လေသည်။ ယင်းတို့မှာ သီးခြားဝိညာဏ်ဘဝကို ရရှိပြီးလျှင် နောက်စက်ဝန်းကပ်တွင်၊အချို့တို့မှာ ထို့ထက်စော၍ပင်၊ လူ့ဘဝကိုခံယူရန် အဆင်သင့်ရှိကြမည် ဖြစ်လေသည်။

**၃။ သဘာဝဘူတအမျိုးမျိုး။** ။ဤအမျိုးအစား၏ အမျိုးကွဲများမှာလွန်စွာမြောက်မြား ကွဲပြားချေရကား၊ ယင်းတို့ကိုအသင့်အတင့် ပြည့်စုံစွာဖော်ပြရန်၊ ကျမ်းသီးတစောင်မျှလိုပေမည်။ အချို့သော လက္ခဏာများကို ယင်းတို့အားလုံးပင်ရှိကြလေသည်။ ထိုလက္ခဏာများ၏ သဘောကို ဤတွင်ဖော်ပြလျှင် လုံလောက်စရာရှိပေသည်။

ဤခေါင်းစဉ် အောက်တွင်၊ ယခင်က စဉ်းစားခဲ့သော ဘူတများနှင့် အရင်းအမြစ်မှစ၍ ကွဲပြားသော ဘူတများနှင့် ကျွန်ုပ်တို့ဆက်ဆံလျက် ရှိလေသည်။ခေတ်ဘာဝနှင့် တိရစ္ဆာန်တို့၏ ဇာတိခန္ဓာတို့ကို အမနုဿအမျိုးအစား၌ အမှန် အတိုင်း ကျွန်ုပ်တို့ထည့်သွင်း ခဲ့သော်လည်း၊ ယင်းတို့အတွင်း၌ ကိန်းအောင်းလျက်ရှိသော အနုပါဒက ဓမ္မသည်ကား၊ အချိန်စေ့ရောက်သောအခါ၊ မျက်မှောက်လူသားတို့နှင့် နှိုင်းယှဉ်၍ ရှေ့သော အနာဂတ်လူသား တမျိုးမျိုး၏ အဆင့်အတန်းသို့

---

* နောင်လာမည့်ကပ်ဘွင်လူ့ဘဝကိုမရမီအတွင်း အရူပဘုံ၌တည်နေစောင့်ဆိုင်း နေရမည်ကို ဆိုလိုသည်။

ရောက်အောင် ဘဝသံသရာ၌ ကျင်လည်တိုးတက်သွားပေလိမ့်မည်။ ၎င်းပြင်လည်း၊ အနမတဂ္ဂ ကပ်ကာလတို့ကို ဖြတ်သန်း၍ လွန်ခဲ့သော ကမ္ဘာစကြဝဠာတို့အတွင်း၌၊ ကျွန်ုပ်တို့၏ ဘဝသံသရာကျင်လည်မှုကို ကျွန်ုပ်တို့ပြန်ပြောင်း ရှုမြင်နိုင်မည်ဆိုလျှင်၊ ကျွန်ုပ်တို့၏ မျက်မှောက် ကာရဏာသရီရသည်၊ ယင်း၏ ဘဝသံသရာတက်လမ်းတွင်၊ အလားတူ စခန်းတို့အား ဖြတ်သန်းလာခဲ့ရသည်ကို ကျွန်ုပ်တို့တွေ့မြင်ရပေမည်။

ကျယ်ဝန်းသော သဘာဝဘူတ၏ လောကသည်ကား ဤသို့မဟုတ်။ သဘာဝဘူတတို့သည် ကျွန်ုပ်တို့ကဲ့သို့သော လူသားများနောက်ကလည်းမဖြစ်ခဲ့၊ ရှေ့တွင်လည်း မည်သည့်အခါမျှဖြစ်လိမ့်မည်မဟုတ်။သူတို့၏ဘဝသံသရာမှာလုံးဝကွဲပြားလျက်ရှိချေ၏၊သူတို့နှင့် ကျွန်ုပ်တို့၏ ဆက်စပ်မှုမှာ ယာယီအားဖြင့်၍ ကမ္ဘာဂြိုဟ် တခုတည်းတွင်နေထိုင်လျက် ရှိကြခြင်းမျှသာ ဖြစ်လေသည်။ သူတို့နှင့်ကျွန်ုပ်တို့မှာ အခိုက်အတန့်အားဖြင့်အိမ်နီးနားချင်းများ ဖြစ်လျက်ရှိကြသည်အတိုင်း၊ တဦးနှင့်တဦးတွေ့ဆုံလျှင်၊ အိမ်နီးနားချင်းတို့၏ ကြင်နာမှုကို ပြရန်ကျွန်ုပ်တို့၌ ဝတ္တရားရှိသည်ကားမှန်ပေ၏၊ သို့ရာတွင်သူတို့နှင့်ကျွန်ုပ်တို့၏ ဘဝသံသရာ တိုးတက်မှုလမ်းများမှာ တခုနှင့်တခု လွန်စွာခြားနား ကွာဝေးလျက် ရှိချေရကား၊ တဦးနှင့်တဦး ကျေးဇူးပြုရန် မရှိသလောက်ပင်ဖြစ်သည်။

များစွာသောစာရေးဆရာတို့သည် ဤသဘာဝဘူတတို့ကို ဓာတ်ဘူတ အမျိုးအစား၌ ထည့်သွင်း ဖော်ပြလေ့ရှိကြလေသည်။ စင်စစ်လည်း ယင်းဘို့မှာ မြင့်မားသော ဘဝသံသရာတခု၏ ဓာတ်ဘူတများ (-ထိုထက်သေချာစွာ ပြောရလျှင်,

တိရစ္ဆာန်များ)ဖြစ်လေသည်။ ယင်းတို့သည် ကျွန်ုပ်တို့၏ခံ့ဝတ် ဘာဝထက် များစွာပိုမို တိုးတက်ပြီးဖြစ်သော်လည်း၊ ယင်းတို့ တွင်ဓာတ်ဘာဝတို့နှင့်တူသော လက္ခဏာအချို့ရှိကြလေသည်။ ဥဒါဟရဏ်၊အလားတူဓာတ်ဘာဝတို့ဖြင့်ပြည့်နှက်လျက်ရှိသည် ဟုဖော်ပြခဲ့သော ခုနစ်မျိုးသော ဓာတ်သဘာဝတို့တွင်နေထိုင် လျက်ရှိသည့်၊ခုနစ်မျိုးသော အတန်းအစားကြီးများအနေဖြင့် သူတို့ကိုလည်း ခွဲခြားထားလေသည်။ သို့ဖြင့်ကျွန်ုပ်တို့နားလည် လွယ်နိုင်ဆုံးအတန်းအစားတို့ကို မြွက်ဆိုဖော်ပြရလျှင်၊ပထဝီ, အာပေါ,ဝါယော,တေဇော (ဝါ,အာကာသဓာတ်)သဘာဝ ဘူတများဟူ၍ရှိလေသည်။ ယင်းတို့မှာ ဤဓာတ်ဘာဝအသီး သီးတို့အတွင်း၌ နေထိုင်ကျက်စားလျက်ရှိသည့်,ထင်ရှားရှိ,အ သိတရားရှိ,ဇောတိဘူတများ ဖြစ်လေသည်။

ကျောက်ဆောင်မြေသားကဲ့သို့ မာကျစ်သော ဝတ္ထုဒြပ်တို့ အတွင်း၌ သတ္တဝါအမျိုးအစားများ မည်သို့ နေနိုင်ပါအံ့နည်း ဟု မေးဖွယ်ရှိသည်။ အဖြေမှာ သဘာဝဘူတတို့မှာ ဇောတိ ဒြပ်ဖြင့် ပြီးချေရကား ကျောက်ဆောင်ဒြပ်သည် ယင်းတို့၏လှုပ် ရှားသွားလာမှု၊ ကြည့်မြင်နိုင်မှုကို မည်သို့မျှ တားဆီး ပိတ် ပင်ခြင်း မပြုချေ။ ထိုမျှမကသေး၊ ရုပ်ဒြပ် အစိုင်အခဲသည်၊ ယင်းတို့၏ ကျက်စားနေထိုင်ရာသဘာဝဓာတ်ပင် ဖြစ်ချေသည်။ ရေ,လေ,နှင့်အာကာသဓာတ်အတွင်း၌ နေထိုင်သောသဘာဝ ဘူတတို့နှင့် စပ်လျဉ်း၍လည်း ထို့အတိုင်းပင်။

ခေတ်လတ်စာပေတို့တွင် ပထဝီဘူတများကို မြေနတ်များ (gnomes), အာပေါဘူတများကို ရေနတ်များ (undines), ဝါယောဘူတများကိုလေနတ်များ( sylphs),အာကာသဓာတ်

ဘူတများကို မီးနတ်များ(salamanders)ဟူ၍ခေါ်ဆိုလေ့ ရှိခဲ့လေသည်။ အများပြောဆိုသုံးစွဲရာ၌ သော်ကား ယင်းတို့ကို များစွာသော အမည် တို့ဖြင့် ခေါ်ဆိုလျက် ရှိသည်– ဥစ္စာစောင့်များ ဖုတ်များ, ကျတ်များ, မှင်စာများ ရက္ခစိုးများ* (fairies, pixies, elves, brownies, peris,djinns, trolls, ratyus, kobolds, imps,goblins, good people)။ယင်းတို့ အနက် အချို့အမည်များဖြင့် သဘာဝဘူတ တမျိုးတစားတည်းကိုသာ ခေါ်ဆိုသော်လည်း, အချို့အမည်များဖြင့် သော်ကား အမျိုးမျိုးကိုပင် ခွဲခြားခြင်းမပြုပဲခေါ်ဆိုလေသည်။

သူတို့၏ ပုံသဏ္ဍာန်များမှာ အများအပြားအမျိုးမျိုးပင် ရှိသည်။ သို့ရာတွင် အများအားဖြင့် လူ၏ပုံသဏ္ဍာန်အငယ်စားများသာ ဖြစ်လေ့ရှိသည်။ ဇောတိဘုံသားအားလုံးတို့ကဲ့သို့ပင် မည်သည့်အသွင်ကိုမဆို အလိုရှိသလို သူတို့ဆောင်နိုင်သည်။သို့ရာတွင် အခြားအသွင်များကိုဆောင်ရန် အထူးအကြောင်းမရှိလျှင်သူတို့ အတိအကျဆောင်နေကျဖြစ်သော ကိုယ်ပိုင်အသွင်၊ သို့မဟုတ်၊ သူတို့ကြိုက်နှစ်သက်သော အသွင်များ သူတို့တွင်ရှိသည်။ သာမန်အခြေအနေတို့၌ သူတို့ကိုမံသစက္ခုဖြင့် လုံးဝမမြင်နိုင်ချေ။ သို့ရာတွင် သူတို့အမြင်ခံစေလိုလျှင် ရုပ်အသွင်ကို ဖန်ဆင်းလိုက်ခြင်းဖြင့် သူတို့ကိုမြင်အောင်ပြုလုပ်နိုင်သော သတ္တိသူတို့၌ရှိလေသည်။

ယင်းတို့အတွင်း၌များစွာသောအမျိုးများ,ဝါ,အမျိုးအစားကွဲများရှိလေသည်။ ထိုအမျိုးအစား ကွဲများတွင်းရှိ တဦးချင်း

---

*ဤအမည်များမှာ တိုက်ရိုက်ပြန်ဆိုချက်များမဟုတ်ပါ။

ဘူတတို့သည်၊ လူတို့၌ကဲ့သို့,အသိဉာဏ်နှင့် စိတ်နေစိတ်ထား တို့၌ကွဲပြားကြပြန်သည်။မြောက်မြားစွာသော ဘူတတို့သည်လူ တို့အားရှောင်ကွင်းလိုကြသည်မှာထင်ရှားပေသည်။လူတို့၏အ လေ့အထများနှင့် လူတို့မှထွက်၍နေသော အငွေ့အသက်များ ကို သူတို့မနှစ်သက်ချေ။ ၎င်းပြင်လူတို့၏ အငြိမ်မနေ, စောင့် စည်းခြင်းမရှိသော ကာမစ္ဆန္ဒတို့က လှုပ်ရှားထကြွစေလျက်ရှိ သောဇောတိစီးကြောင်း, ဇောတိလှိုင်းများက,သူတို့အားထိ ပါးနှောင့်ရှက်ခြင်းပြုလေသည်။ သို့ပင်ဖြစ်လင့်ကစား၊ စကော့ တလန်ပြည်ရှိဉစ္စာစောင့်များ( brownies )သို့မဟုတ် ဝိဉာဏ် သွင်းပွဲများ အကြောင်း စာပေတို့တွင် ဖေါ်ပြထားသော မီး ထွန်းသည့် ဉစ္စာစောင့်များ (fire-lighting fairies )တို့၏အ ကြောင်း လူသိများသော ပုံတို့၌ကဲ့သို့၊ သဘာဝဘူတတို့သည် လူတို့နှင့် ခင်မင်ရင်းနှီးပြီးလျှင်၊မိမိတို့၌အစွမ်းရှိသလောက်အ ကူအညီပေးသည့် သာဓကများလည်းရှိပေသေးသည်။[မိုရယ်- သီအိုဗောရေး “အိမ်သားစုများအတွင်း ဘူတလုပ်သားများ (Spirit Workers in the Home Circle by Morell Theobald)ခေါ်စာအုပ်ကိုဖတ်ပါ။]

ဘူတတို့၌လူတို့ကို ကူညီလိုစိတ်ရှိခြင်းမှာ ရှားပေသည်။အ များအားဖြင့်သော်ကား၊ လူတို့နှင့်တွေ့သောအခါ သူတို့သည် လျစ်လျူနေခြင်း, မနှစ်သက်ခြင်းကိုသာ ပြလေ့ရှိသည်။ သို့မ ဟုတ်ကလည်း လူတို့ကိုလှည့်စားခြင်းနှင့်ကလေးကဲ့သို့ ကစား ကြည့်စယ်ခြင်း၌သာ၊နတ်ဆိုးကလေးများအနေဖြင့်၊သူတို့ပျော် ရွှင်မြူးတူးလိုကြသည်။ လူသူအရောက်အပေါက်နည်း၍တောင် ထူထပ်သော တောနယ်တိုင်း၌လိုပင်၊တောသူတောသားများ

အပျင်းပြေပြေကြရာတွင်သူတို့၏ ဤထူးဆန်းသော လက္ခဏာများကို ဖေါ်ပြသည့် ပုံပြင်များစွာတို့ကို တွေ့ရပေမည်။ ရုပ်မြင်သံကြား အခြင်းအရာများအလို့ငှါ ကျင်းပသောဝိဉာဏ်သွင်းပွဲများကို သွားရောက်လေ့ရှိသူတို့သည်လည်း ထိုပွဲတို့တွင် တွေ့ရလေ့ရှိသော ကစား ကြည်စယ်ခြင်းများနှင့် ကလေးကလားနိုင်သော်လည်းစိတ်ရိုးစိတ်ကောင်းဖြင့်လုပ်သောဆူညံသောင်းသဲဖြစ်အောင် ကစား မြူးတူးခြင်းများကို သတိရပေလိမ့်မည်။ ဤအခြင်းအရာတို့သည် သဘာဝဘူတတို့ ရောက်ရှိပူးဝင်နေခြင်းကို အမြပင်ဖေါ်ပြသည်။

ဤပြစားဖန်တီးမှုတို့ကို သဘာဝဘူတများ ပြုလုပ်နိုင်သည်မှာ၊ သူတို့၏အာဏာစက်အောက်သို့ ပြောင်းညွတ်ဝင်ရောက်လာသူတို့အပေါ်၌၊ သူတို့လှည့်စားဖြားယောင်းနိုင်သည့်၊ အံ့ဩဖွယ်ကောင်းသော တန်ခိုးသတ္တိ သူတို့၌ရှိသောကြောင့်ဖြစ်လေသည်။ ထို့ကြောင့်စိတ်ညှို့ခံရသောသူသည် စိတ်ညှို့သူ၏အလိုအတိုင်းမြင်,ကြား,ထိတွေ့,ယုံကြည်သကဲ့သို့၊ ဤသဘာဝဘူတတို့၏ အာဏာစက်အောက်သို့ ရောက်ရှိသွားသူတို့သည်လည်း သူတို့ကဖန်တီးပေးသည့်အတိုင်းသာလျှင်မြင်ရ ကြားရလေသည်။ သို့ရာတွင် သဘာဝဘူတတို့၌၊စိတ်ညှို့သူကဲ့သို့ လူတို့၏ပြဋ္ဌာန်းစိတ်ကို စိုးမိုးနိုင်သည့် တန်ခိုးသတ္တိမရှိချေ။ အထူးတလည် စိတ်ပျော့ညံ့သောသူတို့နှင့် မိမိတို့ကိုယ်ကို ဆောက်တည်ရာမဲ့ ကြောက်ရွံ့တုန်လှုပ်စေခြင်းဖြင့်မိမိတို့၏ပြဋ္ဌာန်းစိတ်ကို ယာယီအားဖြင့် ဆိတ်သုန်းနေစေသူတို့အပေါ်၌ သာလျှင်သူတို့ဤသို့ပြုလုပ်နိုင်လေသည်။အာရုံတို့ကိုလှည့်စားခြင်းထက်လွန်၍လည်း သူတို့မပြုနိုင်ချေ။ သို့ရာတွင် ထိုအာရုံတို့ကိုလှည့်

စားသည့် အတတ်၌သော်ကားသူတို့ တဖက်ကမ်းခတ်သူများ ဖြစ်ပြီးလျှင်၊လူပေါင်းမြောက်မြားစွာတို့ကိုတပြိုင်နက်ဘည်းသူ တို့လှည့်စားလိုက်သည့်သာခကများသည်းရှိခဲ့ပေသည်။ ဤထူး ဆန်းသည့်တန်ခိုးသဉ္ဇာကို အသုံးပြုရာ၌ သူတို့၏အကူအညီကို ရယူခြင်းဖြင့်၊အိန္ဒိယမျက်လှည့်ဆရာတို့သည်၊အချို့အံ့ဩဖွယ်အ ကောင်းဆုံးသော မျက်လှည့်ပြသမှုတို့ကို ပြုသုံဆောင်ရွက် ကြလေသည်။ ပရိသတ်တပြုလုံးကိုပင် လှည့်စားပြီးလျှင်၊ အ ကယ်မဟုတ်သည့် အဖြစ်အပျက် အစီအစဉ်ဘချပ်လုံးကိုသူတို့ အားမြင်ရ ကြားရသည်ဟု ထင်စေလေသည်။

ယင်းတို့တွင်မည်သူမျှ–အဆင့်အတန်းအမြင့်ဆုံးတို့ပင်လျှင်, တည်မြဲသော သီးခြား ပဋိသန္ဓေဝိဉာဏ်မရှိချေ။ သို့မဟုတ်လျှင် သူတို့ကို ဇောတိလူသားများဟု ကျွန်ုပ်တို့ အမှတ်ပြုကောင်း ပြုနိုင်ပေမည်။ ထို့ကြောင့်သူတို့၏ ဘဝသံသရာ ကျင်လည်မှု သည်ကျွန်ုပ်တို့၏ ဘဝသံသရာ ကျင်လည်မှုမှ၊ ထင်ရှားစွာကွဲ ပြားသောအချက်မှာ၊ တည်မြဲသောသီးခြား ပဋိသန္ဓေဝိဉာဏ် ဖြစ်ပေါ်၍မလာမီ၊ သူတို့၌ အချိုးအစားအားဖြင့် ကြီးမား သော အသိဉာဏ် ထက်သန်လျက်ရှိခြင်းပင် ဖြစ်လေသည်၊ သို့ ရာတွင်သူတို့သည် မည်သည့်ဘဝ အခြေစခန်းများကိုဖြတ်သန်း လာခဲ့ကြ၍၊မည်သည်တို့ကို ဖြတ်သန်းသွားရဦးမည်ကို ကျွန်ုပ် တို့မသိနိုင်သလောက်ပင်။

သဘာဝဘူတ အတန်းအစားကွဲအမျိုးမျိုးတို့၏ သက်တမ်း များမှာ လွန်စွာကွာခြားကြသည်။ အချို့တို၍, အချို့လူ့သက် တမ်းထက်ပင် များစွာပိုမို ရှည်လေသေးသည်။ သူတို့၏ဘဝ မျိုးပြင်ပ၌ လုံးဝကျွန်ုပ်တို့ တည်နေချေရကား၊ သူတို့၏ဘဝ

အခြေအနေများကို ကျွန်ုပ်တို့များစွာနားမလည်နိုင်ချေ။ သို့ရာတွင်ထူးကဲစွာ သာယာကောင်းမွန်သော သဘာဝပတ်ဝန်းကျင်များအလယ်၌ ပျော်ရွှင်လျက် ရှိသောကလေးတစုတို့ နေထိုင်လျက်ရှိကြသကဲ့သို့၊သူတို့၏ဘဝမှာဃေဘုယျအားဖြင့်တာဝန်မရှိပဲ အေးချမ်းပျော်ရွှင်ခြင်းနှင့် ပြည့်စုံဟန်ရှိလေသည်။

လှည့်ဖြားထိပါးပြုလုပ်တတ်သော်လည်း၊ သဘာဝဘူတတို့သည်မတော်မတရားကျူးကျော်စော်ကားခံရခြင်းဖြင့်အာဃာတစိတ်ဖြစ်၍ မနေပါက၊ ရန်မူခဲလေသည်။ သို့ရာတွင်အစုအရုံးအနေဖြင့်သော်ကား အခြားသတ္တဝါများကဲ့သို့ပင် လူကိုမယုံကြည် စိတ်မချသည့် သဘောထား သူတို့၌ရှိလေသည်။ လှေ့ကျင့်စယောဂီ ပုဂ္ဂိုလ်၏ပဌမအကြိမ်ဇောတိဘုံသို့ရောက်ရှိလာခြင်းကို သူတို့မလိုဟန်ရှိသည်။ သို့ဖြင့်သူသည်သူတို့ကို မနှစ်မြို့ဖွယ်,ကြောက်ရွံ့ဖွယ်,ပုံသဏ္ဍာန်၌ တွေ့မြင်သိကျွမ်းလာရလေ့ရှိသည်။သို့ရာတွင်သူတို့၏ခြောက်လှန့်မှုတို့ဖြင့် မကြောက်မှန်းသူတို့သိလာသောအခါ၊သူ့ကိုသူတို့ မလွဲသာသော အရာအနေဖြင့် အမြန်လက်ခံလာပြီးလျှင် နောက်ထပ် ဂရုမစိုက်တော့ချေ။ အတန်ကြာသောအခါ အချို့တို့သည် မိတ်ဆွေဖြစ်လာပြီးလျှင်၊ သူနှင့်တွေ့သောအခါ ဝမ်းသာသည့်အမူအရာကိုပင်ပြလာလေသည်။

ဤအတန်းအစား၏အမျိုးကွဲများစွာတို့တွင်အချို့တို့သည်ဤမျှလောက်ကလေးနှင့်မတူပဲကျွန်ုပ်တို့ဖေါ်ပြနေသည့်တို့ထက်ပိုမိုခွံညားလေသည်။ ယင်းအမျိုးအစားတို့ထဲမှတောစောင့်နတ်ရွာစောင့်နတ်ဟူ၍ လူတို့ရှိသေကိုးကွယ်သည့် နတ်များတို့အနက်အနိမ့်စားများ တွက်ပေါ်လာကြလေသည်၊ ထိုနတ်ဘူတ

များသည် ယင်းတို့အားရှိသေကိုးကွယ်ရာတွင် ချီးကျူးမြှောက်ပင့်ခြင်းတို့ကို ကောင်းစွာသိနားလည်၍၊နှစ်သက်ခံစားပြီးလျှင်၊ ယင်းတို့ကလည်း တတ်နိုင်သလောက် အသေးအဖွဲ့မှုများ၌ ပြန်လည်ကူညီဆောင်ရွက်ပေးလိုစိတ်ရှိကြလေသည်။(ရွာနတ်များမှာဖန်တီးထားသည့် ဘုတဖြစ်တတ်သည်ကလည်း များသေးသည်။သို့ရာတွင်ယင်းတို့ အကြောင်းကို ဆိုင်ရာနေရာ၌ စဉ်းစားဖော်ပြပါမည်)။

အသေက္ခရဟန္တာ အသျှင်မြတ်တို့သည် မိမိတို့ အလိုရှိသည့်အခါ၊ သဘာဝဘုတတို့အား မည်သို့စေစားအသုံးချရမည်ကို သိကြသည်။ သို့ရာတွင် သာမန်မှော်ဆရာတို့သည်ကား တောင်းပန်ခြင်း (invocation), သို့မဟုတ်, နှိုးဆော်ခြင်း (evocation) အစီအရင်များဖြင့်သာလျှင် သူတို့၏အကူအညီကို ရယူနိုင်လေသည်။ တောင်းပန်ခြင်းဆိုသည်မှာ တင်မြှောက်ပသပါမည် ဟုဆိုကာ တိုးလျှိုးတောင်းပန်သူအနေဖြင့် သူတို့၏ စိတ်အာရုံကိုဆွဲဆောင်ခြင်းဖြစ်၍၊ နှိုးဆော်ခြင်း ဆိုသည်မှာသူတို့၏ ကျိုးနွံမှုကို ရယူနိုင်သည့် တန်ခိုးအာဏာရှိသူတို့အား နှိုးဆော်ရန်အားထုတ်ခြင်း ဖြစ်သည်။ နှစ်နည်း စလုံးမှာ မလိုအပ်သည့်ချည်းသာဖြစ်သည်။ ဒုတိယနည်းမှာ အလွန်အလွန်အန္တရာယ်များတတ်ပေသေးသည်။ အဘယ်ကြောင့် ဆိုသော် ဤနည်းကိုအသုံးပြုသူသည် သူတို့၏ ညိုးထားရန်ငြိုးခြင်းကို ခံရပြီးလျှင် အသက်ကိုပင် ဆုံးရှုံးခံရ လွယ်တတ်လေသည်။ အရည်အခြင်းနှင့်ပြည့်စုံသော ဆရာအသျှင် တို့၏ အောက်၌ ဂုတ္တဝိဇ္ဇာ (ချာန်ဘရား) ကို အားထုတ်နေသူတို့အား ဤကဲ့သို့သော နည်းလမ်း

များကို အသုံးပြုရန် ခွင့်မပေးသည်ကို ထုတ်ဖော် ပြောဆိုရန် မလိုတော့ချေ။

၄။ **ဒေဝါများ။** ၎င်း ကမ္ဘာမြေကြီး နှင့် ဆက်စပ်လျက် ရှိသော ဘဝသံသရာများအနက်၊ ကျွန်ုပ်တို့သိရသလောက် အမြင့်ဆုံးမှာ ဟိန္ဒူလူမျိုးတို့က **ဒေဝါ** ဟုခေါ်၍ အခြား နေရာတို့၌ တမန်တော်များ(Angels), ဖုရားသခင်၏သားတော်များ (Sons of God)စသည်ဖြင့် ဖော်ပြလေ့ရှိသော ပုဂ္ဂိုလ်ကြီးများ၏ ဘဝသံသရာပင်ဖြစ်လေသည်။ သူတို့ကို တိရစ္ဆာန် လောက အထက်၌ လူ့လောကတည်သကဲ့သို့၊ လူ့လောက အထက်၌ တည်သောလောကတခုဟု ယူဆရာ၏။ သို့ရာတွင် အရေးကြီး သော ကွဲပြားချက် တခုရှိသည်မှာ ဤသို့ပင်။ တိရစ္ဆာန် တို့၏ ဘဝသံသရာတိုးတက်မှုအဖို့ ကျွန်ုပ်တို့ သိရသလောက်မှာ လူ့လောကသို့ ကူးရောက်လာရန်မှလွဲ၍ အခြားဖြစ်နိုင်သောနည်း လမ်းမရှိချေ။ သို့ရာတွင် လူတို့အဖို့သော်ကား၊ ဘဝအခြေ မြင့်၍လာသောအခါ သူ၏ရှေ့တူရူတွင် တိုးတက်မှု လမ်းအမျိုးမျိုး ပွင့်လျက်နေသည်ကို တွေ့ရသည်။ ထို ပွင့်လျက်နေသော လမ်း များ အနက် ဒေဝ ဘဝသံသရာ မှာ တခု သာလျှင် ဖြစ်လေ သည်။

နိမ္မာနကာယအနေဖြင့် စွန့်လွှတ်ရခြင်းများနှင့်နှိုင်းစာလျှင် ဤ ဒေဝဘဝသံသရာလမ်းကို လက်ခံခြင်းအား၊ "နတ်ဖြစ်မှု သွေးဆောင်ခြင်းသို့ပါသွားသည်"ဟု စာအုပ်တို့တွင်တခါတရံ မိန့်ဆိုလျက်ရှိသည်။ သို့ရာတွင် ဤမိန့်ဆိုချက်၌ ဒေဝဘဝ သံသရာကိုရွေးချယ်သောသူအားအပြစ်ဆိုရိပ်ရှိသည်ဟုမယူဆ ရာ။ သူရွေးချယ်သည့်လမ်းမှာ အတိုဆုံးမဟုတ်သော်လည်း

လွန်စွာမြင့်မြတ်ပါပေသည်။ သူ၏ရင့်သန်လျက်ရှိသော ဗောဓိဉာဏ် အမြင်က သူ့အား ထိုလမ်းသို့ဆောင်ကြဉ်းခဲ့သော်၊ ထိုလမ်းမှာ သူ၏ပါရမီစွမ်းရည် သတ္တိများအဖို့ အသင့်တော်ဆုံးသောလမ်းပင် စင်စစ်ဖြစ်ချေသည်။ လောကုတ္တရာနယ်တွင် အထက်သို့တက်ရာ၌လောကီရုပ်နယ်၌ကဲ့သို့ပင်၊ မတ်စောက်သောလမ်း၏ ဒဏ်ကို လူတိုင်းခံနိုင်ရည်မရှိချေ။ ဖြေးဆေးသက်သာဟန် ရှိသောလမ်းကို သာလျှင် တက်နိုင်မည့်သူ အများပင် ရှိကောင်း ရှိပေလိမ့်မည်။ လမ်းများကိုရွေးချယ် ရာဝယ်၊ကျွန်ုပ်တို့နှင့် မတူသောသူများအပေါ်၌၊ ကျွန်ုပ်တို့သည် အသိဉာဏ်ကင်းမဲ့သဖြင့်၊ တစိုးတစေ့မျှသော ယုံ့တ်ချစိတ်မှားကို ထားရှိခဲ့လျှင်၊ ဆရာအသျှင်မြတ်ကြီးတို့၏ တပည့်သာဝက အဖြစ်နှင့်ထိုက်တန်တော့မည်မဟုတ်ချေ။

အနာဂတ်၏အခက်အခဲများကို မသိသေးသည်အလျောက် မိမိကိုယ်ကို စိတ်ချယုံကြည်သဖြင့်,မည်သို့ပင် ယခုအခါ ကျွန်ုပ်တို့ စိတ်ထားရှိစေကာ၊ဘဝများစွာ သီးခံကြိုးကုတ် အားထုတ်ပြီးနောက်၊ မိမိတို့၏အနာဂတ်ကို မိမိတို့ ရွေးချယ်ခွင့်ရရှိသောအခါ၊ မည်သည့်အရာကိုဆောင်ရွက်ရန် တတ်နိုင်မည်ကို၊(မည်သည့်လမ်းကိုလိုက်ရန် ရွေးချယ်မည်ကို)၊ ဤအခြေအနေတွင် ကျွန်ုပ်တို့ ပြောနိုင်လိမ့်မည်မဟုတ်ချေ။ စင်စစ်သော် "နတ်ဖြစ်မှု သွေးဆောင်ခြင်းသို့ပါသွားသည်" ဆိုသော သူတို့ပင်လည်း၊ မကြာမီ တွေ့မြင်ရမည်ဖြစ်သည့်အတိုင်း၊ ပြည့်စုံလုံလောက်စွာ ဖုန်းတန်ခိုးရောင်ဖြင့် ထွန်းပြောင်လျက် ရှိသော တက်လမ်းသို့ မျက်နှာမူလျက် ရှိကြလေသည်။ အထင်မှားစရာ မရှိရအောင် စကားချပ်အနေဖြင့်ဖေါ်ပြထားလိုသည်မှာ "နတ်ဖြစ်မှု" ဆို

သောစကားနှင့် စပ်လျဉ်း၍၊ တပါးသော အနက် မကောင်းသော အဓိပ္ပါယ်နှင့် ယှဉ်၍၊ စာအုပ်များတွင် တခါတရံ ဖေါ်ပြလေ့ရှိသည်။ သို့ရာတွင် ထိုသဘောအဓိပ္ပါယ်၌ မည်သည့်နည်းဖြင့်မျှ၊ ပါရမီရင့်ပြီးသူအဖို့ "ဖြားယောင်း သွေးဆောင်ခြင်း" မဖြစ်နိုင်ရာ။ မည်သို့ပင်ဖြစ်စေကာ ဤအဓိပ္ပါယ်မှာ ဤအကြောင်းအရာနှင့် လုံးဝမဆီဆိုင်ချေ။

အရှေ့တိုင်းစာပေတို့တွင် "ဒေဝ"ဆိုသောစကားကို၊ လူမဟုတ်သော ဘူတ အမျိုးအစားတိုင်း လောက်ကိုပင် ဆိုလိုသော အဓိပ္ပါယ်ဖြင့် မသေမချာ သုံးစွဲလေ့ရှိလေသည်။ သို့ဖြင့် ထိုစကား အခေါ်တွင် တဖက်၌ လွန်စွာ မြင့်မြတ်သော နတ်ပြဟ္မာကြီးများ ပါဝင်၍၊ တဖက်၌ကား သဘာဝဘူတများနှင့် ဓာတ်ဘူတများ ပါဝင်လေသည်။ ဤတွင်ကား ယခုကျွန်ုပ်တို့ စဉ်းစားလျက်ရှိသည့် ကြီးကျယ် ခမ်းနားသော ဘဝသံသရာ (သား)ဟူသော အဓိပ္ပါယ်ဖြင့်သာလျှင် ဤစကားကိုကန့်သတ်သုံးစွဲပါမည်။

ဤကမ္ဘာမြေနှင့် ဆက်စပ်လျက် ရှိသော်လည်း ဒေဝါ တို့သည် ကမ္ဘာမြေ၌သာ ကျဉ်းကျုံ့၍မနေပဲ၊ ကျွန်ုပ်တို့၏ မျက်မှောက် ကမ္ဘာစဉ်တန်း ခုနစ်ခုစလုံးသည် သူတို့အဖို့ ကမ္ဘာတခုတည်းသာလျှင် ဖြစ်ပြီးလျှင်၊ လွန်စွာကြီးကျယ် ခမ်းနားသော ကမ္ဘာစဉ်တန်းခုနစ်ခုကို သူတို့၏ဘဝသံသရာက ဖြတ်သန်းတည်ရှိလေသည်။ သူတို့၌ပါဝင်နိုင်ရန် ကျွန်ုပ်တို့၏ လူသားများ အတွင်းမှ သေးငယ်သောအစိတ်အပိုင်းမျှသာ လိုအပ်သော အဆင့်အတန်းသို့ ရောက်ရှိချေသေးရကား၊ ယခုအချိန်အထိသော် သူတို့၏ အစုအရုံးကြီးများကို သူရိယစကြဝဠာအတွင်း အချို့

ကျွန်ုပ်တို့ထက် အဆင့်အတန်းနိမ့်၍ အချို့မြင့်သော အခြားလူသားများမှသာ ရယူဖွဲ့စည်းထားလေသည်။ သို့ရာတွင် သူတို့၏ များစွာသောအဆင့်အတန်းများအနက် အချို့တို့မှာ ကျွန်ုပ်တို့နှင့် နှိုင်းယှဉ်၍ ရသော လူသားလောကကို ဖြတ်သန်း ကျင်လည်ခြင်း မပြုရသေးသည်မှာ စင်စစ်ဖြစ်ချေသည်။

မျက်မှောက်အချိန်တွင်သူတို့၏အကြောင်းကို ကျွန်ုပ်တို့များစွာ မသိနိုင်သေးချေ။ သို့ရာတွင်သူတို့၏ ဘဝသံသရာ ပန်းတိုင်ဟုဆိုသင့်သော အရာသည် ကျွန်ုပ်တို့၏ ဘဝသံသရာ ပန်းတိုင်ထက် အတော်ပင် မြင့်မားလေသည်။ ဆိုလိုသည်မှာ ကျွန်ုပ်တို့၏ ဘဝသံသရာရည်မှန်းချက်မှာ၊ သတ္တမမြောက် ကမ္ဘာ့ စကြဝဠာ၏အဆုံး၌၊ အောင်မြင်သောလူ့ဖိုလ်ခြေ အစိတ်အပိုင်းကို၊ တခုသောဂုဏ်ဝိဇ္ဇာ (ဗောဓိ) ဉာဏ်စံချိန်သို့ရောက်ရန်ဖြစ်လျှင်၊ ဒေဝ ဘဝသံသရာ၏ရည်မှန်းချက်မှာ အလားတူ အချိန်အတွင်း၌ပင် သူတို့၏ထိပ်တန်းစားများကို ထို့ထက် မြင့်မားသော အဆင့်သို့ ရောက်ရန်ဖြစ်လေသည်။ ကျွန်ုပ်တို့အဖို့ ကဲ့သို့ပင် သူတို့အဖို့လည်း၊ စိတ်ရောကိုယ်ပါ ကြိုးစားမည် ဆိုလျှင် အလွန်မြင့်မားသော အထွတ်တို့သို့ ဆိုက်ရောက်စေမည့် မတ်စောက်သော်လည်း တိုတောင်းသော လမ်းပွင့်လျက် ရှိလေသည်။ သို့ရာတွင် သူတို့အတွက် အထွတ်အထိပ်များမှာ မည်သည်တို့ ဖြစ်နိုင်သည်ကို ကျွန်ုပ်တို့ခတွေးဆရုံသာ တွေးဆနိုင်ပေသည်။

ဇောတိဘုံအကြောင်းနှင့် စပ်လျဉ်း၍၊ ဤကြီးမားမြင့်မြတ်လှသော ဒေဝ အစည်းအရုံးကြီး၏ အောက်ဖက်အမြိတ် အစွန်မျှကိုသာ ပြောပြရန်လိုလေသည်၊ သူတို့၏ အောက်ဖက်

အစိတ်အပိုင်းကြီး သုံးခုကို (အောက်ဆုံးမှစ၍) ကာမဒေဝ, ရူပဒေဝ, အရူပဒေဝ ဟု အများအားဖြင့် အသီးသီးခေါ်ဆို သည်။ ကျွန်ုပ်တို့၏ အနိမ့်ဆုံးဖြစ်သော သာမန်ခန္ဓာမှာရူပခန္ဓာ ဖြစ်သကဲ့သို့၊ကာမဒေဝတို့၏ သာမန်ခန္ဓာမှာ ဇောတိခန္ဓာဖြစ် လေသည်။ ထို့ကြောင့် လူသားများသည် ကမ္ဘာဝန်း စ (F) သို့ ရောက်သောအခါ တည်မည့်အခြေ၌ သူတို့ယခုတည်လျက် ရှိပြီးလျှင်၊ သူတို့သည် သာမန်အားဖြင့် ဇောတိခန္ဓာ၌ ကျက် စားကာ၊ ထိုခန္ဓာမှ အထက်ဘုံနယ်တို့သို့ ကျွန်ုပ်တို့က ဇောတိ ခန္ဓာဖြင့် ထွက်ခွာသွားသကဲ့သို့ သူတို့ကမနက္ခန္ဓာဖြင့် ထွက်ခွာ သွားလေသည်။ ပြည့်စုံလုံလောက်စွာ ပါရမီရင့်သန်လာသော အခါ၊ သူတို့အဖို့ ကာရဏသရီရသို့ ဝင်ရောက်ရန်၊ ကျွန်ုပ်တို့ အဖို့ မနက္ခန္ဓာကို အသုံးပြုရန်ထက် ပို၍အားထုတ်ရန် မလို တော့ချေ။

ထိုနည်းတူစွာ မနလောက၏အောက်,သို့မဟုတ်, ရူပလေး ဘုံဆင့်ခွဲတို့တွင် နေထိုင်လျက်ရှိချေရကား၊ ရူပဒေဝတို့၏ သာ မန်ခန္ဓာမှာ မနက္ခန္ဓာဖြစ်လေသည်။ အရူပဒေဝတို့သည်ကား မနလောက၏ အထက်သုံးဘုံဆင့်ခွဲတို့တွင် နေထိုင်လျက်ရှိပြီး လျှင်၊ ကာရဏသရီရထက် ခန္ဓာနှင့် နီးစပ်သော အရာမရှိ ချေ။ သို့ရာတွင် ဇောတိဘုံသားတို့အဖို့ ဤရုပ်ဘုံ၌ ထင်ရှား ပေါ်ပေါက်လာရန် အခါအခွင့် နည်းပါးသကဲ့သို့၊ ရူပနှင့် အရူပဒေဝများအဖို့ ဇောတိဘုံ၌ ထင်လျား ပေါ်ပေါက်လာ ရန် အခါအခွင့်နည်းပါးလေသည်။ ထိုကြောင့်သူတို့ကို ယခု ဖေါ်ပြရုံသာ ဖေါ်ပြရန်လိုပါသည်။

အောက်ဆုံးပိုင်း ဖြစ်သော ကာမဒေဝတို့နှင့် စပ်လျဉ်း၍သော်ကား၊ ယင်းတို့အားလုံးကို ကျွန်ုပ်တို့ထက် ခြင့်ချိန်၍မရလောက်အောင်သာသည်ဟုထင်လျှင် မှားပေမည်။ အဘယ်ကြောင့်ဆိုသော် သူတို့၏ အဆင့်အတန်းသို့ ရောက်သွားသူအချို့တို့မှာ ကျွန်ုပ်တို့ လူသားများလောက် အချို့အချက်တို့တွင် အဆင့်အတန်းမမြင့်သော လူသားများမှ ဖြစ်လေသည်။ သူတို့တွင် ယေဘုယျအားဖြင့် ပျမ်းမျှ အဆင့်အတန်းမှာ ကျွန်ုပ်တို့တွင်ထက် မြင့်သည်၊ အဘယ်ကြောင့်ဆိုသော် သူတို့အားလုံးမှ ထက်ထက်သန်သန် စေတနာဖြင့် ပြုလုပ်သော မကောင်းမှုခပ်သိမ်းကို ကြာမြင့်စွာကပင် နုတ်ပယ်ပြီးဖြစ်လေသည်။ သို့ရာတွင် စိတ်နေစိတ်ထား၌သော်ကား သူတို့တဦးနှင့်တဦး များစွာကွာခြားကြသည်။ အကယ်စင်စစ် မြင့်မြတ်, ကိုယ်ကျိုးမရှာ, လောကုတ္တရာစိတ်ထားရှိသူ, လူသားသည် သူတို့အချို့ထက် ဘဝသံသရာတိုးတက်မှု အဆင့်အတန်းတွင် မြင့်မားစွာ တည်ရှိပေမည်။

အချို့သော မှော်အတတ် ဆော်နိုးချက်တို့ဖြင့် သူတို့၏ အလေးမှုစိတ်ကို ဆွဲဆောင်နိုင်ပါ၏၊ သို့ရာတွင် သူဘို့၏ စိတ်အလိုကို လူတို့၏စိတ်အလိုဖြင့် စိုးမိုးနိုင်သူဘို့မှာ အဆင့်အတန်းမြင့်သော အသေကန္ဒရဟန္တာ အသျှင်မြတ်ဘို့ သာလျှင်ဖြစ်လေသည်။ သာမန်အားဖြင့် ရုပ်လောက၌ရှိသော ကျွန်ုပ်တို့အား သူတို့သတိမူဟန်မရှိချေ။ သို့ရာတွင် တခါတရံ ဖြစ်တတ်သည်မှာ၊ တိရစ္ဆာန်တကောင် ဒုက္ခ ရောက်နေသည်ကို မြင်သောအခါ ကျွန်ုပ်တို့တဦးဦးက အကူအညီပေးသကဲ့သို့၊ လူသားတဦး ဒုက္ခရောက်နေသည်ကို သိမြင်သဖြင့် သနားသော

အခါ သူတို့တဦးဦးက အကူအညီကို ပေးကောင်း ပေးမည် ဖြစ်လေသည်။ သို့ရာတွင် မျက်မှောက် အခြေအနေ့တွင် လူသားတို့၏ အရေးအရာများတွင် သူတို့ဝင်ရောက်စွက်ဖက်ခြင်းသည် ကောင်းကျိုးထက် မကောင်းကျိုးကို များစွာပိုမို၍ ပေးမည်ကို သူတို့ကောင်းစွာ သိထားကြလေသည်။ အရူပဒေဝတို့၏ အထက်၌ ဒေဝအစိတ်အပိုင်းကြီး လေးပိုင်းရှိလေသေးသည်။ တဖန်ထိုဒေဝလောက အားလုံးတို့၏ အထက်၌ ဂြိုဟ်နတ်အစုအဝေးကြီးများ ရှိလေသေးသည်။ သို့ရာတွင် ဇောတိဘုံအကြောင်းအရာတွင် ထိုမျှတန်ခိုးကြီးသော ပုဂ္ဂိုလ်ကြီးများကို ထည့်သွင်း စဉ်းစားရန်မလိုချေ။

ကျွန်ုပ်တို့ဖေါ်ပြခဲ့သော အမျိုးအစားများနှင့် သက်ဆိုင်သည်ဟု မဆိုနိုင်ငြားလည်း၊ ဤနေရာတွင် အရေးလည်းကြီး၍ အံ့သြဖွယ်လည်းကောင်းသော လေးပါးသော ဒေဝရာဇာခေါ် နတ်မင်းကြီးများ အကြောင်းကို မြွက်ဆိုရန်အကောင်းဆုံးဖြစ်ပေလိမ့်မည်။ ဤအမည်တွင် ဒေဝဆိုသော စကားကို ယခု ကျွန်ုပ်တို့အသုံးပြုနေသော အဓိပ္ပါယ်ဖြင့် ယူရန်မဟုတ်ချေ။ အဘယ်ကြောင့်ဆိုသော် ဤနတ်မင်းကြီး လေးပါးအုပ်စိုးသည်မှာ ဒေဝလောကများ အပေါ်၌မဟုတ်ပဲ၊ ပထဝီ, အာပေါ, ဝါယော, တေဇော တည်းဟူသော ဓာတ်ကြီးလေးပါးနှင့် ယင်းဓာတ်ကြီး လေးပါးအတွင်း၌ တည်နေသော သဘာဝ ဘူတများနှင့် ဓာတ်ဘာဝ များအပေါ်၌ ဖြစ်လေသည်။ သူတို့သည်လက်ရှိ တန်ခိုးအာဏာနှင့် ဉာဏ်ပညာ အထွတ်အထိပ်သို့ ရောက်အောင် မည်သည့် ဘဝသံသရာအားဖြတ်သန်း ကျင်လည်သွားကြသည်ကို ကျွန်ုပ်တို့မပြောနိုင်ချေ။

ကျွန်ုပ်တို့ပြောနိုင်သည်မှာ သူတို့၏ဘဝသံသရာသည် ကျွန်ုပ်တို့နှင့် အလားတူသော လူသားတို့ကိုဖြတ်သန်း မသွားကြောင်းသာဖြစ်လေသည်။

သူတို့ကိုမကြာခဏ ကမ္ဘာကို အုပ်စိုးသူများ ဟူ၍ငှင်း၊ အရပ်လေးမျက်နှာ နတ်မင်းကြီးများဟူ၍ငှင်း၊ ခေါ်ဆိုလေ့ရှိသည်။ ဟိန္ဒူကျမ်းစာ တို့၌ကား သူတို့ကို စတုမဟာရာဇာ (နတ်မင်းကြီးလေးပါး) ဟူ၍ ခေါ်ပြီးလျှင်၊ ဓတရဋ္ဌ, ဝိရူဠ္ဟက, ဝိရူပက္ခ,ဝေဿဝဏ္ဏ ဟူ၍ အမည်ပေးထားလေသည်။ထိုကျမ်းများတွင်ပင် သူတို့၏စစ်သည် (ပရိသတ်) များကို ဂန္ဓဗ္ဗများ, ကုမ္ဘဏ္ဍများ, နာဂ(နဂါး) များနှင့် ယက္ခများ ဟူ၍ အသီးသီးခေါ်ဆို၍၊ သူတို့သိမ်းပိုက် စောင့်ရှောက်သော အရပ်များမှာ အရှေ့, တောင်, အနောက်နှင့် မြောက်တို့ ဖြစ်ပြီးလျှင်၊ သူတို့၏ အမှတ်သညာ အရောင်များမှာ အဖြူ, အပြာ, အနီ, အဝါ အသီးသီး ဖြစ်လေသည်။ သူတို့အား ဂုဏ္ဍဓမ္မတွင် "အတောင်ရှိသော စက်ဝန်းချားနှင့် တောက်လောင်လျက်ရှိသော စကြာများ" ဟူ၍ ဖော်ပြပြီးလျှင်၊ ခရစ်ယန် သမ္မာကျမ်းစာတွင်အလားတူ စကားများကိုသုံးကာ အိဇေကိအယ်က မှတ်သားဖွယ် ကောင်းလောက်အောင် သူတို့အားကြီးစားဖွဲ့ဆိုခဲ့လေသည်။ ဘာသာအယူဝါဒတိုင်း၏ အမှတ်လက္ခဏာ အသုံးအနှုန်းများတွင် သူတို့အား ညွှန်းဆိုထားချက်များကို တွေ့ရပြီးလျှင်၊ သူတို့အားအမြဲတစေ လူတို့အားကာကွယ် စောင့်ရှောက် သူများ အနေဖြင့် အလေးမြတ်ဆုံးသော ရှိသေမှုကိုပြုကြလေသည်။

ဤကမ္ဘာလောကဘဝတွင် လူတို့၏ ကံကို စီမံနေသူများမှာ သူတို့ပင်ဖြစ်သဖြင့် လူမှုရေးရာတို့တွင်သူတို့သည် လွန်စွာအရေးပါလေသည်။ ဂုဏ္ဍဝိဇ္ဇာတွင်လိပိကာ ဟုခေါ်သော စကြဝဠာ၏ ကံနှင့် ဆိုင်ရာ နတ်မင်းကြီးများက တဦးချင်း၏ကံမှုများကို ဇောတိဘဝ၏အဆုံး၌ သူ၏ခန္ဓာ အာယတနခေတ်များ အပြီးသတ် ကွဲကွာသွားသောအခါ ချိန်စက်ခြင်းပြုပြီးလျှင်၊ နောက်ဘဝတွင် သူ၏ကံနှင့် အတိအကျ သင့်လျော်သော အာကာသခေတ်ရုပ်တူသွန်းပုံကို,ဆိုကြပါစို့,ဖန်တီးပေးသည်။ သို့ရာတွင် ဒေဝရာဇာ နတ်မင်းကြီးများက၊ ထိုအာကာသခေတ်ရုပ်တူကို ဆောက်လုပ်ရမည့် 'ခေတ်များ' ကို စိုးပိုင်ချေရကား၊ လိပိကာ နတ်မင်းကြီးများ၏ ရည်ရွယ်ချက်အတိုင်း တိကျစွာ ပြည့်စုံစေရန်၊ ထိုခေတ်များ၏ အချိုးအစားကို ထိုနတ်မင်းကြီးများက ပင် စီစဉ်ပေးလေသည်။

လူ့ဘဝအခြေအနေတွင် သူ၏ လွတ်လပ်သော စိတ်အလိုနှင့် ပတ်ဝန်းကျင်၏ စိတ်အလိုများဖြင့် အမြဲဝင်ရောက်လျက်ရှိသော ပြောင်းလဲမှုများကိုမတရားမဖြစ်စေပဲ,တနည်းမဟုတ်တနည်းအားဖြင့် ကံကိုတိကျစွာ ဆောင်ရွက်သွားစေခြင်းငှါ၊မဲတင်းပေးရန်၊ ဘဝကို အမြဲတစေစောင့်ရှောက်၍ နေသူတို့မှာလည်း၊ ထိုမဟာရာဇာနတ်မင်းကြီးများပင် ဖြစ်ချေသည်။ ဂုဏ္ဍဓမ္မအတွဲ ၁၊ စာမျက်နှာ ၁၇၀–၁၇၆ တွင် ဤ အံ့ဩဖွယ်ကောင်းသော ပုဂ္ဂိုလ်ကြီးများ၏အကြောင်း,အသိပညာ ထက်သန်စွာဖြင့်, မိန့်မြွက်ထားချက်များကို တွေ့ရပေမည်။ သူတို့သည် အလိုရှိသည်အခါ လူတို့၏ရုပ်ဆင်းသဏ္ဍာန်ကို ဖန်ဆင်း

နိုင်လေသည်။ ဤသို့ သူတို့ ဖန်ဆင်းထားသည့် သာခကများ ၅၁တို့ကိုလည်း မှတ်တမ်းတင်လျက်ရှိသည်။

သူတို့ဆောင်ရွက်လျက်ရှိသည့် အံ့ဩလောက်အောင် ကြီးမားသည့် လုပ်ငန်းများတွင် အထက်တန်းစား သဘာဝဘူတများနှင့် ဖန်တီးထားသော ဓာတ်ဘူတ အစုအဝေးကြီး များသည် သူတို့၏ ကိုယ်စားလှယ်များအဖြစ်ဖြင့်ဆောင်ရွက်လျက်ရှိကြသည်။ သို့ရာတွင် အားလုံးတို့၏ ကံကြမ္မာများမှာ သူတို့လက်ထဲတွင်ရှိ၍၊ သူတို့သည်သာလျှင် ခပ်သိမ်းသောတာဝန် တို့ကို ထမ်းဆောင်လျက်ရှိသည်။ ဇောတိဘုံ၌ တခါတရံမျှသာ သူတို့ ပေါ်ထင်လာတတ်သည်။ သို့ရာတွင် သူတို့ပေါ်ထင်လာသောအခါ ထိုဘုံတွင် အမာနုဿများအနက် မှတ်သားဖွယ်ရာ အကောင်းဆုံးဖြစ်လေသည်။သဘာဝဘူတနှင့် ဓာတ်ဘာဝ နှစ်မျိုးစလုံးတွင် အတန်းအစား ကြီးများ ခုနစ်ရပ် ရှိချေရကား၊ ဒေဝရာဇာ နတ်မင်းကြီးများလည်း လေးပါးမဟုတ်, ခုနစ်ပါးပင်စင်စစ်ရှိရမည်ကို၊ ဂုတ္တဝိဇ္ဇာ လေ့လာသူအားပြောကြားရန်မလိုချေ။ သို့ရာတွင် အရိယာနယ်ပြင်ပ၌ အထက်သုံးပါးတို့၏ အကြောင်းကို မသိသလောက်ရှိသဖြင့် ယင်းတို့အကြောင်း မပြောပဲသာလျှင် ထားသင့်လေသည်။

## ၃။ ဖန်တီး

ဇောတိဘုံသားတို့တွင် ဤအမြောက်မြားဆုံးသော အမျိုးအစားသည်လူတို့အဖို့ အရေးအကြီးဆုံးလည်း ဖြစ်လေသည်။ လူ၏ ဖန်ဆင်းခြင်းများသာလျှင် လုံးဝဖြစ်ချေရကား၊ယင်းတို့သည် လူနှင့် ကမ္မနှောင်ကြိုးတို့ဖြင့် အရင်းနှီး အပူးကပ်ဆုံးအ

ပြန်အလှန် ဆက်သွယ်လျက်ရှိပြီးလျှင်၊ လူတို့၏ အပြုအမူများသည် သူ့အပေါ်၌ အမြဲတစေ တိုက်ရိုက်သက်ရောက်လျက်ရှိလေသည်။ ယင်းတို့သည် လွန်စွာကြီးမား၍ တည်မြဲခြင်းမရှိသော, အသိဉာဏ် တပိုင်းတစရှိ ဘူတအစုအဝေးကြီး ဖြစ်ပြီးလျှင်၊ လူတို့၏စိတ်များ ကွဲပြားသကဲ့သို့သူတို့အချင်းချင်းကွဲပြားကြလေရာ၊ သူတို့အား တသီးတသန့်စီခွဲခြားခြင်း, စီစဉ်ခြင်းပြုရန် လက်တွေ့အားဖြင့် မတတ်နိုင်ချေ။ ခွဲခြားမှုတခုတည်းကိုသာလျှင် အသုံးကျအောင် ပြုလုပ်နိုင်မည်မှာ၊ မြောက်မြားစွာသောလူတို့က သတိမမူပဲ ပြုလုပ်ကြသည့် ဖန်တီးဓာတ်ဘူတများနှင့်၊ မှော်ဆရာတို့ကအတိအကျရှိသော ရည်ရွယ်ချက်ဖြင့်ပြုလုပ်သော ဖန်တီးဓာတ် ဘူတများဟူ၍ ဖြစ်လေသည်။ တတိယအမျိုးအစားအနေဖြင့် ဓာတ်ဘာဝများ မဟုတ်သည့် အနည်းငယ်မျှသော စီမံဖန်တီးထားသည့် ဘူတများကိုကျွန်ုပ်တို့ဖယ်ထုတ်ဖေါ်ပြရပေမည်။

(၁)။ **သတိမမူပဲဖန်တီးသော ဓာတ်ဘူတများ။** ။ကျွန်ုပ်တို့ကို အဖက်ဖက်မှ ဝန်းရံလျက်ရှိသော ဓာတ်ဘာဝ၏ မရေမတွက်နိုင်အောင် များပြားသော အမျိုးအစားအပေါင်းတို့သည်၊ လူတို့၏စိတ်တန်ခိုးအာနိသင်ကို ထူးခြားစွာခံယူလွယ်ကြောင်း ရှင်းလင်းဖေါ်ပြ ခဲ့လေပြီ။ အမှတ်မဲ့လေလွင့်လာသော စိတ်ကပင်လျှင် ယင်းအပေါ်သို့သက်ရောက်၍ ယင်းအား လျင်မြန်စွာလှုပ်ရှားစေ၍၊ပျောက်ကွယ်သွားလွယ်သောပုံသဏ္ဍာန်များအသွင်ကိုချက်ချင်းဆောင်ယူစေနိုင်သည်ကိုလည်း ပြဆိုခဲ့လေပြီ။ လူ၏မနောက တိကျပြတ်သား၍၊ ရည်ရွယ်ချက်ရှိသောစိတ်, သို့မဟုတ်, ဆန္ဒတခုကိုပြဋ္ဌာန်းလိုက်

သောအခါ ယင်းခေတ်ဘာဝအား မည်သို့ထိခိုက်စေသည်ကို လေ့လာမှတ်သားရပေမည်။

သက်ရောက်စေသော အကျိုးတရားမှာ လွန်စွာမှတ်သား ဖွယ်ကောင်းလေသည်။ စိတ်သည်ပျော့ပျောင်းသော ခေတ် ဘာဝကို ဆုပ်ကိုင်လိုက်ပြီးလျှင် လျော်ကန်သော အသွင်ကို ဆောင်သည့် သက်ရှိဘူတအဖြစ်သို့တမဟုတ်ချင်း ပုံသွင်းလိုက် လေသည်။ ဤသို့ဖန်ဆင်းလိုက်သော ခေတ်ဘူတသည် ဖန်ဆင်း သူ၏ ချုပ်တည်းမှုကိုမခံပဲ၊ မိမိ၏ဘာဝကို မိမိဘာသာ ဖန်ဘီး လေတော့သည်။ ထိုဘပတာ၏ အခွန့်ကာလမှာ ယင်းအား ဖန်ဆင်းလိုက်သော စိတ်,သို့မဟုတ်,ဆန္ဒ၏အင်အားထက်သန် မှုအချိုးအစားအလိုက် ဖြစ်လေသည်။အမှန်မှာ ထိုခေတ်ဘူတ သည် ယင်းအားစိတ်၏ အင်အားက ချုပ်ကိုင်ထားနိုင်သ လောက် ရှည်ကြာစွာတည်ခဲလေသည်၊ များစွာသော သူတို့၏ စိတ်များမှာ လွန်စွာမတည်ငြိမ် မပြတ်သားချေရကား၊ ယင်း တို့ကဖန်ဆင်းပေးလိုက်သော ခေတ်ဘူတတို့သည်မိနစ်အနည်း ငယ်,သို့မဟုတ်, နာရီအနည်းငယ်မျှသာတည်တံ့လေသည်။သို့ ရာတွင် ထပ်ခါထပ်ခါ ဖြစ်ပေါ်လာသောစိတ်,သို့မဟုတ်,ထက် သန်သော ဆန္ဒတို့က ဖန်ဆင်းလိုက်သော ခေတ်ဘူတ တို့မှာ ရက်များစွာပင် တည်တံ့နေပေလိမ့်မည်။

သာမန်လူသား၏စိတ်များမှာ သူသို့သော ရည်မှန်းချက်ရှိ ချေရကား၊ ဖန်ဆင်းလိုက်သော ခေတ်ဘူတများသည် သူ၏ ဝန်းကျင်၌သာ ပျံ့ဲနေပြီးလျှင်။ ယင်းတို့နှင့်ဆိုင်ရာ စိတ်အာရုံ ကို အစဉ်အပြတ်, အထပ်ထပ် ဖြစ်ပေါ်စေလေသည်။ အ ဘယ်ကြောင့်ဆိုသော် ဤသို့အထပ်ထပ် ဖြစ်ပေါ်သောစိတ်

များသည်၊ ခေတ်ဘူတသစ်များကို မဖြစ်ပေါ်စေပဲ၊ ဖြစ်ပေါ်တည်ရှိပြီး ခေတ်ဘူတ တို့ကိုသာလျှင် အားအင် ဖြည့်တင်းပြီးလျှင် ယင်းတို့အား ဘဝတာအသစ်ကို ပေးအပ်လေသည်။ ထို့ကြောင့် ဆန္ဒတခုကို မကြာမကြာအာရုံပြုလျက် နေသောသူသည်၊ မိမိအဖို့ ဇောတိအဖေါ်တဦးကို ဖန်တီးပြီးလျှင်၊ ထိုဇောတိအဖေါ်သည် အသစ်ဖြစ်ပေါ်သော စိတ်တို့ဖြင့် အမြဲအာဟာရပြည့်တင်းလျက်ရှိချေရကား၊ အမြဲအင်အားတိုးတက်ထက်သန်လာပြီးကာသူ့အပေါ်၌အာဏာတန်ခိုး လွှမ်းမိုးလာပြီးလျှင်၊ နှစ်ပေါင်းများစွာ သူ့အားကပ်ချဉ်းနေပေမည်။ အဆိုပါဆန္ဒသည်ယုတ်ညံ့သော အမျိုးအစားဖြစ်ခဲ့လျှင် သူ၏အကျင့်သိက္ခာအပေါ်၌ ကြီးစွာသောပျက်စီးခြင်းကို ဖြစ်စေမည့်အကျိုးတရား သက်ရောက်စေမည်ကို အလွယ်တကူပင်သိမြင်နိုင်ရာသည်။

အခြားသူတို့ အကြောင်းကို စဉ်းစားသော လူ၏စိတ်များသည် ထိုထက်ပင် ကောင်းကျိုးဆိုးကျိုးတို့ဖြင့် ပြည့်ဖြိုးလျက်ရှိလေသည်။ အဘယ်ကြောင့်ဆိုသော် ထိုသာဓကတွင် ယင်းတို့သည် စဉ်းစားသူ၏ ဝန်းကျင်၌မဟုတ်ပဲ၊ စဉ်းစားခံရသူ၏ဝန်းကျင်၌ ပျံ့ဝဲနေချေသည်။ တဦးတယောက်အား ကြင်နာသောစိတ်, သို့မဟုတ်, သူ၏ကောင်းကျိုးကို ထက်သန်စွာလိုလားသောစိတ်သည် သူ့အားအကျိုးလိုလားမိတ်ဆွေပြုမည့်ခေတ်ဘူတကို ဖန်တီးပြီးလျှင် သူ့ထံသို့ စေလွှတ်လိုက်လေသည်။ မကျန်းမမာ ဖြစ်နေရာမှ သက်သာကျန်းမာလာပါစေဟူသကဲ့သို့ဖြစ်ပေါ်သောစိတ်ဆန္ဒသည် တိကျပြတ်သားခဲ့လျှင်၊ ခေတ်ဘူတသည် သူ၏သက်သာကျန်းမာရေးကို ထောက်ပံ့ရန်, သို့မ

ဟုတ်,ဤသို့သိသက်သာ ကျန်းမာလာရေးကို တားဆီးပိတ်ပင်နေသည့် အန္တရာယ်တို့ကိုကာကွယ်ရန်, သူ၏အပေါ်၌အမြဲပျံဝဲနေသောအင်အားတခုဖြစ်နေပေလိမ့်မည်။ ဤသို့ဆောင်ရွက်ရာ၌ ဓာတ်ဘူတသည်အသိဉာဏ်နှင့်လျော်ကန်စွာဖန်တီးတတ်မှု အတော်ပင်ရှိသကဲ့သို့သော သဘောကို ဖေါ်ပြပေလိမ့်မည်။ သို့ရာတွင် အမှန်စင်စစ်သော်ကား၊ စည်ထဲ၌ရှိသောရေသည်၊ ပိတ်၍နေသော ပိုက်တဒါဇင်မျှလောက်အနက် ပွင့်၍နေသော ပိုက်တလုံးကို တမဟုတ်ချင်းရှာဖွေပြီးလျှင်ယိုစီးသွားသကဲ့သို့၊ ဓာတ်ဘူတသည်တွေ့နိုင်သမျှသော အပေါက်အလမ်းကိုရှာဖွေ၍၊တဖက်သတ်အစဉ်မှန်မှန် တိုးဝင်မိနှိပ်ခြင်းဖြင့်၊ခုခံမှုအနည်းဆုံးလမ်းကြောင်းအတိုင်းသာ ဆောင်ရွက် သွားလေ့ရှိသော အင်အားဖြစ်လေသည်။

ဖြစ်ပေါ်သောစိတ်ဆန္ဒသည် တိကျပြတ်သားခြင်းမရှိပဲ၊သူ၏ကောင်းစားရေးအတွက်သာဖြစ်ခဲ့လျှင်၊ အံ့ဩဖွယ်ကောင်းလောက်အောင် ပျော့ပျောင်းသော ဓာတ်ဘာဝသည်၊ ထိုမပြတ်သားလှသော အာရုံသို့ပင် အတိအကျတုံ့ပြန်ပြီးလျှင်၊ ဖြစ်ပေါ်လာသော ဓာတ်ဘူတသည်, ထိုသူ၏အကျိုး၄ါ အဆင်အသင့်ဆုံး ဆောင်ရွက်မှုသို့ ချော်ရှု၍ အားကိုအသုံးပြုလိုက်ပေလိမ့်မည်။ ဤသို့ဆောင်ရွက်မှုတိုင်း၌ပင်၊ သူအသုံးပြုရသည့်အင်အားပမာဏနှင့် အားအင်ကိုအသုံးပြုရန် သူအသက်ရှင်နေသော ကာလအခွင့်တို့သည်, သူ့အားမွေးထုတ်လိုက်သည့်မူလစိတ်ဆန္ဒ,သို့မဟုတ်,စဉ်းစားစိတ်၏ခွန်အားအပေါ်၌ လုံးဝမှီခိုတည်ရှိလေသည်။ သို့ရာတွင်ထိုဓာတ်ဘူတ၏ ချော်ရှုရာဖက်သို့ပင် စေလွှတ်လိုက်သောအခြားစိတ်ဆန္ဒကောင်း,သို့မဟုတ်

မေတ္တာစိတ်တို့ကလည်း၊ ယင်းအား,အာဟာရကျွေးမွေး,အင်အားဖြည့်တင်းပေးသည့်အလား ထောက်ပံ့၍၊ယင်း၏အသက်ကို ရှည်စေနိုင်သည့် အချက်ကိုလည်း၊ မှတ်သားထားရပေဦးမည်။

ထို့ပြင်မှတပါးလည်း၊ ထိုခေတ်ဘူတသည် အခြားသတ္တဝါဘူတများကဲ့သို့ပင်၊ မိမိ၏အသက်ကို ရှည်စေလိုသော ပကတိအလို၏ တိုက်တွန်းချက်အရ၊ မိမိ၏ဘဝကို ဖန်တီးသည့်စိတ်ထပ်မံဖြစ်ပေါ်စေရန် အမြဲလှုံ့ဆော်နေသော အင်အားအနေဖြင့်၊မိမိကိုဖန်ဆင်းသူအား တုံ့ပြန်မှုကို ပြုလေသည်။ ဤနည်းအတိုင်းပင်အခြားယင်းနှင့်ထိတွေ့သူတို့အပေါ်သို့လည်း၊ ယင်း၏အာနိသင် ကျရောက်လေသေးသည်။ သို့ရာတွင်ယင်း၏ ထိုသူတို့နှင့် ဆက်သွယ်မှုမှာ ဤမျှပြည့်စုံကောင်းမွန်ခြင်း မရှိချေ။

သမာဆန္ဒ,မေတ္တာစိတ်တို့နှင့်စပ်လျဉ်း၍ပြောဆိုခဲ့သမျှတို့သည်၊ ဆန့်ကျင်ဖက်တွင်, မိစ္ဆာဆန္ဒ, ဒေါသစိတ်တို့နှင့် စပ်လျဉ်း၍ လည်းမှန်ကန်လေသည်။ သို့ဖြင့်လောကတွင်မနာလို, မုန်းတီးရန်ငြိုးသို စိတ်များနှင့် မေတ္တာကင်းမဲ့သော စိတ်အပေါင်းတို့အဘယ်မျှ တည်ရှိသည်ကို ထောက်ခြင့်သော်၊ဖန်တီးခေတ်ဘူတများအတွင်း၌ ကြောက်မက်ဖွယ် ကောင်းသောသတ္တဝါများစွာတို့အားတွေ့မြင်ရမည်ကိုအလွယ်ပင်နားလည်နိုင်ရာသည်။ မျက်သို,ကြမ်းကြုတ်,ကာမထူပြော,မက်မောစိတ်ဆန္ဒအားကြီးသောသူသည်၊ မိမိ၏မိတ်ဖေါ်များအနေဖြင့် မိမိဖန်ဆင်းထားသည့် စက်ဆုပ်ဖွယ်ကောင်းသော ဘူတများဖြင့်ပြည့်နှက်နေ၍၊ကပ်ရောဂါဆိုးကြီးများကိုဖြစ်ပေါ်စေနိုင်သည့်ခေတ်ခိုး ခေတ်ငွေများကို နေရာတကာတိုင်းသို့ မိမိနှင့်သယ်

ဆောင်က၊ လောက၌လည်းလည်းကျက်စားသျက်ရှိလေသည်။ ။သို့ဖြင့်သူသည် မိမိကိုယ်တိုင် ဆိုးယုတ်သောအခြေ၌ တည်နေသည်သာမက၊ ကံမကောင်းသဖြင့် မိမိနှင့်လာရောက် ထိတွေ့သူအပေါင်းတို့အားလည်း,သူ့ကိုယ်သူ ဝန်းရံထားသော စက်ဆုပ်ရွံ့ ရှာဖွယ်တို့၏ အာနိသင်ဖြင့်၊ မကောင်း စိတ်များ ကူးစက်ခံရမည့် အန္တရာယ်နှင့်လည်း ရင်ဆိုင်နေစေလေသေးသည်။

တပါးသူအပေါ်၌ မနာလို,ဝန်တိုမုန်းထားစိတ်သည် မကောင်းသော ဓာတ်ဘူတကို စေလွှတ်၍ သူ့အပေါ်၌ ပျံဝဲနေစေပြီးလျှင် အန္တရာယ်ပြုရန်အတွက် အချက်ကောင်းကိုရှာစေလေသည်။ထိုစိတ်သည် ခိုင်မာစွဲမြဲနေခဲ့လျှင်၊ ထိုသို့စေလွှတ်လိုက်သော ဓာတ်ဘူတအားအာဟာရ ဖြည့်တင်း ပေးပြီးလျှင် ယင်း၏အနိဋ္ဌာရုံလုပ်ငန်း၌ကြာရှည်စွာဆက်လက်ဆောင်ရွက်နေစေလေသည်။သို့ရာတွင်စေလွှတ် ခံရသောသူ၌ ယင်းကလှုံ့ဆော်ပေးရန် မကောင်းဓာတ်ခံ မရှိခဲ့သော်– ဆိုကြပါစို့၊ ကုတ်နှင့်ကော်ဘင်ရန်အခြေခံ မရှိခဲ့သော်၊ သူဘာမျှအကျိုးထင်အောင်မပြုနိုင်ချေ။ ကောင်းမြတ်သော အကျင့်သီလနှင့် စင်ကြယ်သော စိတ်ထားရှိသူ၏ ရောင်လျှံမှ ထိုကဲ့သို့သော အာနိသင်ဆိုးတို့သည် ညိတွယ်စရာမရှိသဖြင့်တုံ့ပြန်လာပြီးလျှင် ဆန်းကြယ်သော နိယျာမမြွအတိုင်း၊ ယင်းတို့အား မူလဖန်ဆင်းသူ၏အပေါ်သို့ ယင်းတို့တွင်ရှိသမျှသော ခွန်အားဖြင့်တုံ့ပြန်ရိုက်ခတ်လေသည်။ မူလယူဆ ချက်အတိုင်း သူ၌ပင်လျှင် သင့်လျော်သောကျက်စားရာကို သူတို့ရရှိကြလေသည်။ ဤသို့လျှင် သူ၏မကောင်းသော စိတ်ဆန္ဒ၏ကံသည် သူဖန်တီးလိုက်

သော ဓာတ်ဘူတအားဖြင့်ပင် ချက်ချင်းအဆုံးတိုင် စီမံဆောင်ရွက်သွားလေသည်။

ထိုရာတွင် တခါတရံ ဖြစ်တတ်သည်မှာ ဖေါ်ပြခဲ့သော အမျိုးအစား ဖန်တီး ဓာတ်ဘူတသည် အကြောင်း အမျိုးမျိုးတို့ကြောင့် ယင်း၏ အင်အားကို စေလွှတ်ခံရသူ အပေါ်၌ သော်၎င်း, စေလွှတ်သူ အပေါ်၌ သော်၎င်း, အသုံးမပြုနိုင်ပဲ ရှိနေတတ်လေသည်။ ထိုကဲ့သို့ရှိနေသောအခါ ယင်းသည်လှည့်လည်နေသော နတ်ဆိုးတမျိုး ဖြစ်လာလေသည်။သူ့ကိုမွေးထုတ်လိုက်သော စိတ်နှင့်အလားတူစိတ်မျိုး၌ ဝင်စားနေသူဆီသို့သူသည်အလွယ်တကူဆွဲဆောင်ပါသွားပြီးလျှင်၊ သူ၏အားအင် ဖြည့်တင်းမှုအတွက် အလားတူစိတ်များကို သူ၌လှုံ့ဆော်ပေးခြင်းကိုသော်၎င်း၊ ထိုသူ၌ လစ်ဟင်း၍နေသော အပေါက်အလမ်း တခုခုဖြင့်ယင်း၌ သိမ့်ထားသည့် မကောင်းသောအာနိသင်ကို သူ့အပေါ်သို့ သွန်းချခြင်းကိုသော်၎င်း၊ပြုရန်အသင့်ရှိလေသည်။ ဖြတ်သန်းသွားသော ဘူတခွံတခုကိုဖမ်းဆီးသိမ်းပိုက်ရန် သူ၌တန်ခိုးသတ္တိနှင့် ပြည့်စုံခဲ့လျှင်၊ သူသည် ဤသို့ပင်ပြုလုပ်တတ်လေသည်။ အဘယ်ကြောင့်ဆိုသော် ဤကဲ့သို့သော ယာယီအိမ်ကို သူရခဲ့လျှင်၊ သူ၏ကြောက်ရွံ့ဖွယ်ကောင်းသော အားအင်တို့ကိုသူကောင်းစွာပြုစုပျိုးထောင်နိုင်ပြန်သောကြောင့်ဖြစ်သည်။ ဤအဖြစ်ဖြင့်သူသည် နတ်ဝင်သည်၌ပူးဝင်ပြီးလျှင် သိက္ခာမဲ့ပြီးမိတ်ဆွေ၏ အသွင်ကိုဆောင်ကာ၊ လူတို့၏အပေါ်၌ အခြားနည်းဖြင့် ရနိုင်ဖွယ်ရာမရှိသော တန်ခိုးအာနိသင်ကို သူရယူလေသည်။

အထက်၌ရေးသား ဖေါ်ပြခဲ့သည့်တို့က၊ စိတ်များကိုထိန်းသိမ်းရန်မည်မျှ အရေး ကြီးကြောင်း ယခင်မြွက်ဆိုချက်ကို လေးနက် ပေလိမ့်မည်။ များစွာသော စိတ်ကောင်းရှိသူတို့သည်၊ မိမိ၏အိမ်နားနီးချင်း တို့အပေါ်၌ ကာယကံ,ဝစီကံ တို့ဖြင့် ဆောင်ရွက်ရမည့် ဝတ္တရားများကို မည်မျှပင်သတိဝိရိယဖြင့် ကျေပွန်အောင် ဆောင်ရွက်လျက် နေကြသော်လည်း၊ မိမိတို့၏စိတ်များ (မနောကံများ) သည်ကား မည်သူနှင့်မျှ မဆိုင်၊ မိမိတို့နှင့်သာဆိုင်သည်ဟု ယူဆကာ၊ယင်းတို့ကိုအဖက်ဖက်သို့ ပေါက်လွှတ်သာလျှင် ကျက်စား နေစေလေသည်။ လောကနယ်အတွင်းသို့ ဒုက္ခပေးမည့် သညာဝါအစုံအအုပ်ကြီးများကို မိမိတို့ ပစ်လွှင့် နေသည်ကို ယင်းတို့ လုံးဝ မသိရှာကြပေ။

ထိုကဲ့သို့သောသူအဖို့၊ ဖန်တီးခါတ်ဘူတများကို ဖြစ်ပေါ်စေရာ၌၊ မနောနှင့် ကာမအာရုံတို့၏ အကျိုးတရားများအား၊ သေချာကျနစွာ သိမြင်မှုသည်၊ လွန်စွာ ကြောက်မက်ဖွယ်ကောင်းသော အသစ်တွေ့မြင်မှုကဲ့သို့ ဖြစ်၍နေပေလိမ့်မည်။ သို့ရာတွင်မိမိတို့အားအကျိုးပြုသူတို့ထံမှခံယူရရှိသောကျေးဇူးတရားများကိုတုံ့ပြန်ခြင်းငှာ မည်သို့မျှ မဘတ်နိုင်ဟူသောစိတ်ဖြင့်ဖိနှိပ်ခြင်းခံနေရသည့် များစွာသော သဒ္ဒါကွန့်မြူး,ကျေးဇူးသိတတ်သူတို့ အဖို့သော်ကား၊ ယင်းသိမြင်မှုသည် အမြတ်ဆုံးသော နှစ်သိမ့်မှုကြီးဖြစ်၍ နေပေလိမ့်မည်။အဘယ်ကြောင့်ဆိုသော် ချစ်ခင်ကြင်နာသောစိတ်နှင့် ထက်သန်မွန်မြတ်သောဆန္ဒတို့ကို၊ အကြွယ်ဝဆုံးသော သူကဲ့သို့ပင်၊ အဆင်းရဲဆုံးသောသူကလည်း၊ လွယ်ကူထိရောက်စွာ ဖန်ဘီးနိုင်သည့်သာ

ဖြစ်၏။ လူတိုင်းလောက်ပင်လည်း၊ ကြိုးပမ်း အားထုတ်လျှင် မိမိ၏ အချစ်ဆုံးသော ညီအစ်ကို,မောင်နှမ,မိတ်ဆွေ,ကလေး ငယ် စသည်တို့၏ထံပါး၌၊ မည်သည့်ကမ္ဘာ အစိတ်အပိုင်း၌ပင် သူတို့ရှိစေကာ၊ စင်စစ်နတ်ကောင်း နတ်မြတ်တပါးသာလျှင် ဖြစ်သောအရာကို ပို့လွှတ်ထားနိုင်လေသည်။

အခါပေါင်း များစွာပင်၊ မိခင်၏ မေတ္တာစိတ်များ, ဆုတောင်း ပဋ္ဌနာများသည်၊ ကလေးအား ကာကွယ်စောင့် ရှောက်သော နတ်ကောင်း နတ်မြတ်များ ဖြစ်သွားပြီးလျှင်၊ ကောင်းမြတ်သော အာနိသံများကိုတုံ့ပြန်ရန် ကလေး၌ စိတ် ဓာတ်အခံလုံးဝမရှိဟူသော မဖြစ်နိုင်လောက်သည့် သာဓက ၌မှတပါး၊ ကလေးအား ကူညီထောက်ပံ့ ကာကွယ်စောင့် ရှောက်ပေးလေသည်။ ထိုကဲ့သို့သော အစောင့်အရှောက်များ ကို ဒိဗ္ဗစက္ခုဖြင့် ရှုမြင်နိုင်လေသည်။ ထိုအစောင့် အရှောက် များအနက်မှ အခိုက်အတန့်အားဖြင့် မံသစက္ခုဖြင့် မြင်နိုင် လောက်အောင် ပေါ်ထင်လာရန် ခွန်အား ထက်သန်လာ သော သာဓကများပင်လည်း ရှိခဲ့လေသည်။

ဤ၌ဖေါ်ပြသင့်သော ထူးဆန်းသည့် အချက်တရပ်မှာ၊ မိခင်သည် ဒေဝလောကသို့ ကူးပြောင်း ဝင်ရောက်သွားပြီး သည်၏နောက်၌ပင်လျှင်၊ မိမိအား ဝန်းရံနေသည်ဟု ထင် သော သားသမီးများ အပေါ်သို့ သွန်းလောင်း လိုက်သော မေတ္တာသည်၊ ထိုသားသမီးများ လူ့ဘုံ၌ပင် နေထိုင်လျက် ရှိသေး သော်လည်း ယင်းတို့ အပေါ်သို့ ထိရောက်လျက်ရှိ ပြီးလျှင်၊ ထိုသားသမီးများ အလှည့်ကျသဖြင့် ကွယ်လွန် သွားကြသည် တိုင်၊ လူ့ဘုံ၌ မိခင်ရှိစဉ်က ဖန်ဆင်းခဲ့

သော အစောင့် ခေတ်ဘူတအား မကြာမကြာ ထောက်ပံ့ လျက်ပင် နေပေဦးမည်။ မဒင်ဗလာဝတ်စကီ မိန့်မြွက်ထား သည်အတိုင်း "မိခင်၏ မေတ္တာကို သွေးသား ကိုယ်နှင့်ပင်ရှိ သေးသော သားသမီးများသည် အစဉ်ခံယူလျက်ရှိနေပေလိမ့် မည်။ ထိုမေတ္တာသည် သူတို့၏ အိပ်မက်များနှင့် မကြာမကြာ သူတို့၏ အမျိုးမျိုးသော အဖြစ်အပျက်များ၌ သော်၎င်း၊ နတ် များစောင့်ရှောက်နေပိသို့ ဘေးအန္တရာယ်များမှ သူတို့ကာ ကွယ်ခံရခြင်းနှင့် လွတ်မြောက် သွားခြင်းတို့၌သော်၎င်း၊ ပေါ် ထင်လာပေလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် မေတ္တာသည် လွန်စွာခိုင်ခံ့သော ချပ်ကာပင်ဖြစ်၍ ကာလဒေသတို့၏ ပိုင်း ခြားချုတ်ချယ်ထားခြင်းကို မခံရချေ။" (သမ္ဗုဒ္ဓညာဉ်ဏဓမ္မ အဖွင့်ကျမ်း Key to Theosophy, စာမျက်နှာ ၁၁၆)။ အစောင့်အရှောက် နတ်များ၏ ဝင်ရောက်ကူညီမှုအကြောင်း အရာ၊ ပုံဝတ္ထုအားလုံးတို့ကို ဖန်ဆင်းခေတ်ဘူတတို့၏ ဆောင် ရွက်ချက်များသာဟု မစွဲမှတ်ရာ။ အဘယ်ကြောင့် ဆိုသော် များစွာသော သာဓကတို့တွင် ထို"နတ်"များမှာ အသက်ရှင် လျက်ရှိသော, ဝါ,မကြာမီကမှ ကွယ်လွန်သွားသော လူသား များပင်ဖြစ်ပြီးလျှင်၊ ဖြစ်ခဲသော်လည်း တခါတရံ ဒေဝါများ လည်း ဖြစ်တတ် လေသည်။ (မမြင်ရသော ကူညီသူများ Invisible Helpers ခေါ်ကျမ်း၊ စာမျက်နှာ ၃၁ ကြည့်ပါ)။

ထက်သန်သော, အထူးသဖြင့် ထပ်ကာ ဖြစ်ပေါ်သော, ဆန္ဒ၏ခေတ်ဘူတကို ဖန်ဆင်းပြီးနောက်၊ယင်း၏ ရည်မှန်းချက် ဆီသို့ခေတ်ဘူတကို အားတိုက်အင်တိုက် ဆိုက်ရောက်သွားစေ နိုင်သော သတ္တိတန်ခိုးသည်၊ သဒ္ဓါပင် ထက်သန်သော်လည်း

စဉ်းစားဉာဏ် မရှိလှသော သူတို့ကဆုတောင်းသဖြင့် ရသည် ဆိုသော အခြင်းအရာတို့၏ လောကဓာတ်နည်း ဖြေရှင်းချက် ပင်ဖြစ်လေသည်။ ဆုတောင်းသူ၏ ကံအရ၊ အသေက္ခရဟန္တာ အသျှင်မြတ် တပါးပါးကသော်၎င်း၊ ထိုအသျှင်မြတ်၏တပည့် သာဝက တဦးဦးကသော်၎င်း၊ တိုက်ရိုက် အကူအညီပေးရန် အခွင့်ရသောအခါများလည်း ရှိလေသည်။ သို့ရာတွင် ထိုကဲ့သို့ သော အခါအခွင့်များမှာ မျက်မှောက် ကာလတွင် နည်းပါး လျက်ရှိလေသည်။ ထို့ထက်နည်းပါးသော ဒေဝ, သို့မဟုတ်, ခင်မင်သော သဘာဝဘူတတဦးဦးက ဝင်ရောက် ဆောင်ရွက် နိုင်သည့်အခါများလည်း ရှိသေးသည်။ သို့ရာတွင် ဤသာဓက အပေါင်းတို့တွင် လိုအပ်သောအကူအညီကိုပေးရန် အလွယ် ဆုံးနှင့် အခန့်အသင့်ဆုံး နည်းလမ်းသည်ကား၊ အကူအညီလို သည့်သူ၏ ဆန္ဒအားဖြင့် ဖန်တီးပြီးဖြစ်သော ဓာတ်ဘူတအား အင်အား ဖြည့်တင်း၍ ဆင်ခြင်ဉာဏ်ဖြင့် ညွှန်ကြားပေးလိုက် ခြင်းပင် ဖြစ်ပေလိမ့်မည်။

အကြောင်း ညီညွတ်သဖြင့် ဤဓာတ်ဘူတတို့၏ အလွန့် အလွန် တည်တံ့ခိုင်မြဲနေသည့် ထူးဆန်း၍ မှတ်သားဖွယ် ကောင်းလော သာဓကတခုသည် မကြာမီက ကျွန်ုပ်တို့ စူးစမ်း သူတဦး၏ မျက်မှောက်သို့ ရောက်ရှိလာသည်။ များစွာသော ကျွန်ုပ်တို့၏ ရှေးပဝေဏီမှ ဆင်းသက်လာသော မိသားစုများ သည် အစဉ်အလာအားဖြင့် ဖြစ်ခဲ့သော မရဏာနိမိတ်-အိမ် ၏ အကြီးအကဲ ကွယ်လွန်တော့မည်ဆိုလျှင်၊ မကွယ်လွန်မီရက် အနည်းငယ်က ကြိုတင်၍၊ နိမိတ်ပြသော အဖြစ်အပျက်တမျိုး မျိုးနှင့် ဆက်သွယ်လျက်ရှိသည်ကို၊ ဤအကြောင်းအရာ စာပေ-

များကိုဖတ်သူအားလုံးတို့ အသိဖြစ်လေသည်။ ဤအကြောင်း အရာနှင့် စပ်လျဉ်း၍၊ ထူးခြားမှတ်သားဖွယ် ကောင်းသော သာဓကတရပ်မှာ အောက်ဇင်ဟမ် မိသားစုတို့၏ လူသိများ သော ငှက်ဖြူပုံပြင်ပင် ဖြစ်လေသည်။ အယ်လိဇဗက် ဘုရင်မ လက်ထက်မှစ၍၊ ထိုငှက်ဖြူပေါ်လာလျှင်၊ ယင်း မိသားစုတွင် တဦးဦးပျက်စီးရမည့် သေချာသောအကြောင်း နိမိတ်ဟူ၍ ယူ ဆလာခဲ့ကြလေသည်။အခြား သာဓကတရပ်မှာ၊ ထိုကဲ့သို့ပင် ပျက်စီးခြင်းနှင့် ကြုံတွေ့ရမည်ဆိုလျှင်၊ မြောက်ပိုင်း၌ရှိသော ရဲ တိုက်တခုတွင် ဖုတ်ရထားတစီးသည် ရဲတိုက်၏ တံခါးဝ တိုင် အောင် မောင်းနှင်းလာသည်ဟုဆိုသည်။

ဤကဲ့သို့သောအခြင်းအရာတခုသည် ကျွန်ုပ်တို့၏ အသင်း သားတဦး၏ မိသားစုနှင့် ဆက်သွယ်ဖြစ်ပျက်လျက်ရှိသည်။ သို့ ရာတွင် ထိုအခြင်းအရာမှာ အထက်ပါ သာဓက တို့လောက် ထူးခြားခြင်းမရှိပဲ တွေ့ကြုံရလေ့ရှိသော အခြင်းအရာ တခုမျှ သာဖြစ်လေသည်။ ထိုအခြင်းအရာမှာ တစုံတယောက်မပျက် စီးမီသုံးရက်ကကြိုတင်၍ ငိုခြင်းသံကဲ့သို့ ခံ့ညား မှတ်စွဲလောက် သည့် ပန်တျာသံကို လေထဲ၌ လွင့်ပါလာသကဲ့သို့ ကြားရ ခြင်းပင်ဖြစ်လေသည်။ ကျွန်ုပ်တို့၏ အသင်းသားသည် ထိုလျှို ဝှက်ထူးဆန်းသော အသံကို နှစ်ကြိမ်ကြားရပြီးနောက်၊ နှစ် ကြိမ်စလုံး၌ပင် ယင်းနိမိတ်များ၏ လုံးဝ မှန်ကန်ကြောင်းကို တွေ့ရပြီးသော်, မိသားစုသမိုင်းစဉ်အရ၊ လွန်ခဲ့သော နှစ်ရာ ပေါင်းများစွာ အတွင်း၌ ထိုကဲ့သို့ပင် ဖြစ်ပျက်ခဲ့သည်ကို သိ သည်အလျောက်၊ ထိုမျှ ထူးဆန်းလှသော အခြင်းအရာ၏

နောက်ခံအကြောင်းရင်းကို ဂုဏ္ဍာဝိဇ္ဇာနည်းဖြင့် မိမိကိုယ်တိုင် စုံစမ်းလေတော့သည်။

စုံစမ်း၍ရချက်မှာ မမြော်လင့်သော အရာဖြစ်သော်လည်း စိတ်ဝင်စားဖွယ်ကောင်းလေသည်။ တဆဲ့နှစ်ရာစုလောက်ဆီတွင် ထိုမိသားစု၏ အကြီးအကဲဖြစ်သူသည်၊ အခြားများစွာသောရဲစွမ်းသတ္တိရှိသူတို့ကဲ့သို့,ခရစ်တော်ပေါ်ထွန်းခဲ့သော အရပ်ကိုဘာသာခြားတို့၏လက်တွင်းမှ ပြန်တိုက်ယူရန်စစ်ပွဲ၌၊ပါဝင်ဆင်နွှဲရန် ထွက်ခွာသွားလေသည်။ ထိုမြင့်မြတ်သည်ဟုယူဆသောအရေး၌ ထူးခြားစွာ အောင်မြင်မှုကိုရစေရန်၊သူနှင့်အတူ သူ၏အချစ်ဆုံးနှင့် အငယ်ဆုံးသောသားကို သူခေါ်ဆောင်သွားလေသည်။ ထိုသားမှာ ကြီးပွားမည့်သူငယ် တယောက်ဖြစ်၍၊ သူ၏ဘဝတာ အောင်မြင်မှုအတွက်ကိုလည်း သူ့ဖခင်က လွန်စွာ အသည်းစွဲလိုလားလျက်ရှိလေသည်။ အကြောင်းမလှသဖြင့်ထိုသူငယ်မှာစစ်ပွဲ၌ ကျဆုံးသွားလေသည်။ ထိုအခါ ဖခင် မှာ ယူကြုံးမရ ဖြစ်ပြီးလျှင်၊ သားကိုဆုံးရှုံးရသည့်အတွက်ထက်ပင်၊ သား၏ သတိလစ်ဟင်း အပြစ်ကင်းစင်ခြင်းမရှိသော သူငယ်ဘဝသို့ လုံးဝရောက်ဆဲမှ ရုတ်တရက်ပြတ်စဲ ကွယ်လွန်သွားရသည်အတွက် ပို၍ တသလျက်ရှိလေသည်။

ထို သူအို၏စိတ်များမှာ လွန်စွာထိခိုက်သွားချေရကား၊ မိမိ၏ စစ်ဗိုလ်ချုပ်ဝတ်များကို ချွတ်ပယ်ပြီးလျှင်၊ (၁)သူ့သား၏ ဝိဉာဏ်အဖို့နှင့်(၂)နောက်နောင်တွင် ပြင်ဆင်ပြီးမရှိပဲသေခြင်းနှင့် ရင်ဆိုင်ရခြင်းတည်းဟူသော သူ၏ ဖြူစင် ကြည်ညိုခြင်းထက်သန်သော စိတ်တွင် လွန်စွာကြောက်မက်ဖွယ် ကောင်း

သည်ဟု ယူဆသောဘောနှင့် သူ၏အဆက်အနွယ်များ မကြုံတွေ့ရလေအောင် ဆုတောင်းဖို့ရန်သာ သူ၏ကျန်သေးသော အသက်တာကို အသုံးချတော့မည်ဟု သံမိဋ္ဌာန်ပြုကာ၊ ဂိုဏ်းကြီးတဂိုဏ်းနှင့်ဆိုင်သောရဟန်းဘောင်သို့ သူဝင်ရောက်သွားချေ၏။ ထိုမျှ ထက်ထက်သန်သန် သူတောင့်တသော အကျိုးတရားသည် တနည်းနည်းဖြင့်ဖြစ်ပေါ်လာရမည်ဟုစွဲမြဲယုံကြည်လျက်၊ နှစ်ပေါင်းများစွာ,နေ့စဉ်နေ့တိုင်း,ထိုတခုတည်းသော ပြင်းထန်သည့် ဆန္ဒရေယဉ်အတွင်းသို့ မိမိဝိဉာဏ်၏ခွန်အား ရှိသမျှကို သူသွန်းလောင်း ချချေသတည်း။

ထိုမျှတိကျပြတ်သား၊ဆက်ကာဆက်ကာတာရှည်လေးမြင့် စီးဆင်းလျက်ရှိသော စိတ်ရေအယဉ်၏ အကျိုးတရားမှာ မည်သို့ဖြစ်လိမ့်မည်ကို၊ဂုတ္တဝိဇ္ဇာ၌လေ့လာနေသူအဖို့ဆုန်းဖြတ်ရန်၊ မည်သို့မျှ ခဲယဉ်းခြင်း ရှိလိမ့်မည်မဟုတ်။ ကျွန်ုပ်တို့၏စစ်ဗိုလ်ရဟန်းသည် ယင်း၏ခြားသန့်သော ရည်ရွယ်ချက်အဖို့ အတိုင်းထက်အလွန် တန်ခိုးသတ္တိ, အကြံဉာဏ်နှင့် ပြည့်စုံသောဓာတ်ဘူတကို ဖန်ဆင်းကာ၊ မိမိ၏ဆန္ဒကိုအချိန် အကန့်အသတ်မ ိ ဆောင်ရွက်သွားနိုင်စေလောက်သောခွန်အားအဆောက်အဦကိုယင်းဓာတ်ဘူတ၏အတွင်း၌စုဆောင်းပေးလိုက်ချေ၏။ဓာတ်ဘူတဆိုသည်မှာ လုံးဝဖိတ်ယိုခြင်းမရှိ၊ပြီးပြည့်စုံသည့်ဗက်တရီဓာတ်အိုး ကဲ့သို့ ဖြစ်၏။ ယင်း ဓာတ်ဘူတ၏ မူလခွန်အားမှာ မည်မျှရှိ၍၊ မည်မျှကြာမှ တကြိမ်လောက်သာလျှင် ထိုခွန်အား အားထုတ်ရန်လိုအပ်မည်ကို ငဉ်းငင်းကြည့်ႏ သာအခါ၊ ယခုတိုင်အောင်ခွန်အားချို့ယွင်းခြင်းမရှိကြောင်း ပြလျက်နေသည်မှာ အံ့ဩဖွယ်မရှိချေ။ ယင်းဓာတ်ဘူတသည် စစ်ဗိုလ်

ဟောင်ကြီး၏ တိုက်ရိုက် အဆက်အနွယ်တို့အား၊ ထူးဆန်း၍ လွမ်းဆွတ်ဖွယ်ကောင်းသောတျာသံကို၊သူတို့၏နား၌ထပ်ကာ ထပ်ကာ ဖြစ်ပေါ်စေခြင်းဖြင့်၊ သူတို့အဖို့နီးကပ်လျက်ရှိသော ကြမ္မာ၏ အရိပ်နိမိတ်ကိုပြလျက်ပင် ရှိပေသေးသည်။ ထူးဆန်း ၍လွမ်းဆွတ်ဖွယ်ကောင်းသော တျာသံသည်ကား နှစ်ပေါင်း ရှစ်ရာလောက်က ပယ်လက် (စ်) တိုင်းနယ်တွင် ကျဆုံးသွား သော ရဲရင့်ခြင်းနှင့်ပြည့်စုံသည့် စစ်သားငယ်၏ မသာငိုချင်းသံ ပင်ဖြစ်လေသည်။

## (၂) သတိမူလျက် ဖန်တီးသော ဓာတ်ဘူတများ။

အထက်၌ ဖေါ်ပြခဲ့သော အကျိုးတရားများအား၊ မည် သည့်အရာကို မိမိတို့လုပ်နေသည်ကို လုံးဝမသိသော သူတို့၏ စိတ်ခွန်အားဖြင့် ဖြစ်ပေါ်စေနိုင်လျှင်၊ ထိုအကြောင်းအရာကို သိ၍မည်သည့်အကျိုးတရားအား မိမိဖြစ်ပေါ်စေလျက်ရှိသည် ကိုသိမြင်နိုင်သောမှော်ဆရာသည်,၍သို့ဆောင်ရွက်ခြင်းဖြင့်အ ဘယ်မျှကြီးမားသောတန်ခိုးသတ္တိကို သုံးစွဲနိုင်မည်ကို အလွယ် ပင် စိတ်ကူးကြည့်နိုင်ရာသည်။ အမှန်စင်စစ်သော်ဝဲဂိုဏ်းယာ ဂိုဏ်းနှစ် ဂိုဏ်းစလုံးနှင့်ပင် ဆိုင်သော ဂုတ္တဝိဇ္ဇာဆရာတို့သည်၊ မိမိတို့၏ လုပ်ငန်း၌ ဖန်တီးဓာတ်ဘူတများကို မကြာမကြာအ သုံးပြုလျက်ရှိသည်။ စံနစ်တကျ စီမံ၍တတ်သိကျွမ်းကျင်စွာ စေ လွှတ်လိုက်သောဓာတ်ဘူတတို့ မစွမ်းဆောင်နိုင်သောလုပ်ငန်း တာဝန် ဟူ၍လည်း မရှိသလောက်ပင်။ အဘယ်ကြောင့်ဆို သော်၊ ထိုစီရင်တတ်သူသည် မိမိ၏ ဓာတ်ဘူတနှင့် အဆက်အ သွယ်ထားရှိပြီးလျှင်၊မည်သည့်အကွာအဝေး၌ပင်ယင်းဆောင် ရွက်နေစေကာ၊ ယင်းအားညွှန်ပြနိုင်သဖြင့်၊ ဓာတ်ဘူတသည်

မိမိအသျှင်၏ အသိဉာဏ်ဖြင့် လုံးဝပြည့်စုံနေပါသို့ လုပ်ကိုင်ဆောင်ရွက်၍နေပေလိမ့်မည်။

ထင်ရှား၍ စွမ်းရည်နှင့် ပြည့်စုံသော အစောင့်နတ်များကို ဤနည်းဖြင့် တခါတရံ ပေးပို့ခဲ့လေသည်။ သို့ရာတွင်လူတဦးတယောက်၏ ဘဝတွင် ဤမျှတိကျပြတ်သားစွာဝင်ရောက်စွက်ဖက်မှုကိုကံတရားကအခွင့်ပြုမည်မှာ ရှားကောင်းရှားပေလိမ့်မည်။ မည်သို့ပင်ဖြစ်စေကာ၊ အသေက္ခရဟန္တာ အသျှင်မြတ်တို့၏ တပြည့်တဦးသည်၊ ထိုအသျှင်တို့အဖို့ လုပ်ကိုင်ဆောင်ရွက်ရာ၌၊ အကူအညီမရသော မိမိ၏ခွန်အား တခုတည်းဖြင့် တွန်းလှန်ခြင်းငှါ တတ်နိုင်မည် မဟုတ်သော အင်အားစုတို့၏ တိုက်ခိုက်ခြင်းကို ခံရမည့်ဘေးနှင့် ရင်ဆိုင်ရမည် ကဲ့သို့သော သာဓကတွင်၊ဤဖေါ်ပြခဲ့သောအစောင့်အရှောက်များကိုပေးခဲ့လေသည်။ ထိုအခါများတွင် ယင်းအစောင့်အရှောက် များသည်မိမိတို့၌ မအိပ်မနေ စောင့်ရှောက်မှုနှင့် ကြီးမားသော တန်ခိုးသတ္တိများရှိကြောင်း လုံးဝဖေါ်ပြခဲ့ကြလေသည်။

အောက်လမ်းမှော်အတတ်၏ အထက်တန်းကျသောနည်းဖြင့်လည်း အတော်တန်ခိုးကြီးသော ဓာတ်ဘူတတို့ကို ဖြစ်ပေါ်စေနိုင်ပေမည်။ ထိုကဲ့သို့သောဓာတ်ဘူတတို့ဖြင့် ဆိုးယုတ်သော အမှုများကိုအမျိုးမျိုးပြုလု ် စခဲ့လေပြီ။သို့ရာတွင်ယခင်ကဖေါ်ပြကဲ့သော ဓာတ်ဘူတ အမျိုးအစား ကဲ့သို့ပင်, ယင်းတို့သည်လည်း၊သူ၏အကျင့်စာရိတ္တဖြူစင်မှုကြောင့်မိမိတို့၏ အာနိသံဖြင့် ထိခိုက်ခြင်းငှါ မတတ်နိုင်သောသူသို့၊ မိမိတို့ကိုချိန်ရွယ်၍လွှတ်လိုက်လျှင်၊ မိမိတို့ကို ဖန်ဆင်းသူ အပေါ်သို့ပင်၊ ကြောက်မက်ဖွယ်ခွန်အားဖြင့် တုံ့ပြန်ရိုက်ခတ်သည်မှာ အမှန်ပင် ဖြစ်ချေ

သည်။ ထို့ကြောင့်မှော်ဆရာသည် မိမိကဖန်တီး ဖြစ်ပေါ်စေခဲ့သောဘီလူးတို့ဖြင့်ပင် အစိတ်စိတ် အမြွာမြွာ စုတ်ပြတ်ပျက်စီးသွားသည်ဆိုသော ဥရောပတိုက်ခေတ်လတ်ပုံပြင်တို့မှာ ဒဏ္ဍာရီမျှသာမဟုတ်ပဲ၊ တကဲ့အဖြစ်မှန်ပေါ်၌ အသေအချာတည်ကောင်းတည်၍နေပေမည်။ကွယ်လွန်သွားသူကျွန်ုပ်တို့၏ ဥက္ကဋ္ဌ (ကာနယ်အော်လ်ကော့တ်) ရှိစဉ် မကြာမီလောက်က၊ ဤနိယျာမဓမ္မဖြစ်စဉ်ကိုဖေါ်ပြသည့်သာဓကတရပ်စင်စစ်ဖြစ်ပေါ်ခဲ့လေသည်။

ထိုကဲ့သို့သော သတ္တဝါ များသည်၊ တခါတရံ အကြောင်း အမျိုးမျိုးကြောင့်၊ ယင်းတို့အား အသုံးချရန် အားထုတ်နေသူ တို့၏ လက်တွင်းမှ လွတ်ထွက်သွားပြီးလျှင်၊ အထက်ခေါင်းစဉ်အောက်၌ ဖေါ်ပြခဲ့သောအလားတူ အခြေအနေတွင်အချို့သော ခေတ်ဘူတကဲ့တို့သို့၊ ဦးတည့်ရာ လှည့်လည်ကျက်စားနေသောနတ်ဆိုးများဖြစ်လာချေ၏။ သို့ရာတွင် ယခု ကျွန်ုပ်တို့စဉ်းစားနေသော နတ်ဆိုးများမှာ, အသိဉာဏ်နှင့် အစွမ်းသတ္တိ များစွာပိုမိုရှိ၍၊ များစွာပိုမိုရှည်လျားသော အသက်တမ်းလည်း ရှိချေရကား၊ ဤသည်တို့နှင့်အမျှပင် ပိုမို၍လည်းအန္တရာယ်ပြုနိုင်စွမ်းရှိ၏။ သူတို့သည်သွေးစုတ်သရဲတို့ကဲ့သို့ လူသား တို့၏ ဇီဝခေတ်ကို စားမျိုခြင်းဖြင့် သော်၎င်း၊ သူတို့အားပူဇော်သကာပြုရန် လူတို့ကို လှုံ့ဆော်ပေးခြင်း ဖြင့်သော်၎င်း၊ အမြဲတစေ မိမိတို့၏ အသက်တမ်းတို့ကို တိုးတက်ရှည်စေရန် နည်းလမ်းများကို ရှာကြံလျက် ရှိကြလေသည်။ ထိုမှတပါး၊ ရိုးသား၍တပိုင်းတစ ရိုင်းသေးသောလူမျိုးစုများတွင်၊ ဉာဏ်ဖြင့်ခြင့်ချိန်စီမံခြင်းဖြင့်၊ ရွာနတ်များ, သို့မဟုတ်,

မိသားစု(ရိုးရာ) နတ်များအနေဖြင့် ယင်းတို့ မကြာခဏအသိအမှတ်ပြုခြင်း ခံရလေသေးသည်။

သွေးသွက်သံယိုပါဝင်သော ပူဇော်သကာကို တောင်းဆိုသော နတ် မည်သည့် နတ်မဆို၊ ဤခေတ်ဘူတ အမျိုးအစားတွင်,အနိမ့်ဆုံးနှင့်စက်ဆုပ်ဖွယ်အကောင်းဆုံးအတန်းအစားတွင် ပါဝင်သည်ဟု၊ အမြဲတစေ မှတ်သားထားရာ၏။ အခြားထိုမျှ မနှစ်မြို့ဖွယ်မရှိသော နတ်များသည်ကား၊ ထမင်းနှင့် အခြားချက်ပြုတ်ထားသော အစာအမျိုးမျိုး တို့ဖြင့် ရံဖန်ရံခါ တင်းတိမ်ရောင့်ရဲကြလေသည်။ အိန္ဒိယနိုင်ငံ အချို့သောဒေသတို့တွင် ဤနှစ်မျိုးစလုံးသော နတ်တို့ကို တွေ့ရ၍၊ အာဖရိကတိုက်တွင်သော် ယင်းတို့ ပိုမိုများပြားပေလိမ့်မည်။

ပူဇော်သကာတို့မှရနိုင်သ၍သော အာရဟခေတ်ဖြင့်၎င်း, ထို့ထက်ကောင်းမွန်သော မိမိတို့အားကိုးကွယ်သည့်သူတို့ထံမှ ဆွဲငင်ထုတ်နှုတ်သည့် ဇီဝခေတ်ဖြင့်၎င်း, ယင်း ခေတ်ဘူတ နတ်ဆိုးများသည်၊ မိမိတို့၏ အသက်တမ်းကို၊နှစ်ပေါင်းများစွာ, ဝါ,အနှစ်ရာပေါင်းများစွာပင်၊ ဆက်လက်တည်ရှိစေပြီးလျှင်၊ မိမိတို့တပည့်များ၏ ယုံကြည်မှုနှင့် စိတ်ထက်သန်မှုများ တက်ကြွလာစေရန်၊ ရံဖန်ရံခါ အဖြစ်အပျက် ပြရုပ်အပျော့စားကလေးများကို ပြုလုပ်ပြသရန်နှင့်၊ ပသနေကျဖြစ်သော ပူဇော်သကာများ လစ်ဟင်းနေပါက၊ တနည်းနည်းဖြင့်နှိပ်စက်ပြရန် အင်အားကိုပင်, သူတို့ ထိန်းသိမ်းထားနိုင် ပေလိမ့်ဦးမည်။ သာဓက တခုမှာ၊ အိန္ဒိယနိုင်ငံရှိ ရွာငယ်တခုတွင်၊ ရွာသားတို့သည် မှန်မှန်ပသနေကျ ဖြစ်သော အစာတို့ဖြင့်၊ ဒေသဆိုင်ရာ နတ်အား မတင်မိလျှင်၊ လူက ရှို့သည်ဟု

မသက်ာစရာအကြောင်းမရှိပဲ, အလိုလိုဖြစ်ပေါ်လာသော မီးတို့သည်၊ ခဏခဏ, တခါတရံ သုံးလေးနေရာ၌ တပြိုင်နက်တည်း, ပေါ်ပေါက်လာ၍တဲအိမ်တို့ကိုလောင်ကျွမ်းလေတော့သည် ဟုဆို၏။ အနည်းနှင့်အများ ဤနှင့် အလားတူသော ပုံပြင်များကို၊ ရှေးဟောင်းတိုင်းနိုင်ငံ တို့တွင် အုံ့ဩဖွယ် အကောင်းဆုံးသော၌အိန္ဒိယနိုင်ငံလူသူအရောက်အပေါက်နည်းသော အကြိုအကြားဒေသတို့ အကြောင်းကို အတော်အတန်သိသော စာဖတ်သူသည်၊ မှတ်မိကောင်း မှတ်မိပေလိမ့် ဦးမည်။

အလွန့်အလွန် ဆိုးသွမ်း၍၊ အစွမ်းသတ္တိနှင့် ပြည့်စုံသော ဖန်ဘီးခေတ်ဘုတများကို ပြုလုပ်သည့်အတတ်မှာ၊ "မျက်နှာမည်း အသျှင်ကြီးများ''ဟုခေါ်တွင်လေ့ရှိသော၊အတ္တလန္တိတ်တိုက် မှော်ဆရာကြီးများ၏ အထူးကျွမ်းကျင်မှုတရပ် ဖြစ်လေသည်။ ထိုဖက်တွင် သူတို့၏တက်နိုင်မှု သာဓကတခုကို၊ ဂုယှဝိဇ္ဇာ (The Secret Doctrine)၊ အတွဲ ၃ စာမျက်နှာ ၄၂၅ တွင် ဖေါ်ပြထားသည်။

ထိုစာတွင် ကျွန်ုပ်တို့ဖတ်ရသည်မှာ၊ ယင်းတို့၏ သိခင်များကိုနှိုး၍၊ ကျရောက်တော့မည့် ပျက်စီးခြင်းဘေးကို သတိပေးခြင်း မပြုနိုင်စေရန်၊ အံ့ဩဖွယ်ကောင်း၍ စကားပြောတတ်သော တိရစ္ဆာန်များအား၊သွေးကိုပေး၍ ငြိမ်ဝပ်စေသည် ဟူသော အကြောင်းဖြစ်လေသည်။ သို့ရာတွင် ထိုဆန်းပြားသောသားရဲတိရစ္ဆာန်များအပြင်၊ အခြားအလွန်အကျူး ခွန်အားထက်သန်၍ အစွမ်းသတ္တိရှိသော ဘုတများကိုလည်း၊ ယင်းတို့ဖန်ဆင်းခဲ့ကြလေသေးသည်။ ယင်းတို့၏ သိခင်များကိုဖုံးအုပ်

သွားသော ရေလွှမ်းမိုး ပျက်စီးခြင်းကြီးမှာ နှစ်ခေါင်း တသောင်းတထောင် ကျော်ပင် ရှိပြီဖြစ်သော်လည်း၊ ထို ဘုတအချို့တို့သည် ယနေ့တိုင် တည်ရှိနေအောင် မိမိတို့ကိုယ်ကိုမိမိတို့ ဖန်တီးလာခဲ့ကြကြောင်း၊ ရိုးတိုးရိပ်တိတ် မြွက်ဆိုလျက်ရှိလေသည်။ မိမိကို ကိုးကွယ်သူတို့အား မိမိအနိုလူကိုဖျစ်ညှစ်သတ်ဖြတ်၍ ပသခြင်းဟူသော ကြောက်မက်ဖွယ် ပြုမူကို ကျူးလွန်စေလျက်၊ စက်ဆုပ်ဖွယ်ကောင်းလွန်းသဖြင့်ဖေါ်ပြခြင်းငှါ မတတ်သာသော အစီအရင်တို့ဖြင့် ယခုနေ့တိုင် ရှိခိုးကိုးကွယ်ခြင်းကို ခံယူနေသေးသော၊ အိန္ဒိယလူမျိုးတို့၏ နတ်သမီး၊ ကြောက်စရာ့ ကာဠီသည်၊ တိုက်ကြီးဘတိုက် နစ်မြုပ်သွားပြီးလျှင်၊ ခြောက်ဆဲ့ငါးသန်းမျှသော လူတို့၏အသက်များ ပျက်စီးခြင်းဟူသော ဆုံးရှုံးခြင်းဖြင့် ဖျက်ဆီး ဖယ်ရှားပစ်ရလောက်အောင် ဆိုးရွားသော ထုံးနည်း၏ အကြွင်းအကျန် ဖြစ်ကောင်း ဖြစ်ပေလိမ့်မည်။

## ၃၊ ဖန်တီးထားသောလူများ။

ယခု ကျွန်ုပ်တို့သည်၊ ဘုတ အမျိုးအစားတခုကို စဉ်းစားရန်ရှိသည်။ ယင်းတွင် ဘုတဒ်းရေ အနည်းငယ်မျှသာရှိသော်လည်း၊ မျက်မှောက်ခေတ် လှုပ်ရှားမှုကြီး တခုနှင့် ရင်းနှီးစွာဆက်စပ်နေသဖြင့် ယင်း၏အရေအတွက် အချိုးအစားနှင့် မလိုက်အောင်ပင် ထိုအမျိုးအစားမှာ အရေးကြီး၍ လာခလေသည်။ ထိုအမျိုးအစားသည် ကျွန်ုပ်တို့၏ ခွဲခြား ဖေါ်ပြချက်ကြီး ပဌမ, သို့မဟုတ်, ဒုတိယ ခေါင်းစဉ်အောက်တွင် ချောက်

ရှိသင့်သည်ကို သံသယဖြစ်ဖွယ်ရှိသည်။ သို့ရာတွင် ယင်းအမျိုးအစားမှာ လူနှင့်ပင်ဆိုင်သော်လည်း၊ လူတို့၏ သဘာဝ သံသရာ ကျင်လည်မှုနှင့် လွန်စွာကွာခြားပြီးလျှင်၊ ထိုကျင်လည်မှု၏ အပဋိဘာဂတည်သော ဇာတ္တဘာအလိုတခုကြောင့် လုံးဝ ဖြစ်ပေါ်၍ လာချေရကား၊ ယင်းအမျိုးအစားကို ဖန်တီး ဘူတများအတွင်းသို့ ထည့်သွင်းခြင်းသည် သဘာဝ အကျဆုံး ဖြစ်ပေမည်။

ယင်း အမျိုးအစားကို အလွယ်ဆုံး ဖေါ်ပြရန် ယင်း၏နောက်ကြောင်း ရာဇဝင် နှင့် စတင်ရပေမည်။ ဤသို့ ပြုရန် အတ္တလန္တိယန် လူမျိုးကြီးကို ကျွန်ုပ်တို့ ပြန်လည်ကြည့်ရှု သုံးသပ်ရချေမည်။ ထိုထူးခြားသော လူမျိုးကြီး၏ အသေက္ခရဟန္တာအသျှင်ကြီးများနှင့် ဂုတ္တဝိဇ္ဇာ ဂိုဏ်းများကို စဉ်းစားရာ၌၊ ထို လူမျိုးကြီး၏ ရာဇဝင် နောက်ပိုင်း နှင့် စပ်လျဉ်း၍ ကျွန်ုပ်တို့ များစွာ ကြားသိရသည့် အကျင့်အလေ့ ဆိုးများသို့၊ ကျွန်ုပ်တို့၏စိတ်များ ပြန်လည်ရောက်ရှိ သွားလေသည်။ သို့ရာတွင် ထိုကိုယ်ကျိုးရှာနှင့် အယုတ်တရားခေတ်အလျှင်၊ အာနုဘော်နှင့်ပြည့်စုံသော အတ္တလန္တိတ် ယဉ်ကျေးမှုကြီးသည်၊ မြင့်မြတ် ဆန်းကြယ်, အံ့ဩဖွယ်ရာအများကိုပင် ကြဉ်းဆောင်ခဲ့၍၊ ထိုယဉ်ကျေးမှု၏ခေါင်းဆောင်များသည် ယခုအခါလူတို့ဆိုက်ရောက်ခဲ့သ၍တွင် အမြင့်ဆုံးသော အထွတ်အထိပ်တို့၌ တည်လျက်ရှိသည်ကို ကျွန်ုပ်တို့မမေ့သင့်ပေ။

မဂ်သို့မသွတ်သွင်းမီ၊ ဂုတ္တဝိဇ္ဇာကိုကြို့တင်လေ့လာရန်အဖို့၊ သဒ္ဓမ္မဂိုဏ်းဝင်အသေက္ခရဟန္တာအသျှင်မြတ်တို့ တည်ထောင်ထားသော၊ ကျောင်း သင်ခန်းများ အနက်, တခုသော ဌာန

သည်။ "သုဝဏ္ဏဒွါရမြို့နန်းရှင်၊ ဒိဗ္ဗဘုရင်ကြီးများ" ဟုခေါ်တွင်သည့် ကြီးမြတ်သောအတ္တလန္တိယန်ဘုရင်တို့အားထိုအခါ ခွန်သဆက်သွင်းနေရသည့်၊ အမေရိကတိုက်၏ တစိတ်တဒေသ အရပ်၌တည်ရှိလေသည်။ ထိုဌာနသည်ထိုကာလမှစ၍ များပြားဆန်းကြယ်သောကံကြမ္မာများနှင့် တွေ့ကြုံလာခဲ့ရ၍၊ နောက်နှောင်း ယဉ်ကျေးမှု၏ မိတ်ဖက်မသင့်သော ခေတ်များ ဝင်ရောက် ထိပါးလာသဖြင့် တတိုင်းပြည်မှ တတိုင်းပြည်သို့ ရွှေ့ပြောင်းလာခဲ့ရသော်လည်း၊ ယနေ့တိုင်ပင် တည်လျက် ရှိပြီးလျှင်၊ ကမ္ဘာဟောင်းကလိုက်နာခဲ့သော အခမ်းအနား အစီအရင်များကို ပင် လိုက်နာဆောင်ရွက်ကာ၊ အနှစ် ထောင်ပေါင်း များစွာက၊ ယင်း ဌာနကို တည်ထောင်စဉ် အသုံးပြုခဲ့သော အတ္တလန္တိယန်ဘာသာကို၊ လျှို့ဝှက် ထူးမြတ်သော ဘာသာတရပ်အနေဖြင့် သင်ကြားကာရှိပေသေးသည်။

ထိုဌာနသည်, မူလအစကအတိုင်းပင်၊ ဖြူစင်၍ မြင့်မြတ်သော ရည်ရွယ်ချက်များ ရှိသည့်၊ ဂုတ္တဝိဇ္ဇာကို လေ့လာကျင့်သုံးသူတို့၏ ဌာန အနေဖြင့် တည်လျက်ရှိပြီးလျှင်, ထိုက်တန်သည်ဟု တွေ့ရသော လေ့လာသူများကိုပညာစခန်း၌ အတော်ပင် ခရီးရောက်အောင် ပို့ပေးနိုင်လျက်၊ ယင်းလေ့လာသူတို့၏ ထိုက်တန်မှုကို သေချာစေ့ငုစွာစစ်ဆေးပြီးနောက်၊ ပေးနိုင်ခွင့်ရှိသော ဒိဗ္ဗတန်ခိုးများကိုလည်း ပေးနိုင်လျက်ပင် ရှိချေသေးသည်။ ထိုဌာန၏သင်ကြားသူဆရာများမှာ အသေက္ခရဟန္တာ အဆင့်အတန်း၌ တည်လျက် မရှိသော်လည်း၊ ရာပေါင်းများစွာသောသူတို့သည်၊ ထိုဌာနမှတဆင့်မဂ်သို့လှမ်းတက်ရန်လေ့လာခဲ့ကြပြီးလျှင်၊ အနာဂတ်ဘဝတို့တွင် အသေက္ခရဟန္တာ

အခြေသို့ဆိုက်ရောက်ခဲ့ကြလေသည်။ ယင်းဌာနမှာဟိမဝန္တာ သံဃာဂိုဏ်းကြီး၏ တစိတ်တဒေသတိုက်ရိုက် မဖြစ်ငြားလည်း၊ ဟိမဝန္တာသံဃာဂိုဏ်းဝင်များအနက် အချို့တို့သည် မိမိတို့၏ အတိတ်ပဋိသန္ဓေများ၌ ထိုဌာနနှင့် ဆက်သွယ်ခြင်း ရှိခဲ့ကြ ချေရကား၊ ထိုဌာန၏ဆောင်ရွက်ချက်များတွင် သာမန်မိတ်ဆွေ အနေဖြင့်သာမကပဲ စိတ်ဝင်စားလျက် ရှိကြလေသည်။ စင်စစ်ပင် ထိုဌာန၏ မျက်မှောက် ခေါင်းဆောင်ကြီးသည်၊ အသေက္ခရဟန္တာ အသျှင်မြတ် တပါး၏ပုံတော်ကိုမြင်သည်၏ ခဏ၌၊ အလေးစားဆုံး အရိုအသေပြုသည့် အနေဖြင့်ထိုပုံတော်၏ရှေ့မှောက်၌၊ ပျပ်ဝပ်ခြင်းပြုသည်ကို ကျွန်ုပ် ကောင်းစွာ မှတ်မိပေသေးသည်။

ဤဌာန၏အကြီးအကဲများသည်၊မိမိတို့နှင့်မိမိတို့၏အသင်းကိုနောက်ကွယ်၌အမြဲကျပ်တည်းစွာထားရှိသော်လည်းမိမိတို့တတ်နိုင်သလောက် ကမ္ဘာပေါ်တွင်တရားမှန်၏တိုးတက်ရေးအတွက် မကြာခဏဆောင်ရွက်ခဲ့လေသည်။ နှစ်ပေါင်းတရာနီးပါးလောက်က၊ ဥရောပနှင့် အမေရိကတိုက်တို့တွင်၊ ဝိဉာဏ်ဝါဒကို ဖျစ်ညှစ် သတ်ဖြတ်ပစ်တော့မည်လောက် ထကြွလာသော ရုပ်ဝါဒအားစိတ်ပျက်သဖြင့်ယင်းရုပ်ဝါဒကို နည်းလမ်းသစ်များဖြင့် ခုခံ တိုက်ခိုက်ရန် ကြိုးစားမည်— စင်စစ်သော်၊ လောကဓာတ်ပညာက ငြင်းဆိုနေဟန်ရှိသည့်၊ ရုပ်ခန္ဓာမှအပ အသက်ဝိဉာဉ်တည်ရှိသည်ဟူသော သက်သေအထောက် အထား အပြည့်အစုံကို ရရှိစေရန် ဆင်ခြင်တုံတရား ရှိသူတိုင်းအားအခွင့်အရေးပေးမည်။-ဟုဆုံးဖြတ်ချက်ချလိုက်လေသည်။ ပြသခဲ့သည့်မျက်မြင်အဖြစ်အပျက်များမှာ မသစ်ဆန်းလှချေ။

ရာဇဝင်တလျှောက်လုံးတွင် ယင်းတို့ကိုတနည်းနည်းတဖုံဖုံဖြင့် ကျွန်ပ်တို့ကြားပြီးဖြစ်ပေမည်။ သို့ရာတွင် ယင်းတို့ကို သေချာစွာစီမံထားချက်–အမိန့်ပေးသည်နှင့်တပြိုင်နက် တင်ပြသကဲ့သို့သော အခြင်းအရာ–ဤသည်တို့မှာ ခေတ်သစ် လောက အထူးခြားသစ်ဆန်းသော အသွင်များဖြစ်ချေသည်။

ဤသို့ သူတို့ စ၍ပေးလိုက်သော လှုပ်ရှားမှုသည် လွန်စွာကျယ်ပြန့်သော ခေတ်သစ်ဝိဥာဏ်ဝါဒအဖြစ်သို့ တရွေ့ရွေ့ တဖြေးဖြေး ကြီးပွားသွားလေသည်။ ဤ စီမံကိန်းကြီးကို စတင်တီထွင်လိုက်သူတို့အား၊ နောင်ဖြစ်ပေါ်လာသည့် များစွာသော အကျိုးတရားတို့အတွက်၊ တိုက်ရိုက်ဘာဝန်ရှိသည်ဟုဆိုသော်၊ တရားရာ ကျလိမ့်မည်မဟုတ်သော်လည်း၊ သူတို့သည် မြောက်မြားစွာသော သူတို့အား၊ မည်သည့်အရာကိုမျှ မည်မည်ရရ မယုံကြည်သည်မှ၊ မည်သည့်နည်းဖြင့်မဆို အနာဂတ်ဘဝတမျိုးမျိုးရှိရမည်ဟု စွဲမြဲယုံကြည်မှုကိုဖြစ်စေခြင်းဖြင့်၊ အယူ၌ ပြောင်းလဲလာစေလောက်အောင်၊ မိမိတို့၏ ရည်ရွယ်ချက်၌ အောင်မြင်သည်ကိုသော်၊ ကျွန်ုပ်တို့ ဝန်ခံ ရချေမည်။ ဤသည်ကား လွန်စွာကြီးကျယ်သော အကျိုးတရားဖြစ်သည်မှာ ယုံမှားဖွယ်မရှိချေ။ သို့ရာတွင် ထိုအကျိုးတရားကိုအဆမတန် ဆိုးရွားပြီးမှ ရသည်ဟု ထင်သော သူများလည်း ရှိသေးသည်။

သူတို့အသုံးပြုသောနည်းမှာ၊ကွယ်လွန်သွားခဲ့သော သာမန်လူတယောက်ကိုရယူ၊ ဇောတိဘုံ၌ ကောင်းစွာ နိုးကြားစေပြီးလျှင်၊ ဇောတိဘုံနှင့် ပတ်သက်သော စွမ်းရည်များ၊ ဆောင်ရွက်နိုင်ဖွယ်များ အကြောင်းကို အတော်အတန် သင်

ကြားပေးပြီးနောက် ဝိဥာဏ်စမ်းသပ်မှုပိုင်းတခုကို တာဝန်ယူစေခြင်းဖြစ်သည်။ ထိုသူကတဖန် အခြားကွယ်လွန် ခဲ့ပြီးသူများကို ဤနည်းအတိုင်းပင် ပြုပြင်ဖန်တီးပေးပြန်သည်။ သူတို့အားလုံးကတဖန် ဝိဥာဏ်စမ်းသပ်မှုပိုင်းများ၌ ထိုင်နေသူတို့အား နတ်ဝင်သည်များ ဖြစ်လာအောင် ပြုပြင်ဖန်တီးပေးပြန်လေသည်။ ဤနည်းဖြင့် ဝိဥာဏ်ဝါဒသည် ကြီးပွားပြန့်နှံ့သွားလေသည်။ အချို့သော ဝိဥာဏ်စုံစမ်းမှုပိုင်းတို့တွင် မူလဌာနဝင် အသက်ရှင်လျက်ရှိသော အသင်းသားများ ကိုယ်တိုင်ဇောတိသဏ္ဍာန်များကို တခါတရံဆောင်ယူ ပြသကြသည်မှာယုံမှားဖွယ်မရှိချေ။ ယခုတိုင်ယင်းတို့ ဤကဲ့သို့ပင်ပြုကောင်းပြုနေပေဦးမည်။ သို့ရာတွင် များစွာသော သာဓကတို့တွင်ကား၊ ခန့်အပ်ထားသောသူတို့အား၊ လိုအပ်သလိုညွှန်ကြားပြသပေးခြင်းဖြင့် သူတို့ကျေနပ်ကြလေသည်။ ထိုလှုပ်ရှားမှုမှာ သူတို့မြော်မှန်းသည်ထက် များစွာပိုမို လျှင်မြန်စွာကြီးပွားသွားသည်ကို ယုံမှားဖွယ်မရှိချေ။ အကြီးပွားမြန်လွန်းသဖြင့်သူတို့၏ ထိန်းသိမ်းမှုမှ လွတ်ထွက်သွားချေရကား၊ အထက်၌ဆိုခဲ့သည်အတိုင်း၊ များစွာသော နောက်ပိုင်းအဖြစ်အပျက်များအတွက်၊ သွယ်ဝိုက်ခြင်းအားဖြင့်သာလျှင် သူတို့၌တာဝန်ရှိသည်ဟု၊ ယူဆနိုင်ပေမည်။

ဝိဥာဏ်စုံစမ်းမှုပိုင်းတို့ကို တာဝန်ယူရသူတို့၏ ဇောတိဘုံဘဝ၌ ပြင်းပြစွာလှုပ်ရှား ဆောင်ရွက်ရမှုသည် ယင်းတို့၏ဓမ္မတာအတိုင်း တိုးတက်မှုကို အနည်းငယ် နှောင့်နှေးစေလေသည်။ ဤနည်းဖြင့် နစ်နာဆုံးရှုံးမှုကို သစ္စဓမ္မသို့ အခြားသူတို့အား ကူညီဆောင်ပို့ရသဖြင့် သူတို့ရရှိမည့် ကုသိုလ်ကံကလုံးဝ

ချေဆပ် လိမ့်မည်ဟု ယူဆထားသော်လည်း၊ "စောင်မသူနတ်"တို့အား တာရှည်လေးမြင့်စွာ ထားရှိအသုံးပြုခြင်းသည်၊ ယင်းတို့အား ကြီးလေး ခိုင်မြဲသော အန္တရာယ်ကို ဖြစ်စေကြောင်း၊ မကြာမီတွေ့သိလာကြချေ၏။ ထို့ကြောင့်အချို့နေရာတို့တွင် ထိုကဲ့သို့သော "စောင်မသူများ"ကို ရုပ်သိမ်းပြီးလျှင်၊ အခြားသူများကို အစားထိုးထားရ၏။ အချို့နေရာတို့တွင်ကား အကြောင်းအမျိုးမျိုးတို့ကြောင့်၊ ဤကဲ့သို့ပြောင်းလဲရန်မလိုအပ်ဟု ယူဆပြီးသော်၊ ထူးခြားသော ဖန်တီးမှုကို ပြုလုပ်ထားချေ၏။ ထိုဖန်တီးမှုမှ "ဖန်တီးလူများ"ဟု ကျွန်ုပ်တို့ခေါ်ဆိုခဲ့သော ထူးဆန်းသည့် သတ္တဝါ အမျိုးအစားပေါ်ထွက်လာလေသည်။

မူလ"စောင်မသူ"၏အထက်ပိုင်း အာယတနများကို၊ယင်းတို့၏ ကြာမြင့်စွာနှောင့်နှေးလျက်ရှိသော ဘဝသံသရာတွင်၊ ထက်နတ်ပြည်သို့ ကူးပြောင်း ဝင်ရောက် သွားစေပြီးလျှင်၊ နောက်တွင် ချန်ထားခဲ့သော သူ၏ဆာယာကိုသော်၊ ယင်းအား နှစ်သက်သဘောကျလျက်ရှိသော ဝိဉာဏ်စုံစမ်းမှုပိုင်းတွင် ရှေးကအတိုင်း ပေါ်ထင်ခြင်းပြုနိုင်စေခြင်းငှာ၊ သိမ်းပိုက်, ထောက်မ, အားအင်ဖြည့်တင်း ထားလေသည်။ ဌာနဆိုင်ရာအသင်းသားဘို့ကိုယ်တိုင်၊ အစပဌမဘွင်၊ ဤသို့ဆောင်ရွက်ကြပုံပေါ်လေသည်။ သို့ရာတွင် ဤစီမံချက်ကို ဝန်လေးသည်ဟူ၍သော်ငြင်း၊ မသင့်လျော်ဟူ၍သော်ငြင်း၊ တွေ့ရပြီးသော်၊ သို့မဟုတ် အားအင်ယိုဖိတ်မှုရှိသည်ဟု ယူဆပြီးသော်၊ ဖန်တီးခတ်ဘူတကို ထို့အတွက် အသုံးပြုရာ၌လည်း၊ ထို့အတိုင်းကန့်ကွက်စရာရှိပြန်သဖြင့်၊ "စောင်မသူနတ်" ကို ဆက်ခံရန်

ခန့်ထားသော ကွယ်လွန်ခဲ့ပြီး သူသည် သာလျှင်၊ ဆက်ခံခြင်းကိုပြုမြဲပြုရမည်၊ သို့ရာတွင် ထိုသို့ဆက်ခံရာ၌ ယခင်“စောင်မသူနတ်”ချန်ထားခဲ့သော ဆာယာ, ဝါ, အခွံကိုသိမ်းပိုက်၍၊ သူ၏အသွင်ကိုသာလျှင် ဆောင်ရမည်ဟု နောက်ဆုံးတွင် ဆုန်းဖြတ်ချက်ချလေသည်။

ဌာနဆိုင်ရာ အသင်းသားအချို့က၊ ဤစီမံချက်တွင် ရည်ရွယ်ချက်ပင် ကောင်းသော်လည်း လှည့်စားမှုလည်း ပါဝင်သင့်သလောက် ပါဝင်လျက် ရှိသည်ဟူသော အကြောင်းပြချက်ဖြင့် ကန့်ကွက်ကြသော်လည်း၊ အများ၏ ထင်မြင်ချက်သည်ကား၊ ဆာယာမှာစင်စစ်အတူတူပင်ဖြစ်၍၊ ယင်း၌မူလအောက်မနော၏ တစိတ်တဒေသ မည်သို့မဆို တည်လျက်ရှိသဖြင့်၊ ဤကိစ္စတွင်လှည့်စားမှုဟူ၍ ခေါ်နိုင်စရာ ဘာမျှမရှိဟူ၍ဖြစ်၏။ ဤသည်ကား ဖန်တီးလူဘူတ ဖြစ်ပေါ်လာခြင်း၏အစပင်ဖြစ်လေသည်။အချို့သောနေရာတို့တွင် သံသယကိုမဖြစ်စေပဲ၊ ဤကဲ့သို့သော ပြောင်းလဲခြင်းများကို တကြိမ်မကပြုလုပ်ခဲ့ကြောင်းသိရ၏။အချို့နေရာတို့တွင်ကား၊ ဝိဉာဏ်ဝါဒစုံစမ်းသူအချို့တို့က၊ ကာလတောင်တာ အတော်ကြာမြင့် ကုန်ဆုံးသွားသောအခါ၊ “ဝိဉာဏ်”၏ အပြုအမူ စိတ်နေစိတ်ထားတို့၌ ပြောင်းလဲခြင်းများကို တွေ့မြင်ရသည်ဟူသော အချက်ကိုမြွက်ဆိုခဲ့ကြ၏။ မည်သည့်အသေက္ခရဟန္တာ သံဃာအဖွဲ့ဝင်မျှဤဖန်တီးဘူတမျိုးများ ဖြစ်ပေါ်အောင်၊ မည်သည့်အခါမျှမဆောင် ရွက်ခဲ့သည်ကို၊ ပြောပြရန် မလိုချေ။ သို့ရာတွင် ဤသို့ဆောင်ရွက်ရန် မှန်ကန် သင့်လျော်သည်ဟု ထင်သောသူတို့ကိုကား၊ သူတို့နှောင့်ရှက်ခြင်းမပြုနိုင်ချေ။ ဤစီမံဆောင်

ရွက်ချက်တွင် ချို့ယွင်းချက်သည်ကား၊ မူလဌာနအပြင်အခြား များစွာသော သူတို့သည်လည်း လိုအစီအစဉ်အတိုင်းဆောင် ရွက်နိုင်ပြီးလျှင်၊ အောက်လမ်း မှော်ဆရာများ ကိုလည်း "ဝိဉာဏ်များ"နှင့်အလိုက်သင့်စွာ ဆက်သွယ်ခြင်းမပြုနိုင်ရန် မည်သို့မျှ တားဆီးမှုမရှိချေ။ စင်စစ်ပင်လည်း ယင်းတို့ ဤသို့ ဆက်သွယ်ခြင်းပြုကြောင်း သိရလေသည်။

ဤအမျိုး အစားဖြင့်၊ ကျွန်ုပ်တို့၏ ဇောတိ ဘုံသားတို့ကို စုံစမ်းဆင်ခြင်မှုအား အဆုံးသတ်လိုက်ပါသည်။ နောက်ဆုံး စာမျက်နှာ အနည်းငယ်မျှတွင် အထူးထားရှိသော ခြွင်းချက် များမှတပါး တင်ပြခဲ့သည့်စာရင်းမှာ အတော်ပြည့်စုံပြီဟု ဆို ရာ၏။ သို့ရာတွင် တဖန်ထပ်၍ လေးနက်စွာ ဖော်ပြလိုသည်မှာ၊ ဤကဲ့သို့သောကျမ်းငယ်တွင် လွန်စွာကျယ်ဝန်းသော ဘာသာ ရပ်ကြီး၏၊ အကျဉ်း အချက်လောက်ကိုသာ၊ ရေးသားဖော်ပြ နိုင်မည်ဖြစ်ကြောင်း၊ သိစေအပ်၍၊ ထိုဘာသာရပ်ကြီး၏ အ သေးစိတ် အကြောင်းအရာတို့ကို အကျယ်ဖော်ပြရန်သော်၊ တသက်တာ၏ လေ့လာကြိုးပမ်းမှုများကို လိုအပ်မည်ဟူသော အချက်ပင်ဖြစ်ပါသည်။

---

## အခန်း (၄)
## ဖြစ်ပေါ်ခြင်းများ

ရှုချက်တခုမှကြည့်လျှင်၊ဤအခန်းသည်ကျွန်ုပ်တို့၏စာအုပ် တွင်နောက်ဆုံးခန်းမဟုတ်ပဲ၊ ပဌမအခန်းဖြစ်သင့်လေသည်။ အဘယ်ကြောင့်ဆိုသော် အခန်း၏အကြောင်းအရာကို စဉ်း စားဆင်ခြင်သည်မှ ကျန်အားလုံးသော အချက် အလက်တို့

ထွက်ပေါ်လာလေသည်။ ဤဘဝတွင် သဗ္ဗညုတဉာဏဓမ္မသို့ ကျွန်ုပ်အား သွတ်သွင်းပေးသူမှာ၊ ကျွန်ုပ်အား ထူးထူးခြားခြားချစ်ခင်ကြင်နာသူ၊ထိုအခါက သဗ္ဗညုတဉာဏအသင်းကြီး၏ ဒုတိယဥက္ကဋ္ဌ၊မစ္စတာ အော၊ပီ၊ ဆင်းနက်ဖြစ်လေသည်။ သူနှင့်ကျွန်ုပ် အတူနေစဉ် သဗ္ဗညုတဉာဏဓမ္မ အကြောင်းအရာများကို ဆွေးနွေးရန်သူ၏ဗိုင်ကတ်တိုက်အတွင်း၌၊တနင်္ဂနွေနေ့တိုင်း ကျွန်ုပ်တို့တွေ့ဆုံလေ့ရှိလေသည်။ ထိုသို့တွေ့ဆုံသည့်တကြိမ်တွင်၊ ထိုအချိန်တိုင်အောင် သဗ္ဗညုတဉာဏ ဓမ္မနှင့်စပ်လျဉ်း၍ ကျွန်ုပ်တို့အား သင်ကြား ပေးထားချက်များသည်၊ ကျွန်ုပ်တို့ နှစ်ယောက်စလုံး အထပ်ထပ် တွေ့မြင်ခဲ့ရသော ဝိဉာဏ်စုံစမ်းမှုဆိုင်ရာ များစွာသော ဖြစ်ပေါ်ခြင်းများကို လုံလောက်စွာသိမ်းသွင်းခဲ့သည်,သို့မဟုတ်,ဖြေရှင်းခဲ့သည်ဟု သူမထင်ကြောင်း၊အမှတ်မဲ့သူမြွက်ဆိုလိုက်သည်။ဤယူဆခြင်းဖြင့်အံ့အားသင့်သွားပြီးလျှင်၊ ယင်းတို့ကိုကျေနပ်စေလောက်အောင်သိမ်းသွင်းပြီးဖြစ်သည်ဟုအခွံ့အခိုင်ကျွန်ုပ်ယူဆပြီးလျှင်၊ ယင်းတို့၏သာဓကများကို ဆက်လက်ပေးခဲ့လေသည်။

မစ္စတာ ဆင်းနက်သည် ကျေနပ်နှစ်သက်သွားဟန် ရှိပြီးလျှင်၊ ကျွန်ုပ်၏ထင်မြင်ယူဆချက်များကို လန်ဒန်အသင်းတိုက်၌ ရှင်းလင်းဟောပြောရန် ကျွန်ုပ်အား တောင်းပန်လေသည်။ ဟောပြောရန်ကျွန်ုပ်သဘောတူလိုက်သည်။ သို့ရာတွင်ထိုဟောပြောချက်ကို ကျွန်ုပ်ပြင်ဆင်သောအခါ၊ ကျွန်ုပ်ဟောပြောသည်တို့ကို နားလည်စေရန်၊ ဇောတိဘုံတခုလုံးကို၊ ယင်း၏အခြေအနေများ ဘုံသားတို့၏စွမ်းအင်များ၊ ဆောင်ရွက်နိုင်ဖွယ်များနှင့်တကွအကျယ်ဖော်ပြခြင်းဖြင့်စတင်ရန်လိုအပ်သည်

ကိုတွေ့ရလေသည်။ ကျွန်ုပ်ရည်ရွယ်ခဲ့သည်ထက် ကြီးမားသော ခံဝန် ချက်ကြီးအား ကြဉ်းဆောင်ရမည်ကို ကျွန်ုပ်သဘော ပေါက်လာသည်။ သို့ရာတွင်ထိုကိစ္စမှာဆောင်ရွက်ရန်ထင်ရှား စွာလိုအပ်သောကိစ္စဖြစ်သဖြင့်၊ နောက်မဆုတ်ပဲအတတ်နိုင် ဆုံးရှေ့သို့သာတိုး၍ဆောင်ရွက် ခဲ့ပါသည်။နောက်ဆုံးပိတ်အ ကျိုးတရားမှာ အသင်းတိုက်၏ ဆောင်ရွက်မှုအမှတ် ၂၄ အ နေဖြင့် ထွက်ပေါ်လာသော ဤအသင်းတိုက်၌ ဟောပြော ချက်ပင်ဖြစ်ပါသည်။

ထိုစဉ်အခါ၌၊ သဗ္ဗညုတဉာဏာမ္မလက်စွဲ စာအုပ်များ ကို ပုံနှိပ်ထုတ်ဝေနေသူ ဒေါက်တာ အန္နီဗီဆင့်သည်၊ ဤစီ စဉ်ရေးသားချက်ကို၊ ယင်းလက်စွဲစာအုပ်များတွင် တအုပ်အ နေဖြင့်ထည့်သွင်းခဲ့သဖြင့် ကျေးဇူးတင်ရပါမည်။ ထို့ကြောင့် ယင်းစာအုပ်သည် လက်ရှိအသွင်ဖြင့် ထွက်ပေါ်လာပါသည်။

ဤလက်စွဲစာအုပ် အစီအစဉ်တွင်,အမျိုးမျိုးသောရုပ်နှင့်မ ဆိုင်သော(နာမ်ဝိဥာဏ်တို့နှင့်သာဆိုင်သော) ဖြစ်ပေါ်မှုများ ကိုဖေါ်ပြ၍၊ အတော်အတန်ရှင်းလင်းခဲ့ပြီး ဖြစ်သော်လည်း၊ ဤအကြောင်းအရာများကို လေ့လာသူတို့တွေ့ရဖန်အများဆုံး ဖြစ်သောဖြစ်ပေါ်မှုတို့၏ စာရင်းကို ပြုလုပ်၍ယင်းတို့အားမည် သည့်အကြောင်းရင်းခံတို့ကဖြစ်ပေါ်စေခဲ့ကြောင်း၊ ရှင်းလင်း ရန်ကြိုးစားခဲ့သည်တို့ကို ဖေါ်ပြခြင်းငှါ၊နိဂုံးမချုပ်မီ ပြန်လည် သုံးသပ်ဆင်ခြင်ရန် လိုပေလိမ့်မည်။ ကျွန်ုပ်တို့ သိကျွမ်းသော ဖြစ်ရပ်များကို အမျိုးမျိုးသော နည်းတို့ဖြင့် ဖြစ်ပေါ် စေနိုင် လောက်အောင်၊ဇောတိဘုံ၏ဖြည့်စွမ်းနိုင်မှုတို့မှာလွန်စွာများ

ပြားချေရကား၊ ဤကိစ္စတွင်အကျယ်နည်းလမ်းများလောက်ကို သာလျှင်ချပေးနိုင်မည် ဖြစ်လေသည်။

ယခုတွင်မြွက်ဆိုခဲ့သောအချက်၏ထင်ပေါ်သောသာဓကမှာ ကိုယ်ထင်ပြခြင်းများ,ဝါ,သရဲများဖြစ်လေသည်။ အဘယ်ကြောင့်ဆိုသော် ဤစကားများကို သာမန်မသေမချာသုံးစွဲရာ၌၊ မည်သည့်ဇောတိဘုံသားကိုမဆို ဤသို့ပင်ခေါ်ဆိုနိုင်ပေမည်။ ဇောတိအာရုံထက်သန်လျက်ရှိသော သူတို့သည်ထိုကဲ့သို့သောအရာများကိုအမြဲလိုပင်မြင်ရလျက်ရှိသည်။ သို့ရာတွင်သာမန်လူတဦးအဖို့ပြောဆိုလေ့ရှိသည့်အတိုင်း“သရဲကိုမြင်ရရန်” နှစ်ခုအနက်တခုခုဖြစ်ရပေမည်၊သရဲကသော်လည်းကိုယ်ထင်ပြရပေမည်(ရုပ်ကိုဆောင်ရပေမည်)။ သို့မဟုတ်ထိုသူကသော်လည်း ယာယီဇောတိအာရုံ ပွင့်လင်းလာမှုကို ရရပေမည်။သို့ရာတွင် ယင်းတို့အနက် မည်သည့် အခြင်းအရာမျှ သာမန်ဖြစ်ရပ်မဟုတ်မဖြစ်ခဲ့လျှင် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ လမ်းများဘွင် သရဲများအား အသက်ရှင်လျက်ရှိသော သူများကိုကဲ့သို့ပင် မကြာခဏတွေ့၍နေသင့်လေသည်။

## သုသာန်သရဲများ

သင်းချိုင်းပေါ်၌ ပြန့်ဝဲနေသော သရဲကိုမြင်လျှင် ယင်းမှာမြုပ်ပြီးစ သူသေ၏အာကာသဓာတ် အခွံဖြစ်တတ်လေသည်။ သို့ရာတွင်အိပ်ပျော်နေသော အသက်ရှင်လျက်ရှိသူ၏ ဇောတိခန္ဓာသည်၊ မိတ်ဆွေတဦး၏ သင်းချိုင်း၌ ကျက်စားခနခြင်းလည်းဖြစ်နိုင်သည်။ သို့တည်းမဟုတ်၊ ပေါ်ထင်နေသည့်စိတ်ရုပ—ဆိုလိုသည်မှာ၊ ထိုနေရာ၌ရောက်နေသည်ဟု စဉ်းစားသူ

တဦး၏ စိတ်အင်အားကဖန်ဆင်းထားသော ဖန်တီးခတ်ဘူတ-သော်ငင်း ဖြစ်နိုင်ပေသေးသည်။ ဇောတိစက္ကုအာရုံကို အသုံးပြုလေ့ရှိသူသည်၊ ဤအမျိုးအစားများ၏ တခုနှင့်တခုခြားနားပုံကို အလွယ်ပင် သိမြင်ပေလိမ့်မည်။ သို့ရာတွင် ထိုသို့အလေ့အထ မရှိသူကသော် ယင်းတို့အားလုံးကို 'သရဲ' ဟူ၍ မသေမချာပင် ခေါ်ဆိုလိုက်ပေလိမ့်အံ့။

## သေသူတို့၏ ကိုယ်ထင်ပြမှုများ

သေသည့်အချိန်၌ကိုယ်ထင် ပြမှုများမှာ ဖြစ်လေ့ဖြစ်ထရှိသည်သာဖြစ်၏။ ယင်းတို့မှာခန္ဓာကြွေသည်ဟု ကျွန်ုပ်တို့ခေါ်ဆိုသော အခိုက်မတိုင်မီကလေးတွင်၊ သေဆဲသူ၏ ဇောတိရုပ်ပုံလာရောက်လည်ပတ်ခြင်းများ ယေဘုယအားဖြင့် ဖြစ်တတ်လေသည်။ သို့ရာတွင်ဤသည်လည်း,တမန္တန်ဘဝသို့ မပြောင်းကြွမီ မိတ်ဆွေတဦးဦးအားထပ်မံတွေ့မြင်လိုသောပြင်းပြသည့်အာသာဆန္ဒကြောင့် ဖြစ်ပေါ်လာသော စိတ်ရုပ်များသာဖြစ်ကောင်းဖြစ်ပေလိမ့်ဦးမည်။ လည်ပတ်ရောက်ပေါက် လာခြင်းမှာမသေမီမဟုတ်ပဲ၊ သေပြီးနောက်မှ ဖြစ်သောသာဓကများလည်း ရှိပေသေးသည်။ ဤသို့ဖြစ်လျှင် လည်ပတ်ရောက်ပေါက်လာသူမှာ'သရဲ'ပင်ဖြစ်သည်။ သို့ရာတွင် အကြောင်းအမျိုးမျိုးတို့ကြောင့် ဤ ပေါ်ထင်မှုများမှာ အခြား ပေါ်ထင်မှုမျိုးလောက်ဖြစ်လေ့မရှိချေ။

## သရဲခြောက်သောနေရာများ

ရာဇဝတ်မှုကြီး ဖြစ်ပွားခဲ့သော နေရာတွင် ကိုယ်ထင်ပြမှုများမှာ၊ ရာဇဝတ်ကောင်မှ ထွက်ပေါ်လာသော စိတ်ရုပ်ပုံ

များဖြစ်တတ်သည်။ အဘယ်ကြောင့်ဆိုသော် သာမန်ရာဇဝတ်ကောင်များသည်၊ ရှင်လျက်ရှိသည်ဖြစ်စေ, သေသည်ဖြစ်စေ,သို့ရာတွင်,အထူးသဖြင့် သေသောအခါတွင်၊မိမိကျူးလွန်ခဲ့သောအမှု၏ အကြောင်း ခြင်းတများကို အမြဲတစေ အထပ်ထပ်အခါခါ ပြန်လည်စဉ်းစားလျက်နေလေသည်။ ယင်းစိတ်အာရုံများသည်၊ မူလရာဇဝတ်မှု၏ နှစ်ပတ်လည်သော အခါတွင် သဘာဝအတိုင်း အထူးပိုမိုထင်ရှားပြတ်သား၍လာလေ့ရှိချေရကား၊ထိုအခါတွင်ယင်းတို့သည် သာမန်စက္ခုဖြင့် မြင်ရန်ပေါ်ထင်လာလောက်အောင် ထက်သန်လာတတ်လေသည်။ ဤအချက်သည် ထိုအမျိုးအစား ပေါ်ထင်မှုအချို့တို့၏ ကာလအပိုင်းအခြားဖြင့်ပြန်လည်ဖြစ်တတ်ခြင်းကိုရှင်းလင်းဖေါ်ပြသည်။ ရာဇဝတ်မှုကိုအမြဲ ကျူးလွန်ခဲ့သူတို့သည် တခုတည်းသောရာဇဝတ်မှုကိုသာလျှင် အမှတ်ရနေခြင်းဖြင့် ထိခိုက်မနေလောက်အောင်၊ စိတ်၏တင်းမာမှုရှိချေသည်။ သို့ရာတွင် ထိုအခါအခြားအခြားအရာများ ဝင်၍လာတတ်လေသည်။

ဤကဲ့သို့သော ဖြစ်ပေါ်မှုများနှင့်စပ်လျဉ်း၍အခြားအချက်တရပ်မှာ၊ မည်သည့်နေရာ၌မဆို စိတ်ကို အကြီးအကျယ် ထိခိုက်ချောက်ချားစေမှုများဖြစ်ခဲ့လျှင်၊အပြင်းအထန်ကြောက်ရွံ့မှု,နာကျင်မှု,ဝမ်းနည်းပူဆွေးမှု, မုန်းတီးမှု,မည့်သည့်ပြင်းထန်သောဝေဒနာစေတသိက်ကိုမဆို ခံစားရမှုများဖြစ်ခဲ့လျှင်၊ထိုနေရာတွင် ဇောတိဒြဗ်အပေါ်၌ လွန်စွာမြဲမြံထင်ရှားသော အမှတ်တန်ဆိပ် ခတ်နှိပ်လျက် ကျန်ရစ်ခဲ့ချေရကား၊ အပျော့ညံ့ဆုံးသော ဇောတိအာရုံရှိသူပင်လျှင် ထိုအခြင်းအရာဖြင့်လေးနက်စွာထိခိုက်မှုကို ခံစားရလေသည်။ အာရုံခံစားနိုင်မှု အ

နည်းငယ်မျှ တက်ကြွလာမည်ဆိုလျှင်၊ သူသည် အဖြစ်အပျက် အလုံးစုံကိုပင် မြင်၍လာပေမည်။ အဖြစ်အပျက်၏ အသေးစိတ်အခြင်းအရာများသည် မိမိ၏မျက်မှောက်၌ ဖြစ်ပွားနေသည်ကို သူမြင်ရပေမည်။ထိုသို့သော သာဓကတွင်၊ ယင်းနေရာ၌ သရဲခြောက်ဘတ်သည်, သရဲကို သူမြင်ခဲ့ရသည်ဟုသူ ကြေငြာပေလိမ့်မည်။

အထက်၌ဖော်ပြခဲ့သော နေရာများသို့ ရောက်ရှိလာသူတို့သည်၊ မည်သည့်နည်းဖြင့်မျှ ဇောတိအာရုံဖြင့် မြင်နိုင်စွမ်းမရှိငြားလည်း၊စိတ်နှလုံးမသာယာဖြစ်၍ လာတတ်လေသည်။ဥဒါဟရုဏ်'တိုင်ဗန်ထရီ'ခေါ် လူများကိုကြိုးပေးသည့်စက်တိုင်နေရာကိုဖြတ်သန်းသွားသူများစွာတို့သည် စိတ်နှလုံးမသာမယာဖြစ်ကြသည်။"မဒမ်တတ်ဆော့"၏"ကြောက်မက်ဖွယ်ရာခန်းမကြီး" ခေါ် ရှေးနာမည်ကြီးလူဆိုးများကို ဖယောင်းပုံပြုလုပ်ပြသထားသော အခန်းကြီးအတွင်း၌ ကြာရှည်မနေနိုင်သူတို့လည်း များစွာရှိသည်။သို့ရာတွင်ထိုသူများသည်၊ကြောက်လန့်ဖွယ်ရာနှင့်ရာဇဝတ်မှုအငွေ့အသက်ချားဖြင့်လှိုင်၍နေသောနေရာများနှင့်အရာဝတ္ထုများအားဝိုင်းရံနေသည့်ဇောတိဒြပ်တွင် စွဲကပ်နေသော ကြောက်မက်ဖွယ် အာရုံများကြောင့်သော်၎င်း၊ထိုကဲ့သို့သော အချက်အချာနေရာများတွင် အမြဲစုအုံနေလေ့ရှိသော မနှစ်မြို့ဖွယ်ကောင်းသည့် ဇောတိဓာတ်ဘူတတို့ ရှိနေခြင်းကြောင်းသော်၎င်း၊ မိမိတို့ဤသို့စိတ်မချမ်းမသာဖြစ်ရသည်ကိုအနည်းငယ်မျှ မသိကြချေ။

## အိမ်သားသရဲများ

မြေပိုင်ရှင်စနစ်ခေတ် ရဲတိုက်တို့၏ အတွယ်အကပ်အနေဖြင့် ပြောနေကျအစိမ်း အဝါး ပုံပြင်တို့တွင် တွေ့ရလေ့ရှိသော အိမ်သူအိမ်သား သရဲများမှာ၊စိတ်ရူပသော်၎င်း, ဇောတိဖြစ်တွင် အထူးပေါ်ထင်နေသောအမှတ်အရာသော်၎င်း၊သို့တည်းမဟုတ်၊ အသက်ရှင်စဉ်ခိမိ၏စိတ်အာရုံများနှင့် မြော်လင့်ချက်အချက်အချာမြင်ကွင်းများတွင်ကျက်စားနေသည့် လောကကိုစွဲလန်းနေသော ဖိုးဖွားဗီဖင် တယောက်ယောက် စင်စစ်သော်၎င်း၊ ဖြစ်ကောင်းဖြစ်ပေမည်။

## ခေါင်းလောင်းတီးခြင်း,ခဲပစ်ခြင်းစသည်

ခေါင်းလောင်းတီးခြင်း, ခဲပစ်ခြင်း, ပန်းကန်များကို ခွဲခြင်းစသောသရဲခြောက်ခြင်းအမျိုးအစားအကြောင်းကို ဖေါ်ပြပြီးခဲ့လေပြီ။ယင်းတို့မှာ အစဉ်သဖြင့် ဓာတ်ဘူတ အင်အားတို့၏ဆောင်ရွက်မှုများဖြစ်ကြသည်။ ထိုဓာတ်ဘူတ အင်းအားတို့ကို၊ အသက်ရှင်လျက် ကျန်ရစ်ခဲ့သူမိတ်ဆွေတို့၏ စိတ်အာရုံကို ဆွဲဆောင်ရန်အားထုတ်နေသော၊ မသိနားမလည်သည့်ကွယ်လွန်သူတဦး၏ နည်းနာမကျ ကြိုးပမ်းမှုက ပရမ်းပတာထကြွစေလျက်သော်၎င်း၊ကလေး ကလား ရမ်းကားနေသောဓာတ်ဘူတက တမင်အသုံးပြုလျက်သော်၎င်း၊ ရှိပေလိမ့်မည်။

## ဖုတ်, ကျုတ်,ဥစ္စာစောင့်စသောဘူတငယ်များ

တောနယ်တို့တွင် ပြောလေ့ပြောထရှိသော ဖုတ် ကျုတ် ဥစ္စာစောင့်စသော ဘူတပုံပြင်အားလုံတို့တွင် အမှန်အခြင်းအ

ရာများကို၊ ဖြစ်ပေါ်စေသူတို့မှာ သဘာဝဘူတများ ဖြစ်လေသည်။တိတ်ဆိတ်သော တောင်တန်းဒေသသားတို့တွင်ဖြစ်ပေါ်လေ့ရှိသော ယာယီဇောတိစက္ကုအာရုံဖြင့်၊ အချိန်မဲ့သွားနေရသောခရီးသည်သည်, ယင်းသဘာဝဘူတများ ခုန်ပေါက်ကစားနေသည်ကိုတွေ့နိုင်လေသည်။တခါတရံယင်းတို့ကကြောက်လန့်နေသောအခြောက်ခံရသူအား ဆန်းဆန်းပြားပြား လှည့်စားပြီးလျှင်၊အရိပ်အယောင်ထင်စေလျက်၊ဥဒါဟရဏ်၊ဘာမျှမရှိဟုသူသိသောနေရာတို့တွင်အိမ်များနှင့် လူများကို ထင်မြင်စေလေသည်။ဤအခြင်းအရာတို့မှာ ဓဏာဘာလှည့်စားခြင်း မျှသာမဟုတ်ချေ။ အဘယ်ကြောင့်ဆိုသော် တခါတရံ အလှည့်စားခံရသူသည် လွန်စွာထူးဆန်း၍,ရှည်လျားသော စိတ်ကူးယဉ်အဖြစ်အပျက် အစီအစဉ်များနှင့် တွေ့ကြုံရပြီးသော်၊ မိမိ၏တောက်ပြောင်လျက်ရှိသော ပတ်ဝန်းကျင်များသည် တမဟုတ်ချင်းကွယ်ပသွားပြီးလျှင်၊မိမိအားတိတ်ဆိတ်သောလျှိုထဲ၌ဖြစ်စေ, လေသုတ်နှင်လျက်ရှိသောလွင်ပြင်၌ဖြစ်စေ, တကိုယ်တည်းရပ်တည်လျက် ရှိနေသည်ကို ရုတ်တရက်တွေ့ရတတ်လေသည်။ သို့ပင်ဖြစ်လင့်ကစား၊ ဤအကြောင်းအရာတို့နှင့် စပ်လျဉ်း၍၊လူသိများသော ဒဏ္ဍာရီအားလုံးတို့ကို အခြေခံအားဖြင့် မှန်သည်ဟုယုံကြည်စိတ်ချစွာ လက်မခံသင့်ချေ။ အဘယ်ကြောင့်ဆိုသော် တခါတရံကြောက်မက်ဖွယ်ကောင်းသောလူသတ်မှုများက ဖေါ်ပြလျက် ရှိသည်အတိုင်း၊ အဆိုးရွားဆုံးသော အယူမှားများသည် ဤဘူတယေ်များနှင့် စပ်လျဉ်း၍တောသူ တောသားတို့၏ ထင်မြင်ချက်များနှင့် ရောနှော ရှုပ်ထွေးလျက်ရှိတတ်လေသည်။

ဝိဉာဏ်စမ်းသပ်မှုဝိုင်းများတွင် ရုပ်ခြင်းနှင့်စပ်လျဉ်းသော ဖြစ်ပေါ်မှုများဟု ခေါ်သောအရာတို့၏ ရာခိုင်နှုန်းများစွာတို့မှာ ထိုဘူတငယ်များ၏ဖန်တီးမှုများသာလျှင် ဖြစ်ချေသည်။စင်စစ်သော် များစွာသောဝိဉာဏ် စမ်းသပ်မှုဝိုင်းတို့တွင် ဤအကျင့်ဆိုး သတ္တဝါတို့ကသာလျှင် လုံးဝဖန်တီးပြလျက် ရှိလေသည်။ ဤကဲ့သို့သော ဖန်တီးမှုများတွင် များစွာသောထူးခြားမှတ်သားဖွယ်ကောင်းသည့်အရာများပါဝင်ကောင်းပါဝင်ပေမည်။ ဥဒါဟရဏ်၊မေးခွန်းများကိုဖြေကြားခြင်းနှင့် အရာဝတ္ထုများကို တီးခေါက်ခြင်း၊ တိမ်းယိမ်းစေခြင်းဖြင့်၊ အယောင်ဆောင်ကြားမှာချက်များကိုပေးပို့ခြင်း၊ မီးများကိုပြခြင်း၊ အဝေးမှ အရာဝတ္ထုများကို ဆောင်ယူဖေါ်ပြခြင်း, ရှိနေသူတဦးဦး၏စိတ်၌ဖြစ်ပေါ်နေသော စိတ်ကူးများကိုထင်ပေါ်လာစေခြင်း၊ ကိုယ်ထင်ပြခြင်းများ ဖြစ်လေသည်။

စင်စစ်သော်၊ သဘာဝဘူတတဦးတည်းတပင်၊ ကြီးပမ်းလိုစိတ်သာ ရှိခဲ့လျှင်၊ ကျွန်ုပ်တို့ဖတ်ဖူးသရွေ့တွင် အံ့ဩဖွယ်အကောင်းဆုံးသော ဝိဉာဏ်ဖြစ်ရပ်များနှင့်တူမျှသောဖြစ်ရပ်များကိုဖန်တီးပြနိုင်လေသည်။ အဘယ်ကြောင့်ဆိုသော် သူတို့ပြုလုပ်မပြနိုင်သော အရာအချို့ရှိစေကာ၊ သူတို့၏လှည့်စားမှုဖြင့်ထိုအရာများအကယ်ဖြစ်ပေါ်လာသည်ဟုထင်မြင်အောင်၊ ခဲယဉ်းခြင်းမရှိပဲ တဝိုင်းလုံးကိုသူတို့ဖြားယောင်းလိုက်နိုင်လေသည်။ သို့ရာတွင်ထိုဝိုင်းတွင် သူတို့၏လှည့်စား မှုများကိုသိ၍မည်သို့ပျက်ပြားအောင် ပြုလုပ်ရမည်ကို နားလည်သည့် လေ့ကျင့်ထားသောစူးစမ်းသူရှိခဲ့လျှင် ဤသို့မဖြစ်နိုင်ချေ။ယေဘုယျအားဖြင့် ဝိဉာဏ်စမ်းသပ်မှုဝိုင်းတွင် မဖြစ်နိုင်သော ဖြား

ယောင်းမှုများနှင့် တကွဲရယ်စရာများကို ပြုလုပ်နေခဲ့သော်၊အာနိမ့်စား သဘာဝဘူတများသော်၎င်း၊ အသက်ရှင်စဉ်ထိုမျှမဖွယ်ရာပြုမူမှုတို့၌ နှစ်ခြိုက်လောက်အောင် ယုတ်နိမ့်သော အတန်းအစား၌ ပါဝင်သည့် ကွယ်လွန်သွားသူ လူသားသော်၎င်း၊ ရှိနေသည်ဟု ကျွန်ုပ်တို့ ထောက်ရှုယူဆရာသည်။

## ဆက်သွယ်သောဘူတများ

ဝိဉာဏ်စမ်းသပ်မှုဝိုင်းတို့တွင်မေ့မြောနေသောနတ်ဝင်သည်ကို ပူးကပ်ပြောဆိုနိုင်သည့် ဘူတတို့၏ အမျိုးအမည်များမှာ မရေတွက်နိုင်လောက်အောင် များပြားချေ၏။ဇောတိဘုံသားအားလုံးသော အမျိုးတို့အနက်၊ မည်သည့်အမျိုးမှမဆိုသူတို့ကိုဆွဲထုတ်နိုင်လေသည်။သို့ရာတွင် ယင်းတို့၏ မြင့်မြတ်သောအဆင့်အတန်းမှလာနိုင်မည့် အခွင့်အလမ်းသည်ကား အလွန်နည်းပါးသည်အကြောင်း၊ရှင်းလင်းချက်များကို ဖတ်ပြီးသောအခါ၊အလွယ်ပင် သဘောပေါက်ပေလိမ့်မည်။ပူးဝင်ထင်ရှားပြနေသော"ဝိဉာဏ်"သည်၊အတူးသဖြင့် ပညာအရည်အခြင်းနှင့်ပြည့်စုံ၍တည်ကြည်သောစိတ်ရှိသူတို့စိမံဆောင်ရွက် ျက်ရှိသည့်သီးသန့်ဝိဉာဏ်စမ်းသပ်မှုဝိုင်းဘို့တွင်,ယင်းကထုတ်ဖေါ်ပြောဆိုသည့်အတိုင်းပင် အမှန်ဖြစ်တတ်ပါသည်။ သို့ရာတွင်ထိုသို့ ထုတ်ဖေါ်ပြောဆို သည့်အတိုင်း အချင်းမဟုတ်သည်လည်းရှိတတ်ပါသည်။ သာမန်ကြည့်နေသူအဖို့ အမှန်နှင့်အမှားကိုခွဲခြားသိရန် နည်းလမ်းမရှိပါ။အဘယ်ကြောင့်ဆိုသော်ဇောတိဘုံ၏ခပ်သိမ်းသော ဖြည့်ဘင်းမှု စွမ်းအင်များကိုသက်ကိုင်ထားရှိသောဘူတ၏၊ရုပ်ဘုံ၌ ရှိသူအားလှည့်စားနိုင်သည့်

အခွင့်အရေးမှာ၊ လွန်စွာမှကျယ်ဝန်းကြီးမားချေရကား၊ရုတ်တရက်အမြင်၌ ကျေနပ်ဖွယ် အကောင်းဆုံးဟု ထင်ရသောသက်သေတင်ပြချက် အပေါ်၌ပင်၊ စိတ်ချယုံကြည်ခြင်းမပြုနိုင်ချေ။

တစုံတရာသည် ထင်ရှားပြကာ၊ သူသည်ပုဂ္ဂိုလ်တဦး၏ ညီပါဟုကြွေးကြော်လျှင်၊ ထိုပုဂ္ဂိုလ်အဖို့ ယင်း၏ကြွေးကြော်ပြောဆိုချက်၏ မှန်ကန်ကြောင်းမှာ၊ မသေချာချေ။ ယင်းကသူနှင့်သူ၏ညီသာလျှင် သိသောအချက်တရပ်ကို ပြောပြသော်လည်း၊သူသည်မယုံကြည်သေးချေ။ အဘယ်ကြောင့်ဆိုသော် ထိုအချက်ကိုသူ၏စိတ်မှသော်၎င်း၊ ဇောတိဘုံတွင်သူ၏ ပတ်ဝန်းကျင်မှသော်၎င်း၊ယင်းကရှုကြည့်သိမြင်နိုင်သည်ကိုသူသိသည်။ထို့ထက်တိုး၍သူနှင့်သူ၏ညီသာလျှင် သိသောသူ၏ညီနှင့်ပတ်သက်သည့်အကြောင်းခြင်းရာတစုံတရာကိုသူ့အားယင်းကပြောကြားသဖြင့်၊ သူထောက်လှမ်းစုံစမ်းကြည့်သောအခါ မှန်ကြောင်းကိုတွေ့ရလေကာ၊ထိုအကြောင်းကို ဇောတိဘုံမှတ်တမ်းများ၌ တွေ့မြင်ဖတ်ရှုနိုင်သည်ကို၎င်း၊ သို့တည်းမဟုတ်၊သူ၏ရှေ့မှောက်၌ သူမြင်ရသောအရာမှာ၊ သူ့ညီ၏ အရိပ်ဆာယာသာလျှင် ဖြစ်ပြီးလျှင်၊ သူ့ညီကိုယ်တိုင် စင်စစ်မဟုတ်ပဲ၊ သူ့ညီ၏မှတ်ဉာဏ်ကိုသာ ရှိသောအရာ ဖြစ်နိုင်သည်ကို၎င်း၊ သူသဘောသက်ဝင်နိုင်လေသည်။ (ဤသို့ဆိုခြင်းဖြင့်)ဝိဉာဏ် စမ်းသပ်မှုဝိုင်းတို့တွင် မိမိတို့ပြောဆိုသည့်အတိုင်း အတိအကျဖြစ်သော ဘူတတို့က၊ အရေးကြီးသော စကားကမ်းလှမ်းချက်များပြုလုပ်ခဲ့သည်ကို၊ မည်သို့မျှ ငြင်းဆိုခြင်းမပြုပါ။ဝိဉာဏ်စမ်းသပ်မှုဝိုင်း၊ အထူးသဖြင့် လူတိုင်းဝင်ရောက်နိုင်သော ဝိဉာဏ်စမ်းသပ်မှု

ဝိုင်းသို့၊ ရောက်ရှိသွားသော သာမန်ပုဂ္ဂိုလ်အဖို့၊ ဒါဇင်ဝက်မျှရှိသော နည်းတို့အနက်၊ တနည်းနည်းဖြင့် မိမိမှာရက်ရက်စက်စက် အလိမ်မခံရပေဘူးဟု သေချာစွာ သိရှိရန်မဖြစ်နိုင်ကြောင်းကိုသာလျှင်ဆိုလိုပါသည်။ သို့ရာတွင်ပူးဝင်ပြောကြားသူမှာ မည်သူဖြစ်သည်ဟူသော အကြောင်းနှင့် စပ်လျဉ်း၍အငြင်းမပွားနိုင်လောက်သောသက်သေအထောက်အထားများကိုအကျယ်တဝင့် ဖော်ပြထားသော သာဓကဘခုကို လေ့လာလိုသူသည်၊ ဖုန်းတော်ကြီး စီ၊ ဒီ၊ သောမ(စ်)ရေးသော၊သက်သေနှင့်တကွသေသည်၏အခြားမဲ့ဘဝ (Life Beyond Death with Evidence by Rev:E.D. Thomas) ခေါ် စာအုပ်ကိုဖတ်ရှုသင့်လေသည်။

အထက်၌ ညွှန်းဆိုခဲ့သော ဂုတ္တဝိဇ္ဇာ အသင်းသားတို့သည်၊ ဝိဉာဏ်ဝါဒကို စတင်ဖြန့်ချီသည့်အနေဖြင့်၊ နှိုက်နှိုက်ခဲ့ခဲ့စိတ်ပါ ဝင်စားဖွယ် ကောင်းသော အကြောင်းအရာတို့နှင့်စပ်လျဉ်း၍၊ အဖိုးဘန်လှသော သင်ကြား ပြသချက်များကို၊ နတ်ဝင်သည်တို့မှတဆင့် စီစဉ်ဖော်ပြခဲ့သော သာဓကအချို့ကိုရှိခဲ့ပြီးသော်လည်း၊ ယင်းတို့မှာ ငွေကြေးယူ၍ လူတိုင်းဝင်ရောက်နိုင်သော ဝိဉာဏ်စမ်းသပ်မှုဝိုင်းတို့၌မဟုတ်ပဲ၊ကျပ်ကျပ်တီးတီး ဝင်ခွင့်ကိုကန့်သတ်ထားသော မိသားစု ဝိဉာဏ်စမ်းသပ်မှုဝိုင်းတို့၌သာလျှင် အစဉ်အမြဲဖြစ်လေသည်။

## ဇောတိဘုံ၏ဖြည့်တင်းမှုစွမ်းအင်များ

ကျယ်ပြန့်သော အမျိုးအစား ရုပ်မြေများကို ဖြစ်ပေါ်စေသည့်နည်းလမ်းများကို နားလည်ရန်၊ ဇောတိဘုံ၌ဆောင်ရွက်

လျက်ရှိသူ၏ အာဏာစက်အောက်၌ တည်သော အထက်၌ ဖေါ်ပြခဲ့သည့် အမျိုးမျိုးသော ဇောတိဘုံဆိုင်ရာ ဖြည့်တင်းမှု စွမ်းအင်များကို အတော်အသင့် သဘော ပေါက်ထားရန် လိုအပ်လေသည်။ ဇောတိဘုံ အကြောင်းအရာ ဤအစိတ်အပိုင်းကို လင်းကျင်းရန်ကား မလွယ်ကူလှပါ။ အဘယ်ကြောင့်ဆိုသော် အထူးသဖြင့် ယင်းအစိတ်အပိုင်းကို ထင်ရှားစွာလိုအပ်သည့် အကန့်အသတ် အချို့တို့ဖြင့် ချုပ်ချယ်ထားရှိချေသည်။ ဇောတိဘုံအား များစွာသောအချက်တို့၌ရုပ်ဒြပ်ဘုံ၏ ချဲ့ထွင်ထားခြင်းမျှသာဖြစ်သည်ဟု ယူဆရန် သတိပြုလျှင် ကျွန်ုပ်တို့အထောက်အပံ့ ရကောင်းရပေမည်ပြင်၊ရုပ်ဒြပ်သည်လည်း အာကာသဓာတ် (အာလောကဓာတ်) အသွင်ကို ဆောင်နိုင်သည် (ထိုအသွင်၌ ရုပ်ဒြပ်ကို ကျွန်ုပ်တို့၏အာရုံဖြင့် မထိတွေ့နိုင်သော်လည်း၊ ယင်းသည် ရုပ်ဒြပ် သက်သက်သာလျှင်ဖြစ်သည်) ဟူသော သဘောတရားသည်၊ ရုပ်ဒြပ်လောကမှ ဇောတိလောကအတွင်းသို့ မည်သို့သက်ဝင် ပေါင်းစည်းသွားသည်ကို ကျွန်ုပ်တို့အား ပြသကောင်းပြသပေမည်။ စင်စစ်မှာလည်း၊ ဟိန္ဒူတို့၏ ဇာဂရ၊ ဝါ၊ နိုးကြားနေခြင်း ဟူသော ထင်မြင်ယူဆချက်တွင် ရုပ်ဒြပ်လောကနှင့် ဇောတိလောကတို့ကို ပူးပေါင်းထားလေသည်။ ဇာဂရ၏ ခုနစ်ခုသော အစိတ်အပိုင်းတို့သည်၊ ရုပ်ဒြပ်၏ လေးမျိုးသော အခြေအနေတို့နှင့် ဇောတိဒြပ်၏ အထက်၌ ဖေါ်ပြခဲ့သည့်အတိုင်း သုံးမျိုးသော အစိတ်အပိုင်းကိုယ်များနှင့် တူညီလေသည်။

ဤထင်မြင်စဉ်းစားချက်ကို စိတ်ဝယ်ထားရှိလျှင်၊ တလှမ်းတက်၍၊ ဇောတိအမြင်၊ ဝါ၊ ဇောတိအာရုံဆိုသည်မှာ၊ ရှုချက်

တခုမှကြည့်လျှင်၊ တိုးတက်ပြောင်းပြားစွာသော တုန်လှိုင်း အစုအရုံးများကိုခံယူနိုင်မှုမျှသာ ဖြစ်သည်ဟု ပေါ်ပြရာသော သဘောတရားကို နားလည်ရန် လွယ်ကူလာပေလိမ့်မည်။ ရုပ်ခန္ဓာအတွင်း၌၊ တုန်လှိုင်းအစုငယ်တခုကို၊ အသံအဖြစ်ဖြင့် ကျွန်ုပ်တို့အာရုံပြုနိုင်သည်။ ထို့ထက်များစွာ လျှင်မြန်သော အခြားတုန်လှိုင်း အစုငယ်တခုသည် လင်းရောင် အဖြစ်ဖြင့် ကျွန်ုပ်တို့အား ထိခတ်သည်၊ အခြားတခုကလည်း လျှပ်စစ်လှုပ် ရှားမှုအနေဖြင့် ထိခတ်သည်။ သို့ရာတွင် ပြောက်ပြားစွာသော စပ်ကြား တုန်လှိုင်းများလည်း ရှိပေသေးသည်။ ယင်းတို့သည် ရုပ်အာရုံတို့ဖြင့် ခံစားနိုင်သော အကျိုးတရားများကို မဖြစ် ပေါ်စေကြချေ။ ဤစပ်ကြား တုန်လှိုင်းအားလုံးတို့ကို၊ သို့မ ဟုတ်၊ အချို့မျှကို၊ တုန်လှိုင်းအရှည် ပမာဏ ကွဲပြားခြင်း အလိုက်ဖြစ်ပေါ် လာနိုင်သော ပေါင်းရုက် ရောထွေးမှုတို့နှင့် တကွ၊ ဇောတိဘုံ၌။ အာရုံပြုနိုင်မည်ဆိုလျှင်၊ ထိုအဆင့်တွင် ကျွန်ုပ်တို့၏ သဘာဝဓမ္မကို သိမြင်နားလည်မှုမှာ အဘယ်မျှ တိုးတက်လာပြီးလျှင်၊ ယခုကျွန်ုပ်တို့သို့ ဖုံးကွယ်နေသည့် များ စွာသောသိမှတ်ဖွယ်တို့ကို ကျွန်ုပ်တို့ရယူနိုင်မည်ကို၊ အလွယ် ပင်သိမြင်နိုင်ရာသည်။

## ဒိဗ္ဗစက္ခု

ဤတုန်လှိုင်း အချို့တို့သည် အစိုင်အခဲ ဒြဗ်ဘို့ကို ဖေါက် ထွင်းဖြတ်သန်း သွားနိုင်သည်ကို ဝန်ခံရပေမည်။ ထို့ကြောင့် သာလျှင် အာလောကအမြင်၏ ထူးခြားချက်များကို လောက ခါတ်နည်းအားဖြင့် ကျွန်ုပ်တို့ဖြေရှင်း ပြနိုင်လေသည်။ သို့ရာ

တွင် ဇောတိအမြင်ကိုသော်၊ စတုတ္ထအတိုင်းအတာပယူဆနည်း ကပိုမိုသပ်ယပ်၍ ပြည့်စုံသော ရှင်းလင်းချက်ကို ပေးလေသည်။

ပုဂ္ဂိုလ်သတ္တဝါ တဦးဦး၏ ဤ ဇောတိအမြင်ကို ရရှိထားခြင်းသည်၊ ကျွန်ုပ်တို့အဖို့ အံ့ဩဖွယ် ကောင်းဟန်ရှိသော အကျိုးတရားများစွာတို့ကို ဖြစ်ပေါ်စေနိုင်စွမ်း ယင်း၌ရှိခြင်း၏ ရုတ်ချင်း ဖြေရှင်းချက်ပင် ဖြစ်ကြောင်း ထင်ရှားပေသည်။ ဥဒါဟရဏ်၊ ပိတ်ထားသော စာအုပ်မှ စာပိုဒ်ကို ဖတ်စွမ်းနိုင်ခြင်း။ ဤစွမ်းအင် အတွင်း၌၊ (ဝေဒနာ စေတသိက်တို့အပေါ်သို့ သက်ရောက်သမျှသော)စိတ်ကိုသိမြင်ခြင်းသတ္တိနှင့်၊ ဇောတိ စီးကြောင်းများကို ပို့လွှတ်မှုဉာဏ်နှင့် ထိုသတ္တိပူးပေါင်းမိသောအခါ ကမ္ဘာ၏မည်သည့် အစိတ်အပိုင်း၌မဆိုအလိုရှိသော အရာဝတ္ထုကိုရှုမြင်နိုင်ခြင်းသတ္တိတို့ ပါဝင်သည်ကို ကျွန်ုပ်တို့သတိမူခဲ့လျှင်၊ ဤဇောတိဘုံမှ အထက်သို့ မတက်ရောက်ပဲပင်၊ များစွာသော ဒိဗ္ဗစက္ခုနှင့် စပ်လျဉ်းသော ဖြစ်ပေါ်မှုများကို ရှင်းလင်း ဖေါ်ပြနိုင်ကြောင်း သိမြင်လာပေလိမ့်မည်။ ဤစိတ်ပါဝင်စားဖွယ်ကောင်းသော အကြောင်းအရာကို၊ ထို့ထက်ပိုမိုသေချာစွာ လေ့လာလိုသူအား "ဒိဗ္ဗစက္ခု"ခေါ် ကျွန်ုပ်၏ စာအုပ်ငယ်ကို ဖတ်ရှုရန် ညွှန်ကြားလိုပါသည်။ ထိုစာအုပ်ငယ်တွင် ဒိဗ္ဗစက္ခု အမျိုးမျိုးတို့ကို စာရင်းပြုလုပ်တင်ပြ၍၊ ရှင်းလင်းဖေါ်ပြပြီးလျှင်, သာဓက မြောက်မြားစွာတို့ကိုလည်း ပေးထားပါသည်။

## ကြိုတင်သိမြင်ခြင်းနှင့် ဒုတိယ စက္ခုအာရုံ

လေ့ကျင့်ထားသဖြင့်၊ မှန်ကန်၍၊ လုံးဝ ကိုးစားလောက်သော ဒိဗ္ဗစက္ခုအာရုံအဖို့ အလုံးစုံကွဲပြား ခြားနားသော

အစွမ်းသတ္တိတို့၏ ကျက်စားမှုကို လိုလေသည်။ သို့ရာတွင် ထိုအစွမ်းသတ္တိတို့မှာ ဇောတိဘုံထက် မြင့်သောဘုံနှင့် ဆိုင်ချေ ရကား၊ ကျွန်ုပ်တို့၏ မျက်မှောက် အကြောင်းအရာတွင် မပါ ဝင်ပေ။ တိကျမှန်ကန်စွာ ကြိုတင်သိမြင်မှု စွမ်းအင်သတ္တိမှာ လည်း၊ ထိုအထက်ဘုံနှင့်ပင် တဖန်ဆိုင်သော်လည်း၊ ယင်း၏ လျှပ်ရောင်များ၊ ဝါ၊ ပြန်ကဟပ်ရောင်များသည်၊ အထူးသဖြင့် လျော်ကန်သောအခြေ၌ နေထိုင်၍ ရိုးသားသောစိတ်ရှိသူတို့၏ ဇောတိ စကြွာအာရုံ သက်သက်အတွင်း၌၊ မကြာခဏပေါ် ပေါက်လာလေ့ရှိသည်။-ဒုတိယစကြွာအာရုံဟုခေါ်သော အရာ သည်၊ စကော့တလန်ပြည် ကုန်းပြင်မြင့်သားများတို့တွင် လူသိ များသော သာဓကတရပ်ဖြစ်ချေသည်။

ကျွန်ုပ်တို့မမေ့ရမည့် အခြားအချက်တရပ်မှာ၊ အသိဉာဏ် နှင့် ပြည့်စုံသောမည်သည့် ဇောတိဘုံသားမဆို၊ ဤအာကာသ ဓာတ်တုန်လှိုင်းများကို သိမြင်နိုင်သည်သာမက၊ လေ့ကျင့်ထား ပြီးရှိလျှင်၊ ယင်းတို့ကို မိမိ၏ရည်ရွယ်ချက်အတိုင်း ပြုပြင်နိုင်ပြီး လျှင်၊ မိမိကိုယ်တိုင်ကလည်း လှုပ်ရှားထကြွစေနိုင်ခြင်း ဖြစ် လေသည်။

## ဇောတိအင်အားများ

ရုပ်ထက် မြင့်သော အင်အားများနှင့် ယင်းတို့အားစီမံ အုပ်ချုပ်မှုနည်းလမ်းများသည်၊ ယခုမျက်မှောက်တွင် ဖြန့်ဖြူး ရန်အတွက် များစွာရေးသား ဖော်ပြနိုင်သည့် အကြောင်း အရာများ မဟုတ်ကြချေ။ သို့ရာတွင် မည်သည့် နည်းဖြင့်မဆို ယင်းအင်အား တခုနှစ်တခုတို့အား အသုံးချပုံ အချို့တို့ကို၊

ပြင်ပကမ္ဘာကြီးက သိလာရန် ကြာတော့မည် မဟုတ်တ်ဟု ထင်မှတ်ရန်ကား၊ အကြောင်းရှိလေသည်။ သို့ပင်ဖြစ်လင့်ကစား၊ ခွင့်ပြုနိုင်သည့် စည်းကမ်းများကို မကျူးလွန်ပဲ၊ အချို့သောဖြစ်ပေါ်မှုတို့အား မည်သို့ပြုလုပ်ကြောင်း အကြမ်းဖျင်း ပြသနိုင်လောက်အောင်၊ ယင်းခွန်အားတို့၏ သဘောတရားကို မြွက်ကြားနိုင်ကောင်းစရာ ရှိပါသည်။

ရုပ်လောက အကျိုးတရားများကို ဖြစ်ပေါ်စေသည့်၊ ဝိဥာဏ်စမ်းသပ်မှုဝိုင်းတို့နှင့် စပ်လျဉ်း၍၊ အတွေ့အကြုံများသူ အားလုံးတို့သည်၊ အလွန်ကြီးမားသော အလေးများစသည်တို့ကို၊အလိုအလျောက် လှုပ်ရှားစေမှု၌ လုံးဝလောက်ပင် ခုခံ၍ရနိုင်ဖွယ်ရာမရှိသော ခွန်အားကို သုံးစွဲလျက်ရှိသည့်သက်သေ သာဓကကို၊ တခါမဟုတ်တခါ တွေ့မြင်ဖူးပြီးဖြစ်ပေလိမ့်မည်။ ထိုသူတို့သည်၊ လောကဓာတ်နည်း စိတ်ကူးတတ်သူများဖြစ်ခဲ့လျှင်၊ ထိုခွန်အားကို အဘယ်မှရ၍၊ မည်သည့်မောင်းလက်ကို အသုံးပြုပါလိမ့်ဟု အံ့သြမိပေလိမ့်ဦးမည်။ ဇောတိဖြစ်ပေါ်မှုများနှင့် စပ်လျဉ်း၍၊ ခါတိုင်းကဲ့သို့ပင်၊ ဤကဲ့သို့သော အမှုများကို ပြုလုပ်ရာ၌ နည်းများစွာရှိလေသည်။သို့ရာတွင် ယခု အခိုက်အတန့်အဖို့ လေးနည်းမျှကို အမြွက်မျှပြလျှင် တော်လောက်ပေပြီ။

## အာကာသဓာတ်စီးကြောင်းများ။—

ပဌမတွင်၊ ကမ္ဘာ့မြေမျက်နှာပြင်ပေါ်ဝယ်၊ ဝင်ရိုးစွန်းတခုမှတခုသို့၊ ရေထဒီကဲ့သို့ ခုခံခြင်းငှာ မတတ်သာသော တန်ခိုးအဟုန်ဖြင့်၊ အာကာသဓာတ် စီးကြောင်းများသည်၊ အမြဲ

တစေစီးဆင်း လှုပ်ခပ်လျက်ရှိသည်။ ဤကြီးမားလှသော အင်အားကို၊ အန္တရာယ်ကင်းရှင်းစွာ အသုံးပြုရန် နည်းများလည်းရှိသည်။ သို့ရာတွင် မကျွမ်းကျင်ပဲလျက် ယင်းအင်အားကို ချုပ်ကိုင်ရန်အားထုတ်ခဲ့လျှင်၊ ကြောက်မက်ဖွယ် ဘေးအန္တရာယ်နှင့် တွေ့ကြုံရမည် ဖြစ်လေသည်။

**အာကာသဓာတ်ဖိအား**

ဒုတိယတွင်၊ လေထုဖိအားနှင့်အလားတူ ထို့ထက်အလွန့်အလွန် ကြီးမားသော၊ အာကာသဓာတ် ဖိအားဟု အသင့်လျော်ဆုံး ဖော်ပြရမည့်အရာရှိသည်။ သာမန် အသက်ရှင်နေမှုတွင် ကျွန်ုပ်တို့သည် ထိုဖိအားနှစ်ရပ်အနက် မည်သည့်ကိုမျှ အာရုံဖြင့်မသိချေ။ သို့ရာတွင် ယင်းတို့နှစ်ရပ်စလုံး တည်ရှိသည်ကား စင်စစ်ဖြစ်ပြီးလျှင်၊ လောကဓာတ်ပညာဖြင့်၊တနေရာမှ၊ လေကိုကုန်ခန်းစေနိုင်သကဲ့သို့၊အာကာသဓာတ်ကို ကုန်ခန်းစေနိုင်လျှင်၊ လေရှိကြောင်းကို သက်သေတင်ပြသကဲ့သို့၊ အာကာသဓာတ်ရှိကြောင်းကိုလည်း အလွယ်ပင် သက်သေတင်ပြနိုင်ပေမည်။ ဤသို့ပြုလုပ်ရန် ခဲယဉ်းသည်မှာ၊ အာကာသဓာတ် အခြေခံ၍တည်သော ရုပ်ဒြပ်သည်၊ ယင်း အောက်၌တည်သော ရုပ်ဒြပ်အပေါင်းတို့ကို လွတ်လပ်စွာဖေါက်ထွင်းတည်နေသဖြင့်၊ ကျွန်ုပ်တို့၏ ရူပဗေဒဆရာများ သိသ၍တွင်၊ အာကာသဓာတ် အစိုင်တခုကို အခြားဓာတ်အစိုင်တို့မှ သီးသန့် ခွဲခြား ထားနိုင်သော နည်းလမ်း မရှိဟူသော အချက်ကြောင့်ဖြစ်လေသည်။ လက်တွေ့ ဂုဏ္ဍဝိဇ္ဇာ ကသော်ကား ဤကိစ္စကို မည်သို့ဆောင်ရွက်နိုင်သည်ကို သင်ပြသည်။ သို့ဖြင့် ဤ

ကြီးမားလှသော အာကာသခေတ် ဖိအားကို အသုံးပြုနိုင်သည်။

## ကိန်းအောင်းနေသောအင်အား

သိမ်မွေ့သော အရာတို့သည် ကြမ်းထမ်းသော အရာများအဖြစ်သို့ ကျင်လည်ပြောင်းလဲသွားသော သံဝဋ္ဋကပ်ဝယ် ရုပ်ဒြပ် အတွင်း၌ ငုပ်နေ၍ ထက်သန်လာနိုင်သော အင်အားစုကြီးတည်ရှိသည်။ ရုပ်ဒြပ်၏ အခြေအနေကို ပြောင်းလဲလိုက်ခြင်းဖြင့်၊ ဤအင်အားအချို့ကိုလွှတ်မြောက်စေပြီးလျှင် အသုံးချနိုင်သည်။ အပူခေတ်အဖြစ်ဖြင့် ကိန်းအောင်းနေသောအင်အားကို မြင်ရရုပ်ဒြပ်၏ အခြေအနေ ပြောင်းလဲ စေပြီးနောက် လွှတ်မြောက်စေသကဲ့သို့ပင်ဖြစ်၏။

## တုံ့ပြန်ပူးပေါင်းတုန်လှုပ်ခြင်း

စတုတ္ထ၊ တုံ့ပြန်ပူးပေါင်းတုန်လှုပ်ခြင်းဟု ဖေါ်ပြရမည့်သသောတရားကို ချွတ်ထွင်လိုက်ခြင်းဖြင့် များစွာသော ထူးခြားဆန်းကြယ်သည့် အကျိုးတရားကြီးငယ်တို့ကို ဖြစ်ပေါ်စေနိုင်သည်။ ရုပ်ဘုံမှ ရယူဖေါ်ပြသော ဥပမာများသည်၊ ဇောတိဘုံ ဖြစ်ပေါ်မှုများကို မထင်လင်းစေပဲ၊ အထင်မှား စေသည်က များပုံပေါ်လေသည်။ အဘယ်ကြောင့်ဆိုသော် မည်သည့်အခါမျှ ယင်းတို့သည် တစိတ်တဒေသ လောက်ထက်ပို၍ ဆီလျော်ခြင်းမရှိတတ်ချေ။ သို့ရာတွင် သာမန် အဖြစ်အပျက်နှင့်ဆိုင်သည့် သိသာလွယ်သော အချက်နှစ်ရပ်တို့ကို မှတ်သားထားခြင်းဖြင့်၊ ဤကျွန်ုပ်တို့ လေ့လာလျက်ရှိသော အကြောင်းအရာ၏၊ အရေးကြီးသော အစိတ်အပိုင်းအား ပိုမိုရှင်းသင်း

လာစေမည့် အကူအညီကို ကျွန်ုပ်တို့ ရရှိနိုင်ကောင်းပါသည်။ သို့ရာတွင် ဥပမာများကို ဆိလျော်သည်ထက် တိုး၍ မယူရန် ကျွန်ုပ်တို့သတိပြုရပေမည်။

စောင်းတလုံး၏ ကြိုးတချောင်းကို ထက်သန်စွာ တုန်ခပ်စေလိုက်လျှင် (တီးလိုက်လျှင်) ယင်း၏တုန်ခပ်လှုပ်ရှားမှုသည် (ယင်း၏အသံသည်) ပတ်ဝန်းကျင်၌ စောင်း အခရေအတွက် မည်မျှပင်ရှိစေကာ၊ ယင်းတို့၏ အလားတူ၍ သံမြင့်ခြင်းတူအောင် ညှိထားသော ကြိုးများမှ တုံ့ပြန် တုန်ခပ်မှုများကို (တုံ့ပြန်သံများကို) ထွက်ပေါ်လာစေသည်မှာ၊ အများ အသိပင် ဖြစ်ပါသည်။ ထိုမှတပါး၊ စစ်သားအရေအတွက် မြောက်မြားစွာတို့သည်၊ ကြိုးဖြင့်ဆိုင်းထားသော တန်တားတခု ကို ဖြတ်ကျော်သွားသောအခါ,ယင်းတို့၏ ညီညာသော ခြေလှမ်းများကို ဖျက်လိုက်ရလေသည်။ အဘယ်ကြောင့်ဆိုသော် သူတို့ ချီတက်ရာတွင်လုံးဝခြေလှမ်းညီညာမှုသည်၊တန်တား၌တုန်ခပ်လှိုင်းများကို ထစေပြီးလျှင်၊ ထိုတုန်ခပ်လှိုင်း များသည်၊ သူတို့ ညီညာစွာ လှမ်းတိုင်းလှမ်းတိုင်းတိုးတက်ပြင်းထန်လာကာ၊ သံများသည် မခံနိုင်တော့သော အခြေသို့ ဆိုက်ရောက်သွားပေမည်။ ထိုအခါတန်တားအဆောက်အဦတခုလုံး လွင့်စင်သွားပေလိမ့်မည်။

ဤဥပမာနှစ်ခုကိုစိတ်ဝယ်ထားခြင်းဖြင့် (ယင်းဥပမာများမှာလည်း တစိတ်တဒေသသာလျှင်ဆိလျော်သည်ကို မည်သည့်အခါမျှ မမေ့လျော့စေခြင်းဖြင့်) တုန်လှိုင်းများကို မည်သည့်နည်းဖြင့် စတင် ဖြစ်ပေါ်စေရမည်ကို အတိအကျ သိသောသူသည်—ဆိုလိုသည်မှာ မိမိကထိခိုက်စေလိုသည့် ဒြဗ်အချိုး အ

စား၏ သေ့ချက်အသံကို သိသောသူသည်–ထို သေ့ချက် အသံကို ပြည်စေခြင်းဖြင့်၊ အရေအတွက်မြောက်မြားစွာသော တုံ့ပြန်လှိုင်းများကို ထကြွစေနိုင်မည်ကို၊ ပိုမိုသဘောပေါက်၍ လာပေလိမ့်မည်။ ရုပ်ဒြပ်ဘုံတွင်ဤသို့ပြုလုပ်လျှင်၊အင်အား အပို ပေါ်ထွက်၍မလာချေ။ သို့ရာတွင် ဇောတိဘုံတွင်ကား ဤခြားနားချက်ရှိသည်။ ဇောတိဘုံတွင် ကျွန်ုပ်တို့ ဆက်ဆံရသောဒြပ်မှာ များစွာယုတ်လျော့၍ လေးလံ ထိုင်းမှိုင်းခြင်းရှိသည်။ ထို့ကြောင့် ယင်းဒြပ်ကို ဤတုံ့ပြန်လှိုင်းများဖြင့် လှုပ်ရှားထကြွစေလိုက်သောအခါ၊ ယင်းက ယင်း၏ လှုပ်ရှားထကြွနေသောခွန်အားကို မူလအရှိန်သို့ ပေါင်းထည့်လိုက်သည်။ ဤနည်းဖြင့် မူလအရှိန်မှာ အဆပေါင်းများစွာ တိုးပွား လာပေလိမ့်မည်။ ထို့နောက် မူလအရှိန်ကို စည်းဒုံးကိုက်အောင် ထပ်တလဲလဲ ဖြစ်ပေါ်စေခြင်းဖြင့် တန်တားပေါ်၌ ချီတက်နေသော စစ်သားများ သာဓကတွင်ကဲ့သို့ တုန်လှိုင်းများသည် လွန်စွာပြင်းထန်လာပြီးလျှင် ယင်းတို့၏ အကျိုးတရားမှာ အကြောင်းတရားနှင့် နှိုင်းစာလျှင် အချိုးအစား လွန်စွာ မညီမျှ ပုံပေါ်၍နေပေမည်။ စင်စစ်မှာလည်း ယင်း ခွန်အား၏ စွမ်းအင်များကိုကုန်စင်ပြည့်စုံစွာ နားလည်ထားသော အသေကျ ရဟန္တာအသျှင်မြတ်ကြီးတို့၏လက်တွင်း၌၊ ဤခွန်အား၏ စိတ်ကူးရသရွှေသော ဆောင်စွမ်းနိုင်မှုတို့မှာ အကန့်အသတ် မရှိသလောက်ပင်ဟုဆိုရာ၏။ အဘယ်ကြောင့်ဆိုသော် စကြဝဠာကြီးကို တည်ဆောက်ခြင်း သည်ပင်လျှင်၊ မိန့်ဆိုလိုက်သော စကားဖြင့် လှုံ့ဆော်ထကြွစေသော တုန်လှိုင်းတို့၏ အကျိုးတရားသာလျှင် ဖြစ်ချေသည်။

## မန္တရားများ

ခေတ်ဘူတများကို ချုပ်ကိုင်ခြင်းဖြင့်မဟုတ်ပဲ အချို့သော အသံတို့ကို ထပ်ကာဖြစ်ပေါ်စေခြင်းဖြင့် အကျိုးတရားကို ဖြစ်ပေါ်စေသော၊ ဂါထာမန္တရား အချိုးအစား များသည်၊ ယင်းတို့၏တန်ခိုး ထက်မြက်မှုအတွက်၊ ဤတုံ့ပြန်ပူးပေါင်းတုန် လှိုင်းတို့၏ ဆောင်ရွက်မှုအပေါ်၌ပင် အခြေပြု၍နေချသည်။

## ကြေပျက်ခြင်း

ကြေပျက်ခြင်းကိုလည်း၊ အလွန့်အလွန်လျင်မြန်သော တုန်လှိုင်းတို့၏ ရိုက်ခတ်ခြင်းဖြင့် ဖြစ်ပေါ်စေနိုင်ပေသေး၏။အလွန့်အလွန် လျင်မြန်သောတုန်လှိုင်းတို့သည် ကျွန်ုပ်တို့ဆောင်ရွက်နေသော အရာဝတ္ထု၏ ကလာပ်များဘခုနှင့်တခု တွယ်ကပ်နေခြင်းကိုနှိမ်နင်းသည်။ ထို့ထက်တိုးတက်လျင်မြန်၍ အမျိုးအစားအနည်းငယ် ကွဲပြားသော တုန်လှိုင်း တို့သည်၊ ထိုကလာပ်များအား ယင်းတို့တွင်ပါဝင်သောအနုများ အဖြစ်သို့ ခွဲထုတ် လိုက်ပေမည်။ အစိုင်အခဲ တခုကို ဤ နည်းဖြင့် အာကာသခေတ်အဖြစ်သို့ ဆိုက်ရောက် စေလိုက်သောအခါ၊ ယင်းအား တနေရာမှတနေရာသို့ ဇောတိစီးကြောင်း ဟုန်ဖြင့် အလွန်လျင်မြန်စွာပို့ဆောင်နိုင်လေသည်။ ထိုအခြေသို့ဆိုက်အောင် ယင်း အပေါ်၌သက်ရောက်စေသောခွန်အားကို ရုပ်သိမ်းလိုက်သောအခါ, ထိုအရာဝတ္ထုသည် အာကာသခေတ်ဖိအားဖြင့် ယင်း၏မူလအခြေကို ပြန်လည်ရယူပေလိမ့်မည်။

ဤကဲ့သို့သော စမ်းသပ်မှုတွင် အရာဝတ္ထု၏ ပုံသဏ္ဍာန်အား မည်သို့နေကိုယ်အတိုင်းရှိစေသည်ကို၊ အစပဌမ၌ လေ့လာသူတို့ နားလည်ရန် ခဲယဉ်းတတ်လေသည်။ သတ္တုပစ္စည်း

တခု၊ ဥဒါဟရုဏ်အနေဖြင့် ဆိုကြပါစို့၊ သေ့တချောင်းကို အပူဓာတ်ဖြင့် အရည်ပျော်စေ၍ အခိုးအဖြစ်သို့ ရောက်စေခဲ့လျှင်၊ အပူကိုဖယ်ရှားလိုက်သောအခါ၊ယင်းသည် အခဲအဖြစ်သို့ ပြန်လည် ဆိုက်ရောက် သွားလိမ့်မည်။ သို့ရာတွင် ယင်းသည် သေ့မဟုတ်တော့ပဲ၊ သတ္တုအတုံးမျှသာဖြစ်၍ နေပေမည်ဟု စာဒက တက်ခဲ့ဖူးသည်။ ဤစာဒကမှာ သင့်လျော်ပါပေသည်။ သို့ရာတွင် တူယောင်ရှိသောဥပမာသည် စင်စစ်အားဖြင့် ဤတွင် အံကိုက်မကျပါ။ သေ့အတွင်း၌ ကိန်းနေသော ဓာတ်ဘာဝသည်၊ သေ့၏အခြေ ပြောင်းလဲ သွားခြင်းဖြင့် ပျောက်လွင့်သွားပေလိမ့်မည်—အပူရှိန်သည် ဓာတ်ဘာဝကိုထိခိုက်အောင်မပြုနိုင်၊ သို့ရာတွင် ဓာတ်ဘာဝသည် မိမိ၏ ယာယီခန္ဓာ (အခဲအနေမှ) ပျက်စီးသွားသောအခါ၊ ယင်းဘာဝကိုသိမ်းထားရာလှောင်ကန်ကြီးအတွင်းသို့ ပြန်လည်စီးဝင်သွားလေသည်။လူ၏ အထက် အာယတန ဓာတ်တို့သည်၊ ယင်းတို့အား အပူအအေးဖြင့်လုံးဝ မထိခိုက်နိုင်သော်လည်း၊ လူ၏ရုပ်ခန္ဓာကို မီးဖြင့် ဖျက်ဆီးလိုက်သောအခါ၊ ထိုခန္ဓာမှ ထွက်ခွာသွားရသကဲ့သို့ပင်ဖြစ်လေသည်။

ထိုအတိုင်းပင်၊ သေ့ဖြစ်ခဲ့သောအရာသည်လော၍ အခဲအဖြစ်သို့ပြန်လည်ရောက်ရှိသွားသောအခါ၊ ထိုအခဲအတွင်းသို့ စီးဝင်လာသော (ပထဝီ သို့မဟုတ် အခဲအမျိုးအစား) ဓာတ်ဘာဝသည် ရှေးကအတိုင်း အတွင်း၌တည်လျက်မရှိတော့သဖြင့်၊ မူလပုံသဏ္ဍာန်ကို ပြန်လည်ရရှိရန် အကြောင်းမရှိတော့ချေ။ သို့ရာတွင် ဇောတိစီးကြောင်းဟုန်များဖြင့် တနေရာမှတနေရာသို့ ရွှေ့ရန်သေ့ကို အနုအဖြစ်သို့ ခြေဖျက်လိုက်သောသူ

သည်၊ ရှိပြီးဓာတ်ဘာဝကို၊ ရှိမြဲပုံသဏ္ဍာန် ပင် ပြောင်းရွှေ့ပြီးသည်တိုင် ထိန်းသိမ်းထားရန် သတိပြုမည်ဖြစ်လေသည်။ ထို့ကြောင့်သူ၏ ရည်စူးစိတ်ခွန်အားကိုဖယ်ရှားလိုက်သောအခါ၊ ထိုဓာတ်ဘာဝသည် သွန်းပုံကဲ့သို့ ဖြစ်လာပြီးလျှင် ယင်း၏အတွင်းသို့မာခဲလာသော ကလာပ်များစီးဝင်သွားပေမည်၊ ဝါ၊ ယင်း၏ပတ်လည်၌ထိုကလာပ်များ ပြန်လည်ပေါင်းဖွဲ့ပေလိမ့်မည်။ ဤသို့လျှင်ဆောင်ရွက်သူ၏ စိတ်စူးစိုက်ထားမှု မပျက်ပြားလျှင်၊ ပုံသဏ္ဍာန်မှာအတိအကျပင် နေကိုယ်အတိုင်း ပြန်လည်တည်ရှိပေမည်။

ဤနည်းဖြင့် ဝိဥာဏ်စမ်းသပ်မှုဝိုင်းတို့တွင်၊ အရာဝတ္ထုများကို အလွန်ဝေးကွာသောအရပ်တို့မှ တမုဟုတ်ချင်း ဆောင်ယူခဲ့လေသည်။ ခြေဖျက်လိုက်သောအခါ ယင်းတို့အားမည်သည့်ဝတ္ထုအထည်ကိုယ်ကိုမဆို၊ ဥဒါဟရဏ်အား [illegible]၊ အိမ်ထရံ၊ ဝါ၊ သေဘ္ဘာနံပါး-လုံးဝလွယ်ကူစွာဖြတ်သန်း ဆောင်ယူသွားနိုင်ချေသည်။ ထို့ကြောင့် ဒြပ်တခုကိုတခု ဖြတ်သန်း သွားခြင်းဟုခေါ်သောအရာမှာ၊ ကောင်းစွာနားလည်သောအခါ၊ ဆန်ခါကိုရေဖြတ်သန်း သွားသကဲ့သို့ရှင်း၊ ဓာတုဗေဒ စမ်းသပ်မှုအချို့တွင် အရည်ကိုအခိုးဖြတ်သန်းသွားသကဲ့သို့ရှင်း၊ လွယ်ကူလှသည်ကို ရှုမြင်ရလေသည်။

## ကိုယ်ထင်ပြခြင်း (ရုပ်တုပေါ်ထင်စေခြင်း)

တုန်လှိုင်းများကို ပြောင်းလဲလိုက်ခြင်းဖြင့်၊ ရုပ်ဒြပ်အားအခဲအနေမှအာကာသဓာတ်အနေသို့ပြောင်းလဲစေနိုင်ရကား၊ ဖြစ်ရပ်ကို နောက်ပြန်လှန်ကာ အာကာသဓာတ်အား ရုပ်ဒြပ်

အခဲအနေသို့ ရောက်စေနိုင်သည်ကိုနားလည်ပေလိမ့်မည်။ လုပ်နည်းတရပ်က ကြေပျက်မှုဖြစ်ပုံကို လင်းကျင်းသကဲ့သို့၊ အခြားလုပ်နည်းကကိုယ်ထင်ပြခြင်း(ရုပ်တုပေါ်ထင်စေခြင်း)ဖြစ်ပုံကို လင်းကျင်းသည်။ ပဌမဖြစ်ရပ်တွင် အရာဝတ္ထုအား ယင်း၏မူလဘာဝကို ပြန်လည်သိမ်းပိုက်ခြင်းမှ တားမြစ်ရန် ရည်ရူးစိတ်၏အစဉ်မပြတ် အားထုတ်မှုကိုလိုသည့်နည်းတူ၊ နောက်ဖြစ်ရပ်တွင်လည်းထိုနည်းနှင့်တထပ်တည်းတူစွာပင်၊ ရုပ်ပေါ်ထင်နေသောဒြဗ်ကို အာကာသဓာတ်ဘာဝသို့ ပြန်လည်ဆိုက်ရောက်သွားခြင်းမှတားမြစ်ရန်၊ ရည်ရူးစိတ်၏ အစဉ်မပြတ်အားထုတ်မှုကိုလိုလေသည်။

သာမန်ဝိဉာဏ် စမ်းသပ်မှုဝိုင်းတွင် မြင်ရသော ရုပ်ပေါ်ထင်စေမှု၌၊ လိုအပ်သောဒြဗ်ကို, တတ်နိုင်သလောက်၊ နတ်ဝင်သည်၏အာကာသဓာတ်ရုပ်တုမှခေတ္တဆောင်ယူလေသည်။ ဤသို့ပြုခြင်းသည် နတ်ဝင်သည်၏ ကျန်းမာရေးကို ထိခိုက်စေသည်ပြင်၊အခြားနည်းအမျိုးမျိုးကြောင့်လည်း မလိုအပ်ချေ။သို့ကြောင့်သာလျှင်ပေါ်ထင်နေသောရုပ်သည်အစဉ်အမြဲပင်နတ်ဝင်သည်နှင့် နီးကပ်နေသော အရပ်၌သာလျှင် ကြပ်တည်းစွာတွယ်ကပ်နေပြီးလျှင်၊ ယင်းထွက်ခွာလာသော ခန္ဓာဆီသို့အမြဲပြန်လည် ဆွဲဆောင်လျက်ရှိသော ဆွဲဆောင်အားအောက်သို့ ကျရောက်နေလေသည်။ထို့ကြောင့်နတ်ဝင်သည်မှ ကြာရှည်စွာခွဲခွာထားလျှင် ပေါ်ထင်နေသော ရုပ်ပုံသည် ပြိုပျက်သွား၍၊ယင်းကိုဖွဲ့စည်းထားသောဒြဗ်သည် အာကာသဓာတ်ဘာဝသို့ပြန်လည်ဆိုက်ရောက်သွားပြီးလျှင်၊ မူရင်းဌာနသို့ ချက်ချင်းတဟုန်တည်း ပြန်လည်ပြေးလွှားသွားလေသည်။

အချို့သောသာဓကတို့တွင်နတ်ဝင်သည်၏ခန္ဓာမှသိသိသည်း ၍မြင်ရသော ရုပ်ကြွင်းကိုပင် ခေတ္တထုတ်၍ယူသွားသည်မှာ ယုံမှားဖွယ်မရှိချေ။ သို့ရာတွင်ဤသို့လွဲပြောင်းယူမှုမှာ ကျွန်ုပ်တို့ အဖို့သဘောပေါက်ရန် ခဲယဉ်းပေမည်။ ယုံမှားဖွယ်မရှိသော ဤသို့ဖြစ်သည့် သာဓကများကို ကျွန်ုပ်ကိုယ်တိုင် တွေ့မြင်ရဖူးသည်။ ဤသို့ဖြစ်ခြင်း၏ သက်သေအထောက်အထားမှာ နတ်ဝင်သည်၏ရုပ်ခန္ဓာ၌ အလေးချိန်အတော်ပင် ယုတ်လျော့သွားခြင်းဖြစ်လေသည်။ အလားတူသာဓကများကို ကာနယ်အော် လကော့တ်၏ "အခြားလောကမှလူများ၊"အင်၊ အေ၊ အက်စကော၏"ပေါ်ထင်ရုပ် ပျောက်ကွယ်သွားသော သာဓကတရပ်" ခေါ်စာအုပ်တို့တွင် ဖော်ပြထားလျက်ရှိသည်။မဒင်—ဒက်စ်ပါရန်စ်၏ "ဆာယာလောက"တွင် ထို့ထက်ထူးခြားမှတ်သားဖွယ်ကောင်းသော သာဓကတရပ်ကိုပေးထားသည်။

## အဘဲ့ကြောင့်မှောင်ရိပ်ကို လိုအပ်သနည်း

ဝိဉာဏ်စမ်းသပ်မှုဝိုင်းတို့ကို အုပ်စီးစီမံနေသောဘူတတို့အဖို့၊ မှောင်ရိပ်အတွင်း၌၊ သို့မဟုတ်၊ လျော့၍ထားသော အလင်းရောင်အတွင်း၌၊ ဆောင်ရွက်ရန်အဘယ်ကြောင့် သာ၍လွယ်ကူသည်ကို ယခုသိသာ ထင်ရှားပေလိမ့်မည်။အကြောင်းသော်ကား၊ တောက်ပသော အလင်းရောင်ဘိုက ထကြွစေသော ပြင်းထန်သည့် တုန်လှိုင်းများအလယ်၌၊ ပေါ်ထင်နေသောရုပ်ကိုသော်၎င်း၊"ဝိဉာဏ်လက်"မျှကိုသော်၎င်း၊စက္ကန့်အနည်းငယ်မျှထက်ပို၍ တည်တံ့နေစေရန်၊ သာခန်အားဖြင့် ယင်တို့၏တန်ခိုးသ ္မမျ ားလုံလောက်လိမ့်မည်မဟုတ်ပေ ။

## ဝိဉာဏ်ခေတ်ပုံများ။

ဝိဉာဏ်စမ်းသပ်မှုဝိုင်းတို့သို့ ရောက်နေကျလူများသည်၊ရုပ်ပေါ်ထင်မှုသုံးမျိုးရှိသည်ကို၊ အမှန်ပင် သတိပြုမိကြပေမည်။ ပဌမ၊ ထိတွေ့နိုင်သော်လည်း မမြင်ရသော ရုပ်ပေါ်ထင်မှု၊ ဒုတိယ၊ မြင်ရသော်လည်း မထိတွေ့နိုင်သော ရုပ်ပေါ်ထင်မှု၊ တတိယ၊ မြင်ရ၍ထိတွေ့နိုင်သော ရုပ်ပေါ်ထင်မှု။ တွေ့ကြုံရမှုအများဆုံးဖြစ်သော ပဌမအမျိုးအစားတွင်၊ ထိုင်နေသူများ၏မျက်နှာများကို ပွတ်သပ်လေ့ရှိသော၊ ဝါ၊ အရာဝတ္ထုငယ်များကို အခန်းတလျောက်သို့ ဆောင်ယူလေ့ရှိသော၊ မမြင်ရသည့် ဝိဉာဏ်လက်များနှင့်၊ ယင်းမှတိုက်ရိုက်အသံများထွက်၍လာလေ့ရှိသော၊ အသံထွက်အင်္ဂါများ ပါဝင်လေသည်။၎င်းသည်တို့တွင်အလင်းရောင်ကို ပြန်၍လည်းမဟပ်နိုင်,ကာလည်းမကာဆည်းနိုင်သော ဒြဗ်အမျိုးအစားကို အသုံးပြုအပ်သည်၊ သို့ရာတွင်ထိုဒြဗ်သည် အချို့သော အခြေအနေ အောက်တွင် ကျွန်ုပ်တို့အားအသံအဖြစ်ဖြင့် ထိခိုက်သော တုန်လှိုင်းများကို လေထဲ၌ထကြွစေနိုင်သည်၊ ထိုအစား၏ အမျိုးကွဲတခုမှာ၊ တစိတ်တဒေသ ရုပ်ပေါ်ထင်ခြင်းဖြစ်လေသည်။ ထိုအမျိုးအစားသည်ကျွန်ုပ်တို့မြင်နိုင်သော မည်သည့်လင်းရောင်ကိုမျှ ပြန်ဟပ်ခြင်း မပြုနိုင်သော်လည်း၊ အချို့သောခါးရမ်းရောင် အထက်ရောင်ခြည်များကိုထိခိုက်နိုင်သဖြင့်၊ ခေတ်ပုံကိရိယာပေါ်၌ အနည်းအများငြိတ်သားသော အမှတ်အရာကို ထင်စေပြီးသော်၊ ဝိဉာဏ်ခေတ်ပုံဟုခေါ်သော အရာများကို ကျွန်ုပ်တို့အားပေးလေသည်။

ပြီးမြောက်သောရုပ်ပေါ်ထင်မှုကို ဖြစ်စေလောက်အောင် တန်ခိုးသတ္တိကို လုံလောက်အောင် မရနိုင်လောအခါ၊ ဒုတိယ အမျိုးအစားတွင် ပါဝင်သော၊ အခိုးအငွေ့ ကဲ့သို့သော ပုံသဏ္ဍာန်ကို၊ ကျွန်ုပ်တို့ တခါတရံ မြင်ရလေသည်။ ထိုသို့ဖြစ်သောအခါ "ဝိဥာဏ်" က ထိုင်နေသူများအား ပေါ်နေသော ရုပ်များကို မထိရန်သတိပေးလေ့ရှိသည်။ ဖြစ်ခဲ့သော ရုပ်ပြည့်စုံစွာပေါ်ထင်မှုတွင်၊ မြင်လည်းမြင်နိုင် ထိလည်းထိနိုင်သော ရုပ်ကို၊ အနည်းဆုံးခဏတာမျှ ဖွဲ့စည်းထားရန်၊ တန်ခိုးသတ္တိ လုံလောက်စွာ ရှိချေသည်။

မည်သည့်ကြံရွယ်ချက် အတွက်မဆို၊ အသေကွဲရဟန္တာက သော်၎င်း၊ သူ၏တပည့်ကသော်၎င်း၊ မိမိ၏မနော၊ ဝါ၊ ဇောတိဝါဟနရုပ် ပေါ်ထင်မှုကို ဖြစ်စေရန်လိုအပ်ခဲ့သော်၊ သူသည် မိမိ၏အာကာသဓာတ်ရုပ်တူမှသော်၎င်း၊ တပါးသူ၏အာကာသဓာတ်ရုပ်တူမှသော်၎င်း၊ ဆောင်ယူခြင်းမပြုချေ။ အဘယ်ကြောင့်ဆိုသော် သူသည်မိမိလိုအပ်သော ဒြပ်ကိုပတ်ဝန်းကျင်အာကာသဓာတ်မှ တိုက်ရိုက်ထုတ်ယူရန် တတ်မြောက်ပြီးဖြစ်လေသည်။

## ထပ်ပွားခြင်း။

ဤအကြောင်းအရာ၏ အစိတ်အပိုင်းနှင့် ရင်းနှီးစွာ ဆက်သွယ်နေသော ဖြစ်ပေါ်မှုတရပ်မှာ ထပ်ပွားခြင်းဖြစ်လေသည်။ အတူပြုလိုသော အရာဝတ္ထု၏စိတ်ရုပ်ပုံကိုပြည့်စုံစွာဖန်တီးပြီးနောက် ထိုသွန်းပုံ၏ပတ်ဝန်းကျင်၌ လိုအပ်သော ဇောတိနှင့် ရုပ်ဒြပ်တို့ကို ရုံးစုခြင်းဖြင့် ထပ်ပွားမှုကို ဖြစ်စေသည်။ ဤသို့

ဆောင်ရွက်ရန်၊ ထပ်ပွားလိုသောအရာဝတ္ထု၏ အတွင်းအပ ကလာပ်တိုင်းကိုတိကျမှန်ကန်စွာ တပြိုင်နက်တည်း အာရုံပြု ထားရန်လိုအပ်လေသည်။ ထို့ကြောင့် ထိုဖြစ်ပေါ်မှုကိုဆောင် ရွက်ရန်၊ စိတ်ကိုစူးစိုက်အာရုံပြုထားသည့်သတ္တိ အတော်ပင် လိုလေသည်။ လိုအပ်သောဒြပ်ကို ပတ်ဝန်းကျင် အာကာသ ဓာတ်မှတိုက်ရိုက်မထုတ်ယူနိုင်သောသူတို့သည်၊ တခါတရံမူလ ဝတ္ထု၏ဒြပ်မှ ခေတ္တထုတ်ယူတတ်သည်။ ထိုအခါထိုဝတ္ထု၏အ လေးချိန်သည် ထုတ်ယူသည်နှင့်အမျှ ယုတ်လျော့ သွားပေ လိမ့်မည်။

## ပုံပေါ်ခြင်း(ရုပ်သစ်ဖြစ်ပေါ်စေခြင်း)။

သဗ္ဗညုတဉာဏမဂ္ဂ စာပေတို့တွင် စာများဓာတ်ပုံများကို ဖြစ်ပေါ်စေသည့်အကြောင်းကျွန်ုပ်တို့ဖတ်ရှုရသည်။ ဤအကျိုး တရားကို အခြားအရာများနည်းတူ၊နည်းအမျိုးမျိုးဖြင့်ရယူနိုင် သည်။ အသေကွဲရဟန္တာ အသျှင်မြတ်တပါးသည်၊ တစုံတ ယောက်သောသူနှင့်ကမ်းလှမ်းဆက်သွယ်လိုလျှင်၊ စာရွက်ကို မိမိရှေ့မှောက်၌ ထားပြီးလျှင်၊ထိုစာရွက်ပေါ်၌မိမိကပေါ်ထင် လာစေလိုသော အရေးအသား၏ ပုံကိုစိတ်၌ဖန်တီးပြီးလျှင်၊ အာကာသဓာတ်မှဒြပ်ကိုယူပြီးနောက်၊ ထိုဒြပ်ဖြင့်ထိုပုံကိုပေါ် ထင်စေလေသည်၊ သို့တည်းမဟုတ်၊သူအလိုရှိခဲ့လျှင် သူနှင့်သူ စာရေးပေးပို့လိုသူတို့ မည်မျှပင်ကွာဝေးနေစေကာ၊ ထိုသူ၏ ရှေ့မှောက်၌ရှိသော စာရွက်ပေါ်၌၊ အလားတူ အကျိုးတရား ကိုဖြစ်ပေါ်စေရန်၊ သူ့အဖို့ နည်းတူပင် လွယ်ကူချေ၏။

အချိန်ကုန်သက်သာသဖြင့် ပိုမိုသုံးစွဲလေ့ရှိသောတတိယတ နည်းမှာ၊ သာဝကတဦး၏ မနောဝယ်စာ၌ ပါစေလိုသောအ

ချက်အားလုံးကိုထင်စေပြီးလျှင်၊ ကိုယ်ထိလက်ရောက်ပုံဖေါ်ခြင်းကို သူ့အားလွှဲအပ်လိုက်ခြင်း ဖြစ်လေသည်။ ထိုအခါ သာဝကသည်စက္ကူကိုယူပြီးနောက်, စက္ကူပေါ်၌ဆရာအသျှင်၏လက်ရေးဖြင့် ရေးထားသောစာကို စိတ်ကူးကာ၊ အထက်၌ ဖေါ်ပြခဲ့သည်အတိုင်း အရေးအသားကို ပုံဖေါ်လိုက်ပေလိမ့်မည်။ အကယ်၍ပတ်ဝန်းကျင်အာကာသဓာတ်မှဒြပ်ကိုထုတ်ဆောင်ခြင်းနှင့်၊ စက္ကူပေါ်၌ အရေးအသားကို ပုံဖေါ်ခြင်းဟူသော လုပ်ငန်းနှစ်ရပ်ကို တပြိုင်နက်တည်း ဆောင်ရွက်ရန် သူ့အဖို့ ခဲယဉ်းခဲ့သော်၊ သူ့နံဖေးရှိစာပွဲပေါ်၌ သာမန်မင်ကိုသော်၎င်း၊ မင်မှုန့်အနီးငယ်မျှကိုသော်၎င်း၊ သူယူထားနိုင်သည်။ယင်းတို့မှာ အခဲဒြပ်များဖြစ်ခြင်းကြောင့် ယင်းတို့မှလိုအပ်သောဓာတ်များကို ပိုမိုလွယ်ကူစွာ ထုတ်ယူနိုင်သည်။

ဤတန်ခိုးဣဒ္ဓိပါဒ်သည် ငဲ့ညှာခြင်း ကင်းမဲ့သောသူ၏ လက်တွင်း၌ အန္တရာယ်များမည့်လက်နက် ဖြစ်မည်မှာ ထင်ရှားပေသည်။ အဘယ်ကြောင့်ဆိုသော် မည်သူ့လက်ရေးကိုမဆို တုပရန်လွယ်ကူပြီးလျှင်၊ ဤနည်းဖြင့် တုသလိမ်လည်ထားချက်ကို သာမန်နည်းလမ်းများဖြင့် စုံထောက်တွေ့ရှိရန်ဖြစ်နိုင်ပေလိမ့်မည်မဟုတ်ချေ။ အသေက္ခရဟန္တာအသျှင်မြတ် တပါးပါးနှင့် အသေအချာဆက်သွယ်ခြင်းရှိသောသာဝကသည်၊တစုံတရာသော ကြားမှာစာသည် ထိုအသျှင်ထံမှ စင်စစ်ထွက်လာ မလာကိုသိနိုင်ရန် မမှားနိုင်သော စုံစမ်းနည်းအမြဲရှိသည်။ သို့ရာတွင်အခြားသူတို့အဖို့သော်ကား၊ ထိုစာ၏မူလ မှန်မမှန်သက်သေအထောက်အထားမှာ၊ စာသားနှင့်ယင်း၏ အာဘော်အတွင်း၌သာလျှင် လုံးဝတည်ရှိချေသည်။ လက်ရေးလက်သား၌ကား၊

မည်မျှပင်ပြတ်သားစွာ တုပထားသော်လည်း၊ သက်သေအထောက်အထားအဖြစ်ဖြင့်၊ တန်ဖိုးအလျှင်းမရှိချေ။

လျင်မြန်ခြင်းနှင့် စပ်လျဉ်း၍သော်၊ ဤရုပ်သစ်ဖြစ်ပေါ်စေခြင်းလုပ်ငန်း၌ အသစ်ဖြစ်သောသာဝကသည်၊ တကြိမ်လျှင်စကားအနည်းငယ်မျှကိုသာ ပုံဖေါ်နိုင်မည်ဖြစ်သဖြင့်၊ စာကိုသာမန်နည်းဖြင့်သူရေးသည်ထက်တိုးတက်လျင်မြန်မှုကို ရလိမ့်မည်မဟုတ်ချေ။သို့ရာတွင်ပိုမို အလေ့အကျင့် ရှိပြီးဖြစ်သဖြင့်စာတမျက်နှာလုံး,သို့မဟုတ်, တစောင်လုံးကို တပြိုင်နက်အာရုံပြုနိုင်သောသူသည်ကား၊ ထိုအလုပ်ကို ထို့ထက် လျင်မြန်စွာဆောင်ရွက်နိုင်ပေမည်၊ ဤနည်းဖြင့်ဝိဉာဏ်စမ်းသပ်ဝိုင်းတွင်အတော်ပင် ရှည်လျားသောစာတို့ကို စက္ကန့်အနည်းငယ်အတွင်းဖြစ်ပေါ်စေလေ့ရှိလေသည်။

ရုပ်ပုံကိုဖြစ်ပေါ်စေရန် လိုသောအခါ၊ ဆောင်ရွက်နည်းမှာ အတိအကျ ထို့အတိုင်းပင်ဖြစ်သည်။ သို့ရာတွင်ဤ၌ မြင်ခင်းတခုလုံးကို တပြိုင်နက်တည်းအာရုံပြုရန် လုံးဝလိုအပ်လေသည်ပြင်၊ အရောင်များစွာတို့ကို လိုခဲ့လျှင်၊ ယင်းတို့ကိုလုပ်ကိုင်ခြင်း ခွဲခြားထားခြင်းနှင့် ပုံဖေါ်ရမည့်ရှုခင်း၏ အသွေးအရောင်များကို တိကျမှန်ကန်စွာ ဖြစ်ပေါ်စေခြင်းဟူသော အပိုရှုပ်ထွေးမှုများ ဝင်လာလေသည်။ ဤ၌အနုပညာစွမ်းရည်ကိုအသုံးပြုရန် အခွင့်အရေးပေါ်လာပြန်ချေသည်။ ဤနည်းဖြင့်ဇောတိဘိုသားတိုင်းသည်၊ အကောင်းချင်းတူသော ရုပ်ပုံများကိုဖြစ်ပေါ်စေနိုင်သည်ဟုမထင်မှတ်ရာ။အသက်ရှင်စဉ်၌ အနုပညာသည်ကြီးဖြစ်ခဲ့ဖူး၍၊ မည်သည်ကိုကြည့်ရမည်၊ မည်သို့ကြည့်ရမည်ကို လေ့လာပြီးရှိသူသည်၊ သေပြီးနောက် ဇောတိ

ဘုံ၌ ရှိစဉ် ရုပ်ပုံဖြစ်ပေါ်စေခြင်းကို စမ်းသပ်ဆောင် ရွက်ခဲ့ သော်သာမန် ပုဂ္ဂိုလ်ထက် များစွာပို၍ အမှန်အောင်မြင် ပေလိမ့်မည်။

## ကျောက်သင်ပုန်းပေါ်၌ရေးခြင်း

စမ်းသပ်မှု စည်းကမ်းများအောက်၌၊ ကျောက်သင်ပုန်း ပေါ်၌ရေးခြင်းကို ဖြစ်ပေါ်စေခြင်းဖြင့်၊ နတ်ဝင်သည်အကြီး ဆုံးတို့ ကျော်စောလာကြသည်။ ထိုကျောက်သင်ပုန်းပေါ်၌ ရေးခြင်းကိုလည်း ပုံဖော်ခြင်းနည်းအားဖြင့်ပင် ဖြစ်ပေါ်စေ သည်။ သို့ရာတွင်အများအားဖြင့်သော်ကား ကျောက်သင်ပုန်း များစပ်ကြား၌ ထည့်ထားသော ကျောက်တံ အပိုင်းအစကို ဝိဉာဏ်လက်က ရွေ့ပေးလေ့ရှိသည်။ ဝိဉာဏ်လက်ကိုသော် ကျောက်တံကို စွဲကိုင်နိုင် ရုံလောက်သော သေးငယ်သည့် အစွန်းအစတို့၌သာ ရုပ်ဖော်ထားသည်။

## လေထဲသို့တက်ကြွပျံ့ခြင်း

ဝိဉာဏ်စမ်းသပ်မှုပိုင်းတို့တွင် တခါတရံဖြစ်တတ်၍၊ အရှေ့ တိုင်းသားယောဂီတို့တွင် ထို့ထက်ပိုမိုဖြစ်လေ့ရှိသော ဖြစ်ရပ် မှာ လေထဲသို့တက်ကြွပျံ့ခြင်း—လေထဲ၌ လူ၏ခန္ဓာကိုယ် ပျံ့ခြင်း-ဟုခေါ်သော အရာဖြစ်သည်။ ဤသို့ နတ်ဝင်သည်တက် ကြွခဲ့သော်၊ သူ့အား "ဝိဉာဏ်လက်များ"က မြှောက်ပင့် ထားခြင်းသာလျှင် ဖြစ်မည်ကို ယုံမှားဖွယ်မရှိချေ။ သို့ရာတွင် ဤအမှုကိုဆောင်ရွက်ရန်၊ အရှေ့တိုင်းတို့၌ အမြဲသုံးလေ့ရှိ၍၊ ဤအနောက်တိုင်း၌လည်း တခါတရံသုံးခဲ့သော၊ အခြားထို့ ထက် လောကဓာတ် ပညာနှင့်ဆိုင်သည့် နည်းတနည်းရှိလေ

သေးသည်။ကမ္ဘာ့အာကမုနသတ္တိ၏ ဆွဲဆောင်ခြင်းကို ကွယ်ပစေသည့်၊ ဝါ၊ လုံးဝတုံ့ပြန်စေသည့် နည်းကို ဂုတ္တဝိဇ္ဇာကသိသည်။ ဤတန်ခိုးဇုဒ္ဓိကို ခြင့်ချိန်အသုံးပြုခြင်းဖြင့် လေထဲ၌ ပျံဝဲမှုအားလုံးကို အလွယ်ပင် ဖြစ်ပေါ်စေနိုင်မည်မှာ သိသာပေ၏။ ဤလျှို့ဝှက်ချက်ကို သိသောဉာဏ်ဖြင့် ရှေးအိန္ဒိယနိုင်ငံနှင့် အတ္တလန္တိတ်ကျွန်းကြီးတွင် လေယာဉ်ပျံများကို မြေမှတက်ကြွစေပြီးလျှင် အလွယ်တကူလှုပ်ရှား၍ လိုရာသို့သွားစေနိုင်ခဲ့သည်မှာ ယုံမှားဖွယ်မရှိချေ။ ဤသဘာဝ၏အထူးသိမ်မွေ့သောခွန်အားများ၏ အသုံးကိုသိသော ပညာသည်ပင်၊ အလွန်ကြီးမားသော အဆောက် အဦးကြီးများ၊ ဝါ၊ ပိရမစ်များနှင့် စတုန်ဟင့် (ကျောက်စိုင်ဝိုင်းကြီး) တို့ကို တည်ဆောက်ရာ၌၊ အသုံးပြုသည့် ကြီးမားလှသော ကျောက်တုံးကြီးများကို ပင့်မြှောက်ခဲ့သူတို့၏ ကြိုးပမ်းမှုများကို အကြီးအကျယ် သက်သာလွယ်ကူစေခဲ့သည်မှာ မဟုတ်တန်ရာဟု မဆိုသာချေ။

## ဝိဉာဏ်လင်းရောင်များ

ဇောတိဘုံ၏အခြေခံဒြပ်များက၊ယင်းဘုံသားတို့၏အာဏာအောက်၌ ထားရှိသော၊ သဘာဝခွန်အားတို့ကို သိသောဉာဏ်ဖြင့်၊ "ဝိဉာဏ်လင်းရောင်များ" ဟု ခေါ်သောအရာများကို–ခပ်မှေးမှေး ပြောင်လက်နေသော အမျိုးအစား၊ဝါ၊ ခတ်မီး ရောင်ကဲ့သို့ ထွန်းဝင်းနေသော အမျိုးအစား၊ ဝါ၊ ယင်း၏အဖြစ်သို့ အချို့သောအဂ္ဂိဘူတ အမျိုးအစားတို့က မိမိတို့ကိုယ်ကို အလွန်လွယ်ကူစွာ ပြောင်းလဲလိုက်လေ့ရှိသော၊ ထိုထူးဆန်းသည့် ယိမ်းထိုးနေသော လင်းရောင်ဝန်း အမျိုး

အစား၊ မည်သည့် အမျိုး အစားကိုမဆို-ဖြစ်ပေါ် စေရန်မှာ လွယ်ကူသော ကိစ္စဖြစ်လေသည်။ လင်းရောင်ဟူသ၍ မှာ အာကာသဓာတ်၏တုန်လှိုင်းများသာဖြစ်ချေရကား၊ယင်းတုန် လှိုင်းများအား မည်သို့ထကြွစေရမည်ကို သိသောသူသည်၊ မိမိအလိုရှိသော မည်သည့် လင်းရောင် အမျိုးအစားကိုမဆို လွယ်ကူစွာ ဖြစ်ပေါ်စေနိုင်မည်မှာ ထင်ရှားပေသည်။

## မီးကိုကိုင်ခြင်း

အာကာသဓာတ်ဘာဝ၏ အကူအညီဖြင့်၊ ထိုထူးခြားမှတ် သားဖွယ်ကောင်းသည့်မီးကို ဘေးမဖြစ်စေပဲ ကိုင်တွယ်ပြခြင်း ကို ယောဘယျအားဖြင့် ပြုလုပ်လေသည်။ သို့ရာတွင် ဤအမှုကို ပြုရန် အခြားနည်းလမ်းများလည်း ရှိပေသေးသည်။ အပါး လွှာဆိုးသော အာကာသဓာတ် ဝတ္ထုကို၊ လုံးဝအပူမဝင် ရောက်နိုင်အောင် စီရင်ထားနိုင်သည်။ နတ်ဝင်သည်၏၊ သို့မ ဟုတ်၊ ဝိုင်းတွင်ထိုင်နေသူ၏ လက်ကို ယင်းအာကာသဓာတ် အလွှာဖြင့် ဖုံးအုပ်ထားသောအခါ၊ တောက်လောင်နေသော ကျောက်မီးသွေးကို သော်၎င်း၊ ရဲရဲတောက်နေသော သံကို သော်၎င်း၊ အန္တရာယ်လုံးဝမရှိပဲ သူကောက်ယူနိုင်လေသည်။

စားပွဲများကို ယိမ်းယိုင်စေခြင်း၊ စားပွဲပေါ်၌ ရိုက်ခေါက် ခြင်းစသော သေးငယ်သည့် ဖြစ်ပေါ်မှုများကို ပြုလုပ်ရာ၌၊ အ ထက်၌ပြောဆိုခဲ့သော သီးသန့်ခွန်အားများအပြင်၊ သာမန် မောင်းတံ သဘောတရားကိုလည်း သုံးလေ့ရှိပေသေးသည်။ ထိုသာဓကတို့တွင် အထောက်အခံမှာ နတ်ဝင်သည်၏ ခန္ဓာ ဖြစ်၍၊ မောင်းတံမှာ (နတ်ဝင်သည်၏ ခန္ဓာမှထွက်သည့်) ဘဂ်တိုပလစင် အချောင်းဖြစ်သည်၊ (ဒေါက်တာ၊ တဗလျူ၊

ရေး၊ ကရောဖေါ့ ရေး"စိတ်(ဇောတိ) အဆောက်အဦများ" ကိုကြည့်ပါ။)

## ဒြပ်သဘာဝကိုပြောင်းစေခြင်း

ကျွန်ုပ်တို့ယခု ဝိဉာဏ်စမ်းသပ်မှုပိုင်းတို့နှင့် ဆိုင်သောဖြစ်ပေါ်မှု အားလုံးလောက်ကို ညွှန်းဆိုပြီးလေပြီ။ သို့ရာတွင် ကျွန်ုပ်တို့၏ စာရင်းတွင် အလျှင်းချန်ခဲ့၍ မဖြစ်သော၊ ပြင်ပလောကနှင့် ဆိုင်သည့်ဖြစ်ရပ် တခုနှစ်ခု ရှိလေသေးသည်။ သတ္တုများကို ဘာဝတခုမှ တခုသို့ပြောင်းလဲခြင်းကို၊ ဥရောပခေတ်လတ်အင်္ဂလိက်သမားတို့၏ အိပ်မက်မျှသာဟု တခါကအထင်ရှိခဲ့ကြသည်။ များစွာသော သာဓကတို့တွင်လည်း ဤဖြစ်ရပ်အကြောင်းအရာတို့မှာ ဝိဉာဏ်ကို စင်ကြယ်စေမှု၏ အမှတ်လက္ခဏာမျှသာ ဖြစ်ကြောင်း ယုံမှားဖွယ်မရှိချေ။ သို့သော်ငြားလည်း ဤဖြစ်ရပ်ကို အချို့သောအခါတို့တွင် အကယ်ပင်ပြီးမြောက်အောင် ဆောင်ရွက်ခဲ့ကြောင်း သက်သေ အထောက်အထားများ ရှိခဲ့ဟန်တူသည်။ ယခုပင်လည်း ဤကိစ္စကို၊ စမ်းသပ်မှု စည်းကမ်းများအောက်၌၊ ဆောင်ရွက်ပြနိုင်သည်ဟု အတိအလင်းဆိုသော မှော်ဆရာကလေးများလည်း အရှေ့တိုင်းနိုင်ငံတို့၌ ရှိလေသေးသည်။ ဤသို့ဆောင်ရွက်နိုင်ဖွယ်ရာရှိမရှိကို ခေတ်လောကဓာတ်ပညာက ယခုစမ်းသပ်လျက်နေသဖြင့်၊ အချိန်တန်လျှင် အောင်မြင်ကောင်း အောင်မြင်ပေမည်။ ခပ်သိမ်းသော ဒြပ်တို့၌အဆုံးစွန်အနုမှာ တခုတည်းနှင့် အတူတူဖြစ်၍၊ ယင်း၏ဖွဲ့စည်းမှု နည်းတို့သည်သာကွဲပြားချေရကား၊ မည်သူမဆို သတ္တုတစကို အနုအခြေသို့ရောက်အောင်ခြေဖျက်၍၊ ယင်း၏အနုများကို အခြားသဏ္ဌာန်

တခုသို့ရောက်အောင် ပြန်လည်ဖွဲ့စည်းနိုင်သော တန်ခိုးသတ္တိ ရှိခဲ့လျှင်၊ သတ္တုတို့ကို ဘာဝတခုံမှတခုသို့ မိမိအလိုရှိသလို ပြောင်းလဲလိုက်ရန် ခဲယဉ်းတော့မည်မဟုတ်သည်မှာ ထင်ရှား ပေသည်။

## တန်ပြန်ခတ်ခြင်း

အထက်၌ဖော်ပြခဲ့သည့် တုံ့ပြန်ပူးပေါင်း တုန်လှုပ်ထခြင်း သဘောတရားသည်၊ ထိုထူးခြားနှင့် အသိနည်းသည့်၊ တန်ပြန် ခတ်ခြင်းဟု ခေါ်သောဖြစ်ရပ်၏ ရှင်းလင်းချက်ကို ပေးအပ် သည်။ ဤတန်ပြန်ခတ်ခြင်းနည်းဖြင့်၊ လှည့်လည်ကျက်စားနေ ခိုက်ကိုယ်ထင်ပြနေသော ခန္ဓာပေါ်၌ ပြုလုပ်ခဲ့သောဒဏ်ရာ၊ ပေါ်ထင်စေခဲ့သော အမှတ်အသားကို၊ ရုပ်ခန္ဓာပေါ်၌ အ လားတူဖြစ်ပေါ်စေပေလိမ့်မည်။ ဤဖြစ်ရပ်၏ သဲလွန်စများကို ခေတ်လတ်စုန်းအတတ်ဖြင့် ပြုစားသည်အတွက် စစ်ဆေးရာ တွင်တင်ပြသော သက်သေခံချက်များ၌တွေ့ရသည်။ဤသက်သေ ခံချက်များတွင်၊ မကြာခဏထွက်ဆိုလျက်ရှိသည်မှာ၊ စုန်းမ အား ခွေး,သို့မဟုတ်,ဝံပုလွေသဏ္ဌာန်၌ရှိစဉ်ပေးခဲ့သောဒဏ် ရာသည်၊ ထိုလူစုန်းမ၏ ကိုယ်အလားတူ အစိတ်အပိုင်းတွင် ပေါ်လျက်နေသည်ကို တွေ့ရသည်ဟူ၏။ ဤသဘာဝမမှသည် ပင်လျှင်၊ တခါတရံနတ်ဝင်သည်အား လှည့်ဖြားသည်ဟူသော လုံးဝမမှန်သည့် စွပ်စွဲချက်ကို ခံရစေသည်။ အဘယ်ကြောင့် ဆိုသော်၊ ဥဒါဟရဏ်အားဖြင့်၊ ကိုယ်ထင်ပြနေသော'ဝိဥာဏ်' ၏ လက်ပေါ်၌ သုပ်ခဲ့သောဆိုးဆေးကို နတ်ဝင်သည်၏ လက် ပေါ်၌ နောင်တွေ့ရသည်။ ဤသာဓကတွင် ရှင်းလင်းချက်မှာ

မကြာခဏဖြစ်လေ့ ရှိသည့်အတိုင်း၊ 'ဝိဥာဏ်' မှာ နတ်ဝင်သည်၏ အာကာသခေတ် ရုပ်တူပင် ဖြစ်၍၊ ထိုရုပ်တူကိုအုပ်စီးညွှန်ပြလျက်ရှိသော တန်ခိုးသတ္တိတို့က၊ ယင်း၏ သဏ္ဍာန်ရင်းမှလွဲ၍ အခြားသော သဏ္ဍာန်ကို အတင်းယူစေသည်။ စင်စစ်မှာ ဤရူပက္ခန္ဓာ၏ အစိတ်အပိုင်းနှစ်ခုတို့သည် အလွန်ရင်းနှီးစွာ ဆက်စပ်လျက်ရှိချေရကား၊ တခု၏အသံသေ့ချက်အား၊အခြားတခု၌အတိအကျ တူသောတုန်လှိုင်းများကို ချက်ချင်းမထကြွစေအောင် ထိခတ်ခြင်းငှာ မဖြစ်နိုင်ချေ။

---

## အခန်း ၅

### နိဂုံး

ဤစာအုပ်ကို ဤအထိနားလည်ရန် လုံလောက်စွာ စိတ်ပါဝင်စားလာခဲ့သော စာဖတ်သူသည်၊ဇောတိဘုံနှင့် ဇောတိဘုံ၌ ဖြစ်နိုင်သောအရာများကို အပြားအားဖြင့် သဘောပေါက်လျက်ရှိပြီးလျှင်၊ ဤဘုံနှင့်စပ်လျဉ်း၍ ဖတ်နေစဉ်တွေ့ရသော အချက်များကို နားလည်ကာ၊ ယင်းဘုံ၏ စီမံခန့်ခွဲထားပုံတွင် ဆိုင်ရာမှန်ကန်သည့်နေရာ၌ သွတ်သွင်း ထားနိုင်လိမ့်မည်ဟု မြော်လင့်ပါသည်။ လွန်စွာကြီးကျယ်သော အကြောင်းအရာကို ပုံကြမ်းမျှလောင်း၍ပေးခဲ့သော်လည်း၊ဇီဝဗေဒ,ရူပဗေဒ,ဓာတုဗေဒ,နက္ခတ်ပညာ၊ဆေးပညာ, ရာဇဝင်ပညာ စသည်တို့ကို လေ့လာရာ၌ ဇောတိအမြင်၏ အလွန့်အလွန် အရေးကြီးပုံနှင့်၊ဇောတိအမြင် ထက်သန်ဖွံ့ဖြိုးလာခြင်းဖြင့် ဤခပ်သိမ်းသော လောကခေတ်ပညာတို့ကို အဘယ်မျှ

တိုးတက်လာစေနိုင်မည်ကို ဖေါ်ပြရန် လုံလောက်စွာခြက်ဆိုခဲ့ပေပြီ။

သို့ရာတွင် ဇောတိအမြင် ရမှုသက်သက်သည် ရည်ရွယ်ချက်၏ အဆုံးသတ်ပင်ဟု မည်သည့်အခါမျှ မသင်မှတ်ရာ။ အဘယ်ကြောင့်ဆိုသော် ထိုရည်ရွက်ချက်ဖြင့် မည်သည့်နည်းလမ်းကို မဆိုလက်ခံခဲ့သော်၊အရှေ့တိုင်းနိုင်ငံတို့၌ လောကိက (လောကီနှင့်ဆိုင်သည်) ဟု ခေါ်သော နည်းလမ်းများသို့ မလွဲ အမှန်ရောက်သွားပေလိမ့်မည်။ ဤလောကိက ထုံးနည်းတို့ဖြင့် အချို့သော ဇောတိစိတ်တန်ခိုးများကို အကယ်ပင်ရခဲပမည်။သို့ရာတွင် မျက်မှောက်ပုဂ္ဂိုလ်အတွက်သာ ဖြစ်လိမ့်မည်။ ၎င်းပြင် ယင်းတို့ကိုရမှုအား၊ ဘေးဆည်းရန်ဆည်း အကာအကွယ်တို့ဖြင့် ဝန်းရံစောင့်ရှောက်၍ မထားချေရကား၊ ရရှိသူသည် ထိုတန်ခိုးတို့ကို အလွဲသုံးစားပြုရန် အလွန့်အလွန်လွယ်ကူလေသည်။ ထိုအမျိုးအစားတွင် မူးယစ်စေသောဆေးများကို အသုံးပြုခြင်း၊ ခေါ်ဘူတများကို ပင့်ဖိတ်ခြင်းနှင့်၊ ဟဌယောဂ အလေ့အကျင့်များနှင့် မကင်းသည့် နည်းလမ်းအပေါင်းတို့ပါဝင်သည်။

အခြားလောကုတ္တရာဟု ခေါ်သော နည်းလမ်းတွင် ရာဇယောဂ၊ ဝါ၊ ဝိဉာဏ်တိုးတက်မှုပါဝင်သည်။ ထိုနည်းလမ်းမှာ အခြား နည်းလမ်းထက် နှေးကောင်း နှေးမည် ဖြစ်သော်လည်း၊ ဤနည်းလမ်းဖြင့်ရသ၍သော အရာများမှာ၊ တည်မြဲပုဂ္ဂိုလ် (ပဋိသန္ဓေဝိဉာဏ်) အဖို့ဖြစ်၍ မည်သည့်အခါမျှ ပျောက်ပျက်မသွားချေ။ အသေက္ခရဟန္တာ ဆရာအသျှင်၏ စောင့်ရှောက် ညွှန်ကြား မှုကလည်း ထို ဆရာ အသျှင်၏

ပြဲဝါဒများကို မသွေမလွဲ နာခံနေသမျှ ကာလပတ်လုံး၊ တန်ခိုးသတ္တိများကို အလွဲသုံးစားပြုခြင်းမှ လုံးဝလုံခြုံရေးကို ပေးလေသည်။ ထိုအခါကျမှသာလျှင် ဇောတိစက္ကူအာရုံပွင့်လင်းလာခြင်းကို၊ အဆုံးမရှိမြင့်မြတ်သောအရာ၏ ကြီးပွားဖွံ့ဖြိုးမှုတွင် တစခန်းဟူ၍ ထင်မှတ်ရာ၏။ လွန်စွာမြင့်မားသော အသေကွဲရဟန္တာအဖြစ်နှင့်၊ မျက်မှောက် ကျွန်ုပ်တို့၏ ကျဉ်းကျုံ့သော မနောများဖြင့် စိတ်ကူးခြင်းငှာမတတ်ရာသော ပညာရှင်တို့နှင့် စပ်လျဉ်း၍ ခမ်းနားကြီးကျယ်သည့် ရိပ်သာများကို ဖြတ်သန်းကာ၊ ထိုအသေကွဲရဟန္တာအဖြစ်ထက်ပင် ကျော်လွန်၍ လူတို့အား ဆောင်ယူသွားမည့်အထက်သို့ တက်လမ်းမင်္ဂကြီးတွင်၊ ထိုဇောတိ စက္ကူအာရုံပွင့်လင်းလာမှုမှာ ခြေတလှမ်း, လွန်စွာသေးငယ်လှသော ခြေတလှမ်းမျှသာ, ဖြစ်ပေသေးသည်။

သို့ရာတွင် မည်သူမျှ ဇောတိဘုံနှင့် စပ်လျဉ်းသည့် ထိုကျယ်ပြန့်သော စက္ကူအာရုံကို၊ ကောင်းခြင်းမင်္ဂလာ သက်သက်သာဟုမထင်မှတ်ရာ။ အဘယ်ကြောင့်ဆိုသော်၊ ထိုစက္ကူအာရုံပွင့်လင်းလျက်နေသော သူ၏အပေါ်၌ လောကကြီး၏သောကနှင့် ဒုက္ခ,ဆိုးယုတ်မှု (ဒေါသ)နှင့် လောဘ တရားတို့သည့် အမြဲတည်ရှိနေသော ဝန်ထုပ်ကြီးကဲ့သို့ ဖိနှိပ်နေပေလိမ့်မည်။ သို့ဖြင့်သူ၌ ရှစ်လာ၏ စိတ်အားထက်သန်စွာ တောင်းပန်ချက်စကားများကို သံယောင်လိုက်၍ ရွတ်ဆိုလိုစိတ် ပေါက်၍လာပေလိမ့်မည်။ "အာရုံပွင့်လင်းလာသောအခါကျမှ သင်၏ဗျာဒိတ်တော်ကို ကြေငြာရန်၊ ဤအမြဲ ကန်းတီးနေသော မြို့တွင်းသို့ အဘယ်ကြောင့် အကျွန်ုပ်အား ပစ်ချထားပါသ

နည်း။ ဤဝမ်းနည်းဖွယ်ရာကောင်းသော ကြည်လင်သည့် စကြာအာရုံကို ပြန်၍ယူပါလေ၊ ဤရက်စက်လှသော အလင်း ရောင်ကို အကျွန်ုပ်၏ စကြာများမှ ယူသွားပါလေ။ အကျွန်ုပ်၏ ကန်တီးမှုကို–အကျွန်ုပ်ပိုင်အာရုံများ၏ ချမ်းသာသော အမိုက် မှောင်ကို–အကျွန်ုပ်အား ပြန်လည်ပေးအပ်ပါလေ။ အသင်၏ ကြောက်မက်ဖွယ်ကောင်းသောဆုကို ပြန်လည် သိမ်းဒိုက်ပါ လေ။"မဂ်၏ စောစောပိုင်းများတွင် ဤစိတ်မျိုးမှာ သဘာဝ မကျသည်မဟုတ်ပေ။ သို့ရာတွင် ထို့ထက်ခြင့်မားသောစကြာ အာရုံနှင့် ထို့ထက်နက်နဲသော ပညာတို့က၊ ခပ်သိမ်းသော အရာတို့သည် ခပ်သိမ်းသော အရာတို့၏ အဆုံးသတ် ကောင်း ကျိုးအတွက် ပူးပေါင်း ဆောင်ရွက်လျက် ရှိသည်ဟူသော လုံးဝသေချာသော အသိဉာဏ်ကို သာဂက၏ ထံသို့ဆောင် ယူလာလေသည်။

တနာရီပြီးတနာရီ၊ ပွင့်အာလာသော ပန်းကဲ့သို့၊
သစ္စာတရားတခုပြီးတခု၊ ကားပြန့်လာသည်။
နေသည် မှိန်၍၊ ကြယ်များမိုက်ရာသည်၊
သဒ္ဒမ္မသည်ကား တည့်နေပေမည်။
သဒ္ဒမ္မ၏ ရောင်ခြည်သည် ဝင်းထိန်း၍၊ အာနိသံ
သည် တိုးပွားလျက်ရှိသည်။
သဘာဝ၏ နွေးကွေးသော လုပ်ငန်း ဖြစ်ပေါ်စဉ်၊
ပိုးမွှားငယ်များဘာဝမှအရာခပ်သိမ်းတို့၏ အသျှင်
ကြီးများအဖြစ်သို့၊
ကမ္ဘာများနှင့် ကုဋေကုဋာ နှစ်များကို ဖြတ်သန်း
(ဆိုက်ရောက်သွားသည်)။

# ဝေါဟာရအဖွင့်

အမတဝိဉာဏ် – လောကုတ္တရာဝိဉာဏ်၊ လူ၏အသ်တခေတ်။

အေဇီကိအယ် –Ezekiel. (ခရစ်ဘော်နှစ် ခုနစ်ရာစုအတွင်း)၊ ဣသရေလ ဖုန်းတော်ကြီးနှင့် ပရောဖက်ကြီး။ ဗဗိလုန် (ဗာဝေရု)ပြည်၌ သုန့်ပန်းဖြစ်နေစဉ် ယင်း၏အမည်ဖြင့်တွင်လျက်ရှိသော ကျမ်းစာများကိုရေးသည်။

ကမ္ဘာဝန်း စ – ဤကမ္ဘာစဉ်တွင် ရုပ်လောက၌ တည်လျက်ရှိသော ကမ္ဘာဝန်း ၃ ခု၊ ဇောတိလောက၌ တည်လျက်ရှိသောကမ္ဘာဝန်း ၂ ခု၊ အောက်မန(ရူပဗြဟ္မာ)လောကတွင် တည်လျက်ရှိသောကမ္ဘာဝန်း ၂ ခု၊ ပေါင်း ၇ ခုရှိရာ၊ ယင်းတို့ကိုအက္ခရာများဖြင့် **က၊ခ၊ဂ၊ဃ၊င၊စ၊ဆ**၊ ဟူ၍အမည် ပေးထားသည်။ ထို့အနက် အလယ်ဗဟိုကျသော ကမ္ဘာဝန်း **ဃ** မှာ ဤကမ္ဘာမြေလုံးပင်ဖြစ်သည်။ **ဂ** ကမ္ဘာဝန်းမှာ အင်္ဂါဂြိုဟ်၊ **င** ကမ္ဘာဝန်းမှာ ဗုဒ္ဓဟူးဂြိုဟ်ဖြစ်ကြသည်။ **စ** ကမ္ဘာဝန်းမှာဇောတိဘုံ၌ရှိ၍၊ ထိုကမ္ဘာဝန်းသို့ နောင်မဟာကပ်နှစ်ကပ် ကုန်လွန်ပြီးမှသာလျှင် ဤကမ္ဘာလူသားတို့ရောက်မည်။

ကရ်ဂျူ(တိဗက်စကား) – ရေးသားထားသောကျမ်းစာများ အပြင်၊ ထေရအဆက်ဆက်မှ နှုတ်ဖြင့်ဆင်းသက်လာသည်ဆိုသော ဗုဒ္ဓသျှင်တော်ဖုရား၏ စကားများကိုပါ လက်ခံယုံကြည်သော တိဗက်ရဟန်းဂိုဏ်း။

ကာနယ်အော်လ်ကော့တ်(၁၈၃၂-၁၉၀၇) – အမေရိကန်ပြည်ထောင်စုသား။ ပြည်ထောင်စုစစ်ဌာနတွင် ဗိုလ်မှူး

ကြီး အဆင့် အတန်းထိ ရဲရဲတောက် အမှုထမ်းပြီး နောက်၊ ထွက်၍ ဝတ်လုံတော်ရအဖြစ်ဖြင့် အောင်မြင် စွာ ဆောင်ရွက်နေစဉ်၊ ရှရှားအမျိုးသမီးကြီး မဒင် ဗလာဝတ်စကီနှင့် တွေ့ပြီးလျှင်၊ နှစ်ယောက်ပူးပေါင်း ကာ သဗ္ဗညုတဉာဏ အသင်းကို ၁၈၇၅ ခု နှစ်တွင် တည်ထောင်သည်။ ၎င်းသို့တည်ထောင်သည့် အချိန်မှ ၁၉၀၇ ခုနှစ်တွင် ကွယ်လွန်သွားသည်တိုင်၊ အသင်း၏ ဥက္ကဋ္ဌအဖြစ်ဖြင့် ကိုယ်ကျိုးကို စွန့်လွှတ်ကာ ကြီးပမ်း ဆောင်ရွက်သွားသည်။

ဂေလုဂ္ဂ (တိဗက်စကား) – ၁၅ ရာစုလောက်တွင် ရဟန်း တော်ကြီး စောင်ခပ တည်ထောင်ခဲ့သော၊ တိဗက်နိုင်ငံ တွင်အကြီးဆုံးနှင့် ရှာန်တရားတွင် အပေါက်မြောက် ဆုံးဟုကျော်ကြားသည့် သင်္ကန်းဝါဝတ် ရဟန်းဂိုဏ်း။

ဂြိုဟ်နတ် – သူရိယ စကြာဝဠာအတွင်း၊ ဂြိုဟ်တို့နှင့် ဆိုင် သည့်ဌာနကြီး ခုနစ်ရပ်ရှိသည်အနက်၊ တဌာနစီကို အုပ်စိုးသော လွန်စွာမြင့်မား တန်ခိုးနှင့် ပြည့်စုံသည့် နတ်ကြီးများ။

စောကရတ် – Socrates. (ခရစ်တော် အလျင်နှစ် ၄၇၀– ၃၉၉)၊ ဂရိတ်လူမျိုး အဘိဓမ္မာဆရာကြီးနှင့် ပညာရှိ သူတော်ကောင်းကြီး။ အများယုံကြည် ကိုးကွယ်သော နတ်များကို မကိုးကွယ်ပဲ၊ လူငယ်များအား မိမိ၏အ ယူနှင့် ထင်မြင် ချက်များကို ဟောကြားခြင်းဖြင့်ဖျက်စီး သည်ဟု စွတ်စွဲကာ၊ သေဒဏ် စီရင်ခြင်း ခံရသဖြင့်၊ အဆိပ်သောက်သေလိုက်သည်။

စောင်မသူနတ် — Spirit Guide. ဝိဉာဏ်စမ်းသပ် ဝိုင်းတို့တွင် နတ်ဝင်သည်နှင့် ဆက်သွယ်ကာ ဖြစ်ပေါ်မှုများကိုစီမံဆောင်ရွက် ပေးသောနတ်။

တန္တြ (သံသကြိုင်) — အများအားဖြင့် လောကီတန်ခိုးဣဒ္ဓိတို့အတွက်၊ မှော်အစီအရင်, အလေ့ အကျင့်များ။ ယင်းတို့ကို ပြသောကျမ်း။

ဒိဗ္ဗစက္ခု — Clairvoyance. ဗိရှေ့လက်ဗိတာရေးစာအုပ်။ ထိုစာအုပ်တွင်ပုဗ္ဗေနိဝါသဉာဏ်၊ အနာဂတံသဉာဏ် စသည်တို့ပါဝင်သည့် ဒိဗ္ဗစက္ခု အမျိုးအစားကိုသာမက၊ ဒိဗ္ဗစက္ခုကို ရရန်မည်သို့ကျင့်လေ့ အားထုတ်ရမည်ကိုပါ ညွှန်းဆိုထားသည်။

ဒုဂ္ဂ(တိဗက်စကား) — အကော်နှင့်တူသောသူ၊ လူဆိုးလူယုတ်မာ။

နိန်မာပ(တိဗက်စကား) — အလွန်ယုတ်နိမ့်သောသူ?။

နိမ္မာနကာယ (ပါဠိ) — ဗုဒ္ဓ၏ကာယသုံးခု (ဓမ္မကာယ၊ သမ္ဘောဂကာယ၊ နိမ္မာနကာယ)အနက် အနိမ့်ဆုံးကာယ၊ ရုပက္ခန္ဓာကိုစွန့်ပယ်ပြီးသော် ထိုနိမ္မာနကာယဖြင့် လူဘို့၏ လောကုတ္တရာ ကြီးပွားရေး အတွက်ဆောင်ရွက်နေသော အသေက္ခရဟန္တာနှင့် ထို့ထက်ကြီးမြတ်သူများ။

ဗုန်ပ(တိဗက်စကား)—တိဗက်နိုင်ငံတွင်ဗုဒ္ဓသာသနာမရောက်မီထွန်းကားနေသော၊ စုန်း, မှော်, နတ်အယူဝါဒကိုလိုက်နာသူ။

မမြင်ရသောကူညီသူများ — Invisible Helpers. ဗိရှော့ လက်ဗိတာရေးသောစာအုပ်။ ထိုက်သူတို့အား အကူအညီ ပေးနေသူတို့မှာ ဒေဝါများ၊သဘာဝဘူတများ၊ ကွယ်လွန်ပြီးလူသားများ၊ အသေက္ခရဟန္တာ အသျှင်များနှင့် သာဝကများ ဟူ၍ရှိရာ၊ ယေဘုယျအားဖြင့် သာဝကများသာ ဖြစ်ပြီးလျှင်၊ အကူအညီကိုမည်သို့ ပေးနိုင်သည်၊ဤသို့ပေးနိုင်ရန်မည်သို့လေ့ကျင့်ရသည် စသည်တို့ကို၊ ဤစာအုပ်တွင်ရေးသားဖော်ပြထားသည်။

မျက်နှာမည်းအသျှင်ကြီးများ—Lords of the Dark Faces. အတ္တလန္တိတ် ယဉ်ကျေးမှုခေတ်တွင်၊ အောက်လမ်း မှော် အတတ်၌ တဖက်ကမ်းခတ်သော မှော်ဆရာ ကြီးများ။

လူ-မြင်ရနှင့်မမြင်ရ-Man Visible and Invisible.ဗိရှော့ လက် ဗိတာ ရေးသော စာအုပ်။လူ၏နာမ် ခန္ဓာများဖြစ်သော ဇောတိခန္ဓာ (ဝေဒနက္ခန္ဓာ)၊ မနက္ခန္ဓာ(သညက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ)၊ ဝိညာနက္ခန္ဓာ(ကာရဏသရီရ)စသည် တို့ကို ဈာန်ဖြင့် ကြည့်ရှုလေ့လာပြီးလျှင်၊ ရောင်စုံရုပ်ပုံ များဖြင့်ပြ၍ ထိုစာအုပ်ကို ပြုစုထားသည်။

လောကုတ္တရာဒိဗ္ဗအင်အား— Divine Force. စကြဝဠာတခု လုံးတွင် လောကီ, လောကုတ္တရာ နှင့်ရုပ်စလုံးနှင့် ဆိုင် သည့် နိယျာမ တရားများကို ဖြစ်ပေါ်နေစေသော အ ခြေခံ အသင်္ခတဓာတ်အင်အား၊

သုဝဏ္ဏဒွါနမြို့နန်းရှင်၊ ဒိဗ္ဗဘုရင်ကြီးများ - အတ္တလန္တိတ် ခေတ်တွင် မြောက်လတ္တီတွဒ် ၁၀° နှင့် အနောက်

မလာင်ဂျိဘွဒ် ၄၀ ံ တို့တွေ့ဆုံသည့် နေရာခန့်လောက်တွင်၊ အနှစ်ဆယ်သိန်းလောက်က မနု ဘုရင်ကြီးတည်ထောင်၍၊ အနှစ် နှစ်သိန်းခန့်လောက်တိုင် တည်ရှိနေသော သုဝဏ္ဏဒွါရခေါ် မြို့တော်ကြီးတွင်၊ ထီးနန်းစိုက်ထူ၊ စိုးအုပ်တော် မူခဲ့ကြသော၊ ဒွိဖွန္နယ်ဝင်၊ မနုလောင်းနှင့် ဗုဒ္ဓလောင်း၊ မင်းကောင်းမင်းမြတ် ဘုရင်ကြီးများ။

သေနေကာ— Jucius Annaeus Seneca. (ခရစ်တော်အလျှင်နှစ် ၃-ခရစ်တော်နောက် ၆၅)။ ရောမလူမျိုး ပုဂ္ဂိုလ်ကြီးနှင့် အဘိဓမ္မာဆရာကြီး။ စတိုအစ်ခေါ် ချီးချံ ပြင်းထန်သော အကျင့်ဆိုင်ရာ အဘိဓမ္မာတရားကို ဟောကြားလိုက်နာသူဖြစ်သော်လည်း၊ လုပ်ကြံမှုတခုတွင်ပါဝင်သည်ဟု စွပ်စွဲခံရသဖြင့်၊ သူ့ကိုယ်သူသတ်၍ သေလိုက်သောအခါ၊ သူ၏ကျန်ရစ်ခဲ့သော ပစ္စည်းဘန်ဖိုးမှာ ထိုခေတ်သုံးငွေဖြင့် သန်းပေါင်းသုံးရာခန့်ရှိသည်ဟုဆိုသည်။

မသဲ့ချက်အသံ—Key note. အချက် အချာဖြစ်သော အသံ၊ ဝါ၊ သဘောတရား။ ထိုအချက်အချာ အသံ၊ ဝါ၊ သဘောတရားကို ဖြစ်ပေါ်စေသောအခါ ယင်းအပေါ်၌ တည်သောအရာ ဖြစ်ပေါ်၍သော်ငင်း လာသည်၊ ပျက်စီး၍သော်ငင်းသွားသည်။

ဟိမဝန္တာသံဃ ဂိုဏ်းကြီး—ဟိမဝန္တာ တောင်တန်းဒေသတွင် ဗဟိုပြုလျက်ရှိသော ပရမတ္ထသံဃာဂိုဏ်းကြီး။ ကမ္ဘာ့

ရေးရာများကို စိမံအုပ်ချုပ်ရေး၊ သာသနာရေး၊ အတတ်ပညာ,ယဉ်ကျေးမှုစသည့် အရေးဟူ၍ သုံးဌာနခွဲခြားပြီးလျှင်၊စိမံဆောင်ရွက်နေသော၊ အနိမ့်ဆုံးမှ အမြင့်ဆုံးမဂ်အဆင့်အတန်း၌တည်သူ အရိယာ ခပ်သိမ်းတို့ ထိုဂိုဏ်းကြီးတွင် ပါဝင်သည်။

# သဗ္ဗညုတဉာဏအသင်း

သဗ္ဗညုတဉာဏအသင်းကို ၁၈၇၅-ခု၊ နိုဝင်ဘာလ ၁၇ ရက်တွင် နယူးရောက်မြို့၌ ဖွဲ့စည်း၍၊ ၁၉၀၅-ခု၊ ဧပြီလ ၃ ရက်တွင် မဒရတ်မြို့၌ အသင်းအဖြစ်ဖြင့် မှတ်ပုံတင်သည်။ ထို အသင်း၏ ကြေငြာထားသော ရည်ရွယ်ချက်သုံးခုမှာ –

ပဌမ – အမျိုးအနွယ်, အယူဝါဒ, ယောက်ျား မိန်းမ, ဇာတ်, အသွေး အရောင်ဟူ၍ မခွဲခြားပဲ၊ တကမ္ဘာလုံးရှိလူတို့၏ သား[illegible]င်းအဖွဲ့အစည်း[illegible] ကို ဖန်တီးပေးရန်။

ဒုတိယ – အယူဝါဒ,အဘိဓမ္မာနှင့် လောကဓာတ်ပညာ တို့အား ယှဉ်ပြိုင်တိုက်ဆိုင် လေ့လာရေးကို အားပေးရန်။

တတိယ – မလင်းကျင်းသေးသော သဘာဝဓမ္မ များနှင့် လူ၌ ကိန်းလျက်ရှိသော တန်ခိုးသတ္တိ များကို စူးစမ်းရန်။

သဗ္ဗညုတဉာဏ အသင်းတွင် မည်သည့်ဘာသာကိုမဆို လိုက်နာသူများ,သို့မဟုတ်, မည်သည့်ဘာသာကိုမျှ လိုက်နာခြင်းမပြုသူများဖြစ်သည့် လေ့လာသူဘို့ပါဝင်သည်၊ အသင်း၏ ရည်ရွယ်ချက်များကို သဘောတူလက်ခံထားခြင်း, အယူဝါဒဆိုင်ရာ ပဋိပက္ခများကို ဖယ်ရှား၍ အယူဝါဒဆိုင်ရာ ထင်မြင်ယူဆချက်များ မည်သို့ပင် ရှိစေကာ စိတ် စေတနာကောင်းရှိသူတို့အား စုရုံးလျက်ရှိစေလို စိတ်များနှင့်, အယူဝါဒဆိုင်ရာ အမှန်တရားများကို လေ့လာ၍ လေ့လာသဖြင့် ရအပ်သော

အကျိုးတရားများကို အခြားသူတို့နှင့် ခဝမျှခံစား လိုသော ဆန္ဒများက ထိုသူတို့အား စုစည်းလျက်ထားလေသည်။ သူတို့၏ စည်းလုံးခြင်းကို နှောင်ဖွဲ့ထားသည့် အရာသည်ကား ယုံကြည်ချက် တခုတည်းကိုလက်ခံထားမှုမဟုတ်ပဲ၊ ပရမတ္ထသစ္စာတရားကို အလားတူ တမ်းတမှုနှင့် ရှာဖွေမှုတို့သာလျှင် ဖြစ်သည်။လေ့လာခြင်း,ဆင်ခြင်ခြင်း,သီလဥ္စစင်ကြယ်ခြင်း,မြင့်မြတ်သော ရည်မှန်းချက်တို့၌ အာရုံစူးစိုက်ခြင်းတို့ဖြင့်သာ ပရမတ္ထသစ္စာတရားကို ရှာဖွေမည်ဟု သူတို့ယူဆပြီးလျှင်၊ ပရမတ္ထသစ္စာဆိုသည်မှာ အာဏာဖြင့် လက်ခံရမည်ဟု ချပေးထားသော ယုံကြည်ချက်များမဟုတ်,ကြိုးစားအားထုတ်ခြင်းဖြင့်ရယူရမည့် ဆုထူးသာလျှင်ဖြစ်သည်ဟုသူတို့မှတ်စွဲထားချေသည်။ ယုံကြည်ချက်သည် ပုဂ္ဂိုလ်တဦးခြင်းလေ့လာထွင်းဖေါက် သိမြင်ခြင်း၏ အကျိုးတရားသာဖြစ်သင့်၍ ထို့အလျှင် တည်ရှိနေသော အရာမဖြစ်သင့်, အသိဉာဏ် အပေါ်၌သာ တည်၍ ထုတ်ဖေါ်ပြောက်ဆိုမှုအပေါ်၌ မတည်သင့်ဟု သူတို့ထင်မြင်ချေသည်။ သူတို့သည် အယူဝါဒနှင့် စပ်လျဉ်း၍ အားလုံးကိုပင် လျစ်လျူရှုသည်။လျစ်လျူမရှုသူတို့ကိုပင် လျစ်လျူရှုသည်။ ဤသို့လျစ်လျူရှုသည်မှာ အခွင့်အရေးပေးသည့်အနေဖြင့်မဟုတ်ပဲ၊ ဝတ္တရားကိုဆောင်ရွက်သည့် အနေဖြင့်သာဖြစ်သည်။ မသိမှုကို သူတို့အပြစ်မပြု၊ ဖယ်ရှားပြစ်ရန်သာနည်းလမ်းရှာဖွေကြသည်။ အယူဝါဒတိုင်းကို ပရမတ္ထဉာဏမွှ၏ ပေါ်ထင်လာသော သဏ္ဌာန်တခု အနေဖြင့် သူတို့ ရှုမြင်၍၊ ထိုအယူဝါဒအား ယှုတ်ချရန်ထက် လေ့လာရန်,စွန့်ပစ်ရန်ထက် ကျင့်သုံးရန်,သူတို့ ပိုမိုနှစ်သက်ကြသည်။ ပရမတ္ထသစ္စာသည် သူတို့၏

ပန်းတိုင်ဖြစ်သည် အားလျော်စွာ၊ ငြိမ်းချမ်းခြင်းသည် သူတို့၏ ဆောင်ပုဒ်ဖြစ်ချေသည်။

သဗ္ဗညုတဉာဏဓမ္မသည် အယူဝါဒအပေါင်းတို့၏ အုတ်မြစ်ဖြစ်သော သစ္စာတရားကိုယ်စုဖြစ်၍။ မည်သည့်အယူဝါဒကမျှ သဗ္ဗညုတဉာဏဓမ္မကို မိမိတဦးတည်းပိုင်အဖြစ်ဖြင့် သိမ်းပိုက်မထားနိုင်ချေ။ ထိုဓမ္မသည် ဘဝကိုနားလည်စေ၍၊ ဘဝသံသရာတွင် မျှတမှန်ကန်ခြင်း သမတ္တာတရားနှင့် ချစ်ခြင်းမေတ္တာတရားတို့က ရှေ့ဆောင်လျက်ရှိခြင်းကို ညွှန်ပြသည့် အဘိဓမ္မာတရားကို ပေးအပ်လေသည်၊ သေခြင်း မရဏတရားကိုလည်း အနမတဂ္ဂဘဝသံသရာတွင် အထပ်ထပ်ပေါ်ပေါက်လျက်ရှိသော, တိုးတက်ပြည့်စုံတောက်ပသည့် ဘဝတံခါးကို ဖွင့်လှစ်ပေးသည့်, အဖြစ်အပျက် တခုအနေဖြင့်, သူ၏နေရာမှန်၌ တည်ရှိစေသည်။ ပရမတ္ထဝိဉာဏ်သည်သာ မိမိစင်စစ်ဖြစ်၍၊ မနောနှင့် ကာယတို့မှာ မိမိ၏ အစေအပါးများသာဖြစ်သည်ဟုလူတို့အားသင်ကြားပြသခြင်းဖြင့် ပရမတ္ထဝိဉာဏ်ဝိဇ္ဇာပညာကို ကမ္ဘာအား ပြန်လည်ပေးအပ်သည်။ ယင်းတို့၏လျှို့ဝှက်ထားသော အနက်အဓိပ္ပါယ်များကို ဖွင့်လှစ်ဖော်ပြခြင်းဖြင့် အယူဝါဒများ၏ ကျမ်းစာများနှင့်ဟောကြားချက်များကို လင်းကျင်းပေးသည်။ ဤသို့လျှင် ယင်းတို့အား ဗောဓိဉာဏ်အမြင်၌ အမြဲမှန်ကန်နေသကဲ့သို့ပင် အသိဉာဏ် တရားခွင်၌ မှန်ကန်ရာသို့ ကျရောက်စေသည်။

ဤသစ္စာတရားများကို သဗ္ဗညုတဉာဏ အသင်းသားတို့သည် လေ့လာ၍၊ သဗ္ဗညုတဉာဏစာဂီတို့သည် ကျင့်သုံးရန် အားထုတ်ကြသည်။ လေ့လာရန်, အယူဝါဒနှင့် စပ်လျဉ်း၍

လျစ်လျူရှုရန်, မြင့်မြင့်မှန်းရန်, စွဲမြဲအားထုတ်ရန်, ဆန္ဒရှိသူတိုင်းကို အသင်းသားအဖြစ်ဖြင့် ဝမ်းမြောက်စွာ လက်ခံပါသည်။ သဗ္ဗညုတဉာဏစာဂီ စင်စစ်ဖြစ်လာရန်ကား အသင်းသား၏ အပေါ်၌တည်လေသည်။

သဗ္ဗညုတဉာဏအသင်း၊ (မြန်မာနိုင်ငံတော်)၊
၁၀၂၊ ၄၉ လမ်း၊ ရန်ကုန်မြို့။